# ရဟန္တာပြဿနာ



မုံရွာမြို့ ''အဂ္ဂမဟာပဏ္ဍိတ'' ကျေးဇူးရှင် သဒ္ဓမ္မဇောတိကာရုံ
ဆရာတော်ဘုရားကြီး၏ ပုံတော်



လက်ပံတန်းမြို့-လောကသရဖူကမ္ဘာအေး ရွှေစေတီ[illegible]သို့
အဘိဓဇမဟာရဋ္ဌဂုရု ဥါရသာသနာပိုင်ဆရာတော်ဘုရားကြီး
ကြွရောက်ဖူးမျှော်တော်မူသည့်ပုံ



မန္တလေးရတနာပုံ စာသင်သားဘဝရဟန်း [၅] ဝါရစဉ်က
သဒ္ဓမ္မောဒယဆရာတော်ပုံ။

# လိုရင်းမာတိကာများ။


| နံပါတ်စဉ် | အကြောင်းအရာ။ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁ | မဟာနိဒါန်း | က |
| ၂ | အမြင်နှစ်မျိုး | က |
| ၃ | ဗျာနံ့ရ·ရဟန္တာထေရ်ကြွ ရှိလာခြင်း | ခ |
| ၄ | ဝေဘန်ချက်(၂)မျိုး | ဃ |
| ၅ | ရေးသားရန်အခက်ခဲဆုံးဖြစ်ခြင်း | ဆ |
| ၆ | ကျမ်းဆိုင်ကြီးများ | ဈ |
| ၇ | သဒ္ဓမ္မောဒယဆရာ၏ ပါဒ | ဈ |
| ၈ | ဗိုလ်ချုပ်အောင်ဆန်း၏ စကား | ဌ |
| ၉ | မြန်မာလူငယ်များ၏ သဘောထား | ဍ |
| ၁၀ | မြန်မာလူငယ်များအတွက် ဗုဒ္ဓဘာသာစာပေ | ဏ |
| ၁၁ | နိုင်ငံခြားဘုန်းတော်ကြီးတပါး၏ ဝေဘန်ချက် | ထ |
| ၁၂ | သာသနာရေးဝန်ကြီး၏ လျှောက်လွှာကိုစဉ်းစား ဖြေရှင်းရန် လှူဒါန်းခြင်း | ဓ |
| ၁၃ | သာသနာအောက်အခြေမခိုင်မြဲခြင်း | ဓ |
| ၁၄ | အထူးတောင်းပန်ချက် | ၀ |
| ၁၅ | ရဟန္တာ- | ၁ |
| ၁၆ | လူ့ရဟန္တာ,နတ်ရဟန္တာ,ဗြဟ္မာရဟန္တာ | ၂ |
| ၁၇ | ရဟန္တာ၏ အာကာရ(၂)ပါး | ၂ |
| ၁၈ | အပ္ပိစ္ဆ(၄)ပါး | ၃ |
| ၁၉ | ရဟန္တာဖြစ်ကြောင်းတိုက်ရိုက်မပြော | ၄ |
| ၂၀ | အလင်းရောင်မှုကိုပင်မပြော | ၅ |

# မာတိကာ။


| နံပါတ်စဉ် | အကြောင်းအရာ၊ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၂၁ | ရဟန္တာဖြစ်က အသွင်အပြင်ပြောင်းလဲလာခြင်း | ၆ |
| ၂၂ | ရဟန္တာဘို၏ သဘော | ၉ |
| ၂၃ | ရဟန္တာဟုတ်မဟုတ်စုံစမ်းနည်း | ၁၀ |
| ၂၄ | ရဟန္တာရတနာမြတ်သုံးပါးနှင့်ကြီးစွာရိုသေခြင်း | ၁၂ |
| ၂၅ | ရဟန္တာဒါနစသောကောင်းမှုပြုလုပ်ပါသလော | ၁၂ |
| ၂၆ | မေတ္တာပွားများသောရဟန္တာ | ၁၂ |
| ၂၇ | ဆဋ္ဌသင်္ဂီတိကာရက ဆရာတော်များသတိပြုရန် | ၁၃ |
| ၂၈ | ရဟန္တာ (၂) မျိုး | ၁၃ |
| ၂၉ | ဈာန်အဘိသာသဉ့် အဘိညာဉ် (၇) မျိုး | ၁၄ |
| ၃၀ | ရဟန္တာတန်ခိုးပြခြင်းအကြောင်း | ၁၅ |
| ၃၁ | အာဆင်ရေးခံသောရဟန္တာ | ၁၇ |
| ၃၂ | အကြံသည်သို့ဟုတ်အောင်ပြုလုပ်သောရဟန္တာ | ၁၈ |
| ၃၃ | တန်ခိုးပြရန်တိုက်တွန်းသည်ကိုဘုရားသျှင်ခြင်းပယ်တော်မူခြင်း | ၂၃ |
| ၃၄ | ဘုရားသျှင်ကိုယ်တိုင်တန်ခိုးပြခြင်း | ၂၄ |
| ၃၅ | ဘုရားသျှင်နှင့် အသျှင်မဟာမောဂ္ဂလာန်အဘိညာဉ်ဖြင့် (ရုပ်မြင်သံကြား) စကားပြောခြင်း | ၂၅ |
| ၃၆ | တန်ခိုးပြရန် အသျှင်မဟာမောဂ္ဂလာန်ခွင့်တောင်းသည်ကို ဘုရားသျှင်ကခြင်းပယ်တော်မူခြင်း | ၂၆ |
| ၃၇ | တန်ခိုးပြရန်ဘုရားသျှင်ကိုယ်တော်တိုင်တိုက်တွန်းခြင်း | ၂၇ |
| ၃၈ | နတ်ကြီး အလှောင်ခံရသောရဟန္တာ | ၃၀ |
| ၃၉ | ကောင်းကင်ပုံတိုင်းချန်ကြွသည့်မဟုတ် | ၃၃ |
| ၄၀ | လောကုတ္တရာတရားမရဟုငြင်းဆိုသောမထေရ်ကြီး | ၃၄ |
| ၄၁ | မြတ်သောပုဆိုးကို ငါရမည်ဟုကြိုတင်ပြောသောရဟန်းငယ် | ၃၆ |

# မာတိကာ။


| နံပါတ်စဉ် | အကြောင်းအရာ၊ | စာမျက်နှာနံပါတ် |
|---|---|---|
| ၄၂ | ပုလုဖွန့်၏ သီလကိုရှိခိုးသောခင်းကြီး | ၃၈ |
| ၄၃ | ဟာန်မလုပ်စကောင်း | ၄၀ |
| ၄၄ | အာပတ်အမျိုးမျိုး, သူခိုးကြီး (၅) ယောက် | ၄၂ |
| ၄၅ | ယခုခေတ်ရဟန္တာဖြစ်နိုင်ပါသလော | ၄၄ |
| ၄၆ | ကောင်းစွာနေထိုင်ခြင်း | ၄၆ |
| ၄၇ | စာသင်တပည့်ထံကမ္မဋ္ဌာန်းဘောင်းသောကျမ်း တတ်စာချမထေရ်ကြီး | ၄၇ |
| ၄၈ | ရဟန္တာအယောင်း ပုတ်, မသုဘ | ၄၉ |
| ၄၉ | မိမိကဦးစွာပဋ္ဌမတရားအားထုတ်သင့်ခြင်း | ၅၀ |
| ၅၀ | သောတာပန်ဖြစ်ကြောင်း အင်္ဂါ (၄) ပါး | ၅၂ |
| ၅၁ | ဘုရားသျှင်ကိုယ်တော်တိုင်တရားနာခြင်း | ၅၃ |
| ၅၂ | ဘုရားသျှင်ထံတရားနာပြီးမှ ပျောက်ကျန်းသောသိကြားမင်း | ၅၄ |
| ၅၃ | စရိတ်နှင့်သျှော်သောကမ္မဋ္ဌာန်းကိုပေးသင့်ခြင်း | ၅၆ |
| ၅၄ | ကမ္မဋ္ဌာန်းအမျိုးမျိုးပေးခြင်း။ သမထအခြေခံဖြင့် အရိယာဖြစ်ခြင်း | ၅၇ |
| ၅၅ | ရူဋ္ဌဂန္ဓာရီဝိဇ္ဇာရဟန္တာဖြစ်ခြင်း | ၆၀ |
| ၅၆ | ရတနာပန်းကုံးဖန်ဆင်းခြင်း | ၆၁ |
| ၅၇ | လောကဋ္ဌ ရူဋ္ဌဂန္ဓာရီဝိဇ္ဇာသိခြင်း | ၆၃ |
| ၅၈ | အလင်းရောင်နှင့်အမြင်ဓာတ်, အကြားဓာတ် | ၆၆ |
| ၅၉ | ပဋ္ဌာန်းကိုဆင်ခြင်၍ ရဟန္တာဖြစ်ခြင်း | ၆၈ |
| ၆၀ | လှပသောမိန်းမ၏ သွားရိုးကိုမြင်၍ရဟန္တာဖြစ်ခြင်း | ၆၉ |
| ၆၁ | လှပတင့်တယ်သောမိန်းမရုပ်ရည်တို့၌ သပ္ပါယ, အသပ္ပါယ ခွဲခြားပုံ | ၇၁ |

# မာတိကာ။


| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၆၂ | ဘုရားသျှင်ကိုဝေဘန်ကဲ့ရဲ့ရှုတ်ချသောနတ်သားများ | ၇၂ |
| ၆၃ | အာနာပါနသတိကမ္မဋ္ဌာန်းကိုပွားများရန်ဘုရားသျှင်တိုက်တွန်းခြင်း | ၇၅ |
| ၆၄ | အာနာပါနသတိကမ္မဋ္ဌာန်းပေးသောဆရာတော်ကြီးများ | ၇၆ |
| ၆၅ | မိန်းမ၏ သီချင်းသံကိုကြား၍ ရဟန္တာဖြစ်ခြင်း | ၇၇ |
| ၆၆ | ပစ္စေကဗုဒ္ဓ ဖြစ်ခြင်း,တိရစ္ဆာန်၏ အသံကိုကြား၍ သောတာပန်တည်ခြင်း | ၇၈ |
| ၆၇ | အဘိမာန | ၇၈ |
| ၆၈ | ရဟန္တာဟုမှတ်ထင်နေကြသောပုထုဇဉ် မထေရ်ကြီးများ | ၈၃ |
| ၆၉ | လူ၏ အဆုံးအမခံတည်၍ ရဟန္တာဖြစ်ခြင်း | ၈၆ |
| ၇၀ | နဝကမ္မဖြင့်ရဟန္တာဖြစ်ခြင်း | ၈၇ |
| ၇၁ | သဒ္ဓါလှုံ့ခြင်း၏ အပြစ် | ၈၉ |
| ၇၂ | ဖြန့်ခင်းထားသောအဝတ်ပုဆိုးကိုရဟန်းတော်များနင်းကောင်းပါသလော | ၈၉ |
| ၇၂ | စစ်ကိုင်းတောင်ဘီလာဆရာတော်ဘုရားကြီး ဆုံးဖြတ်ချက် | ၉၁ |
| ၇၄ | မိန်းမဆံပင်ကိုရဟန်းတော်များနင်းကောင်းပါ့သလော | ၉၂ |
| ၇၅ | ကိုယ်ပိုင်ဉာဏ်ဖြင့်ဝေဘန်စီစစ်ကိုးကွယ်သင့်ကြောင်း | ၉၃ |
| ၇၆ | ရတနာမြတ်သုံးပါးကိုမကြည်ညိုသောမလ္လာမင်းသား သောတာပန်တည်ခြင်း | ၉၆ |
| ၇၇ | သောတာပန်ပါဏာတိပါတအမှုပြုသလော | ၁၀၀ |
| ၇၈ | သောတာပန်နှင့် သုရာမေရယကံ | ၁၀၂ |

၇၉ ယောအတွင်းဝန်၏ဝါဒ ၁၀၃
၈၀ ရဟန္တာအတုကိုပေါ်အောင်လုပ်နည်း ၁၀၄
၈၁ အရိယာ,အဟောင်္သမဂ်(၃)ပါးအထူး ၁၀၆
၈၂ သဒ္ဓါ၏အရင်းမူလ ၁၀၇
၈၃ မိမိ သားကိုလှူ၍ ဂိလာနရဟန်းအားလှူဒါန်းသော သောတာပန် ၁၁၇
၈၄ ပညာလွန် ခြင်း၏အပြစ် ၁၁၃
၈၅ ကုသိုလ်ရပ်တန့်နေသည်ကိုဘုရားသျှင်မချီးမွမ်း ၁၀၄
၈၆ သောတာပန်အစဃျှိသော အရိယာသာဝကများအမှုကိစ္စ၌ မဘွက်ကပ်ခြင်း
၈၇ ဘုရားသျှင်ကိုယ်တော်တိုင်သူနာပြုရတော်မူခြင်း ၁၁၅
၈၈ ဘုရားသျှင်၏ကျောင်းတော်အတွင်း၌ဆေးရုံထားသျှိခြင်း ၁၁၈
၈၉ သောတာပန်၏သဒ္ဓါတရားကိုမာရ်နတ်ဖျက်၍မရ ၁၁၉
၉၀ မာရ်နတ်ဘုရားယောင်ဆောင်ခြင်း ၁၂၀
၉၁ ပဋိပတ္တိသာသနာထွန်းကားလာခြင်း ၁၂၃
၉၂ ခေတ်သစ်အရိယာများ ၁၂၄
၉၃ ရဟန္တာဟုကျော်ကြားသောမထေရ်ကြီး(၃)ပါး ၁၂၅
၉၄ သောတာပန်စသောအရိယာသာဝကများ ညာဝါးဟန်ဆောင်မှုမပြုတတ်ခြင်း ၁၂၆
၉၅ အရိယာမှ ပုထုဇ္ဇန်ပြန်ဖြစ်ခြင်း ၁၂၇
၉၆ ရဟန္တာမဟုတ်ပဲ ရဟန္တာဟုအခေါ်ခံရန်သင့်,မသင့် ၁၂၈
၉၇ ရဟန်းဟုခေါ်ဆိုခြင်း ၁၃၀
၉၈ ရဟန္တာမဟုတ်ပဲ ရဟန္တာဟုမှတ်ထင်လှူဒါန်းအပ်သော ပစ္စည်းလေးပါးတို့ကို သုံးဆောင်သင့်,မသုံးဆောင်သင့် ၁၃၂
၉၉ ရဟန္တာမဟုတ်ပဲ ရဟန္တာဟုအခေါ်ခံရသည့် ပုဂ္ဂိုလ်များ မသက်သာလှခြင်း ၁၃၂
၁၀၀ ပါရာဇိကနှင့်အလွန်နီးခြင်း ၁၃၃

၁၀၁ နတ်များပါဝင်တတ်ခြင်း ၁၃၄
၁၀၂ ဓမ္မရာဂ ၉၃၆
၂၀၃၊ ဘုရားအလောင်းတော်တရားအားထုတ်စက အလင်းရောင်ပေါ်ခြင်း ၁၃၇
၁၀၄ အလင်းရောင်ကိုမဂ်ဖိုလ်ဟုဆုံးဖြတ်ခြင်း ၁၃၇
၁၀၅ ဆဋ္ဌာနအရိယာဝစ်တမ်း ၁၃၉
၁၀၆ ပူဇော်သက္ကာရခံပြုသင့်ပြီလော ၁၄၂
၁၀၇ ပုထုဇ္ဇန်အဖြစ်ပေါ်အောင်လုပ်ပုံ ၁၄၂
၁၀၈ မဂ်ဖိုလ်အစဉ်အဘိုင်းဖြစ်ခြင်း ၁၄၆
၁၀၉ အရိယာပုဂ္ဂိုလ်ကိုအသိရခက်ခဲခြင်း ၁၄၆
၁၁၀ လာဘ်ပူဇော်သက္ကာအကျော်အစောသည် ငါးစာတပ်ထားသော ငါးမျှားချိတ်နှင့်တူခြင်း ၁၄၇
၁၁၁ တသင်းတန်ကမ္ဗလာကိုပဲခွပ်ဖြင့်နှပ်နှပ်စဉ်းပစ်သောမထေရ်ကြီး ၁၄၉
၁၁၂ အသျှင်အာနန္ဒာအား နတ်သားကသတိပေးခြင်း ၁၅၁
၁၁၃ မယ်တော်နှင့်ချင်ကျွမ်းဝင်မှုဖြတ်တောက်သောရဟန္တာ ၁၅၄
၁၁၄ သမဏသုခ,သမဏဒုက္ခ ၁၅၆
၁၁၅ ချမ်းသာသုခကိုအလိုယှိပါသလော ၁၄၆
၁၁၆ မင်းပင့်၍မလာသိုသောမထေရ်ကြီး ၁၅၇
၁၁၇ ကလေးများနို့မစို့ရန်ဒဏ်တပ်ခြင်း ၁၅၈
၁၁၈ ရာဇဂုရုဘွဲ့ကိုငြင်းပယ်သောမထေရ်ကြီး ၁၆၀
၁၁၉ ဒုဂ်ဖိုဂ်ဆရာတော်ဘုရားကြီး၏ သြဝါဒအထူး ၁၆၁
၁၂၀ မင်းအလိုမလိုက်သောမထေရ်ကြီး ၁၆၂
၁၂၁ သံသရာဆရာတော်နှင့်ပစ္စုပ္ပန်ဆရာတော် ၁၆၃
၁၂၂ မင်းကိုတင်းတင်းမာမာပြောဆိုဆုံးမသောမထေရ်ကြီး ၁၆၄
၁၂၃ လင်္ဂီ ၁၆၉
၁၂၄ ရဟန္တာတို့၏ဗျာဒိတ်စကား ၁၇၀

၁၂၅ လဇ္ဇီပုဂ္ဂိုလ်လက်သို့သာသနာအပ်ရမည် ၁၇၀
၁၂၆ လဇ္ဇီပုဂ္ဂိုလ်တို့၏ ရှာဖွေစိစစ်ပုံ ၁၇၁
၁၂၇ ဝိနည်း(၃)မျိုးယှဉ်သလော ၁၇၂
၁၂၈ ဂိုဏ်း(၂)ဂိုဏ်းသာယှဉ်သင့်ခြင်း ၁ ၃
၁၂၉ ဂိုဏ်း(၂)ဂိုဏ်း၏ထူးခြားချက် ၁၇၃
၁၃၀ ခေတ်နှီးနှောခြင်း ၁၇၄
၀၃၁ ရဟန်းဆိုး(၂)ပါးခေတ်နှီးနှောသွားပုံ ၁၇၅
၁၃၂ ငါ့ကိုယ်တော်နှင့်ငါယှဉ်ပါစေဆိုသောအမယ်ကြီး ၁၇၆
၁၃၃ ကဲ့ရဲ့မှုချီးမွမ်းမှုတို့၌ပညာယှဉ်ပုဂ္ဂိုလ်သာပမာဏဖြစ်ခြင်း ၁၇၇
၁၃၄ မချီးမွမ်းရန်နှုတ်ပိတ်ခဆုငွေ(၅ဝ)ပေးခြင်း ၁၇၈
၁၃၅ ပိဋကသုံးပုံဆောင်ရွာန်အဘိညာဉ်ရပုဂ္ဂိုလ်ကိုကိုးကွယ်ဆည်းကပ်သဖြင့်အပါယ်ကျရခြင်း ၁၈၀
၁၃၆ အဂ္ဂသာဝကနှစ်ပါးတို့ကိုဘုရားသျှင်နှင်ပစ်တော်မူခြင်း ၁၈၁
၁၃၇ အသျှင်သာရိပုတ္တရာအား ဘုရားသျှင်မေးမြန်းတော်မူခြင်း ၁၈၄
၁၃၈ အသျှင်မဟာမောဂ္ဂလာန်အားဘုရားသျှင်မေးမြန်းတော်မူခြင်း ၁၈၅
၁၃၉ ဆရာတော်ကြီးများ၏တာဝန် ၁၈၆
၁၄၀ သာမဏေ၏အဆုံးအမကိုနာယူသောတရားစစ်သူကြီးအသျှင်သာရိပုတ္တရာမထေရ် ၁၈၈
၁၄၁ အနာဂတ်သာသနာနှင့်ဒိဋ္ဌိကရေစိဝါဒ ၁၉၀
၁၄၂ အမြဲတန်းကျန်ရစ်စေတတ်သောပုဂ္ဂိုလ်များ ၁၉၂
၁၄၃ စံပြဗုဒ္ဓသာသနာကိုဖန်တီးနိုင်မည့်ပုဂ္ဂိုလ် ၁၉၂
၁၄၄ ဝိနယကာဉာဏ်ဆိုတာဘာလဲ ၁၉၅
၁၄၅ စံပြသာသနာဖြစ်အောင်နည်းလမ်းကောင်းရှာဖွေဆက်လက်ကြိုးစားအားထုတ်သင့်ခြင်း ၁၉၇
၁၄၆ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအားချီးကျူးဘွယ်။ ၁၉၈
၁၄၇ အထူးဖိတ်အားတက်ကြွဘွယ် ၁၉၉

၁၄၀ မှားယွင်းသောအထင်သေးမှု ၂၀၂
၁၄၉ သဒ္ဓမ္မဇောတိကာရှိဆရာတော်ဘုရားကြီးမိန့်ကြားတော်မူချက် ၂၀၃
၁၅၀ ထူးခြားသောအသုံးအနှုန်း ၂၀၄
၁၅၁ ဟသ်ာတမြို့လယ်တိုက်ဆရာတော်ဘုရားကြီး၏နည်း ၂၀၅
၁၅၂ မဟာသဲ့ယာအဖွဲ့ချုပ်ဥပဒေ ၂၀၆
၁၅၃ ဒိုင်ယာရီရက်မပါဝင်ခြင်း၊ ဒိုင်ယာရီတိုက်လုံးပါဝင်လာခြင်း ၂၀၆
၁၅၄ နည်းလမ်းကောင်းရှာဖွေခြင်း ၂၀၆
၁၅၅ ပန်းတောင်းဆရာတော်ဘုရားကြီးမိန့်ကြားတော်မူချက် ၂၀၉
၁၅၆ မင်းပြောင်းမင်းလွှဲ ၂၁၂
၁၅၇ သာသနာရေးဝန်ကြီးအား အရိပ်အမြွက်ပြောဆိုခဲ့ခြင်း ၂၁၁
၁၅၈ အထူးသဖြင့်ချူးဘျူးထိုက်ခြင်း ၂၁၃
၁၅၉ စံပြဗုဒ္ဓသာသနာဖြစ်နိုင်ရန်အရေးပါသောအခြေခံအကြောင်း (၂)ရပ် ၂၁၄
၁၆၀ ဝိနည်း၊ ပရိယတ် ၂၁၅
၁၆၁ သာသနာပြုမင်းဘယ်သူလဲ၊ သာသနာပြုမင်းဆိုတာ ၂၁၈
၁၆၂ ပြည်ထောင်စုမြန်မာနိုင်ငံတော်အားငြိမ်းချမ်းသာ သာယာဝပြောလာမည် ၂၁၉
၁၆၃ အထူးတိုက်တွန်းချက် ၂၁၉
၁၆၄ မဟာနိဂုံး ၂၂၁
၁၆၅ ဘာသာခြားများကိုကာကွယ်စောင့်ရှောက်ခြင်း ၂၂၁
၁၆၆ ဗုဒ္ဓဘာသာဘုရားမဟော၊ အလားတူစောင့်ရှောက်ခြင်း ဂျာပန်ကမသက်ခြင်း ၂၂၂
၁၆၇ ဘက်လိုက်(၄)ယောက်အသက်ရှင်ခြင်း ၂၂၃
၁၆၈ ရန်သူကားမိတ်ဆွေ၊ မိတ်ဆွေကားရန်သူ ၂၂၃
၁၆၉ ဂျာပန်စင်ပိုလ်ဒါထုတ်ခြင်း ၂၂၄
၁၇၀ အခွင့်ဦးဒါန်(၃)ချက် ၂၂၄
၁၇၁ ဆက်လက်ပုံနှိပ်ထုတ်ဝေဖြည့်ကျမ်းစာကောင်းများ ၂၂၇

# ဆုံးအောင်ဖတ်၍ရှုရမည့်မဟာနိဒါန်း။

(စာဖတ်ပရိသတ်တို့သည်များသောအားဖြင့်၊ နိဒါန်းကိုကျော်လွှားပြီးလျှင် စာကိုယ်လောက်ကိုသာ ဖတ်၍သွားတတ်ကြသေးသောကြောင့်၊ ထိုကျမ်းကို ဘာ့ကြောင့်ရေးသားရသည်, ဘယ်လိုရေးသားထားသည်, ဘာရည်ရွယ်ချက်နှင့်ရေးသည် အစရှိသော ကျမ်းဆရာ၏ အာဘော် စသည်များကို ကောင်းစွာသိယှိနားလည်ခွင့်မရကြပေ။

ထို့ကြောင့်"အရဟန္တဝိဘာဝနီ"ခေါ်"ရဟန္တာပြဿနာ"စာအုပ်ကို ဘာ့ကြောင့်ရေးသားရသည်, ဘယ်လိုရေးသားထားသည်, ဘာရည်ရွယ်ချက်နှင့်ရေးသည် အစရှိသောကျမ်းဆရာ၏ အာဘော်သည်များကို ကောင်းစွာသိယှိနားလည်နိုင်ခွင့်ရကြစေရန်၊ နိဒါန်းကိုအစမှအဆုံးတိုင်အောင် သေချာစွာစဉ်းစားဆင်ခြင်၍ ဖတ်ရှုပြီးပါမှသာ၊ စာကိုယ်ကိုဖတ်ရှုတော်မူကြစေလိုပါသည်)။

**အမြင်နှစ်မျိုး။** သိဟိုဠ်ကျွန်း၌ထင်ရှားကျော်စောသောမဟာဝိဟာရဝါသီ, ဇေတဝနဝါသီ, အဘယဂိရိဝါသီ ခေါ် သံဃာဂိုဏ်းကြီး (၃)ပါးကွဲပြားခြားနားနေသည်ကို၊ တဂိုဏ်းတည်းဖြစ်အောင်ပြုလုပ်ကာ၊ သာသနာတော်ကို အထူးအားပေးချီးမြှင့်ပြုစုစောင့်ရှောက်တော်မူသော "ပရက္ကမဗာဟုမင်းကြီး"လက်ထက်၊ အသျှင်သံဃရက္ခိတသာမိမဟာထေရ် စီရင်ရေးသားတော်မူအပ်သော "သုဗောဓာလင်္ကာရ" ခေါ်"အလင်္ကာကျမ်း"၌ ဘုရားသျှင်ကို အမြင်နှစ်မျိုးဖြင့်ရှုမြင်ကြဟန်၊ ဂါထာပဉ္စမန်ဖြင့် စီမံသီကုံးနှုန်းဖွဲ့စပ်ဆိုထားပုံမှာ၊

(၁) ဘုရားသျှင်ကို ဖူးမျှော်ရခြင်းသည်၊ သူတော်ကောင်းဖြစ်ကုန်သော သူအပေါင်းတို့အား အမြိုက်နိဗ္ဗာန်သဘွယ်ဖြစ်၍၊

(၂) သူတော်ကောင်းမှ တပါးကုန်သောသူအပေါင်း တို့အား၊ အမြဲပူလောင်စေတတ်သော အဆိပ်သဖွယ် ဖြစ်၏။

ဟူသည်တည်း၊ ယင်းသို့ ဘုရားသျှင်ကိုသော်မှ (၁) အကြောင်း၊ (၂) အဆိုးနှင့်မျှ ရှုမြင်နေကြပါမူ၊ ကမ္ဘာလောကကြီး အတွင်း၌၊ မည်သည့်အရာမှာမဆို (၁) အကြောင်း (၂) အဆိုးနှစ်မျိုးစီ ရှုမြင်ကြမည်မှာ၊ သဘောဘာဝ ထွက်ဝေ့တာတဲ့သို့ပင်ဖြစ်ပေသည်။

ဗျာန်ရှရှဟန္တာမထေရ် ကြွချီလာခြင်း။

လက်ပံတန်းမြို့သဒ္ဓမ္မောဒယအဘိဓမ္မာ ညာဂါတက္ကသိုလ် ကျောင်းတိုက် အတွင်း၌၊ ဟာသိဒတမြို့ ဘုရားကြီးကျောင်းတိုက် “အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ရာဇဒတ္တိယ’ ဘွဲ့တံဆိပ် တော်နှစ်တန်နှင့် “ဓမ္မရိန္ဒာဘိသိရီပဝရမဟာဓမ္မသေနာပတိဂဏဝါစကမဟာပါဠိဂုရု ’သံဃာဒတ္တိယဘွဲ့တံဆိပ်တော်ကို ခံယူရယူ တော်မူသော၊ မဟာနိုင်ငံကာယသံဃာကြွ မဟာနာယက သာသနာပိုင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ပန္နက်ချ တည်ထားကိုးကွယ်တော်မူအပ်သော “လောကသချမူအနာ အေးဇွေပေတော်တော်” ဓမ္မသကျ်း ကမ္ဘာ့မှုဇော်ပွဲကြီးသို့၊ ၁၃၁၆-ခုနှစ်၊ တာကူးလပြည့် တန်ခွေနေ့က၊ သာသနာရေး ကိစ္စ၌ အသူးကျည်လေ့ယှိသော …းရထားအရေးပိုင်ကြီး ဦးအေးဖေကြီးမှုးက၊ လက်ပံတန်းမြို့ …းရထားသမဂ္ဂ၏ ကိုယ်စား ဂါဘ်ဗိုလ်-ဦးဘိန်းဟန်ကိုယ်တိုင် သွားရောက်ပင့် လျှောက်ချက်အရ၊ ဗျာန်ရှ-ရှဟန္တာဘဟု ကျော်ကြားသော

“ပေါင်းတည်-သရက်သုံးပင် ဆရာတော်ဘုရားကြီး”သည် အထူးသီး
သန့်မီးရထားတွဲဖြင့် ကြွချီတော်မူလာလေသည်၊

ပရိသတ်အထူးစည်ကား ထိုဈာန်ရ-ရဟန္တာဟုကျော်ကြားသော
သိုက်မြိုက်လှခြင်း။ “ပေါင်းတည် သရက်သုံးပင်ဆရာတော်
ဘုရားကြီး”ကို၊လက်ပံတန်းမြို့ မီးသတ်အဖွဲ့ကြီးမှကြီးမှူးကာ
မြန်မာလူငယ်များ,ကင်းထောက်အဖွဲ့၊ နိုင်ငံတော်အစိုးရတန်း
မြင့်ကျောင်းသား,ကျောင်းသူများ,သမဂ္ဂအဖွဲ့၊ဆရာကြီး ဦးဖိန်
ကျောင်းသား,ကျောင်းသူများ,သမဂ္ဂအဖွဲ့၊ မိခင်နှင့် ကလေး
များစောင့်ရှောက်ရေးအမျိုးသမီးများအဖွဲ့။ မီးရထားသမဂ္ဂအ
မျိုးသမီး များအဖွဲ့၊ဦးအို ချင်း, ဒေဝီ ခမ္မာအဖွဲ့။သာသနာ့အကျိုး
တော်ဆောင်အဖွဲ့အစည်းသော မြို့ပေါ်ရှိအသင်းအဖွဲ့ပေါင်းစုံ
တို့သည် မီးရထားဘူတာရုံကြီးသို့ အထူးစည်ကားသိုက်မြိုက်
စွာ မော်တော်ယာဉ်ပေါင်းများစွာတို့ဖြင့်၊တခမ်းတနားသွား
ရောက်ကြိုဆိုပင့်ဆောင်ကာ၊ထိုဆရာတော်ဘုရားကြီးသည်၊
လက်ပံတန်းမြို့ သဒ္ဓမ္မာဒယအဘိဓမ္မာညဝါ တက္ကသိုလ်
ကျောင်းတိုက်အတွင်း၌၊ဘာကူးသပြည့်နေ့နှင့်,လပြည့်ကျော်
(၁)ရက်နေ့ နှစ်ညတိုင်တိုင်၊ တရားဓမ္မ ဟောပြောပြသနေ
တော်မူရာဈာန်ရ-ရဟန္တာဟု ကျော်ကြားသော သရက်သုံး
ပင် ဆရာတော်ဘုရားကြီးကိုဖူးမျှော်၍ တရားတော်ကိုကြား
နာကြရန်လာရောက်ကြကုန်သော ပရိသတ်လူထုကြီးမှာ၊တိုး
၍ မပေါက်နိုင်လောက်အောင်၊မကြုံစဖူးအထူးစည်ကားများ
ပြားသိုက်မြိုက်လှပေတော့သည်၊

ဝေဘန်ချက်နှစ်မျိုး၊ ထိုဗျာန်ရှိရဟာန္တာဟုကျော်ကြားသော သရက်သုံးပင် ဆရာတော် ဘုရားကြီးသည် တာကူးလပြည့်ကျော် (၂) ရက်နေ့၌ ပေါင်းတည်သို့ ပြန်လည်ကြွမြန်းတော်မူသောအခါ၊

(၁) သရက်သုံးပင် ဆရာတော်ဘုရားကြီး၏ အမြဲမျက်စိမှိတ်ကာ၊ တည်လုံးတုံးလုံးပက်လက် လျောင်းစက် အိပ်နေခြင်းမယှဉ်ပဲ အချိန်ဘုပါမှု ညဉ့်သန်းခေါင်ကျော်၌ပင်လျှင်တပါးတည်းတရားဟောနေခြင်းစသည့်တို့ကိုထောက်၍ အချို့ရဟန်း,ရှင်,လူ တို့က "ဗျာန်ရရဟန္တာ" ဆိုတာဟုတ်ပေလိမ့်မည် ဟုပြောဆိုဝေဘန်ကြလေသည်။

(၂) ဗျာန်ရ-ရဟန္တာဆိုင်း အဘယ်ကြောင့် မီးရထားခေါ်တော်ယာဉ်နှင့်ကြွလာရသနည်း။ ကောင်းကင်ကကြွလာပါတော့လား ..... စသည်ဖြင့်၊ အချို့ရဟန်း, ရှင်လူ တို့ကလည်း အမျိုးမျိုးပြောဆိုဝေဘန်ကြပြန်လေသည်၊

ယင်းသို့ (၁) အကောင်း (၂) အဆိုးနှစ်မျိုး ပြောဆိုဝေဘန်မှုကြသည့် အပြင်၊သဋ္ဌမ္မောဒယဆရာအားလည်း ဗျာန်ရရ ဟန္တာဆိုတာဟုတ်ပါရဲ့လား စသည်ဖြင့် အမျိုးမျိုး တိုက်ရိုက်လာရောက်လျှောက်ထားမေးမြန်း စုံစမ်းကြလေတော့သည်။

စာဖြင့်ရေးသားဖြေဆို ရန်ကြံရွယ်ခြင်း၊ ထိုသို့မေ[illegible]န်းစုံစမ်းကြသော လူ,ရှင်, ရဟန်းတို့ကား၊အခွန်အတိုင်းသိလို၍၊ မေးမြန်းစုံစမ်းကြခြင်းမှုသာဖြစ်သောကြောင့်၊ ထိုမေးမြန်းစုံကြသော လူ, ရှင်, ရဟန်း တို့အား ပုဂ္ဂလ မိဋ္ဌာန်ဖြင့် ဗျာန်ရရဟန္တာဟုတ်,မဟုတ်နှုတ်ဖြင့် ပြောဆိုဖြေကြားရုံမျှနှင့်အဖြေမှန်ကိုရသိနိုင်ကြမည်မဟုတ်ပေ။

ဗျာန်ရ ရဟန္တာ၏ သဘောသွားကို၊ ထိုထိုပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းကြီးအစောင်စောင်တို့မှ ထုတ်ဆောင်၍၊ ဓမ္မမိဿာန်သက်သက်ဖြင့် ရေးသား ဖြေဆိုပါမှသာ၊ အဖြေမှန်ကိုရသိကြ၍၊ မိမိတို့ကိုယ်တိုင် အရိယာရဟန္တာဖြစ်၊ မဖြစ်ကို စိစစ်ဝေဘန်သိယူနိုင်ကြပေလိမ့်မည်ဖြစ်သောကြောင့်၊ စာဖြင့် ရေးသားဖြေဆိုရန်အကြံဉာဏ်ဖြစ်ပေါ်လာပေတော့သည်။

**ကျောက်ဆည်ဝေဘူဆရာတော်ကို လည်းနှစ်မျိုးဝေဘန်နေကြခြင်း။** ထိုကိစ္စနှင့် ပတ်သက်၍ ပါဠိတော်, အဋ္ဌကထာ, ဋီကာ ကျမ်းစုံကြည့်ရှုရေးသားနိုင်ရစေရန် သဒ္ဓမ္မောဒယ ဆရာသည် ရန်ကုန်သို့သွားရောက်သောအခါ၊ ရဟန္တာဟု ကျော်ကြားသော "ကျောက်ဆည်ဝေဘူဆရာတော်ဘုရားကြီး" သည်လည်း၊ ရန်ကုန်သို့ကြွရောက်သီတင်းသုံးတော်မူရိုက်၊ အချိန်နှင့်ကိုက်ဆိုင်နေရာ၊ ထိုဆရာတော်ဘုရားကြီးအထံတော်သို့ သဒ္ဓမ္မောဒယ ဆရာကိုယ်တိုင်သွားရောက်ဆည်းကပ်ဖူးမြော်ခဲ့ပါသည်။

ထို "ကျောက်ဆည်ဝေဘူဆရာတော်ဘုရားကြီး" ကိုလည်း (၁) အကောင်း (၂) အဆိုး နှစ်မျိုးဝေဘန်သံ ကိုကြားရပြန်လေသည်။

**အထူးကြည်ညိုခဲ့ခြင်း။** သဒ္ဓမ္မောဒယ ဆရာသည် ကျောက်ဆည်ဝေဘူဆရာတော်ဘုရားကြီး အထံတော်သို့။ ထိုဆရာတော် ဘုရားကြီးကိုယ်တိုင် ကျင့်သုံးတော်မူခဲ့သည့် ကိုယ်တွေ့ ပဋိပတ် ကျင့်စဉ်တရားတို့ကိုနာခံမှတ်သားရန်သွားရောက်ဖူးမြော်ခဲ့ပါသေးသည်၊ အချိန်ကြာကြာတွေ့ဆုံ လျှောက်ထား ဆွေးနွေးမေးမြန်း ရုံခွင့်မရသောကြောင့်၊ သဒ္ဓမ္မောဒယဆရာ လိုလားတောင့်တသော အ

**ဝေဘန်ချက်နှင့်မျိုး၊** ထိုရျာန်ရရဟန္တာဟုကျော်ကြားသော သရက်သုံးပင် ဆရာတော် ဘုရားကြီး သည် တာကူးလပြည့်ကျော် (၂) ရက်နေ့၌ ပေါင်းတည်သို့ ပြန်လည်ကြွမြန်းတော်မူသောအခါ၊

(၁) သရက်သုံးပင် ဆရာတော်ဘုရားကြီး၏ အမြဲမျက် စိမှိတ်ကာ၊ တည်လုံးတုံးလုံးပက်လက် လျောင်းစက် အိပ်နေ ခြင်းမယှဉ်ပဲ အချိန်ဘုပါမှ ညဥ့်သန်းခေါင်ကျော်၌ပင်လျှင်တ ပါးတည်းတရားဟောနေခြင်းစသည်တို့ကိုထောက်၍ အချို့ ရဟန်း၊ ရှင်၊ လူ တို့က "ဈာန်ရရဟန္တာ" ဆိုတာဟုတ်ပေလိမ့် မည် ဟု ပြောဆိုဝေဘန်ကြလေသည်။

(၂) ဈာန်ရ-ရဟန္တာဆိုပြီး အဘယ့်ကြောင့် မီးရထား ခေါ်တောင်ယာဉ်နှင့်ကြွလာရသနည်း။ ကောင်းကင်ကကြွလာ ပါတော့လား ..... စသည်ဖြင့်၊ အချို့ ရဟန်း၊ ရှင်လူ တို့ကလည်း အမျိုးမျိုးပြောဆိုဝေဘန်ကြပြန်လေသည်၊

ယင်းသို့ (၁) အကြောင်း (၂) အဆိုးနှင့်မျိုး ပြောဆိုဝေဘန်မှုကြသည့် အပြင်၊သ ဥ္စမွာသယဆရာအားလည်း ဈာန်ရရ ဟန္တာဆိုတာဟုတ်ပါရဲ့လား စသည်ဖြင့် အမျိုးမျိုး တိုက်ရိုက်လာရောက်လျှောက်ထားမေးမြန်း စုံစမ်းကြ လေတော့သည်။

**စာဖြင့်ရေးသားဖြေဆို ရန်ကြံရွယ်ခြင်း၊** ထိုသို့မေး မြန်းစုံစမ်းကြသော လူ၊ ရှင်၊ ရဟန်းတို့ကား၊ အမှန်အတိုင်းသိလို၍၊ မေးမြန်းစုံစမ်းကြခြင်းမှသာဖြစ်သောကြောင့်၊ ထိုမေးမြန်းစုံ ကြသော လူ၊ ရှင်၊ ရဟန်း တို့အား ပုဂ္ဂလ မိဋ္ဌာန်ဖြင့် ဈာန်ရ ရဟန္တာဟုတ်၊မဟုတ် နှုတ်ဖြင့် ပြောဆိုဖြေကြားရုံမျှနှင့်အမြင် မှန်ကိုရသိနိုင်ကြမည်မဟုတ်ပေ။

ဈာန်ရ ရဟန္တာ၏ သဘောသွားကို၊ ထိုထိုပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းကြီးအစောင်စောင်တို့မှ ထုတ်ဆောင်၍၊ ဓမ္မမိဿနိသက်သက်ဖြင့် ရေးသား ဖြေဆိုပါမှသာ၊ အမြင်မှန်ကိုရသိကြ၍၊ မိမိတို့ကိုယ်တိုင် အရိယာရဟန္တာဖြစ်ရေး ပစ်ကဲ့ ဝိစိစ်ဝေဘန်သိယှိနိုင်ကြပေလိမ့်မည်ဖြစ်သောကြောင့်၊ စာဖြင့် ရေးသားဖြေဆိုရန်အကြိဥာဏ်ဖြင့်ပေါ်လာပေတော့သည်။

**ကျောက်ဆည်ဝေဘူဆရာတော်ကို လည်းနှစ်မျိုးဝေဘန်နေကြခြင်း။** ထိုက်ပွဲနှင့် ပတ်သက်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းစုံကြည့်ရှုရေးသားနှင့်ရစေရန် သဒ္ဓမ္မောဒယ ဆရာသည် ရန်ကုန်သို့သွားရောက်သောအခါ၊ ရဟန္တာဟု ကျော်ကြားသော "ကျောက်ဆည်ဝေဘူဆရာတော်ဘုရားကြီး" သည်လည်း၊ ရန်ကုန်သို့ကြွရောက်သီတင်းသုံးတော်မူရှိက်၊ အချိန်နှင့်တိုက်ဆိုင်နေရာ၊ ထိုဆရာတော်ဘုရားကြီးအထံတော်သို့ သဒ္ဓမ္မောဒယ ဆရာကိုယ်တိုင်သွားရောက်ဆည်းကပ်ဖူးမျှော်ခဲ့ပါသည်။

ထို "ကျောက်ဆည်ဝေဘူဆရာတော်ဘုရားကြီး" ကိုလည်း (၁) အကောင်း (၂) အဆိုး နှစ်မျိုးဝေဘန်သံ ကိုကြားရပြန်လေသည်၊

**အထူးကြည်ညိုခဲ့ခြင်း။** ။သဒ္ဓမ္မောဒယ ဆရာသည် ကျောက်ဆည်ဝေဘူဆရာတော်ဘုရားကြီး အထံတော်သို့။ ထိုဆရာတော် ဘုရားကြီးကိုယ်တိုင် ကျင့်သုံးတော်မူခဲ့သည့် ကိုယ်တွေ့ ပဋိပတ် ကျင့်စဉ်တရားတို့ကိုနာခံမှတ်သားရန်သွားရောက်ဖူးမျှော်ခဲ့ပါသော်သည်း၊ အချိန်ကြာကြာတွေ့ဆုံ လျှောက်ထား ဆွေးနွေးမေးမြန်း ခွင့်မရသောကြောင့်၊ သဒ္ဓမ္မောဒယဆရာ လုံးလားတော့တသော အ

ချက်တို့နှင့်မပြည့်စုံသော်လည်း၊ တနိုင်ငံလုံးကပင်လျှင်ရဟန္တာ ဟုသမုတ်နေကြသည်ကို မိမိမှာအများကသမုတ်ကြသည့် အတိုင်း "အရိယာရဟန္တာ" မဟုတ်သေးပါ၊ ခရီးသွားဆဲပုဂ္ဂိုလ်မျှသာဖြစ်ကြောင်းအတိအလင်းမိန့်ဆိုလိုက်သည်ကို အထူးကြည်ညိုခဲ့ပါသည်၊

စုံစမ်းနည်းမှားယွင်းနေခြင်း။ ရန်ကုန်ရောက်၊ ကျောက်ဆည်ဝေဘုဆရာတော်ဘုရားကြီးကို၊ ရဟန္တာဝစ်မစစ်သိယှဉ်ကြစေရန် အပေါ်က ချောင်းမြောင်းကြည့်ခြင်း, မုံ့လေမှုပန်းတို့ကို ဖြန့်ခင်း၍ ရုံစမ်းခြင်းစသည်တို့ကိုတွေ့မြင်ရပြန်သောအခါ၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည်၊ ဗုဒ္ဓဘာသာ သာသနာတော်ကိုကြည်ညိုကြ၍လွန်ကဲလှသလောက် ဗုဒ္ဓဘာသာ သာသနာတော်အကြောင်းကိုကောင်းစွာမသိယှဉ်နားမလည်ကြသေးပုံကိုတွေ့ယှဉ်ရသည့်အပြင်၊ မုံ့လေမှုပေါ်တက်နင်းသော်လည်း၊ မုံ့လေမှုမကျိုး။ ပန်းပေါ်တက်နင်းသော်လည်း ပန်းမညှိုးစသည်ဖြင့် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်မှုများကိုလည်း ကြားရပြန်လေသည်၊

တိုက်တွန်းကြခြင်း။ ယို့ကြောင့် အရိယာရဟန္တာဖြစ်သဘောသွား အရိယာရဟန္တာဝစ်, မစစ်မှန်သော ရုံစမ်းနည်းစသည်များကို၊ ကျမ်းစာတစောင်တဖွဲ့ရေးသားစီရင်ရန်သင့်, မသင့် တိုင်ပင်သင့်သော လူပညာယှိ, ရဟန်းပညာယှိတို့နှင့် နှီးနှောတိုင်ပင် ကြည့်ပြန်သောအခါ၊ တိုင်ပင်အပ်သော လူပညာယှိ, ရဟန်းပညာယှိ အများကပင် လျှင်ပဋိပတ္တိသာသနာ ထွန်းကားနေသော ယခုအခါ၌၊

ပြည့်ထောင်စု မြန်မာနိုင်ငံတော်အတွင်းဝယ်၊ သောတာပန် အစရှိသောအရိယာ,ရဟန္တာများပေါ်ပေါက်ဆဲ,ပေါ်ပေါက် လတ္တံ့ဖြစ်ရာ။ ထိုပုဂ္ဂိုလ်များကို၊ အရိယာရဟန္တာစစ်,မစစ် စိစစ်ပေဘာန် မှတ်တင်ကြည့်ရာ၊ ကျမ်းစာ တစောင်တဖွဲ့မျှ မပေါ်ပေါက်သေးသောကြောင့်၊ထိုစာအုပ်ကို အမြန်ဆုံ ထုတ် ဝေရန် အလွန်သင့်တော်လှသဖြင့်၊သဒ္ဓမ္မဒါယာဆရာမှာ "ယမ ကဏ္ဍဝိဘာဝနီ" အစရှိသော အဘိဓမ္မာညွှန့်ဝါ ဂဏ္ဌိကျမ်း ကြီးများကို၊ရေးသားစီရင်ထုတ်ဝေဘူး၍၊ တနိုင်ငံလုံးကလို လိုပင် သိရှိနေကြသည့်အတိုင်း။သဒ္ဓမ္မဒါယာဆရာရေးသား ဖြေရှင်းအပ်သောကျမ်းစာကို တနိုင်ငံလုံးကပင်လျှင်၊ယုံကြည် လေးစားစွာ ကြည့်ရှု သေ့လာကြမည် ဖြစ်သောကြောင့်၊ သဒ္ဓမ္မဒါယာဆရာကိုယ်တိုင်ပင်။ ထိုကျမ်းကို အမြန်ဆုံးရေး သား စီရင်၊ စက်တင်ပုံနှိပ်ထုတ်ဝေဖြန့်ချိပါရန်၊ လူပညာရှိ, ရဟန်းပညာရှိအများကပင်၊အထူးတလည် တိုက်တွန်းတော် မူကြလေသည်။

**ရေးသားရန်အခက်ခဲဆုံးဖြစ်ခြင်း။** အဂ္ဂဒက္ခိဏေယျ ဖြစ်တော်မူကြ ကုန်သော ရဟန္တာတို့၏ သဘောသွား စသည်များကို၊တတိယမြောက် အရိယာ အနာဂါမ်ပုဂ္ဂိုလ်သော်မှ ကောင်းစွာသိရှိနားလည်ခြင်းငှာမစွမ်းနိုင်သေးပေ၊ ယင်း ကဲ့သို့အနာဂါမ်ပုဂ္ဂိုလ်သော်မှ အဂ္ဂဒက္ခိဏေယျဖြစ်တော်မူကြ ကုန်သော ရဟန္တာတို့၏ သဘောသွားစသည်များကို သိရှိ နားလည်ခြင်း မရှိသေးပါမူ၊ အကျွန်ုပ်ကဲ့သို့သော သာမန် ပုဂ္ဂိုလ်သည်ကား။ အရိယာရဟန္တာတို့၏ သဘောသွားစ

သည်များကို၊ တိကျမှန်ကန်စွာသိရှိနားလည်ပါသည်ဟု အဘယ်မှာလျှင် ဝန်ခံနိုင်ပါအံ့နည်း။ အကျနှင်တင်နိုင်လိမ့်မည် ထင်ခဲ့သောအရာမှာ၊ ဘုရားဟောပါဠိတော်, အဋ္ဌကထာ ဋီကာ ကျမ်းကြီးများမှ၊ အရိယာဓမ္မနှင့်စပ်ဆိုင်သောအကြောင်း အရာမျှလောက်ကိုသာ၊ အထောက်အထားခိုင်လုံနိုင်သမျှ ခိုင်လုံအောင်၊ ကောက်နုတ်ထုတ်ဆောင်ဖော်ပြရုံသာဖြစ်ပါသည်။

ပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းကြီးများမှာလည်း၊ အရိယာဓမ္မတို့၏ အကြောင်းအရာ သက်သက်ကိုသာ ဟောဖော်ပြထားသည် မဟုတ်သောကြောင့်၊ အရိယာဓမ္မနှင့် ပတ်သက်သော အကြောင်း အရာများကို အထောက်အထားခိုင်လုံစွာရယူလေအောင်။ အလွန်တိုတောင်းသောရက်ပိုင်းအချိန်ကာလအတွင်း၌၊ အလွန်ခက်ခဲ နက်နဲ သိမ်မွေ့လှသောဘုရားဟောနိကာယ်ပါဠိတော်ကြီး, အဋ္ဌကထာ, ဋီကာကျမ်းကြီးများကိုအသုံး မွှေနှောက်ရှာဖွေကိုးကား ရေးသားဖော်ပြခဲ့ရာမှာ မဟာသမုဒ္ဒရာကြီးထဲ၌ ပျောက်ဆုံးနေသော "အပ်" ကိုရှာဖွေရဘိသကဲ့သို့။ အခက်တကာ့အခက် ခဲဆုံးပင်ဖြစ်ပေသည်။

မှန်ပါသည်။ ။ယခု လေးငါးရက်နှင့်အပြီးစက်တင်ပုံနှိပ်မှု "အရဟန္တဝိဘာဝနီ" ခေါ် "ရဟန္တာပြဿနာ" စာအုပ်ကို ရေးသားရာ၌ အချို့နေရာမှာစာတကြောင်း, နှစ်ကြောင်းအတွက် - ၄ - ၅ - ရက်တိုင်တိုင် နိကာယ်ပါဠိတော်ကြီး အဋ္ဌကထာ, ဋီကာကြီးများကို နေ့မအားညမအားကြိုးစားရှာဖွေမှု

နှောက်ကြည့်ရှုရပေသည်၊ တခါတရံသုံးလုံးပေါက်မိုးယိုလင်းသည်အထိ စာကြည့်ရေးသားရပေတော့သည်၊

(ဝတ္ထုဇာတ်လမ်း,ဝိနိစ္ဆယ စသည်စကားအဆုံး၌ (မဏိမပဏ္ဏာသအဋ္ဌကထာ)စသည်ဖြင့်ဖေါ်ပြထားအပ်သောကျမ်းအမည်မှာ၊ အကျနုပ်နေ့မအားညမအား ကြိုးစားရှာဖွေမွှေနှောက်ကြည့်ရှုရသော ကျမ်းကြီးများ၏ အမည်ပင်ဖြစ်ပေသည်၊ဆိုကျမ်းကြီးများမှကောက်နုတ်ရေးသားဖေါ်ပြထားသည်ဟုဆိုလိုပါသည်)

**ကျမ်းအိပ်ကြီးများ။** ။အကုနှုပ်များသောအားဖြင့်ကိုးကားဖေါ်ပြထားအပ်သော ကျမ်းကြီးများမှာသာသနာ့နယ်ပယ်အတွင်း၌ အကြည့်,အရှု,အသင်,အကြားအပို့အချအလွှန်နည်းပါးလှ၍ အလွန်တရာ ခက်ခဲ နက်နဲသိမ်မွေ့လှသောသဂါထာဝဂ္ဂအစယှိသောသံယုတ်ပါဠိတော်,၎င်းအဋ္ဌကထာ မူလပဏ္ဏာသ, မဏိမပဏ္ဏာသ,ဥပရိပဏ္ဏာသပါဠိတော်,၎င်း အဋ္ဌကထာ,မဟာနိဒ္ဒေသပါဠိတော် အစယှိသောကျမ်းအိပ်ကြီးများပင်ဖြစ်ပေသည်၊

(**"ကျမ်းအိပ်"** ဆိုသည်မှာအကြည့်,အရှု,အသင်,အကြား,အပို့,အချအလွှန်တရာနည်းပါးလှသောကြောင့်၊ စာတိုက်ဘီဒိုထဲ၌အမြဲလိုလို အိပ်နေရသောကျမ်းများဟုဆိုလိုသည်)

**သဒ္ဒ ဣန္ဒြာဒယဆရာ၏ ဝါဒ၊** ၊ကျမ်းစာရေးသားသောပုဂ္ဂိုလ်သည်၊ မိမိဂုဏ်ကို ပလွှားကာဖြင့်တင်ဖေါ်ပြခြင်း "**အတ္တုက္ကံသန**" သူတပါးတို့ကို ပဂ္ဂလဝိဓ္ဓံသနအားဖြင့်ကဲ့ရဲ့ရှုံ့ချခြင်း"**ပရဝမ္ဘန**"ဟုဆိုအပ်သော၊အပွန်းနှစ်ဘက်မထွက်စေပဲ၊ "မိမိတတ်သိသမျှပညာသည် နိုင်ငံ

နှင့်သာသနာနှစ်ဖြာကောင်းကျိုးအတွက်ဖြစ်စေရမည်" ဟုသဘောထားကာ၊ မိမိရေးသားစီရင်အပ်သောကျမ်းကိုကြည့်ရှုလေ့လာကြကုန်သောသူတို့အား၊ အမြန်ဆုံးသိ၍နားလည်သည့် သဘောပေါက်အောင် အလွယ်ကူဆုံး နည်းအားဖြင့် ဓမ္မဓိဋ္ဌာန်သက်သက်စီရင်ရေးသားမည် ဟုသော ဝါသည့် သဒ္ဓမ္မောဒယဆရာ၏ "ပုဂ္ဂလိကဝါဒ" သာလျှင်ဖြစ်ချေသည်။

(ယင်းသို့ဓမ္မဓိဋ္ဌာန်သက်သက်ရေးသားရာ၌၊ မည်သူ့အားမျှစောင်းမြောင်း၊ ချုပ်ချယ်သွယ်ဝိုက်ထိပါး ပုတ်ခတ်လိုသောသဘောထား လုံးဝမပါမယှဉ်ပါသော်လည်း၊ အကျနှပ်တွေ့မြင်ကြားသိရသောအရာသည်၊ တိုင်းပြည်နှင့် သာသနာကိုနှစ်နာအကျိုးယုတ်စေမည့်အရာ၊ [သို့မဟုတ်] မှားယွင်းချွတ်ချော်သောအရာ ဟုထင်မြင်ပါလျှင်၊ မထောက်မညှာရေးသားပြုပြင်ရလိမ့်မည်ဖြစ်ပေသည်၊ ထိုသို့ရေးသားပြုပြင်သည့်အတွက်၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်တယောက်နှစ်ယောက်စသည်တို့အား အနည်းနှင့်အများ ထိပါးကောင်းထိပါးပေလိမ့်မည်၊ ထိုပုဂ္ဂိုလ်တယောက်နှစ်ယောက်စသည်တို့ကို ငဲ့ညှာထောက်ထား၍၊ တိုင်းပြည်နှင့် သာသနာ နစ်နာအကျိုးယုတ်သည်ကို ခံသင့်ပါသလော? ပညာမဲ့သောသူတယောက်နှစ်ယောက်ကို ငဲ့ညှာထောက်ထား၍ "**အသေဝနာ စ ဗာလာနံ**" ဟူသောမင်္ဂလာတရားကိုဘုရားသျှင်ဟောတော်မမူပဲနေရမည်လော? ထို့ကြောင့် သဒ္ဓမ္မောဒယဆရာသည်၊ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် မည်သူတစုံတယောက်ကိုမျှ စောင်းမြောင်းချုပ်ချယ် သွယ်ဝိုက်ထိပါး ပုတ်ခတ်လိုသောသဘောထားမပါမယှဉ်ပဲ၊ ဓမ္မဓိဋ္ဌာန်သက်သက်ဖြင့် တိုင်းပြည်နှင့် သာသနာနှစ်ဖြာကောင်းကျိုးအတွက် ကလောင်ဖြင့်ရေးသားတူညီ မြှင့်တင်သွားမည်ဖြစ်ပါသည်)။

**ရေးသားစီရင်ပုံ၊** ဤ"အရဟန္တဝိဘာဝနီ"ခေါ် "ရဟန္တာပြဿနာ" စာအုပ်မှာ၊ ပါဠိဘာသာကို မကျွမ်းကျင်၊ မဖတ်သားတတ်ကြကုန်သော လူပရိသတ်တို့အ

တွက်၊ အထူးရည်ရွယ်ရေးသားစီရင်အပ်သော ကျမ်းစာပင် ဖြစ်လေရာ၊ လူပရိသတ်တို့သည် များသောအားဖြင့် ပါဠိဘာသာကိုဖတ်ရှုရန်အလွန်တရာကြောက်ရွံ့ဝန်လေးနေကြသဖြင့် ပါဠိ တလုံးတလေမျှကို တွေ့မြင်လိုက်ရသည်နှင့် ထမြိုင်နက် ပါဠိဆင့်မပါသော ရိုးရိုးစာလုံးများကိုပင်၊ ဖတ်သားပုံမှမှန် ထစ်ထင်ငေါ့ငေါ့အချိုးမကျဖြစ်ကုန်ကြသည့်အပြင်။ ပါဠိဘာသာ၊ အကိုးအကားအများအပြားပါယှဉ်သောစာအုပ်များကိုမူ များသောအားဖြင့်မဖတ်ရှုလိုကြပေ။

မြန်မာပြည်သို့ ဗုဒ္ဓဘာသာ သာသနာတော် ရောက်လာသည့်အချိန်အခါမှစ၍၊ ပါဠိဘာသာ စကားလုံးပေါင်း မြောက်များစွာတို့သည်၊ မြန်မာစကားလုံးများနှင့် ရောယှက်ယှဉ်တွဲ ရပေါင်းများလာသောကြောင့်၊ အချို့ပါဠိဘာသာစကားလုံး များမှာ၊ မြန်မာစကားလုံးသဘောသို့ရောက်ကုန်ကြပြန်ရာ၊ ပါဠိဘာသာစကားအားလုံးမပါအောင် ရေးသားရန်လည်း မဖြစ်နိုင်ပေ။

ယင်းသို့ဖြစ်စေကာ၊ ဖတ်ရှုကြသူလူပရိသတ်တို့၊ အမြန်ဆုံး သိယှဉ်နားလည်နိုင်ကြစေရန်၊ မြန်မာဘာသာပြန်ဆို၍ မဖြစ်နိုင်သော ပါဠိဘာသာစကားလုံးများမှတပါး၊ အခြား အလွန်တရာခက်ခဲနက်နဲသိမ်မွေ့ဘွယ်သည့် နိကာယ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းကြီးများမှ၊ ခဲခဲယဉ်းယဉ်း မွေနှောက်ရှာဖွေ ထုတ်ဆောင်ဖော်ပြအပ်သော ဂုဏ္ဏိယ၊ ဂါထာပါဠိဘာသာ စကားလုံးများကို၊ မြန်မာဘာသာပြန်ဆိုကာ၊ အထူးပေါ်လွင်

ထင်ရှားသိသာသော မြန်မာဝေါဟာရစကားပြေ သက်သက်ဖြင့်ရေးသားစီရင်ထားပါသည်။

**ဖန်ရှုရန်လွယ်ကူသိသာလာခြင်း။** ယင်းသို့ရဏ္ဍိယ, ဂါထာပါဠိဘာသာ စကားလုံးများကို မြန်မာဘာသာပြန်ဆိုရာ၌လည်း၊ အသုံးအနှုန်းအပြောအဆိုများသော မြန်မာဝေါဟာရ စကားလုံးများဖြင့်သာ ပြန်ဆိုထားသောကြောင့်၊ စာဖတ်တတ်သော ကလေးသူငယ်များ ပင်လျှင် ဖတ်ရှုရန်လွယ်ကူ၍၊ဆိုလိုရင်းအဓိပ္ပါယ်ကို ကြံစည်တွေထောစရာမလိုတော့ပဲ၊မိမိအလိုလိုပင် အလွယ်တကူသိယှိနားလည်နိုင်ပါသည်။

**ပဌမဦးဆုံးတင်ပြသောကျမ်း** သဒ္ဒမ္မောဒယ ဆရာသည်၊ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများအတွက်သာ၊ ကျမ်းစာအများအပြားကိုရေးသားစီရင်ခဲ့၍၊ လူဝတ်ကြောင်များဖတ်ရှုရန်ထခါမှမရေးသားခဲ့ဘူးသေးပေ၊ ဤ "ဓာရဏာနုဗိဘာဒဝဏ်" ခေါ် "ရဏာနုဗြသာနုစ" စာအုပ်မှာ၊ လူဝတ်ကြောင်များဖတ်ရှုရန်အတွက် သဒ္ဒမ္မောဒယဆရာ ပဌမဦးဆုံး ရေးသား၍ တိုင်းပြည်သို့တင်ပြလိုက်သောကျမ်းစာပင်ဖြစ်ပါသည်။

**ဗိုလ်ချုပ်အောင်ဆန်း၏စကား၊** ဟိုဂျာပန်ခေတ်က၊ ဗိုလ်ချုပ်အောင်ဆန်းသည်၊ ဘုန်းတော်ကြီး များအား လျှောက်ထားပုံမှာ၊

ကိုယ်တော်တို့က၊ တပည့်တော်တို့မြန်မာလူငယ်များအိယှိနားလည် သဘောပေါက်အောင်၊ ဘာမျှရေးသားစီရင်တောပြောပြသခြင်း မယှိသည့်အတွက်၊ မြန်မာလူငယ်များသည်၊ ဗုဒ္ဓဘာသာ သာသနာတော်

အကြောင်းကိုကောင်းစွာမသိနားမလည်ဖြစ်ကာ၊ဗုဒ္ဓဘာသာသာသနာတော်ကို၊ အယုံအကြည်နည်းပါးလာရခြင်းဖြစ်ပေသည်

ဥပမာ။ ။ဘုရားရှိခိုးထဲးမှာပါတဲ့။ ဩကာသ,ဩကာသ-ဆိုသော စကားကို တပည့်တော်တို့နားမလည်ကြပါ။ ။ထို့ကြောင့် မြန်မာလူငယ်များ သိယှိနားလည်လွယ်အောင်၊ မြန်မာစကားသက်သက်ဖြင့် ရေးသားဖောပြကြပါ

စသည်တို့ပင်ဖြစ်ပေသည်၊

**မြန်မာလူငယ်များ၏ သဘောထား။** မြန်မာလူငယ်များသည်၊ များသောအားဖြင့် မိဘ,ဘိုးဘွားကစသင်သက်၍၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြလေသောကြောင့်။ မိမိတို့ကိုးကွယ်ဆည်းကပ်သောဗုဒ္ဓဘာသာ သာသနာတော်အကြောင်းကို ကောင်းစွာသိယှိ နားလည်လိုကြပေသည်၊ မြန်မာ့ယဉ်ကျေးမှုနှင့် စာရိတ္တမကျဆိုင် ကြန့်ခိုင်မှု စသည်တို့သည်လည်း များသောအားဖြင့် ဗုဒ္ဓဘာသာစာပေတို့ကိုအခြေပြုထားလေသောကြောင့်။ ဗုဒ္ဓဘာသာမြန်မာလူငယ်ကလေးများသည်၊ ဗုဒ္ဓဘာသာစာပေများကို၊ အမှန်ထင်သိနားလည်ထားထိုက်ပေသည်၊ဗုဒ္ဓဘာသာ မြန်မာလူငယ်တယောက်အား၊ ဗုဒ္ဓဘာသာအကြောင်းကိုမေးမြန်းကြည့်ပါလျှင်၊ လူ အ-ကြီးသဖွယ် ပါးစပ်အပြောင်းသားဖြင့် ဘာမျှဖြေကြားနိုင်စွမ်း ယှိကြမည် မဟုတ်သည်ကိုများသောအားဖြင့် တွေ့ယှိရပေလိမ့်မည်၊

လောကခေတ်ကျောင်းများ၌ ယခုသင်ကြားရန်ခွင့်ပြုထားသော ပရိတ်ကြီး, နမက္ကာရ,သပြိုဟ်စသည်မျှကို သင်ကြားပေးရုံနှင့်မြန်မာလူငယ်များသည် ဗုဒ္ဓဘာသာ သာသနာတော်အကြောင်းကို ကောင်းစွာသိယှိနားလည်နိုင်ကြမည် မဟုတ်

ပေ။ ပါဠိဘာသာအကိုးအကား အများအပြားပါယှိသော၊ ဗုဒ္ဓဘာသာစာပေများကိုလည်း။ မြန်မာလူငယ်များဖတ်ရှုရန်အလိုမယှိကြပေ၊

ယခု ပါဠိတော် အစယှိသည်များကို မြန်မာဘာသာပြန်ဆိုနေရာ၊ ထိုမြန်မာဘာသာပြန် ပါဠိတော် အဋ္ဌကထာကျမ်းကြီးများသည်။ မြန်မာ လူငယ်များနှင့် တန်ရာပါသလော။ ဗိဋကစာပေကိုအခြေရှာ၊ သင်ကြားနေကြသော ဘုန်းတော်ကြီးများပင်လျှင်၊ ထိုမြန်မာဘာသာပြန် ပါဠိတော်အဋ္ဌကထာကျမ်းကြီးများကို အကုန်အစင်၊ သိယှိနားလည်ကြမည်မဟုတ်ပေ၊ မြန်မာလူငယ်များသည် အဘယ်မှာလျှင် သိယှိနားလည်နိုင်ကြပါကုန်အံ့နည်း၊

ဒိုးရိမ်ဘွယ်။ ဗုဒ္ဓသာသနာထွန်းကား၍၊ ဆင့်သင်္ဂါယနာတင်နေသည့် ယခုအချိန်အခါ၌၊ ဗုဒ္ဓဘာသာမြန်မာလူငယ်များသည်၊ မိမိတို့ကိုးကွယ်ဆည်းကပ်အပ်သည့် ဗုဒ္ဓဘာသာသာသနာတော်အကြောင်းကို ကောင်းစွာသိယှိ နားလည်ခွင့်မရခဲ့ကြပါမူ၊ နိုင်ငံခြား စာပေဗဟုသုတတို့ကိုသာ အများဆုံးသေ့လာကိုက်စား အကြည့်အရှု အသင်အကြား များနေကြသော ထို မြန်မာလူငယ်များကြီးပွားရာ၊ အနာဂတ် မြန်မာပြည်၌ ဗုဒ္ဓဘာသာ သာသနာတော်သည် ပျောက်ကွယ်သွားကောင်း သွားပေလိမ့်မည်၊

ဗုဒ္ဓဘာသာ သာသနာတော်သည် မြန်မာလူမျိုးတို့၏ အသက်ဝိညာဉ် သဖွယ်ဖြစ်၍ ဗုဒ္ဓဘာသာ သာသနာတော်

ပျောက်ကွယ်သွားသောနေ့သည် မြန်မာလူမျိုး အားလုံး အသက်ပျောက်သောနေ့ပင်ဖြစ်ပေလိမ့်မည်။

**မြန်မာလူငယ်များအတွက် ဗုဒ္ဓဘာသာစာပေ။**

ထို့ကြောင့်၊ ဗုဒ္ဓဘာသာ မြန်မာလူငယ်များနှင့် တန့်ရုံ "ဗုဒ္ဓဘာသာစာပေမြန်မာစကားပြေကျမ်း"များပေါ်ထွက်ကာ။ မူလတန်းမှစ၍ ဗုဒ္ဓဘာသာမြန်မာလူငယ်ကလေးများ သိသင့်သိထိုက်သော "ဗုဒ္ဓဘာသာစာပေမြန်မာစကားပြေကျမ်း"တို့ကို၊ ၎င်းတို့၏ အသိဉာဏ် အဆင့်အတန်းနှင့်တော်ရုံ ဘာသာတရပ် အနေဖြင့် ပြဋ္ဌာန်းပေးရန်။ ဆဋ္ဌသင်္ဂါယနာတင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည်၊ အထူးစဉ်းစားအရေးယူထိုက်ပေသည်။

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးအားလုံးတို့ကလည်း၊ ထိုကိစ္စကို အထူးအရေးတယူ စဉ်းစားကာ၊ အချိန်မှီပိုင်းဝန်းကူညီဆောင်ရွက် အားပေးတိုက်တွန်းကာ၊ ပြည်ထောင်စုအစိုးရအား အရေးဆိုသင့်လှပေသည်။

**မြန်မာလူငယ်များအား ချိန်ရွယ်ရေးသားခြင်း။**

အကျွန်ုပ်သည် "အရဟန္တဝိဘာဝနီ" ခေါ် "ရဟန္တာပြဿနာ" စာအုပ်ကို ရေးသားနေစဉ်။ ရေးရိုးရေးစဉ်အတိုင်း ပါဠိဘာသာစကား အကိုးအကားအထောက်အထားများစွာတို့ဖြင့်ရေးသားတော့မည်ယှိရာ။ ဟိုဂျာပန်ခေတ်က ဘုန်းတော်ကြီးများအား ဗိုလ်ချုပ်အောင်ဆန်းလျှောက်ထားသောစကားကိုသွား၍ သတိရလိုက်သည်နှင့်တပြိုင်နက် စာရေးနည်းလမ်းပြောင်းကာ၊ ပါဠိအကိုးအကားခိုင်လုံစွာထုတ်ဆောင်ဖော်ပြ၍၊ ခက်ခက်ခဲခဲ ရေးသားရမည့်ကျမ်းစာကို၊ မြန်မာလူငယ်များအားချိန်ရွယ်

ကာ၊ အသုံးပေါ်လွင် ထင်ရှားသော မြန်မာစကားပြေသက်သက်ဖြင့် ရေးထုံးတမျိုးကိုတည်ထွင်ပြောင်းလဲးကာ ရေးသားလိုက်ရပေတော့သည်။

**ခေတ်ပညာတတ်မြန်မာ လူငယ်များစေဘန်ကြပါ၊**

အို ဗုဒ္ဓဘာသာမြန်မာလူငယ်များတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖြစ်အောင် အသက်နှင့်လဲ၍ ပေးသွားရှာသောအသင်တို့၏ ကျေးဇူး ရှင်ခေါင်းဆောင်ကြီး-ဗိုလ်ချုပ်အောင်ဆန်းသည်၊ အကျွန်ုပ်၏ အနားသို့လာရောက်ကာ၊ အကျွန်ုပ်၏ ကလောင်သွားကို အသင်တို့၏ ဘက်သို့ လှည့်၍ ပေးလိုက်ဘိသကဲ့သို့၊ ဗုဒ္ဓဘာသာ မြန်မာလူငယ်ကလေးများကိုချိန်ရွယ်၍ အသင်တို့ အလွယ်တကူ သိယှိနားလည်နိုင်သော မြန်မာစကားပြေသက်သက်ဖြင့် ရေးထုံးတမျိုး တည်တွင်ပြောင်းလဲးကာရေးသားလိုက်သော ဤ "အရဟန္တဝိဘာဝနီ" ခေါ် "ရဟန္တာပြဿနာ" မြန်မာစကားပြေကျမ်းစာအုပ်ကို၊ အသင်တို့နှင့် သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည်ဖြစ်စေ၊ ခေဣသည်းခံ၍ ဖတ်ရှုစေဘန်ကြည့်ကြစမ်းပါ။

ဤမှခက်ခဲနက်နဲလှသော အရိယာရဟန္တာပြဿနာ အကြောင်းကို၊ အကျွန်ုပ်တည်တွင်လိုက်သောရေးထုံးမျိုးဖြင့်၊ အသင်တို့အလွယ်တကူသိယှိနားလည်နိုင်ကြပါမူ (သို့မဟုတ်) ထိုရေးထုံးမျိုးကိုအသင်တို့နှစ်သက်ကြေနပ်ကြပါမူ၊ အသင်တို့ အတွက် "ဗုဒ္ဓဘာသာစာပေမြန်မာစကားပြေကျမ်း" ပေါင်းများစွာတို့ကိုရေးသားကာ၊ အသင်တို့လိုလားတောင့်တအပ်သော ဗုဒ္ဓဘာသာ သာသနာတော်အကြောင်းကို ကောင်းစွာ

သိယှိနားလည်သည့် "ပညာသိုက်ကလေး" တယောက် ဖြစ်မြောက်လာအောင် အသင်တို့၏ ပါရမီကို ကူညီဖြည့်စွမ်းပေးနိုင်ပါလိမ့်မည်၊ အသင်တို့နှင့်အကျွန်ုပ်တို့သည်။ ခေါင်းဆောင်ကြီး-ဗိုလ်ချုပ်အောင်ဆန်းအား၊ ဤနည်းဖြင့် ကျေးဇူးတုံ့ပြန်ကြပါကုန်စို့။

**နိုင်ငံခြားဘုန်းတော်ကြီး တပါး၏ ဝေဘန်ချက်၊** အကျွန်ုပ်သည် "အရဟန္တဝိဘာဝနှ" ခေါ် "ရဟန္တာပြဿနာ" မြန်မာစကားပြေကျမ်းစာအုပ်ကိုရေးသားနေစဉ် နိုင်ငံခြားဗင်္ဂါလီခေတ်ပညာတတ်ကုလားဘုန်းတော်ကြီးတပါးသည်၊ ထပည့်ဖြစ်သောစက္ကမရဟန်းတော်တပါးနှင့် အတူရောက်ယှိလာကြရာ၊ ထိုဗင်္ဂါလီကုလားဘုန်းတော်ကြီးကား၊ မြန်မာစကားကို လုံးဝမတတ်ပေ၊ ပါဠိဘာသာ, အင်္ဂလိပ်ဘာသာစကားများကိုမူ ရေလည်စွာပြောဆိုတတ်ပေသည်၊

သဒ္ဒမ္မာဒယဆရာနှင့် ပါဠိဘာသာစကားဖြင့်၊ အချိန်ကြာကြာ၊အချင်းချင်း ပဋိသန္ထာရစကားပြောကြားနေစဉ်၊ ၎င်းဗင်္ဂါလီကုလားဘုန်းတော်ကြီးက ဝေဘန်ပြောဆိုသည်မှာ "**ဆဋ္ဌသင်္ဂါယနာ**"ကို ကြည့်ညိုရန် မိမိတိုင်းပြည်မှစွန့်စားထွက်ခွာလာခဲ့၍ မြန်မာပြည်သို့ ရောက်ယှိလာသောအခါ၊ သူနှင့် တွေ့ယှိရသော မြန်မာရဟန်းတော်သာမဏေများသည်၊ ပါဠိဘာသာစကားကို လုံးဝပြောဆိုတတ်ခြင်းမယှိသည်ကိုတွေ့ရသည်။

ထပန်ထင်ရှား ကျော်စောသောကျမ်းတတ်စာချ မြန်မာဆရာတော်ကြီး ပေါင်းများစွာတို့အထံသို့ ချဉ်းကပ်၍ ပါဠိ

ဘာသာစကားဖြင့် ဟျောက်ထားပြောဆိုကြည့်ပြန်သော အခါ၌လည်း၊ ထိုဆရာတော်ဘုရားကြီးများကိုယ်တိုင်ကပင်၊ ပါဠိဘာသာစကားကို လုံးဝမပြောဆိုတတ်ကြောင်း တွေ့ရှိရပြန်ပါသည်။

ထို့ကြောင့် မြန်မာပြည်၌ ပါဠိဘာသာစကား ပြောကြားတတ်သော မြန်မာဘုန်းတော်ကြီး၊ရဟန်း၊သာမဏေ များရှိမည်မဟုတ်ဟု အလွန်တရာ ထင်သေးခဲ့ပါသည်၊

ထိုသို့ဖြစ်ရခြင်းမှာ၊ မြန်မာဘုန်းတော်ကြီး၊ရဟန်း၊သာမဏေများသည်၊ပါဠိဘာသာကျမ်းစာများကို အမြဲတစေ လေ့လာလိုက်စားသင်ကြား နေကြပါလျက်၊ ပါဠိဘာသာစကားလောက်ကိုမူ၊ မပြောတတ်ကြခြင်းသည်၊ မြန်မာပြည်၌ "စနစ်ကျနသော ပရိယတ်သင်နည်း" မရှိသောကြောင့်သာ ဖြစ်သည်ဟုထင်မြင်ပါသည်၊

မည်သို့ပင် မြန်မာဘုန်းတော်ကြီးနှင့်မူ၊ ပါဠိဘာသာစကားဖြင့် ဟျောက်ထား ဆွေးနွေးမေးမြန်း ပြောဆိုခွင့် မရသော ကြောင့် ငါ၌ မရှင်းမလင်းသောဝိနယ,အဘိဓမ္မာပြဿနာများကို ဟျောက်ထားသိရှိခွင့်မရသဖြင့်၊ အလွန်စိတ် မချမ်းမသာဖြစ်နေရာ၊ ယခု သင်္ဃနာယကဆရာတော်နှင့် တွေ့ရသောအခါမှ ပါဠိဘာသာစကားဖြင့် အဆိုနကြာကြာပြောဆို ဆွေးနွေးခွင့်ရသည့်အပြင်၊ မရှင်းမလင်းသော ဝိနယ အဘိဓမ္မာဆိုင်ရာ ပြဿနာများကိုလည်းမေးမြန်းဟျောက်ထားသိရှိခွင့်ရသော ကြောင့်၊ ယခုမှပင် မြန်မာဘုန်းတော်ကြီးများအပေါ်၌အထင်

သေးမှုပပျောက်ကာ၊စိတ်ချမ်းသာခွင့်ရပါတော့သည် ဟူသည့်ဖြင့် အကျယ်တဝင့်ဝေဘန်ရေးသားသွားလေသည်။

**သာသနာရေးဝန်ကြီး၏လျှောက်လွှာစာအုပ်ကိုစဉ်းစားဖြေရှင်းရန်ပူဇော်ခြင်း** တဖန် ဆဋ္ဌသင်္ဂါယနာတင် ဗဟိုသံဃာအမှုဆောင်ဆရာတော်ဘပေါးဖြစ်သော ရန်ကုန်မြို့ မင်္ဂလာမကျွန်း ဆရာတော် "**သီရိပဝရခမ္မဓရိယ**"အသျှင် ပညာကိတ္တိမထေရ်က၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ဝေငှသော သာသနာရေး ဝန်ကြီး၏ လျှောက်လွှာစာအုပ်ကို၊ စအထူးအရေးယူ စဉ်းစားဝေဘန်၍ ၎င်းနှင့်ပတ်သက်သောအကြံဉာဏ်များကိုပါ ထည့်သွင်းရေးသားဖေါ်ပြပါရန်၊ လျှောက်ထားပြီးလျှင်၊ ထို"သာသနာရေးဝန်ကြီး၏လျှောက်လွှာ" စာအုပ်ကို "သင်္ဂါယနာစာစောင်"နှင့်အတူ သဒ္ဓမ္မောဒယဆရာအား ပူဇော်လိုက်လေသည်။

**သာသနာ အောက်အခြေမခိုင်မြဲခြင်း။** ယင်းသို့နှိုင်းခြား ဗင်္ဂါလီ ကုလားဘုန်းတော်ကြီး၏ ဝေဘန်လျှောက်ထားချက်၊အကျွန်ုပ်၏စိတ်ကိုအလွန်ထိခိုက်စေသည့်သင်္ဂါယနာစာစောင်၌ ပါဝင်သော သာသနာရေးဝန်ကြီး၏ လျှောက်ထားချက်၊ နှစ်ရပ်တို့ကို ဆက်စပ်ဝေဘန်ကြည့်ရှုသောအခါ၊ မြန်မာပြည်၏ယခုလက်ယှိသာသနာတော်သည်

(၁) ဝိနည်း၊

(၂) ပရိယတ်၊

ဟုဆိုအပ်သော ‘အရင်းအကျဆုံးဖြစ်သည့်၊ အောက်အခြေနှစ်ရပ်စလုံးမခိုင်မြဲပဲ ပြတ်လုတဲ့တဲ့ ယှိနေသည့်အဖြစ်ကိုတွေ့ယှိရပေတော့သည်။

ယခု ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖ-ဆ-ပ-လ အစိုးရ ဘ်ကြ၊ သာသနာတော်ကို အဓွန့်ရှည်စွာတည်တံ့ကောင်းမွန် စေလို၍၊ တိုင်းသူပြည်သားပိုင်ငွေပေါင်း သိန်း(၉၀)ကျော် အကုန်အကျခံကာ၊ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ကပ္ပါကျော် လောက်အောင်၊ဆင်နွဲနေပါသော်လည်း၊ယင်းကဲ့သို့ သာသ နာတော်၏ ပင်ရင်းမူလဖြစ်သော

(၁) ဝိနည်း၊

(၂) ပရိယတ်၊

တည်းဟူသော အောက်အခြေနှစ်ရပ်စလုံး မခိုင်မမြဲ ပြတ်လု တဲတဲဖြစ်နေခဲ့ပါမူ၊အကျွန်ုပ်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လက်ယှိ ဗုဒ္ဓသာသနာတော်သည်၊ ဆဋ္ဌသင်္ဂါယနာတင် ရုံမျှနှင့်၊ ကြာရှည်လေးမြင့်စွာ တည်တံ့ခိုင်မြဲ နိုင်ပါဦးမည် လော၊

စသည်ဖြင့် ထိပ်လန့်ချောက်ချား၊ စိုးရိမ်မကင်းဘွယ်အ ကြောင်းအရာများကိုစဉ်းစားဆင်ခြင်မိ၍“ကျမ်းပြုဆရာတော် ဦးဇဝ” ကိုအားကျကာ၊ စာပေကျမ်းဂန်အရေးအသားန်အသုံး စိတ်ဝင်စားလျက်၊လာဘ,သိလောကမဖက်၊မင်းစိုးရာဇာအစ ယှိသော လူအများနှင့် ရောနှောဆက်ဆံတွေ့ဆုံစကားပြောသို ခြင်းအမှုကို မပြုလိုပဲ ကုသိုလ်ရေ လောကဓမ်တရားကို အ ရေးမထား၊တပါးတည်း အေးချမ်းသာယာစွာခတ်ကုတ်ကုတ် နေထိုင်ခဲ့ပါပြီးသော်လည်း၊

တိုင်းပြည်နှင့်သာသနာ နှစ်ဖြာကောင်းကျိုး ရည်မျှော်ကိုး လျက်၊ ဤ“**အဓိဟန္တုဝိဘာဝနီ**” ခေါ် “**ရဟန္တာခြင်ဘာသာ**”

မြန်မာစကားပြေကျမ်း၌ အရိယာ၁ရဟာန္တာ၁ပြည်ဿန၁ ထက်ပင် အလွန်အရေးကြီးလှသော သာသနာရေး ဝနံကြီး၏ ချောက် ထားချက်ကို အခြေခံပြုကာ ဖြေရှင်း ရေးသား ထားသည့် "မြန်မာပြည်၏ ဗုဒ္ဓသာသနာသည် ကမ္ဘာပေါ်၌ စံပြဗုဒ္ဓ သာ သနာဖြစ်အောင်လုပ်နည်း"အစရှိသော အကြံဉာဏ်များကို မိမိဉာဏ်ရှိသမျှ ထည့်သွင်းရေးသားပေါ် ပြထားရှိရာ၊ အ ကျွန်ုပ်သည် "အရဟန္တဝိဘာဝနီ" ခေါ် ဤ "ရဟန္တာ ပြဿနာ" မြန်မာစကားပြေကျမ်းကို၊ အလွန် အပင်ပန်းခံ၍ နေ့မအား ညမအား၊ တိုင်းပြည်နှင့် သာသနာတော် ကျိုးအ တွက်၊ကြိုးစားရေးသားရကျိုးနပ်လေအောင်။ ပြည်ထောင်စု မြန်မာ နိုင်ငံတော်အစိုးရတို့နှင့်၊ တိုင်းသူပြည်သား လူပညာရှိ ရဟန်းပညာရှိပုဂ္ဂိုလ်အများတို့သည်၊ ထို" အရဟန္တဝိဘာ ဝနီ" ခေါ် "ရဟန္တာပြဿနာ"မြန်မာစကားပြေကျမ်းကို အထူးလေးနက်စွာ ဖတ်ရှုဝေဘန်စဉ်းစားကြပြီးလျှင်၊ မြန်မာ ပြည် ဗုဒ္ဓမြတ်စွာသာသနာတော်၏ ပင်ရင်းမူလ ဝိနည်း, ပရိ ယတ်တည်းဟူသော အောက်အခြေခိုင်မြဲလှလေအောင် အား ခဲကျွန်ုပ်ပြုလုပ်တော်မူကြ၍၊ တိုင်းပြည်နှင့်သာသနာ၊ နှစ်ဖြာ ကောင်းကျိုး၊လွန်ပွားတိုးအောင်၊အားကြိုးမာန်တက်၊ အချိန်မှီ ဆောင်ရွက်ကာ၊ထက်မြက်ဉာဏ်ယှဉ်၊သမ္မာဇဉ်ဖြင့်၊ မြော်မြင် ထောက်ကူ၊ပြုပြင်တော်မူကြကုန်ရာသတည်း။

(အထူးတောင်းပန်ချက်။ ။အလွန်တိုတောင်းလှသော ရက်အပိုင်း အ ခြား အချိန်ကာလအတွင်း၌၊ ပြီးစီးအောင်ရေးသားစီရင် စက်ဘင်ပုံနှိပ် လုပ် ဆောင်အပ်သော"အရဟန္တဝိဘာဝနီ"ခေါ်၊ ဤ"ရဟန္တာပြဿနာ"မြန်

မာစကားပြောကျမ်းဦး၊ အရင်းလိုပုံနှိပ်ရသဖြင့်၊ စာလုံးကျကျန်ခြင်း, သတ်ပုံသတ်ညွှန်း, မှားယွင်း ချွတ်ချော်ခြင်း စသည်များအပြင်၊ လူပညာသို့, ရဟန်းပညာသို့၏ အသိဉာဏ်နှင့်မတိုက်ဆိုင်၊ မကိုက်ညီသောအရာများ ပါဝင်ကောင်းပါဝင်ပါလိမ့်မည်၊ ထိုအရာများကို ကျမ်းဂန်နှင့် ညီညွတ်အောင် မိမိတို့သဘောအတိုင်းလမ်းမှန်ကျကျ၊ သဘောကအမှ ပွါးဉာဏ်ယှဉ်ကောင်းအောင် ပြင်၍ ဆင်ခြင်ဖန်ရှုတော်မူကြပါရန်၊ လေးနက်စွာတောင်းပန်အပ်ပါသည်။

ငင်းအပြင် သဒ္ဓမ္မောဒယဆရာနှင့် တွေ့ဆုံဆွေးနွေး နှီးနှောခွင့်ရရန်၊ လူပညာသို့ပုဂ္ဂိုလ်အများကပင် တောင်းဆိုနေကြရာ၊ ထိုသို့တွေ့ဆုံ ဆွေးနွေးနှီးနှောရန် အချိန်မပေးနိုင်ကြောင်းကိုလည်း အထူးတောင်းပန်အပ်ပါသည်)

အသျှင်ဝိသုဒ္ဓါစာရမဟာထေရ်

သဒ္ဓမ္မောဒယ

၁၃၁၆-ခုနှစ်၊ နယုန်လ၊



သဒ္ဓမ္မောဒယဆရာတော်
ပြည်နိဗ္ဗိန္ဒတောင် ရွှေဘုန်းပွင့်
စေတီတော်အနီး၌ ရိုက်ကူးထားသောပုံ၊

# ရဟန္တာပြဿနာ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရဟန္တာ၊

"ရဟန္တာ" ဟူသောဝေါဟာရသည် "အရဟန္တ" ဟူသောပါဠိဘာသာမှဆင်းသက်ပေါက်ဖွားလာသောပါဠိပျက်မြန်မာစကားဖြစ်၏။

"အရဟန္တ" ဟူသောပါဠိ၌ "အ" အက္ခရာကိုချေ၍ အက္ခရာကိုရေးချသောအားဖြင့် "ရဟန္တာ" ဟူသောဝေါဟာရဖြစ်လာသည်။

ကိလေသာအားလုံးသမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ကင်းပြတ်ချုပ်ငြိမ်းသောပုဂ္ဂိုလ်ကိုပါဠိဘာသာအားဖြင့် "အရဟန္တ" မြန်မာဘာသာအားဖြင့် "ရဟန္တာ" ဟုဆိုလိုသည်။

လူရဟန္တာ။

လူ၏အသွင်အပြင်သည်၊ ယုတ်ညံ့၏၊ မြင့်မြတ်သောဂုဏ်ကို ဆောင်ခြင်းငှာမစွမ်းနိုင်၊ ထို့ကြောင့်လူသားရဟန္တာဖြစ်ပါမူ၊ ထိုရဟန္တာဖြစ်သောနေ့၌ပင်လျှင်၊ ရဟန်းပြုလိုမူလည်းပြုရာ၏၊ အကယ်၍ ရဟန်းမပြုလိုခဲ့သော်ပရိနိဗ္ဗာန်ဝင်စံရလေသည်။

နတ်ရဟန္တာ။

ကာမာဝစရနတ်ပြည်ခြောက်ထပ်၌၊ နတ်သားရဟန္တာဖြစ်ပါမူ၊ ထိုနတ်ပြည်၌ဆိပ်ငြိမ်ဖုံးကွယ်ရာ(ပဝိဝေကာရဟ၊ ပဋိသန္ထာရ)မယှိသောကြောင့်၊ နတ်သားရဟန္တာအဖြစ်ဖြင့် ကြာရှည်စွာမတည်တံ့နိုင်ပဲ၊ ပရိနိဗ္ဗာန်ဝင်စံရလေသည်။

ဗြဟ္မာရဟန္တာ။

ဗြဟ္မာ့ပြည်၌ဗြဟ္မာရဟန္တာဖြစ်ပါမူ၊ မိမိအသက်တန်းကုန်ဆုံးသည့်တိုင်အောင်၊ နေနိုင်ကနေနိုင်ပေသည်။ (မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ)။

---

ရဟန္တာ၏အင်္ဂါရ(၂)ပါး။

ရဟန္တာပုဂ္ဂိုလ်မှာအင်္ဂါရ (၂)ပါးယှိသည်၊ (၂)ပါးဆိုသည်မှာ၊

(၁)မိမိခုသိအင်သောဂုဏ်ကျေးဇူးကို၊ နတ်နှင့်တကွသောတလောကလုံး၊ ချောင်ငြိမ်စွာထိုးထွင်း၍ ခုသိကြပါမူ၊ အောင်ကောင်းလေစွာ့ဟုစိတ်အကြံဖြစ်ခြင်း၊

(၂) မိမိတရားသုံးဝိသေသရယှိသည့်၏ အဖြစ်ကို၊ ရတနာသြိုးကောက်ရသော ယောကျ်ားကဲ့သို့၊ သူတပါးအားမပြောကြားလိုခြင်းပင်ဖြစ်သည်။ (သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ)

---

## အပ္ပိစ္ဆ (၄)ပါး။

အပ္ပိစ္ဆသည် (၁)ပစ္စယအပ္ပိစ္ဆ (၂) ဓုတင်္ဂအပ္ပိစ္ဆ (၃)ပရိယတ္တိအပ္ပိစ္ဆ (၄) အဓိဂမအပ္ပိစ္ဆအားဖြင့် (၄) ပါးအပြားရှိပါသည်၊ ထို ၄ ပါးတို့တွင်၊

(၁) ပစ္စည်းလေးပါးတို့၌ အလိုနည်းခြင်းသည် ပစ္စယအပ္ပိစ္ဆမည်၏။

(၂) မိမိဓုတင်ဆောင်သည့် အဖြစ်ကို သူတပါးအားမသိစေပဲ၊ လျှို့ဝှက်ဖုံးကွယ်၍ ထားခြင်းသည်ဓုတင်္ဂအပ္ပိစ္ဆမည်၏။

(၃) မိမိပရိယတ္တိအရာ လိမ္မာကျွမ်းကျင်သည့်အဖြစ်ကိုသူတပါးအားမသိစေပဲ လျှို့ဝှက်ဖုံးကွယ်၍ ထားခြင်းသည် ပရိယတ္တိအပ္ပိစ္ဆမည်၏။

(၄) မိမိဈာန်,မဂ်,ဖိုလ်တရားသုံးဝိသေသရသည့်အဖြစ်ကို၊ သူတပါးအားမသိစေပဲ၊ လျှို့ဝှက်ဖုံးကွယ်၍ ထားခြင်းသည်အဓိဂမအပ္ပိစ္ဆမည်၏။ (မူလပဏ္ဏာသအဋ္ဌကထာ)

ပြဆိုအပ်ခဲ့ပြီးသော ရဟန္တာ၏ အာကာရ (၂) ပါးတို့တွင်၊ ဒုတိယအာကာရသည် "အဓိဂမအပ္ပိစ္ဆ" ပင်ဖြစ်လေသည်၊

## ရဟန္တာဖြစ်ကြောင်းတိုက်ရိုက်မပြော၊

ရဟန္တာပုဂ္ဂိုလ်တို့မည်သည်၊ မိမိရဟန္တာဖြစ်ကြောင်းကို မည်သူ့အားမျှ ပြောကြားလိုခြင်းမယှိပေ၊ အခြားသူကိုမဆို ထားဘိ၊ မြတ်စွာဘုရားသခင်အားသော်မှ၊ တိုက်ရိုက်ထုတ်ဆောင်လျှောက်ထားခြင်းမယှိပေ၊

**မှန်ပါသည်၊** ၊ ကောဋ္ဌိတသ သောဏမထေရ်သည် ရဟန္တာအဖြစ်သို့ရောက်သောအခါ၊မိမိရဟန္တာဖြစ်ကြောင်းကို၊ ဘုရားသျှင်အား တိုက်ရိုက်မလျှောက်ထားပဲ၊ သွယ်ဝိုက်၍လျှောက်ကြားသည့်ယှိသော်၊ ဘုရားသျှင်က ရဟန်းအပေါင်းတို့ကိုခေါ်တော်မူ၍၊

**ဒိုငါ၏ချစ်သားရဟန်းများတို့၊** ၊သောဏကဲ့သို့သော (ကုလပုတ္တ) အမျိုးကောင်းသားတို့သည်၊ ရဟန္တာအဖြစ် သို့ရောက်ပါကုန်သော်လည်း၊ မိမိရဟန္တာဖြစ်ကြောင်းကို၊ ငါဘုရားအားသော်မှ၊ တိုက်ရိုက်ထုတ်ဆောင်လျှောက်ထားခြင်းမပြုပဲ၊ ရဟန္တာတို့၏အခြင်းအရာအနက်အဓိပ္ပါယ်သဘောသွားမျှလောက်ကိုသာသွယ်ဝိုက်၍လျှောက်ထားကုန်၏။

ဤလောကကြီး၌အချို့သော (မောဃပုရိသ) မင်္ဂဖိုလ်မှအချည်းနှီးဖြစ်ကုန်သောယောကျ်ားတို့သည်၊ သောကုတ္တရာတရားထူးတို့ကိုရသ်ခြင်းမယှိပါကုန်ပဲးသျက်၊ အရဟတ္တဖိုလ်ကိုရယ်ရွှင်ဘွယ်ကဲ့သို့ပြုမူသဘောထားကာ၊ မိမိကိုယ်ကို "ရဟန္တာ" ဟုမှတ်ထင်လေအောင်ထုတ်ဆောင်ပြောဆိုတတ်ကြကုန်၏၊

ထို ( မောဃပုရိသ ) မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်ကုန်သော ယောကျ်ားတို့သည်၊ နောင်အခါ၌ ကြီးစွာသောင်းရဲ့ပင်ပန်းခြင်းသို့ ရောက်ကြရကုန်လိမ့်လတ္တံ့ - ဟုမိန့်ကြားတော်မူ၏၊ (ဝိနည်း မဟာဝါ ါပါဠိတော်)။

---

**အလင်းရောင်မျှကိုပင်မပြော။**

အာလိန္ဒကဝါသီမဟာဗုဿဒေဝမထေရ်ရဟန္တာဖြစ်သော နေ့၌၊ ထိုမထေရ်၏စင်္ကြံဦး၌စောင့်သောနတ်သားသည်၊ မိမိ လက်ချောင်းတို့ဖြင့် ဆီမီးအလင်းရောင်ကို ဖြစ်စေလျက်နေပ်တည်၏၊

နတ်မင်းကြီး(၄)ယောက်, သိကြားမင်း, သဟမ္ပတိဗြဟ္မာမင်းကြီးတို့သည်လည်း၊ ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာဖြင့် ရဟန္တာမထေရ်အား ဆည်းကပ်ခစားရန်လာကြကုန်၏၊

ထိုအလင်းရောင်တို့ကိုမြင်၍၊ ဝနဝါသီမဟာတိဿ မထေရ်က၊ နှစ်ရက်မြောက်သောနေ့၌၊ ဟိုညက ငါ့သျှင်အထံ၌ ဖြစ်ပေါ်နေသော အလင်းရောင်များဟာ ဘာအလင်းရောင်များ ပါလဲ ဟုမေး၏၊

ထိုအခါ အာလိန္ဒက ဝါသီမဟာဗုဿဒေဝမထေရ်က၊ အလင်းရောင်ဆိုတာ ဆီမီးရောင်လဲဖြစ်နိုင်သည်၊ ပတ္တမြားရောင်လဲဖြစ်နိုင်သည် စသည်ဖြင့် ဖုံးကွယ်ပြောဆိုတော်မူ သတတ် (သုတ်သီလက္ခန်အဋ္ဌကထာ)

---

## ရဟန္တာဖြစ်ကာအသွင်အပြင်ပြောင်းလဲလာခြင်း၊

အယျမိတ္တမထေရ်သည် ကာသပလိုဏ်ဂူ၌ သိတင်းသုံး တော်မူ၏၊ ထိုမထေရ်ဖို့ဆွမ်းခံရွာ၌နေသော ဥပါသိကာမကြီး တယောက်သည် အယျမိတ္တမထေရ်ကို၊ သားအမှတ်ဖြင့်လုပ် ကျွေး၏၊

ထိုဥပါသိကာမကြီးသည် တနေ့သ၌ တောသို့သွားကာနီး၊ သွီးဖြစ်သူကို၊ အိုချစ်သွီး ဤမည်သောနေရာ၌ ဆံဟောင်းယှိ သည်၊ ဤမည်သောနေရာ၌ ထောပတ်, နွားနို့, တင်လဲးယှိ သည်၊

ချစ်သွီး၏ နောင်တော် အယျမိတ္တမထေရ်ဆွမ်းခံကြွလာ တော်မူသောအခါ နွားနို့, ထောပတ်, တင်လဲး နှင့်အတူဆွမ်း ကိုကောင်းစွာ ချက်ကာလောင်းလှူပြီး၍ ချစ်သွီးလည်းစားပါ၊ အမေကတော့ မနေ့ကချက်ထားသော ထမင်းသိုးနဲ့ ပအုံးရည် ကိုပဲ၊ စားမည်ဟု ပြောဆိုမှာထား၏၊

အယျမိတ္တမထေရ်သည်၊ အမေနှင့်သွီးတို့ အချင်းချင်းပြော ဆိုတိုင်ပင်နေကြသော အသံကိုကြားရသောအခါ၊ မိမိကိုယ်ကို ဤသို့ဆုံးမ၏၊

အိုအယျမိတ္တ၊ တစုံတရာဆွေးမျိုးညာတိတော်စပ်ခြင်းမယှိ အမေအရင်းလည်းမဟုတ်ပါပဲ အသင့်အားကောင်းမြတ်သော ဆွမ်းဘောဇဉ်အာဟာရကိုလှူဒါန်းစေလျက်၊ ဥပါသိကာမကြီး သည်ကား ထမင်းသိုးနှင့်ပအုံးရည်ကိုစားမည်ဟုဆိုခြင်းသည် အသင့်ထံမှ-လယ်, ယာ, ထမင်း, အဖျော်, အဝတ်အစားတန်ဆာ

တို့ကိုမျှော်လင့်တောင့်တခြင်းမဟုတ်၊ လူ့,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို လိုလားတောင့်တခြင်းသာဖြစ်ပေသည်၊

အသင်သည် ထိုဥပါသိကာမကြီးအား၊ လူ့,နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာတို့ကိုပေးစွမ်းနိုင်အံ့လော? မပေးစွမ်းနိုင်အံ့လော ?

ဤသို့သောဆွမ်းကို၊ အသင်သည် ရာဂ,ဒေါသ,မောဟတို့နှင့်တကွ ခံယူစားသောက်သုံးဆောင်ခြင်းငှာ ဘယ်နည်းနှင့်မျှမသင့်တော်ပေ-ဟု မိမိကိုယ်ကိုဆုံးမကာ၊ ဆွမ်းခံမသွားတော့ပဲ၊ သပိတ်ကိုအိပ်၌ပြန်ထည့်ကာ၊ ကာဿပလိုဏ်ဂူသို့ ပြန်သွားပြီးလျှင်၊ ရဟန္တာအဖြစ်သို့ မရောက်သမျှကာလပတ်လုံး၊ ဤလိုဏ်ဂူအတွင်းမှ မထွက်တော့ပြီဟု ဝိရိယအဓိဋ္ဌာန်ပြုကာ ထိုင်နေ၏၊

၅ည့်ကြာမြင့်စွာသောကာလက၊ မမေ့မလျော့ကြိုးစားအားထုတ်ခဲ့ဘူးသောဝိပဿနာကို ထပ်မံပွားများအားထုတ်လိုက်သောအခါ၊ ဆွမ်းမစားမီအချိန်ကာလအတွင်း၌ပင်လျှင်၊ အာသဝေါကုန်ခမ်းသည့်ရဟန္တာအဖြစ်သို့ရောက်တော်မူသျှက်၊ ပွင့်သစ်စဖြစ်သောပဒုမ္မာကြာပန်းကဲ့သို့ ရွှင်လန်းကာ-ပြုံးတော်မူလျက်ထိုင်နေ၏၊

ထိုအခါ လိုဏ်ဂူအနီးဃ၌သစ်ပင်၌နေသောရုက္ခစိုးနတ်သည်

ဒိုယောကျ်ား အာဇာနည်ဖြစ်တော်မူသော အသျှင်သူမြတ်ဘုရား၊ အသျှင်မြတ်သည် အာသဝေါကုန်ခမ်း၍၊ မြတ်သောအလှူကို ခံယူတော်မူထိုက်သော ရဟန္တာအဖြစ်သို့ရောက်တော်မူပါပြီဘုရား

ဟု ဂါထာဥဒါန်းကိုကျူးရင့်ကာ၊ ဒိုအသျှင်သူမြတ်ဘုရား။ ဆွမ်းခံကြွသွားတော်မူသော အသျှင်မြတ်ကဲ့သို့သောရဟာနွာအား၊ ဆွမ်းလှူဒါန်းရသောအမယ်အိုဥပါသိကာမကြီးသည် ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ပါလိမ့်မည်ဘုရား ဟု လျှောက်ထားလေ၏။

အယျမိတ္တမထေရ်သည် ထ၍ လိုက်ဂူတံခါးကိုဖွင့်ကာ အချိန်ကိုကြည့်တော်မူလတ်သော်၊ ဆွမ်းခံချိန် ယှိသေးကြောင်း သိတော်မူ၍၊ သပိတ်သက်နှိုးကိုယူကာ၊ ဆွမ်းခံရွာသို့ကြွသွားတော်မူ၏။

သူငယ်မကလေးသည်လည်း၊ အမေ မှာခဲ့သည့်အတိုင်း၊ ဆွမ်းကိုကောင်းစွာချက်ပြုတ်၍၊ ငါ၏ နောင်တော်အယျမိတ္တ အသျှင် ကြွလာတော်မူခဲ့လှသည်ဟု၊လည်တမော်မော်နှင့်၊အိမ်တံခါးဝ၌ မြော်လင့်စောင့်ဆိုင်းကာထိုင်နေစဉ်၊ အယျမိတ္တမထေရ်ဆွမ်းခံကြွလာတော်မူသည်ကိုမြင်၍၊ထိုသူငယ်မလေးသည် သပိတ်တော်ကိုလှမ်းယူကာ၊ထောပတ်၊ တင်လဲ တို့ဖြင့် ကောင်းစွာစီရင်အပ်သော နို့ ဂဏာဆွမ်းကို သပိတ်တော်အပြည့်လှူဒါန်းလိုက်လေ၏။

အယျမိတ္တမထေရ်သည်၊ချမ်းသာပါစေ......ဟု အနုမောဒနာပြုကာ၊ကဿပလိုဏ်ဂူသို့ပြန်နှိုးသည်ကြွမြန်းတော်မူလေ၏။

အယျမိတ္တမထေရ်သည် ရှေးရှေးကနှင့်မတူ အသွင်အပြင် ထူးခြားပြောင်းလဲလာသဖြင့်၊ထိုသူငယ်မကလေးသည်၊အယျမိတ္တမထေရ်ကို ကြည်ညိုလို့မဆုံး၊သေချာစွာအကဲခတ်ကြည့်ရှုကာ အားပါးတရ ဖူးမျှော်လိုက်လေ၏။

ထိုအယုမိတ္တမထေရ်၏ ရဟန္တာအဖြစ်သို့ ရောက်မှ ရှေးရှေးကနှင့်မတူ အသွင်အပြင် ထူးခြားပြောင်းလဲလာပုံမှာ။ အာရေအဆင်းတော်သည် အလွန်စင်ကြယ်တောက်ပတော်မူလှပေ၏။ ဣန္ဒြေတို့သည်လည်း အလွန်တရာကြည်လင်ကုန်၏။ မျက်နှာတော်သည်ကား၊ အညှာမှကြွေကျဆဲဖြစ်သော ထန်းသီးမှည့်ပမာ လွန်စွာဝါဝင်းတင့်တယ်၊ သပ္ပါယ်တော်မူလှပါပေ၏။

ဥပါသိကာမကြီးသည် တောမှပြန်လာသောအခါ၊ အိုချစ်သမီး၊ သင်၏နောင်တော် ဆွမ်းခံကြွလာတော်မူပါရဲ့လား......ဟု မေးမြန်းသောအခါ သမီးဖြစ်သူက၊ ဒ ယုမိတ္တမထေရ်၏ ရှေးရှေးကနှင့်မတူ အသွင်အပြင်ထူးခြားပြောင်းလဲလာပုံတို့ကို၊ သူကိုယ်တိုင် ဖူးမြင်လိုက်ရသည့်တိုင်း အလုံးစုံပြန်လည်ပြောကြားလေရာ၊

အိုချစ်သမီး၊ ယနေ့ငါ၏ သားတော်မှာ ရဟန်းကိစ္စပြီးစီးသွားလေပြီ၊ ချစ်သမီး၏နောင်တော်သည်၊ ဘုရားသျှင်၏ သာသနာတော်၌ မွေ့လျော်ပျော်ပိုက်သွားပေပြီ၊ နောင်သာသနာတော်၌ ငြီးငွေ့ကာ လူထွက်တော့မည်မဟုတ်......ဟု ဥပါသိကာမကြီးက သမီးဖြစ်သူအားပြောကြားသောဟူသတတ် ( သုတ်မဟာဝါ အဋ္ဌကထာ )၊

---

### ရဟန္တာဘွဲ့၏သဘော။

ရဟန္တာဘွဲ့မည်သည်၊ ထိပ်ပေါ်သို့မိုးကြိုးကျသော်လည်း ဝပုံတရာကြောက်ရွံ့တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်း

ဖြစ်ပြီ။ ရဟန္တာဖြစ်လျှင် အဘယ်အရပ်သို့ ရောက်ပါနိုင်မည်နည်း ( ... ) ။

... ... ... ...

ကျမ်း ...

ဒိဋ္ဌိ ... ...

...

ကား ကျောက်တိုင် ကျောက်ခဲပမာ တစုံတရာတုန့်လှုပ် ချောက်ချားခြင်းမရှိပဲ၊ ငါ၏ခြေထောက်ကို ကိုင်သောသူ ကားအသူနည်း? ဟုမေးတော်မူ၏၊ထိုအခါမင်းကြီးအားဘုရား တပည့်တော် “**ဇီဝက**” ပါဘုရား ဟုလျှောက်တင်လေသည်၊

ယင်းကဲ့သို့ရဟန္တာမထေရ်အား ကြောက်ရွံ့တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်းမရှိပေ၊

အချို့သော ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့သည်လည်း၊ ရဟန္တာတမျှ ကြောက်ရွံ့တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းမရှိ၊ အလွန်တရာရဲရင့်လှပေကုန်၏၊ထိုကဲ့သို့သောပုထုဇ္ဇန်မျိုးကိုတပ် နှစ်သက်ဖွယ်သောအာရုံဖြင့် ပုံစမ်းရလေသည်၊

ဝသဘမင်းကြီးသည် ရဟန္တာဟု မှတ်ထင်ရလောက် အောင်၊ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ၊ ကြက်သီးမွေးညှင်းထ ခြင်းမရှိ၊အလွန်တရာရဲရင့်သောမထေရ်တပါးကို၊ ရဟန္တာ ဟုတ်,မဟုတ်မဝေခွဲနိုင်၍ ထိုမထေရ်၏ ရှေ့၌ ချဉ်သီးကိုနယ် စေသောအခါ၊ ထိုမထေရ်သည် တံတွေးယိုကျလာလေတော့ သည်၊ထိုအခါမှ ရဟန္တာမဟုတ်၊ ပုထုဇ္ဇန်ဖြစ်မှန်းသိသွားရလေ တော့သည်၊

ထို့ကြောင့်ပြဆိုအပ်ခဲ့ပြီးသောနည်းအမျိုးမျိုးတို့ဖြင့် အဖန် ဖန်ပုံစမ်း၍၊ ရဟန္တာဟုမှတ်ထင်ရလောက်အောင်၊ ကျင့်ဝတ်ပဋိ ပတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား၊ ကြောက်ရွံ့တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်း, ရသတဏှာ ဖြစ်ပေါ်လာခြင်းရှိ သေးပါ၏။ ထိုပုဂ္ဂိုလ်အား အသင်သည်၊ ရဟန်းကိစ္စမပြီးသေ

သူဖြင့် "ရဟန္တာ" မဟုတ်သေးပေဟု အတိအလင်းပြောဆို ပယ်ချလိုက်ရမည်။ (ဥပရိပဏ္ဏာသအဋ္ဌကထာ)၊

**ရဟန္တာ-ရတနာမြတ်သုံးပါး၌ကြီးစွာရိုသေခြင်း။**

ရဟန္တာတို့မည်သည်၊ ပုထုဇ္ဇန်သေက္ခပုဂ္ဂိုလ်တို့နှင့်မတူ။ ရတနာမြတ်သုံးပါး၌အလွန်ရိုသေလေးစားမှု၊ကြီးမားတော်မူလှ ပေသည်။ (မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ)၊

---

**လူရဟန္တာ ဒါနစသောကောင်းမှုပြုလုပ်ပါသလော?**

ရဟန္တာတို့သည် ဒါနစသော ကောင်းမှုတို့ကိုပြုလုပ်ကြ ကုန်သည်သာဖြစ်လေသည်။ ယင်းသို့ဒါနစသောကောင်းမှုတို့ ကိုပြုလုပ်ကြပါကုန်သော်လည်း၊ ဆန္ဒရာဂကင်းသည်၏အဖြစ် ကြောင့်၊ ထိုရဟန္တာတို့ပြုလုပ်အပ်သောဒါနစသောကောင်းမှု တို့ကို"**ကုသိုလ်**"ဟုမခေါ်ဆိုရပဲ "ကြိယာ"ဟူ၍သာခေါ်ဆို ရလေသည်။ (ဥပရိပဏ္ဏာသအဋ္ဌကထာ)

---

**မေတ္တာပွားများသောရဟန္တာ၊**

ဒုတိယသင်္ဂါယနာမတင်မီ၊ အသျှင်အာနန္ဒာ၏တပည့် အသက်(၁၂၀)ရှိသော သဗ္ဗကာမီမထေရ်ကြီးသည်။ ညဉ့်၌ အိပ်သေးပေ။ထိုးလုံးပက်လက် လျောင်းစက်ခြင်းလည်းမရှိ ပေ။ ရေဝတ မထေရ်သည်လည်း ယင်းသို့ပင်ဖြစ်၏။နံက်မိုး သောက်ထအခါ၊ သဗ္ဗကာမီထေရ်ကြီးက၊ ရေဝတမထေရ် အား ငါ့ရှင်တည လုံး ဘာကမ္မဋ္ဌာန်းများကို စီးဖြန်းပွားများနေ ပါသနည်း ဟုမေးတော်မူ၏။

မေတ္တာဘာဝနာ စီးဖြန်းပွားများနေကြောင်းကို ခေဝတ မထေရ်က ပြောကြားထားသောအခါ။ ငါ့ရှင်ပွားများသောဘာဝ နာကား၊ ပေါ်လွင်လှချေ၏တကားဟု သဗ္ဗကာမိမထေရ် ကြီးကမိန့်ဆိုတော်မူ၏။

ထိုအခါ ခေဝတမထေရ်က၊အရှင်ဘုရား တပည့်တော် အရဟတ္တဖိုလ်သို့ရောက်ခဲ့သည်မှာကြာမြင့်ပြီဖြစ်သော်လည်း၊ လူဝတ်တုံးကစီးဖြန်းပွားများခဲ့ဘူးသော မေတ္တာဘာဝနာကို ပင် ဝါသနာအလျောက်၊ ရဟန္တာဖြစ်လာသောအခါ၌လည်း၊ စီးဖြန်းပွားများလျက် အနေများပါသည်ဘုရား ဟုလျှောက် ထားလေ၏။ (စူဠဝါပါဠိတော်)။

[ မှတ်ချက်။ ။ဒုတိယသင်္ဂါယနာမှာ ဘုရားသျှင်ပရိနိဗ္ဗာန်ဝင်စံတော်မူ၍၊ အနှစ်တရာမြောက်ကာလမှဖြစ်ပေါ်လာရာ။၎င်းကို "သတ္တတိကက္ခန္ဓက" ဟုအမည်ပေးကာ။ဘုရားဟောဝိနည်းပိဋကစူဠဝါပါဠိတော်၌မည်သည့်ဆရာ တို့ကထည့်သွင်းဖေါ်ပြထားသည်ဟုမသိရပေ။ယင်းသို့ဘုရားဟောစူဠဝါပါဠိ တော်၌ဘုရားဟောမဟုတ်သော "သတ္တတိကက္ခန္ဓက" ပါနေသည့်အတိုင်း။ ပဉ္စမသင်္ဂါယနာတင်ထားပြန်ရာ၊ ဆဋ္ဌသင်္ဂါယနာ ဂီတိကာရကဆရာတော်များ၊ ထိုအ ချက်မျိုးကိုမည်သို့ဆဋ္ဌသင်္ဂါယနာတင်ကြဦးမည်နည်း? "သတ္တတိကက္ခန္ဓက" ကိုစူဠဝါပါဠိတော်မှထုတ်ပယ်သင့်, မပယ်သင့် အထူးစိစစ်သင့်လှပေသည်]။

## ရဟန္တာ(၂)မျိုး။

ရဟန္တာသည်(၁)ဈာန်ရသောရဟန္တာ၊(၂)ဈာန်မရသော ရဟန္တာဟူ၍ နှစ်မျိုးနှစ်စားဟိုလေသည်။ထိုအတူ၊ ပုထုဇ္ဇန်, သေက္ခပုဂ္ဂိုလ်တို့သည်လည်း(၁)ဈာန်ရသောပုဂ္ဂိုလ် (၂)ဈာန် မရသော ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးနှစ်စားစီပင် ဟိုကြလေသည်။ (သင်္ခေပဝဏ္ဏနာဋီကာ)

ထို့ကြောင့် ဈာန်ရတိုင်း ရဟန္တာ မဟုတ်။ ရဟန္တာ ဖြစ်တိုင်းလည်းဈာန်မရ ဟုကောင်းစွာမှတ်သားကြကုန်ရာသည်။

**ဈာန်,အဘိညာဉ်။**

ဈာန်သည် ပဌမဈာန်,ဒုတိယဈာန်,တတိယဈာန်, စတုတ္ထဈာန်,ပဥ္စမဈာန်အားဖြင့်(၅)မျိုးရှိလေသည်။ထိုငါးမျိုးတို့တွင် အဘိညာဉ်ကိစ္စတင်ခိုက်၊ ပဥ္စမဈာန်ကိုပင်လျှင် "အဘိညာဉ်" ဟုခေါ်ဆိုရလေသည်။

**အဘိညာဉ်(၅)မျိုး။**

(၁) အလွန်ဝေးကွာသောအရပ်၌ တည်နေသော အဆင်းရူပါရုံ,လျှို့ဝှက်ဖုံးကွယ်၍ထားအပ်သော အဆင်းရူပါရုံ, အလွန်နုးညံ့သိမ်မွေ့လှသောအဆင်းရူပါရုံတို့ကိုနတ်၏မျက်စိကဲ့သို့မြင်ခြင်းငှာစွမ်းနိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်။

(၂) အလွန်ဝေးကွာလှသောအရပ်၌ တည်နေသော အသံသဒ္ဒါရုံ,လျှို့ဝှက်ဖုံးကွယ်၍ထားအပ်သောအသံသဒ္ဒါရုံ,အလွန်နုးညံ့ သိမ်မွေ့လှသောအသံသဒ္ဒါရုံတို့ကို နတ်၏နားကဲ့သို့ကြားခြင်းငှါစွမ်းနိုင်သော ဒိဗ္ဗသောတအဘိညာဉ်။

(၃) ကောင်းကင်ပျံခြင်း,မြေလျှိုးခြင်း, ရာထောင်မကများပြားလှစွာသော ပုံသဏ္ဌာန်အမျိုးမျိုးတို့ကို ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဉ်။

(၄) သူတပါးတို့၏စိတ်အကြံကို သိခြင်းငှာစွမ်းနိုင်သော စေတောပရိယ အဘိညာဉ်။

(၅) ရှေးရှေးလွန်လေပြီးသောအတိတ်ဘဝတို့၌၊ မည်သို့မည်ပုံဖြစ်ပျက်ခဲ့ဘူးသည်တို့ကို သိခြင်းငှာစွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၊

(၆) ကုသိုလ်ကံ၊ အကုသိုလ်ကံ အားလျော်စွာ၊ မည်သည့်ဘုံဘဝသို့ကပ်ရောက်ရမည်ကိုသိခြင်းငှာစွမ်းနိုင်သော ယထာကမ္မုပဂအဘိညာဉ်၊

(၇) နောက်နောင်အနာဂတ်ဘဝတို့၌၊ မည်သို့မည်ပုံဖြစ်ပျက်ရဦးမည်ကို သိခြင်းငှာစွမ်းနိုင်သော အနာဂတံသအဘိညာဉ်အားဖြင့် အဘိညာဉ်(၇)ပါးယှိလေသည်(ပဋ္ဌာန်းပါဠိတော်)

---

## ရဟန္တာတန်ခိုးပြခြင်းအကြောင်း။

ဗျာန်ရ ရဟန္တာပင်ဖြစ်စေကာမူ၊ အရာရာတိုင်း၌တန်ခိုးပြတော်မူသည်မဟုတ်ပေ၊ ဝါကဲ့သို့သောရဟန္တာကိုစွဲ၍ သတ္တဝါတို့သည်မပျက်စီးပါစေကုန်လင့်ဟု (ပရာနုဒ္ဒယ) သူတပါးတို့အား သနားကြင်နာသောကြောင့်…… တခါတရံတန်ခိုးပြတော်မူတတ်လေသည်၊ (မူလပဏ္ဏာသအဋ္ဌကထာ)၊

မုလုပ္ပလဝါပိကျောင်း၌ သီတင်းသုံးတော်မူသော ယသမထေရ်သည်၊ မုလုပ္ပလဝါပိရွာ၌ဆွမ်းခံကြွတော်မူစဉ်၊ အလုပ်အကျွေးအမျိုးအိမ် တံခါးဝသို့ရောက်သောအခါ မထေရ်၏သပိတ်ကိုယူ၍၊ အင်းပျဉ် တချပ်နှင့်တချပ်ဆက်စပ်ခင်းထားသောကြောင့် တစပ်ထည်းကဲ့သို့ထင်ရသော အင်းပျဉ်ပေါ်၌ နေရာခင်းကာမထေရ်အားထိုင်စေ၏၊ အမတ်ကြီး၏ ယှီးသည်လည်း နိမ့်သောအင်းပျဉ်တခုနေရာ၌ထိုင်နေ၏။

ယသမထေရ်နှင့် အတူနေရဟန်းတပါးသည်၊ ထိုအိမ်သို့ ဆွမ်းခံကြွစဉ်၊ မာတုဂါမနှင့် တရတည်းသော အင်းပျဉ်၌ အတူထိုင်နေသည်ဟုမှတ်ထင်၍။ ယသမထေရ်ကျောင်းသို့ပြန်ကြွ၍ အခမ်းတံခါးကိုပိတ်ကာသိတင်းသုံးနေထိုင်စဉ်၊ ထိုရဟန်းသည် ယသမထေရ်အား သိက္ခာပုဒ်ဖြင့်စွပ်စွဲရန် မထေရ်၏ အခမ်းတံခါးကိုအတင်းတွန်းဖွင့်သောအခါ ယသမထေရ်သည် ကောင်းကင်သို့ပျာန်ကြွ၍ နေတော်မူ၏။ ထိုရဟန်းသည် အခမ်းတွင်းသို့ဝင်ကာ မထေရ်ကိုရှာဖွေပြီးသော်လည်း။ မမြင်၍ အခမ်းအပြင်သို့ထွက်တော့မည်ယှိသောအခါ၊ ယသမထေရ်သည် ကောင်းကင်မှနေ၍ ချောင်းဟန့်တော်မူ၏။

သိက္ခာပုဒ်ဖြင့်စွပ်စွဲရန်လာသောရဟန်းသည်၊ ယသမထေရ်ကိုမော်ကြည့်ကာ၊ အရိယာသူတော်ကောင်းဖြစ်မှန်း သိယှိရသော်လည်း။ မျှော့မပေးပဲ သည်းခံခြင်းဌာခွမ်းနှင်သဖြင့်၊

အိုငါ့ရှင်ပံ့သကူရဟန်း။ ။ဤသို့တန်ခိုးပျာန်အဘိညာဉ်နှင့်ပြည့်စုံသောသင့်အား အလုပ်အကျွေးမာတုဂါမနှင့် အတူ၊ တရတည်းသော ညောင်စောင်း၌ထိုင်နေခြင်းသည် သင့်တော်လျှောက်ပတ်ပါခဲ့လား? ဟု စွပ်စွဲမိအောင် စွပ်စွဲပြောဆိုလေ၏။

ထိုအခါ ရဟန္တာဖြစ်သော ယသမထေရ်က။ အိုအသျှင်ဘုရား၊ ရဟန်းတော်တို့မည်သည်၊ တရတည်းသောညောင်စောင်း၌ မာတုဂါမနှင့်အတူ မထိုင်ကြပါဘုန်။ အသျှင်သူမြတ်တို့သည် အမှတ်တမဲ့ကြည့်၍ အမြင်မှားတော်မူကြပါလိမ့်မည်ဘုရားဟု ပြန်လည်လျှောက်ထားလေ၏ (မူလပဏ္ဏာသအဋ္ဌကထာ)

အထင်သေးခံရသောရဟန္တာ။

မန္တန္တီက မည်သော ရဟန္တာမထေရ်ကြီးသည် အလွန် ခေါင်းပါး ဟောင်းနွမ်းလှသော သင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်တော်မူ၏။

သီရိမွှာသောက မင်းကြီး၏ ကျောင်းအလှူပွဲသဘင်သို့၊ ခေါင်းဆောင်သံဃာ မထေရ်ကြီးအဖြစ်ဖြင့် ကြွရောက်တော်မူလာသော ထိုမန္တန္တီကရဟန္တာမထေရ်ကြီးအား၊ အလွန်ခေါင်းပါးဟောင်းနွမ်းလှသော သင်္ကန်းကို ဝတ်ရုံတော် မူသောကြောင့်၊ အလွန်အထင်သေးကာ၊မင်းချင်းတို့သည်၊

> အိုအသျှင်ဘုရား၊ အသျှင်ဘုရားသည် မင်းပွဲသဘင်သို့ ဝင်ခြင်းငှာမသင့်တော်ပါ။ ဤနေရာမှအနည်းငယ်အပြင် သို့ထွက်ကြွတော်မူပါ

ဟုရဟန္တာမထေရ်ကြီးကိုမောင်းနှင်ပစ်ကြကုန်၏။

ထိုမန္တန္တီက ရဟန္တာမထေရ်ကြီးသည်၊ ငါကဲ့သို့သော ရဟန္တာပုဂ္ဂိုလ်သည်၊ သီရိမွှာသောကမင်းကြီးအား ချီးမြှောက်ခြင်းအမှုကိုမပြုခဲ့ပါသော်၊အဘယ်သူသည် ချီးမြှောက်ခြင်းအမှုကို ပြုပါတော့အံ့နည်း ဟု သံဃာ့မထေရ်ကြီးအား လောင်းလှူသောဆွမ်းကိုခံယူတော်မူပြီးလျှင်၊ မိမိထင်ရှားယှိ နေခြင်းဖြင့်၊မိမိအား သင်္ကန်းခေါင်းပါး ဟောင်းနွမ်းမှုကြောင့် အထင်သေးနေကြသည့်မင်းချင်းတို့အား အကုသိုလ်မဖြစ်ပွားကြစေရန်၊ မြေခွဲရုတ်၍ သင့်တော်ရာ အခြားအရပ်ဒေသသို့ ရှောင်ရှားကြွသွားတော်မူလေသတည်း၊ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)၊

[ ဤဝတ္ထုသာဓကကိုထောက်ဆ၍။ ပကာသန မလိုက်စားပဲ ငြိမ်းခြိမ်စွာ ကျင့်ကြံနေထိုင်တတ်ကြသောအရိယာသူတော်ကောင်းများကို အဝတ်သင်္ကန်း ခေါင်းပေါင်းဟောင်းနွမ်းမှုစသည်တို့ကြောင့် မပြစ်မှားမိကြစေရန် အထူးသတိ ချပ်သင့်လှပေသည် ]၊

## အကြည်ညိုမျက်အောင်မြင်လှင်သောရဟန္တာ၊

သဒ္ဓါတိဿမင်းကြီးသည်၊ သံဃာတော်များအား၊ အိုသံဃာတော်အသျှင်မြတ်တို့၊ ဘုရားတပည့်တော်ရှိခိုးထိုက်သော ပုဂ္ဂိုလ်ယှိပါက ညွှန်ကြားတော်မူပါ ဟုလျှောက်ထားလေ၏၊

သံဃာတော်များက၊မင်္ဂလဝါသီကုဋ္ဋတိဿမထေရ်ကိုညွှန် ကြားတော်မူကြကုန်၏၊

မင်းကြီးသည် များစွာသောအခြံအရံတို့ဖြင့် ငါးယူဇနာ ဝေးကွာသော မထေရ်ကြီးယှိရာအရပ်သို့ မင်းခမ်းမင်းနားဖြင့် သွားရောက်လေ၏၊

မထေရ်ကြီးက ဘာသံတွေလဲငါ့ရှင်တို့...... ဟုရဟန်းသံဃာများကို မေးမြန်းတော်မူသောအခါ၊ သဒ္ဓါတိဿမင်းကြီး သည်၊ သံဃာတိုင်းကိုရှိမခိုးပါ၊ အသျှင်ဘုရားကိုရှိခိုးဖူးမျှော် ရန်လာနေရာမှ ဖြစ်ပေါ်လာသောအသံပါဘုရား ဟုလျှောက် ထားကြကုန်၏၊

မထေရ်ကြီးက ငါအသက်အရွယ်ကြီးရင့်လာသောအခါမှ ဘုရင့်နန်းတော်၌ဘာအမှုကိစ္စတွေဖြစ်ပေါ်နေပြန်သလဲ ဟုကြံ စည်တွေးတောအောက်မေ့တော်မူ၏၊

မထေရ်ကြီးသည် နေ့သန့်ရာအရပ်၌ ညှောင်စောင်းထက် ဝယ်လျောင်းတော်မူပြီးလျှင်၊ မြေကြီးကိုလက်နှင့်ကုတ်ခြစ်၍ နေတော်မူ၏။

သဒ္ဓါတိဿမင်းကြီးသည် ရဟန္တာမထေရ်ကြီး အဘယ် မှာသီတင်းသုံးတော်မူပါသနည်း ? ဟုမေးရာ၊ နေ့သန့်ရာအရပ် ၌ သီတင်းသုံးတော်မူကြောင်းပြောကြားကြသဖြင့်၊ ရဟန္တာ မထေရ်ကြီးဃှိတော်မူရာအရပ်သို့ မင်းကြီးသွားလေရာ။ မြေ ကြီးကိုလက်နှင့်ကုတ်ခြစ်နေသော ရဟန္တာမထေရ်ကြီးကိုမြင် လေ၏။

ရဟန္တာတို့မည်သည် လက်ဆော့ခြင်းမယှိပေ၊ ဤမထေရ် ကြီးကားကာယိန္ဒြေမှမစောင့်ထိမ်းနိုင်ပဲ၊ မြေကြီးကိုကုတ်ခြစ် ၍လက်ဆော့နေရာ၊ မည်သည့်နည်းနှင့်မျှ ရဟန္တာမဟုတ်နိုင် ဟု သဒ္ဓါတိဿမင်းကြီးသည်၊ ရဟန္တာမထေရ်ကြီးကို အ ကြည်ညိုပျက်ကာ၊ ရှိခိုးဦးချခြင်းမပြုပဲ ထ၍ပြန်သွားလေ၏။

ရဟန်းသံဃာတော်တို့သည် မထေရ်ကြီးအား အိုအသျှင် ဘုရား၊ အသျှင်သူမြတ်ဘုရားသည် ဤသို့သဒ္ဓါတရားနှင့်ပြည့်စုံ သော သဒ္ဓါတိဿမင်းကြီးအား အဘယ့်ကြောင့် အကြည်ညို ပျက်ကာ နှလုံးမသာမယာဖြစ်အောင် ပြုတော်မူပါသနည်း ? ဟုလျှောက်ထားကြလေ၏။

ငါ့ရှင်တို့ မင်းကြီး၏ သဒ္ဓါတရားကိုစောင့်ရှောက်ရန်မှာ။ အသင်တို့၏တာဝန်မဟုတ်။ သက်ကြီးအိုဖြစ်သော ငါ၏ တာဝန်သာဖြစ်ပေသည်ဟု မိန့်ကြားတော်မူ၍၊ နောက်အတွင်း၌

အနုပါဒိသေသပရိနိဗ္ဗာန်ဝင်စံတော်မူခါနီးအချိန်မှာ ဗုလစ်မွန်း ချွန်ပြာသာဒ်ဆောင်တခုကိုပြုစီရင်၍ ထိုပြာသာဒ်ဆောင်ထက် ၌ညောင်စောင်းနှစ်ခု, ပလ္လင်တခုခင်းထားလော? ဟုရဟန်း သံဃာတို့အား မှာကြားပြုလုပ်တော်မူစေပြီးလျှင်၊

ဤဗုလစ်မွန်းချွန်ပြာသာဒ်ဆောင်သည် သဒ္ဓါတိဿမင်းကြီး ရှိခိုးပူဇော် ဖူးမျှော်သောအခါ၌သာ မြေသို့သက်ဆင်း ကျ ရောက်စေသားဟု အဓိဋ္ဌာန်တော်မူ၍။ ထိုပြာသာဒ်ဆောင် ပဌမညောင်စောင်းထက်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူလေ၏။

ဗုလစ်မွန်းချွန်ပြာသာဒ်ဆောင်သည်၊ ပရိနိဗ္ဗာန်ဝင်စံတော် မူသောရဟန္တာမထေရ်ကြီး၏ အလောင်းတော်ကိုဆောင်ယူ ကာ၊ ငါးယူဇနာယှဉ် အနုရာဓမြို့ ဘုရင့်နန်းတော်ယှဉ်ရာသို့ ကောင်းကင်ခရီးဖြင့် ပျံသန်းသွားလေတော့၏။

သက်ယှဉ်လူ သတ္တဝါတို့ကိုမဆိုထားဘိ၊ သက်မဲ့ဖြစ်သော သစ်ပင်ချုံနွယ်အပေါင်းတို့သည်လည်း ပြာသာဒ်ဆောင်ထက် ၌ ပရိနိဗ္ဗာန်ဝင်စံတော်မူသော ရဟန္တာမထေရ်ကြီး၏ အ လောင်းတို့ကို ဖူးမျှော်ကြသည့်အသွင်၊ ရှေးရှုညွှတ်ကိုင်းကာ တည်နေကြကုန်၏။

မင်္ဂလဝါသီကုဋ္ဋိတိဿမထေရ်ကြီး ပရိနိဗ္ဗာန်ဝင်စံတော်မူ ၍၊ ဗုလစ်မွန်းချွန်ပြာသာဒ်တော်ကိုစီးကာ ကောင်းကင်ခရီး ဖြင့်၊ မင်းကြီး၏ ရှိခိုးပူဇော်ကိုခံယူရန်ကြွလာတော်မူပါပြီ ဟု သဒ္ဓါတိဿမင်းကြီးအထံသို့ စာတစောင်ပို့လွှတ်စေ၏။

သဒ္ဓါတိဿမင်းကြီးကား၊ လက်သေ့သေးသောထေရ်ကြီး၊ သည့် မည်သည့်နည်းနှင့်မျှ ရဟန္တာမဟုတ်နိုင်၍ ပရိနိဗ္ဗာန် လည်းဝင်စံနိုင်မည်မဟုတ်ဟု စွဲ ယူကာယုံကြည်ခြင်းယှိတော် မမူပေ။

ဗုလစ်ပွန်းချွန်ပြာသာဒ်ဆောင်သည် ကောင်းကင်ခရီးဖြင့် ကြွလာ၍၊ ထူပါရုံကိုလက်ျာရစ်လှည့်ကာ ကျောက်စေတီယှိ ရာသို့သွားလေ၏။ ကျောက်စေတီသည့်လည်း၊ ကောင်းကင် သို့ ပျံတက်၍၊ ဗုလစ်ပွန်းချွန်ပြာသာဒ်ဆောင်ဦးပလ္လင်ထက်၌ တည်နေလေ၏။ ဗုလစ်ပွန်းချွန်ပြာသာဒ်ဆောင်ကို ကြည့်ရှုရန် လာရောက်ကြကုန်သော ကြီးမားလှသောပရိသတ်လူထုကြီး သည်၊ အလွန်အံ့ဩဖွယ် ဆန်းကျယ်လှပုံတို့ကိုတွေ့ယှိရ၍ သာခုခေါ်သံပေါင်း ထောင်သောင်းတို့ကိုဖြစ်စေကာ၊ များစွာ ဟစ်ကြွေးကောင်းချီးပေးကြကုန်၏၊

ထိုခဏ၌ မဟာဗျူဟမထေရ်သည် လောဟပါသာဒ-ဘုံ ခုနစ်ဆင့်ထက်မှ၊ ထိုအသံကိုကြား၍ ဘာသံပေနည်း...... ဟု မေးတော်မူရာ၊ မင်္ဂလပါသိကဒုတိဿ မထေရ်ကြီးသည် ပရိနိဗ္ဗာန်ဝင်စံတော်မူ၍၊ ဗုလစ်ပွန်းချွန်ပြာသာဒ်ဆောင်ကိုစီး ကာ၊ သဒ္ဓါတိဿမင်းကြီး၏ ရှိခိုးပူဇော်ကိုခံယူရန်ကြွလာ တော်မူသောကြောင့်၊ ဖြစ်ပေါ်လာသောကောင်းချီးသာခုခေါ် သံပါဘုရားဟု လျှောက်ထားကြကုန်၏။

အိုငါ့ရှင်တို့-ဘုန်းယှိသောပုဂ္ဂိုလ်ကိုမှီကာ၊ ပူဇော်သက္ကာရ ကို ငါအရယူအံ့ .... ဟုမိန့်ကြားတော်မူ၍၊ ကောင်းကင်ခရီးဖြင့်



၈-၀၀၄
ဦးစိုးဌေး

ထိုရလစ်မွန်းချွန်ပြာသာဒ်ဆောင်ယှိရာသို့ကြွသွားတော်မူကာ၊ ဒုတိယညောင်စောင်းထက်၌ထိုင်၍ အနုပါဒိသေသပရိနိဗ္ဗာန် ဝင်စံတော်မူပြန်၏။

သဒ္ဒါတိဿမင်းကြီးသည်၊ ကြီးမားသောပရိသတ်လူထုကြီး၏ သာဓုခေါ်သံပေါင်းထောင်သောင်းတို့ကိုဖြစ်စေလျက် များစွာဟစ်ကြွေး ကောင်းချီးပေးသံတို့ကိုကြားရ၍၊ နန်းရင်ပြင်သို့ထွက်ကြကာ ကောင်းကင်သို့မော်ကြည့်လိုက်ရာ၊ ရလစ်မွန်းချွန်ပြာသာဒ်ဆောင်တော်ကိုမြင်တော်မူသဖြင့်၊ ပန်းနံ့သာမှုံ့တို့ကိုယူပြီးလျှင် ရှိခိုးပူဇော်ဖူးမြှော်မှုကို ပြုတော်မူလေ၏။ ထိုခဏ၌ ရလစ်မွန်းချွန်ပြာသာဒ်ဆောင်သည်၊ ရဟန္တာမထေရ်ကြီး အဓိဋ္ဌာန်တော်မူခဲ့သည့်အတိုင်း၊ ကောင်းကင်မှ သက်ဆင်းကာမြေသို့ကျလေ၏။

သဒ္ဒါတိဿမင်းကြီးသည် ကြီးစွာသောပူဇော်သက္ကာရကို ပြုကာ သာဓုကီဠနသဘင်ဆင်ရင်ကျင်းပ၍ သဂြိုဟ်ခြင်းအမှုကိုပြုပြီးလျှင် ဓာတ်တော်များကိုကောက်ယူလျက်၊ စေတီတည်ထားကိုးကွယ်တော်မူလေသတည်း။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)။

( ဤဝတ္ထုသာဓကကိုထောက်ဆ၍၊ အရိယာသူတော်ကောင်းတို့သည်။ သူတပါးအကြည်ညိုမဲ့မည့်၊ မမဲ့မည်ကိုပမာဏမပြုပဲ၊ မိမိသဘောအတိုင်း လွတ်လပ်စွာပြုမူနေထိုင်ပြောဆိုတတ်ကြလေရာ၊ အတွင်းအဇ္ဈတ္တသန္တာန်ကို ဉာဏ်ဖြင့်မကြည့်ပဲ၊ အပြင်ဘမ်းဗဟိဒ္ဓသန္တာန်ပတ်ဝန်းကျင်ကိုသာကြည့်ကာ၊ အကဲခတ်အထင်အမြင်မမှားမိကြစေရန်-အထူးသတိချပ်သင့်လှပေသည်)။

## တန်ခိုးပြရန်တိုက်တွန်းသည်ကိုဘုရားသျှင် ငြင်းပယ်တော်မူခြင်း။

ဘုရားသျှင်သည် နာဇရက်မြို့၌သိတင်းသုံးတော်မူစဉ်၊ ကောဝန္ဒမည်သောသူဌေးသားက ဘုရားသျှင်အား ဤသို့လျှောက်ထား၏။

အသျှင်မြတ်စွာဘုရား ဤနာဇရက်မြို့သည် ဝပြောသာယာ လွန်စွာခမ်းနား၍၊ မြို့နေသူ လူအလွန်များပြားလှသည့်အပြင်၊ ဘုရားသျှင်၌အလွန်ကြည်ညိုကြပါသည်။

အိုမြတ်စွာဘုရား၊ ရဟန်းတော်တပါးကိုတန်ခိုးပြရန် ဘုရားသျှင်မိန့်ကြားတော်မူပါ။ ယင်းသို့တန်ခိုးပြပါမူ နာဇရက်မြို့နေသူ လူအပေါင်းသည် အတိုင်းထက်အလွန် ဘုရားသျှင်၌ကြည်ညို လာကြပါလိမ့်မည်ဘုရား ဟုသုံးကြိမ်တိုင်တိုင် လျှောက်ထား၏။

ဘုရားသျှင်ကလည်း အိုကောဝန္ဒ လူအများကြည်ညိုလာစိမ့်သောငှာ တန်ခိုးပြရန်၊ ငါဘုရားသည်ရဟန်းတို့အား တရားဟောကြားတော်မမူ ဟုသုံးကြိမ်တိုင်တိုင်ငြင်းပယ်တော်၏။

ဘုရားသျှင် အကြောင်းပြတော်မူချက်မှာ၊ အိုကောဝန္ဒ ငါဘုရား၏ တပည့်သား ရဟန်းတော်တို့သည် အများကြည်ညို လာစိမ့်သောငှာ တန်ခိုးပြကြပါမူ၊ ငါဘုရား၏သာသနာတော်ကိုကြည်ညိုလေးစားခြင်းမရှိသောသူတို့က။ သာသနာတော်ကို ကြည်ညိုလေးစားခြင်းရှိသောသူတို့အား ဤသို့ပြောဆိုကြရာသည်။

သျှင်ဂေါတမ၏ တပည့်များသာ တန်ခိုးပြနိုင်သည်မဟုတ် “ဂန္ဓာရီဝိဇ္ဇာ” လည်းတန်ခိုးပြနိုင်သည် “မဏိကာဝိဇ္ဇာ” သည်ကား သူတပါး၏ စိတ်အကြံကိုပင်သိပါသေးသည် ဟုခိုင်းနှိုင်းပြောဆိုကြခြင်းအားဖြင့်၊ ငါဘုရားသာသနာတော်ကို။ တန်ခိုးပြမှုကြောင့် ကြည်ညိုလေးစားမှုပေါ့လျော့ဘွယ်ရာသာ ယှိပေရာသည်။ ထိုကြောင့်တန်ခိုးအမျိုးမျိုးပြခြင်း ဣဒ္ဓိပါဋိဟာရိယ၊ သူတပါး၏စိတ်အကြံကိုသိ၍ တရားဟောခြင်း အာဒေသနာပါဋိဟာရိယ၊ မဂ်ရောက်၊ ဖိုလ်ရောက်၊ နိဗ္ဗာန်ပေါက် တရားရိုးရိုးကို သာဟောကြားခြင်း အနုသာသနီပါဋိဟာရိယ (၃) မျိုးတို့တွင် အနုသာသနီပါဋိဟာရိယ ကိုသာ ငါဘုရား ခွင့်ပြုတော်မူကြောင်း မိန့်ကြားတော်မူလေသည်။ (သုတ်သီလက္ခန်ပါဠိတော်)။

---

## ဘုရားသျှင်ကိုယ်တိုင်တန်ခိုးပြခြင်း။

ဘုရားသျှင်သည် ကေဝဋ္ဋသူဌေးသားအား တန်ခိုးပြခြင်း၏ အပြစ်ကိုဟောကြားကာ၊ ပိဏ္ဍောလဘာရဒွါဇမထေရ်ကောင်းကင်သို့ပျံတက်ကာ၊ စန္ဒကူးသပိတ်ကိုယူ၍ တန်ခိုးပြမှုကြောင့် သိက္ခာပုဒ် ပညတ်တော်မူသော်လည်း၊ တန်ခိုးပြမှု လူအများအကျွတ်တရားရကြမည့်အချက်ကိုမြင်တော်မူ၍၊ သာဝတ္ထိပြည် ကဏ္ဍမည်သော သရက်ပင်ရင်း၌ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို၊ ကိုယ်တော်တိုင်ပြတော်မူလေသည်။

## ဘုရားသျှင်နှင့်-အသျှင်မဟာမောဂ္ဂလာန် အဘိညာဉ်ဖြင့်စကားပြောခြင်း။

ဘုရားသျှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ ထိုအခါက အသျှင် သာရိပုတ္တရာနှင့်အသျှင်မဟာမောဂ္ဂလာန်တို့သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်အတွင်းဝယ်တရသောကျောင်း၌ အတူသီတင်းသုံးတော်မူကြကုန်၏။

အသျှင်သာရိပုတ္တရာသည် ညနေချမ်းအခါ၌ အသျှင်မဟာမောဂ္ဂလာန်၏အထံသို့ချဉ်းကပ်၍၊ ဒိုငါ့ရှင်မောဂ္ဂလာန် အသင်၏ဣန္ဒြေတို့သည် အလွန်ကြည်လင်ကုန်၏။ မျက်နှာ အဆင်းသည်အလွန်စင်ကြယ်တောက်ပလှပေ၏။ အလွန်ငြိမ်သက်စွာ၊ ယခုအဘယ်နေနည်းမျိုးဖြင့် နေထိုင်ပါသနည်းဟု မေးတော်မူ၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်မထေရ်က၊ ဘုရားသျှင် ဟောကြားဆုံးမသောတရားတော်ကိုကြားနာနေကြောင်း မိန့်ကြားတော်မူ၏။

ဒိုငါ့ရှင်မောဂ္ဂလာန်၊ ဘုရားသျှင်သည် အလွန်ဝေးလှသော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူသည် မဟုတ်ပါလော။ ဘုရားသျှင်သည် ငါ့ရှင်ထံသို့ တန်ခိုးဖြင့်ကြွတော်မူလာပါသလော။ ငါ့ရှင်ကလည်း ဘုရားသျှင်၏အထံတော်သို့ တန်ခိုးဖြင့်ကြွပါသလော ဟုမေးမြန်းရာ ထိုကဲ့သို့တန်ခိုးဖြင့်ကြွလာခြင်း၊ ကြွသွားခြင်းမရှိပါ၊ စင်စစ်

သော်ကား ဘုရားသျှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှနေ၍ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတအဘိညာဉ်ကို အသုံးပြုကာ တရားဟောကြားတော်မူသည်ကို၊ အကျွန်ုပ်ကရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်မှနေ၍ ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတ အဘိညာဉ်ကိုအသုံးပြုကာ တရားနာနေပါသည်။

အိုငါ့ရှင် သာရိပုတ္တရာ၊ အကျွန်ုပ်သည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်မှနေ၍၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော်မူသောဘုရားသျှင်အား "အာရဒ္ဓဝီရိယ" အကြောင်းလျှောက်ထားရာ။ ဘုရားသျှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှနေ၍၊ ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌နေသောအကျွန်ုပ်အား "အာရဒ္ဓဝီရိယ" အကြောင်းပြန်လည် ဖြေရှင်းဟောကြားတော်မူနေပါသည် ဟု မိန့်ကြား၏။ (နိဒါနဝဂ္ဂသံယုတ်ပါဠိတော်)။

**တန်ခိုးပြရန် အသျှင်မဟာမောဂ္ဂလာန်ခွင့်တောင်းသည်ကို ဘုရား သျှင်ငြင်းပယ်တားမြစ်တော်မူခြင်း၊**

ဘုရားသျှင်သည် ဝေရဉ္စာပုဏ္ဏားကြီး ပင့်ဖိတ်ချက်အရ၊ ဝေရဉ္စာပြည်၌ဝါကပ်ဆို၍၊ သံဃာတော်ငါးရာနှင့်သီတင်းသုံးတော်မူစဉ် မာရ်နတ်နှောက်ယှက်သောကြောင့်၊ ဝေရဉ္စာပြည်သည် ဒုဗ္ဘိက္ခန္တရကပ်ဆိုက်၍ သံဃာတော်ငါးရာနှင့်ဘုရားသျှင်ကိုယ်တော်တို့ ဆွမ်းငတ်ကာ၊ ဥတ္တရပထတိုင်းမှ လာရောက်ကြကုန်သောမြင်းကုန်သည်တို့အထံမှာဆွမ်းခံ၍ ရသမျှသောမြင်းစာကိုထောင်းထုကာ ဆင်းရဲပင်ပန်းစွာစားသုံးနေထိုင်တော်မူရလေ၏၊

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် တန်ခိုးဖန်ဆင်း၍၊ သံဃာတော်များဆွမ်းစားဘို့အရေးကို ဆောင်ရွက်နိုင်ကြောင်း အတန်တန်လျှောက်ထားသည့်ကို၊ ဘုရားသျှင်မြင့်ပယ်တားမြစ်တော်မူ၏၊

ဘုရားသျှင်၏အကြောင်းပြချက်မှာ၊ ဒီမဟာမောဂ္ဂလာန်အသင်ကတန်ခိုးဖန်ဆင်း၍သံဃာတော်များ၏ ဝမ်းစာအရေးကိုဆောင်ရွက်ခဲ့သော်၊ နောင်ဒုဗ္ဘိက္ခန္တရကပ်ဆိုက်၍၊ လူ ရှင်ရဟန်းတို့ ငတ်မွတ်ခေါင်းပါးကြသောအခါ၊ အသျှင်မဟာမောဂ္ဂလာန်ကဲ့သို့ တန်ခိုးဖြင့်ဆောင်ရွက်မပေးနိုင်သော သီလဝန္တရဟန်းတို့အားပြစ်မှားကာ၊ အပါယ်လေးပါးအစာဖြစ်ကြကုန်ရာသည်၊ ထို့ကြောင့် တန်ခိုးဖြင့်ဝမ်းစာအရေးကိုဆောင်ရွက်ရန်အလိုမယှိပါနှင့်ဟု ဘုရားသျှင်မြင်းပယ်တားမြစ်တော်မူလေသတည်း၊ (ပါရာဇိကာကဏ်ပါဠိတော်)

---

တန်ခိုးပြရန်ဘုရားသျှင် ကိုယ်တော်တိုင်တိုက်တွန်းခြင်း။

လူတို့၏သဘောမှာတန်ခိုးပြနိုင်သောပုဂ္ဂိုလ်ကိုသာကြည်ညိုညွတ်ကိုင်းတတ်ကြလေ၏၊ ဘုရားသျှင်လက်ထက်တော်အခါကပင်လျှင် ပုထုဇ္ဇန်မင်းထင်ရှတပါး တန်ခိုးပြမှုကြောင့် ဘုရားသျှင်ကိုသော်မှ သတိမရကြတော့ပဲ။ တန်ခိုးပြသော ပုထုဇ္ဇန်မင်းထင်ရှကိုသာ အာရုံစိုက်နေသောကြောင့်၊ ဘုရားသျှင်တရားဟောခက်ခဲရသော ဝတ္ထုတရပ်ပေါ်ပေါက်ခဲ့ဘူး၏၊

ဆက်ပါဦးအံ့—

ဘုရားသျှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌သီတင်းသုံးနေထိုင်တော်မူသောအခါ၊ ဗိမ္ဗိသာရမင်းကြီးသည်၊ မိမိပိုင်တိုင်းနိုင်ငံအတွင်းဖြစ်သော စမ္ပါပြည်၌နေသည့် ကောဠိဝိသသောဏ သူဌေးသားကို ရာဇပရိယာယ်ဖြင့် ခေါ်ဆောင်ကာ၊ ခြေဖဝါးအပြင်၌ ပေါက်ရောက်သော အမွေးနုကလေးများကို ကြည့်ရှုပြီးလျှင်၊ လောကကြီးပွားကြောင်းတို့ဖြင့်ဆုံးမ၍၊ တမလွန်ကြီးပွားကြောင်းတရားကိုကြားနာကြရန်၊ ဘုရားသျှင်အထံတော်သို့စေလွှတ်လေ၏။

သောဏသူဌေးသားအမှူးယှိသောပရိသတ်များသည်။ ဂိဇ္ဈကုဋ်တောင်သို့သွား၍၊ ဘုရားသျှင်ကိုဖူးမြော်ခွင့်ရရန်၊ ဘုရားသျှင်၏အလုပ်အကျွေးဖြစ်သော ပုထုဇ္ဇန် အသျှင်သာဂတကို တောင်းပန်ကြလေ၏၊ အသျှင်သာဂတသည်၊ သောဏသူဌေးသားအမှူးယှိသော ပရိသတ်များကြည့်ရှုနေကြစဉ်၊ ကျောက်ဖျာမှငုတ်၍၊ ဘုရားသျှင်ရှေ့တော်မှောက်၌ပေါ်ကာ၊ သောဏသူဌေးသားအမှူးယှိသောပရိသတ်များက ဘုရားသျှင်အား ဖူးမြော်လိုကြကြောင်းလျှောက်ထားလေ၏။

ဘုရားသျှင်က၊ ထိုသို့ဖြစ်တပြီးကား၊ ဒိုသာဂတ ကျောင်းတော်အရိပ်အောက်၌ နေရာခင်းချေလော့ ဟုမိန့်တော်မူ၏၊

အသျှင်သာဂတသည် "အင်းပျဉ်" ကိုယူ၍ဘုရားသျှင်ရှေ့တော်မှောက်မှငုတ်၍၊ ထိုသောဏသူဌေးသားအမှူးယှိသောပရိသတ်များကြည့်ရှုနေကြစဉ်၊ ကျောက်ဖျာမှ ဘွားကနဲပေါ်ထွက်လာကာ ကျောင်းတော်အရိပ်အောက်၌နေရာခင်းလေ၏။

ဘုရားသျှင်သည် ခင်းထားအပ်သောနေရာသို့ ကြွရောက်ကာ ထိုင်နေတော်မူ၏။

သောဘာသုဒ္ဓေးသား အမျိုးယုတ်သော ပရိသတ်များသည်။ ဘုရားသျှင်အားရှိခိုးကာ သင့်တော်လျောက်ပတ်သောနေရာ၌ ထိုင်နေကြကုန်သော်လည်း၊ ဘုရားသျှင်ကိုအာရုံမပြု သတိမရကြတော့ပဲ၊ တန်ခိုးပြသောအသျှင်သာဂတကိုသာ အာရုံပြုနေကြလေ၏။

ထိုအခါ ဘုရားသျှင်က၊ အိုသာဂတ အတိုင်းထက်အလွန်ဆန်းကြယ်သောတန်ခိုးကိုပြပါဦးလော...... ဟု မိန့်ကြားတိုက်တွန်းတော်မူ၏။

အသျှင်သာဂတ သည် ကောင်းလှပါပြီမြတ်စွာဘုရား ......ဟု ဝန်ခံ၍ ကောင်းကင်သို့ပျံတက်ကာ၊ ထူးခြားဆန်းကြယ်လှသောတန်ခိုးအမျိုးမျိုးတို့ကိုပြပြီးလျှင်၊ ဘုရားသျှင်၏ခြေတော်အစုံကိုဦးခေါင်းဖြင့်တိုက်ကာ။

အိုမြတ်စွာဘုရား၊ ဘုန်းတော်ကြီးလှသောအသျှင်မြတ်စွာဘုရားသည်၊ ဘုရားတပည့်တော်၏ ဆရာဖြစ်ပါသည်။ဘုရားတပည့်တော်သည်ကား၊ ဘုန်းတော်ကြီးလှသောမြတ်စွာဘုရား၏တပည့်သာဖြစ်ပါသည်ဘုရား ဟုလျှောက်ထားလေ၏။

ထိုအခါ သောဘာသုဒ္ဓေးသား အမျိုးယုတ်သော ပရိသတ်များက၊ အိုအချင်းတို့အော်- အံ့ဩဘွယ်ရာကောင်းလှပါပေစွတကား၊ အိုအချင်းတို့ အော်မဖြစ်ဘူးခဲ့ ထူးကဲစွာဖြစ်ပါပေငှာ

တကား၊ တပည့်ဖြစ်သောရဟန်းတော်သည်ပင်လျှင်၊ ဤမျှတန်ခိုးကြီးမားလှပါမူ၊ ဘုရားသျှင်သည်ကား အဘယ်ဆိုဘွယ်ရာ ယှိပါတော့အံ့နည်း......ဟု နှလုံးသွင်းကာ၊ အသျှင်သာဂတကို အာရုံမပြုတော့ဘဲ၊ ဘုရားသျှင်ကိုသာအာရုံပြုလာကြလေကုန်၏။ ထိုအခါမှ ဘုရားသျှင်သည် သောတာသုမွေးသားအမှူးယှိသော ပရိသတ်များအား၊ တရားဟောကြားတော် မူလေသတည်း။ (ဝိနည်းမဟာဝါပါဠိတော်)။

---

## နတ်သမီးအလှောင်ခံရသောရဟန္တာ။

ဈာန်အဘိညာဉ်ဖြင့်တန်ခိုးပြရာ၌၊ အာစရိယဝါဒ ရယူရန် လိုအပ်ပေသည်။ အာစရိယဝါဒ မယူ ဆရာ့နည်းမရပဲတန်ခိုး ပြမှုကြောင့် ရဟန္တာတပါး၊ နတ်သမီးအလှောင်အပြောင်ကိုပင် ခံရလေသည်။

မှန်ပါသည်။ ၊မဟာနာဂမထေရ်ကြီး၏တပည့်သံဃရက္ခိတ သာမဏေကလေးသည်၊ သင်ဓုန်းဒါးအဆုံး၌ရဟန္တာအဖြစ်သို့ ရောက်သောအခါ ဤသို့အကြံဖြစ်တော်မူ၏။

ဘုရားသျှင်၏သာသနာတော်ဝယ်၊ ရှင်သာမဏေပြုသော နေ့၌ပင်လျှင် ရဟန္တာဖြစ်၍ သိကြားမင်း၏ ဝေဇယန္တာ ပြာသာဒ်ကို လှုပ်ရှားစေနိုင်သောပုဂ္ဂိုလ်များ ယှိပါသလော......ဟု ဆင်ခြင်သောအခါ၊ မယှိသေးကြောင်းသိရသဖြင့်၊ ငါတုန်လှုပ်စေအံ့ ဟုဈာန်အဘိညာဉ်၏ အစွမ်းအားဖြင့် သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ထက်၌တည်၍ အမျိုးမျိုးကြိုးစားသော်လည်း လှုပ်ရှားစေခြင်းငှာမတတ်နိုင်ပေ။

ထိုအခါ သိကြားမင်း၏ ကချေသည်နတ်သ္မီးတို့က၊ အိုချစ်သား-သံဃရက္ခိတသာမဏေ။ ချစ်သားသာမဏေသည်၊ ပုတ်သိုးသောအနံ့ ယှိသောသီလဖြင့် ဝေဇယန္တာပြာသာဒ်ကိုလှုပ်ရှားရန်အလိုယှိ၏၊ အိုချစ်သားသာမဏေ၊ ဝေဇယန္တာပြာသာဒ်ဆိုတာ အလွန်ခိုင်ခံ့အောင် ဆောက်လုပ်ထားခြင်းဖြစ်၏၊ အဘယ်မှာလျှင် ဝေဇယန္တာပြာသာဒ်ကို တုန်လှုပ်စေခြင်းငှာ စွမ်းနိုင်ပါအံ့နည်း......ဟု အမျိုးမျိုးလှောင်ပြောင်ကြသော၏၊

သံဃရက္ခိတသာမဏေက၊ ငါသည်အာစရိယဝါဒဆရာ့နည်း မရသောကြောင့်သာ၊ ဤသို့ ဝေဇယန္တာပြာသာဒ်ကို မလှုပ်ရှားစေနိုင်ပဲ၊ နတ်သ္မီးအလှောင်အပြောင်ခံရသည်၊ ဆရာဖြစ်တော်မူသော မဟာနာဂမထေရ်သည် အဘယ်အရပ်၌ သီတင်းသုံးတော်မူပါသနည်း......ဟုဆင်ခြင်လတ်သော်။ ပူဇိုက်သောကြောင့်၊ မဟာသမုဒ္ဒရာ၌ ရေကိုလိုဏ်ဂူဖန်ဆင်းကာ နေ့သန့် သီတင်းသုံး နေထိုင်တော်မူသည်ကိုမြင်၍၊ မဟာနာဂမထေရ်၏ အထံတော်သို့ အာစရိယဝါဒ ရယူရန်သွားလေ၏။

သံဃရက္ခိတသာမဏေက မဟာနာဂမထေရ်အား ရှိခိုး၍ ရပ်တည်နေသောအခါ၊ ချစ်သားသာမဏေ၊ ဆရာ့ထံ၌နည်းယူသင်ကြားခြင်းမယှိပဲ စစ်ပွဲဝင်ခဲ့၍ ဝေဇယန္တာပြာသာဒ်ကို မလှုပ်ရှားစေနိုင်သောကြောင့် နတ်သ္မီးအလှောင် အပြောင်ခံခဲ့ရသည်မဟုတ်တုံလော......ဟုမေးတော်မူ၏၊ ဟုတ်မှန်ကြောင်း သာမဏေကဝန်ခံသောအခါ၊ ရေပြင်၌တည်နေသော နွားခြေခြောက်ဥပမာ, မုံ့ဆီကျော်ဥပမာတို့ကို မိန့်ကြားတော်မူရာ သံဃရက္ခိတသာမဏေသည် အိုအသျှင်ဘုရား၊ ဤမိန့်ကြား

တော်မူအင်သော ဥပမာစကားအမြွက်ဖြင့်ပင်, သင့်တော်လုံ လောက်ပါပြီဘုရားဟု လျှောက်ထား၍၊ တာဝတိံသာနတ် ပြည်သို့ ဝေဇယန္တာပြာသာဒ်ကို လှုပ်ရှားရန် တဖန်ရောက် တော်မူပြန်၏။

နတ်သမီးများက တကြိမ်အရှက်ကွဲ၍ ပြေးသွားသောသာမ ဏေသည် တဖန်ပြန်လာပြီဟုပြောဆိုကြကုန်၏။

သိကြားမင်းကား ငါ့၏သားတော်နှင့်၊ တူပြိုင်စကားခဆိုကြ ကုန်လင့်၊ ယခုငါ၏သားတော်မှာ အာစရိယဝါဒ ဆရာ့နည်း ရခဲ့ပြီဖြစ်၍ ခဏချင်းပင် ဝေဇယန္တာပြာသာဒ်ကို လှုပ်ရှားစေ နိုင်လတ္တံ့ဟု မိန့်ဆိုလေ၏။

သာမဏေသည်၊ အာပေါကသိုဏ်းကိုဝင်စားကာ၊ ဝေဇ ယန္တာပြာသာဒ်၏အောက်၌ ရေပြင်ဖြစ်စေသား-ဟု ဖန်ဆင်း ၍၊ ဝေဇယန္တာပြာသာဒ်သည် ရေပြင်၌ ပေါ်နေသောအခါမှ ဝေဇယန္တာပြာသာဒ်များကိုခြေမဖြင့်ကိုင်၍ လှုပ်လိုက်သော အခါ ဝေဇယန္တာပြာသာဒ်သည် သွက်သွက်ခါအောင် တုန် လှုပ်လေတော့သည်၊ ထိုအခါ—

ယနေ့ပင်လျှင် ရှင်သာမဏေအဖြစ်သို့ရောက်၏။
ယနေ့ပင်လျှင် အာသဝေါကုန်ခမ်းသည့် ရဟန္တာအ ဖြစ်သို့ရောက်၏။
ယနေ့ပင်လျှင် သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ကို ခြေမဖျားဖြင့်ကိုင်၍ လှုပ်ရှားနိုင်စေခဲ့လေပြီ၊
ဘုရားသျှင်၏ ပွန်မြတ်သောအဖြစ်သည်၊ အော် အံ့ချီး ဘွယ်ရာကောင်းလှလေစွခဲ့ဘကား။

တရားတော်၏ ပွန်ဖြတ်သောအဖြစ်သည် အောင် အံ့ချီး
ဘွယ်ရာကောင်းလှလေစွတကား၊
သံဃာတော်၏ ပွန်ဖြတ်သောအဖြစ်သည်၊ အောင်-အံ့
ချီးဘွယ်ရာကောင်းလှလေစွတကား၊

ဟုဂါထာဥဒါန်းကျူးရင့်တော်မူလေသတည်း။ (သုတ်မဟာဝါ အဋ္ဌကထာ)၊

[ ဤဝတ္ထုသာဓကကိုထောက်ဆ၍ ပရိယတ်၊ ပဋိပတ်အရာ၊ ချာန်အဘိညာဉ်၊ လောကုတ္တရာအရာဟူသမျှတို့၌၊ အာစရိယဝါဒ၊ ဆရာ့နည်းရရန် အလွန်တရားအရေးကြီးလှကြောင်း အထူးသတိချပ်ရာသည် ]။

ကောင်းကင်ပျံဘိုင်း ချာန်ကြွသည်မဟုတ်။

ကောင်းကင်ပျံဘိုင်း ချာန်ကြွသည်ဟု မမှတ်ယူသင့်ပေ။ တခါတရံ ဘုရားအာရုံပသည့်တို့ကိုအကြောင်းပြု၍ ကောင်းကင်သို့သွင့်တက်သွားလောက်အောင် အားကြီးသောဥဗ္ဗေဂါပီတိအဟုန်ကြောင့်၊ ကောင်းကင်သို့ပျံတက်သွားတတ်လေသည်။

ပုဏ္ဏဝလ္လိကပေါ်သီမဟာ တိဿမထေရ်သည် လပြည့်နေ့ ညချမ်းအချိန် စေတီခင်ပြင်သို့သွား၍ လရောင်ကိုမော်ကြည့်ကာ၊ မဟာစေတီတော်ကိုရှေးရှုအာရုံပြုလျက်၊ ဤအချိန်အခါ၌ပရိသတ်လေးပါးတို့သည် မဟာစေတီတော်ကို ဖူးမြော်နေကြမှာပဲ ဟုမြင်အင်သောအာရုံ၏ အစွမ်းအားဖြင့် ဘုရားကို အာရုံပြုလျက်၊ ဥဗ္ဗေဂါပီတိဖြစ်ကာ၊ အင်္ဂတေအပြင်၌ပေါက်အပ်သောဂျင်ကဲ့သို့၊ ဥဗ္ဗေဂါပီတိအဟုန်ဖြင့်၊ ကောင်းကင်သို့

ပျံတက်ကာ၊ မဟာဒေဝတ်ံတော်ရင်ပြင်၌တည်လေသတည်း။ (အဋ္ဌသာလိနီအဋ္ဌကထာ)

[ တခါ၌ရံ ကမ္မဋ္ဌာန်းတရားကိုအာရုံပြု၍လုံးသွင်းနေသည့်အခါ၊ ဥဗ္ဗေဂပီတိဖြင့်လျက်ကြွသွား၍၊ တရားနှလုံးသွင်းနေစဉ် ခန္ဓာကိုယ်သည်ဥဗ္ဗေဂပီတိ၏ အဟုန်အားဖြင့် မြင့်တက်သွားသည်ကို၊ တွေ့မြင်ရသောလူများက "ချာန်ကြွသည်"ဟုယူဆကာ "ပုထုဇန်"ကိုပင် "ရဟန္တာ"ဟု အမှတ်တတ်ကြလေသည်]၊

---

## လောကုတ္တရာတရားမရဟုဖြင်းဆိုသောမထေရ်ကြီး။

ဝါတော် (၆၀)ကျော် မဟာသံဃရက္ခိတ မထေရ်ကြီးသည် ရဟန်းဖြစ်သည့်အခါမှစ၍၊ အလွန်စင်ကြယ်သောအကျင့်သီလနှင့် ပြည့်စုံတော်မူသောကြောင့်၊ အများကပင် "ရဟန္တာ"ဟုသမုတ်ကြလေသည်၊

ထိုမဟာသံဃရက္ခိတမထေရ်ကြီးသည်၊ သေရာညောင်စောင်း၌လျောင်းစက်တော်မူသောအခါ၊ ရဟန္တာမထေရ်ကြီးပရိနိဗ္ဗာန်ပြုစံတော်မူလိမ့်မည်ဟု တသဲနှစ်ယူ၍နာ အတွင်းမှ လူအများသည်စည်းဝေးရောက်လာကြကုန်၏၊

အလုပ်အကျွေးရဟန်းငယ်က၊ မဟာသံဃရက္ခိတမထေရ်ကြီးအား မည်သည့်လောကုတ္တရာတရားထူးဖြင့်သောသကို ရထိတော်မူပါသနည်း ? ဟုမေးလျှောက်သောအခါ၊ ဒိုင်ရှင်။ ငါသည် မည်သည့်လောကုတ္တရာ တရားထူးဖြင့်သောသကိုမျှ ရထိခြင်းမယှိသေးပါ......ဟု အတ်အလင်းမိန့်ကြားတော်မူ၏။

ထိုအခါ၊အလုပ်အကျွေးရဟန်းငယ်က။ အိုအသျှင်သူမြတ်ဘုရား၊ ရဟန္တာမထေရ်ကြီး ပရိနိဗ္ဗာန်ဝင်စံတော်မူလိမ့်မည်ဟု၊ တဆဲ့နှစ်ယူဇနာအတွင်းမှ လူအများစည်းဝေးရောက်လာကြပါပြီ။အသျှင်သူမြတ်ဘုရားသည် ပုထုဇ္ဇန်အဖြစ်နှင့်သာ စံလွန်တော်မူပါလျှင်၊ ရဟန္တာဟု မှတ်ထင်ကြည်ညို နေကြသောလူအများအား၊ အလွန်နှလုံး မသာယာဖြစ်ကြပါလိမ့်မည်ဘုရား......ဟုလျှောက်ထား၏၊

ထိုအခါမထေရ်ကြီးက၊အိုင့်ရှင်၊ငါသည်"အရိမေတ္တေယျဘုရားကို ဖူးမျှော်လို၍ ဝိပဿနာ တရားကို ကြိုးစားအား ထုတ်ခြင်းအမှုမပြုပေ". ယင်းသို့ဖြစ်လျှင် ငါ့အားချီမကာထိုင်စေ၍၊ တရားအားထုတ်ခွင့်ပေးပါလော...... ဟုမိန့်ကြားတော်မူ၏၊

ထိုအလုပ်အကျွေးရဟန်းငယ်သည်၊ မထေရ်ကြီးအားထိုင်စေ၍၊ အပြင်သို့ထွက်လိုက်သည်နှင့်တပြိုင်နက်၊ မထေရ်ကြီးသည် ရဟန္တာအဖြစ်သို့ရောက်ကာ၊ရဟန်းငယ်အား အမှတ်သညာပေးတော်မူ၏၊

ရဟန်း သံဃာတော်များသည် စည်းဝေးကြွရောက်တော်မူလာကြ၍၊ မဟာသံဃရက္ခိတမထေရ်ကြီးအား။ အိုအသျှင်သူမြတ်ဘုရား၊အသျှင်မြတ်ဘုရားသည်၊ စံလွန်တော်မူခါနီးအချိန်အခါ၌ လောကုတ္တရာတရားထူးဝိသေသကိုဖြစ်စေတော်မူနိုင်ခြင်းသည်၊ အလွန်တရာခဲယဉ်းတော်မူလှပေစွ ဘုရားဟု လျှောက်ထားကြကုန်၏။

ထိုအခါမထေရ်ကြီးက၊ငါ့ရှင်တို့၊ ဤသို့သောလောကုတ္တရာတရားထူးဝိသေသကိုဖြစ်စေခြင်းမှာ၊ ငါ့အားတစုံတရာ ခက်ခဲခြင်းမရှိပေ၊အသင်တို့အား ခက်ခဲသောအရာကိုပြောဆိုပါဦးအံ့၊ငါသည် ရဟန်းဖြစ်သည့်အချိန်အခါမှစ၍၊ သတိ ဉာဏ်ကင်းမဲ့စွာ တကြိမ်တခါမျှမပြုခဲ့ဖူးပေ၊ ။ ယင်းသို့ သတိ ဉာဏ်ကင်းမဲ့စွာပြုမှုခြင်းသည်သာလျှင်၊ငါ့အားခဲယဉ်းလှပေ၏ . . ဟုမိန့်ကြားတော်မူသတတ်၊ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

( ဤဝတ္ထု၌ မဟာသံဃရက္ခိတမထေရ်ကြီးသည်၊ အများကပင် ရဟန္တာဟုသမုတ်ကြသော်လည်း၊ မည်သည့်လောကုတ္တရာတရားထူးဝိသေသကိုမျှမရဟု၊သောတာပန်, သကဒါဂါမ်, အနာဂါမ်ရှဲ့ဟူပင် မိမိကိုယ်ကိုပရိယာယ်သုံးကာမိန့်ကြားတော်မမူပဲ။ ပုထုဇ္ဇန်သက်သက်ဖြစ်ကြောင်း ဝန်ခံတော်မူခြင်းသည်။သူတော်ကောင်းများအထူးလိုက်နာဘွယ်ကောင်းလှသော သာဓကတရပ်ပင်ဖြစ်ပေသည် )။

---

### မြတ်သောပုဆိုးကိုငါရမည်ဟု ကြိုတင်ပြောသောရဟန်းငယ်၊

သေနဂိရိဝါသီတိဿမည်သော ရဟန်းငယ်တပါးသည်၊ စေတိယတောင်ဂိရိဘဏ္ဍာပူဇာပွဲသဘင်ကြီး၌၊အလှူတင်းကုပ်ရှိရာအရပ်သို့သွား၍။ ဤအလှူတင်းကုပ်၌ အဘယ်ပစ္စည်းသည်အမြတ်ဆုံးဖြစ်ပါသနည်း ? ဟုမေးလေ၏၊

အသျှင်ဘုရား၊ပုဆိုးနှစ်ထည်သည် အမြတ်ဆုံးဖြစ်ပါသည် ဘုရားဟုလျှောက်ထားကြသောအခါ၊ ထိုအမြတ်ဆုံးပုဆိုးနှစ်ထည်ကို ငါသာရမည်ဟု မိန့်ကြားသွားလေ၏။

ထိုစကားကို အမတ်ကြီးက။ သဒ္ဓါတိဿခင်းကြီးအား လျှောက်ထားသောအခါ၊ ယင်းသို့ရဟန်းငယ်ကပြောဆိုစေကာမူ၊ ထိုပုဆိုးနှစ်ထည်သည် မထေရ်ကြီးများနှင့်သာထိုက်တန်၍။ မထေရ်ကြီးများအားသာ လှူဒါန်းအံ့ဟုသီးခြားထားလေ၏။

အစဉ်အတိုင်း ပစ္စည်းဘဏ္ဍာများကိုလှူဒါန်းကြသောအခါ ထိုအမြတ်ဆုံးဖြစ်သော ပုဆိုးနှစ်ထည်ကို၊ မထေရ်ကြီးများအား မလှူဒါန်းဖြစ်ပဲ။ ထိုရဟန်းငယ်အလှည့်သို့ရောက်သောအခါမှသာ လှူဒါန်းဖြစ်လေတော့သည်၊

မင်းကြီးသည် ထိုသနင်္ဂရိဝါသီတိဿ ရဟန်းငယ်ကို ထိုင်စေတော်မူ၍၊ အခြားသံဃာတော်များအား ကြွသွားစေတော်မူပြီးလျှင်...... အသျှင်ဘုရားသည် အဘယ်အခါက၊ လောကုတ္တရာတရားထူးဝိသေသကိုရသိတော်မူပါသနည်း...... ဟုလျှောက်ထားလေ၏၊

ရဟန်းငယ်သည်၊မိမိအား အရိယာပုဂ္ဂိုလ်ဟုမှတ်ထင်လေအောင် ပရိယာယ်အားဖြင့်ပင် သွယ်ဝိုက်ပြောဆိုဝန်ခံခြင်း မပြုပဲ။အို မြတ်သောမင်းကြီး၊ အကျွန်ုပ်အား မည်သည့်လောကုတ္တရာတရားထူးဝိသေသမျှမယှဉ်သေးပါ...... ဟုအတိအလင်း မိန့်ကြားတော်မူ၏။

ယင်းသို့ဖြစ်လျှင်။ မြတ်သောပုဆိုးနှစ်ထည်ကို ငါသာရမည်ဟု အသျှင်ဘုရားသည်အဘယ့်ကြောင့် ကြိုတင်မိန့်ကြားတော်မူနိုင်ပါသနည်း ? ဟုမေးလျှောက်ပြန်သောအခါ အို မြတ်သောမင်းကြီး..... အကျွန်ုပ်သည် "သာရဏီယဝတ်" ကို

ဖြည့်ကျင့်သောပုဂ္ဂိုလ်ပါတည်း။ ထို"သာရဏီယဝတ်"ပြည့်သောအချိန်အခါမှစ၍၊ ပစ္စည်းဘဏ္ဍာဝေဘန်ရာ၌၊ ထူးမြတ်သောပစ္စည်းကို အကျွန်ုပ်သာလျှင် ရတတ်ပါသည်ဟုမိန့်ကြားတော်မူ၏၊ ထိုအခါ မင်းကြီးက၊အသျှင်ဘုရားသည် မိမိ၌ထင်ရှားမသိသော လောကုတ္တရာတရားထူးဝိသေသကို၊ ယှိလေသယောင်ယောင် ပရိယာယ်အားဖြင့်ပင်မိန့်မြွက်တော်မမူပဲ၊ မည်သည့်လောကုတ္တရာတရားထူးဝိသေသမျှမသိပါဟု အတိအလင်းဝန်ခံတော်မူ၍၊ သာရဏီယဝတ်ဖြည့်သောပုဂ္ဂိုလ်ပါဟုပြောဆိုမိန့်ကြားတော်မူခြင်းသည် သူတော်ကောင်းပြီသ၍ အလွန်သင့်တော်လျောက်ပါပေစွဘုရား ....ဟု မိန့်ကြားလေသတည်း။ (သုတ်မဟာဝါအဋ္ဌကထာ)။

---

## ပုထုဇ္ဇန်၏ သီလကိုရှိခိုးခြင်း။

လောကုတ္တရာ တရားထူးဝိသေသ တမဂ်တဖိုလ်ရှေ့ရှိခိုးပူဇော်ထိုက်သည်မဟုတ်။ မကျိုးမပေါက်အောင် စောင့်ရှောက်ထိမ်းသိမ်းအပ်သော အကျင့်သီလနှင့် ပြည့်စုံသော ပုထုဇ္ဇန်ပုဂ္ဂိုလ်ကိုလည်း ရှိခိုးပူဇော်ထိုက်လှပေသည်။

ကန္ဒရသာလပရိဝုဏ်၌ သိတင်းသုံး နေထိုင်တော်မူသော မဟာသင်္ဃဝသမထေရ်ကြီးသည်၊ သေရာညောင်စောင်း၌ လျောင်းတော်မူသောအခါ၊ ပြင်းထန်သောဝေဒနာကိုခံစားရသောကြောင့်ညည်းတွားတော်မူ၏၊

တိဿမင်းကြီးသည် မထေရ်ကိုဖူးမျှော်အံ့ဟုလာ၍ ပရ

ဝတ်တော်ခါးနွှဲ့ရပ်လျက်၊ ထိုညည်းတွားသောအသံကို ကြားရသောအခါ၊ အဘယ်သူ၏ အသံနည်း......ဟုမေးတော်မူ၏။

မထေရ်ကြီး၏ ညည်းတွားသော အသံဖြစ်ကြောင်းကို လျှောက်တင်ကြသောအခါ၊ ဝါတော်ခြောက်ဆယ်ရမထေရ်ကြီး ဘဝါးဖြစ်ပါလျက်၊ ဝေဒနာလောက်ကိုမျှ သိမ်းဆည်းခြင်း အမှုကိုမပြုနိုင်ပေ။ ထိုမထေရ်အား ရှိမခိုးတော့အံ့ဟု ပြန်နှစ်ကာ၊ မဟာဗောဓိပင်ကိုသာ ရှိခိုးပြီးလျှင် ပြန်လည်ကြွသွားလေ၏။

အလုပ်အကျွေး ရဟန်းငယ်သည် မထေရ်ကြီးအား၊ အသျှင်ဘုရားသည်၊ တပည့်များအားအရှက်ကွဲစေ၏။ သဒ္ဓါတရားနှင့်ပြည့်စုံသောမင်းကြီးသည် အသျှင်ဘုရား၏ညည်းတွားသံကိုကြား၍၊ နှလုံးမသာမယာဖြစ်ကာ၊ ရှိမခိုးပဲ ပြန်လည်ကြွသွားတော်မူ၏ဟု လျှောက်ထားလေ၏။

ထိုသို့ဖြစ်တပြီးကား၊ ။ငါ့အားတရားအားထုတ်ခွင့်ပြုပါလော......ဟုမိန့်ကြားကာ၊ ဝေဒနာကိုခွာ၍ တရားအားထုတ်တော်မူလိုက်ရာ၊ ရဟန္တာအဖြစ်သို့ ရောက်တော်မူပြီးလျှင်၊ ရဟန်းငယ်အား အမှတ်သညာ ပေးတော်မူလျက်၊ အိုငါ့ရှင်-သွား ပါချေ မင်းကြီးအား ယခုငါ့ကိုရှိခိုးပါစေလော့......ဟု မိန့်ကြားတော်မူ၏။

တိဿမင်းကြီးသည်၊ မိဿကျောင်း၏ အလား၊ ကိုယ်ကိုဝတ်တွားလျှက်၊ မထေရ်ကြီးအားရှိခိုးစဉ် ဘုရားတပည့်တော်သည် အသျှင်ဘုရားရသိတော်မူအပ်သော အရဟတ္တဖိုလ်ကိုရှိခိုးခြင်း မဟုတ်ပါ။

ပုထုဇ္ဇနအဖြစ်၌တည်၍၊ မကျိုး မပေါက် ရလေအောင် စောင့်ရှောက်ထိန်းသိမ်းတော်မူခဲ့သော အကျင့်သီလကိုသာ ရှိခိုးပါ၏ ဟုလျှောက်ထားလေသတည်း။ (သီလကွန်အဋ္ဌကထာ)။

( မှတ်ချက်။ ။ထိုတိဿမင်းကြီးကား။ပညာဉာဏ်နှင့်။ ပြည့်စုံတော်မူသောကြောင့်၊ ပုထုဇ္ဇန်၏ သီလသည်၊ အရဟတ္တဖိုလ်ထက် မမြတ်သော်လည်း၊ ထိုကဲ့သို့ ပုထုဇ္ဇန်၏ သီလကိုရှိခိုးကျိုးပေးပါမှသာ၊ လက္ခဏပေသလ, သိက္ခာကာမ၊သီလဝန္တပုဂ္ဂိုလ်ပေါများလာမည်။ ထိုသို့လက္ခဏပေသလသိက္ခာကာမ သီလဝန္တပုဂ္ဂိုလ် ပေါများလာပါမှ၊ အရိယာပုဂ္ဂိုလ်ပေါများလာပေမည်။ ဤကိုရည်၍ အသျှင်ဘုရား ရသိတော်မူအပ်သော အရဟတ္တဖိုလ်ကို ရှိခိုးခြင်းမဟုတ်ပါ။ ပုထုဇ္ဇန်အဖြစ်၌တည်၍၊ မကျိုးမပေါက်ရလေအောင် စောင့်ရှောက်ထိန်းသိမ်းတော်မူခဲ့သော အကျင့်သီလကိုရှိခိုးပါ၏ —ဟုမိန့်ဆိုတော်မူခြင်းဖြစ်သည်ဟုမှတ်သားရာသည်)။

---

**ဟန်မလုပ်ကောင်း။**

သာသနာ့ဝန်ထန်းရဟန်းကောင်းများသည်၊မိမိကိုယ်ကိုလူအများကရျာနုလာဘိပုဂ္ဂိုလ်, သောတာပန်, သကဒါဂါမ်,အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်ဟု မှတ်ထင်လေအောင်၊ ဟန်မလုပ်စကောင်းပေ၊

အယုတ်ဆုံးအားဖြင့်လူအများ၏ ချီးမွမ်းပူဇော်သက္ကာရကို ခံယူရစိမ့်သောငှါ၊ တောရဆောက်တည်ခြင်း, ဆွမ်းခံကြွခြင်းစသည်တို့ကိုသော်မှမပြုအပ်ပေ၊

မှန်ပါသည်။ ။ဘုရားသျှင်လက်ထက်တော်က၊ ရဟန်းတော်တပါးသည်၊ ဤသို့သောရဲဆောက်တည်နေထိုင်ပါမူ၊

ငါ့အား လူအများသည်ချီးမွမ်း, ပူဇော်သက္ကာရကိုပြုကြလိမ့်လတ္တံ့ဟု၊ လူအများ၏ချီးမွမ်း, ပူဇော်သက္ကာရကိုမျှော်လင့်တောင့်တ၍၊ တောရဆောက်တည်နေထိုင်လေ၏၊

ထိုအကြောင်းကိုဘုရားသျှင်သိယှိတော်မူသောအခါ၊
ဒိုငါ၏ချစ်သားရဟန်းများတို့၊ လူအများ၏ချီးမွမ်း, ပူဇော်သက္ကာရကိုခံယူရစိမ့်သောငှာ၊တောရမဆောက်တည်အပ်၊ လူအများ၏ချီးမွမ်း,ပူဇော်သက္ကာရကိုမျှော်လင့်တောင့်တ၍၊ တောရဆောက်တည်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ။

ဟုဘုရားသျှင် သိက္ခာပုဒ် ပညတ်တော်မူလေသည်၊

ရဟန်းတော်တပါးသည်လည်း၊ဤသို့ဆွမ်းခံကြွသွားပါမူငါ့အား လူအများသည်၊ချီးမွမ်း,ပူဇော်သက္ကာရကို ပြုကြလိမ့်လတ္တံ့ဟု၊ လူအများ၏ချီးမွမ်း, ပူဇော်သက္ကာရကိုမျှော်လင့်တောင့်တ၍ ဆွမ်းခံကြွသွားလေ၏၊

ထိုအကြောင်းကို ဘုရားသျှင် သိယှိတော်မူသောအခါ၊
ဒိုငါ၏ချစ်သား ရဟန်းများတို့။ လူအများ၏ ချီးမွမ်း,ပူဇော်သက္ကာရကိုခံယူရစိမ့်သောငှာ ဆွမ်းခံမသွားအပ်၊

လူအများ၏ချီးမွမ်း,ပူဇော်သက္ကာရကို မျှော်လင့်တောင့်တ၍ ဆွမ်းခံသွားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ။

ဟုဘုရားသျှင်သိက္ခာပုဒ် ပညတ်တော်မူလေသည်၊ (ပါရာဇိကဏ်ပါဠိတော်)

---

ဒေသပတ်အမျိုးမျိုး။

ရဟန်းတော်များသည်၊ မိမိ၌ထင်ရှားမရှိသော၊ ဈာန်,မဂ်,ဖိုလ်, တရားတို့ကို၊ လူ့သာမဏေများအား၊ ဟုတ်မှန်သည့်အတိုင်းပြောဆိုခဲ့သော်၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။

မိမိ၌ ထင်ရှားမရှိသော၊ ဈာန်,မဂ်,ဖိုလ်တရားတို့ကို။အသင်၏ ကျောင်း၌နေသော ရဟန်းသည်၊ ဈာနလာဘီပုဂ္ဂိုလ်တည်း, အရိယာပုဂ္ဂိုလ်တည်း စသည်ဖြင့်၊ မိမိကိုယ်ကို ရည်ညွှန်း၍ သွယ်ဝိုက်ပြောဆိုခဲ့သော်၊ထိုရဟန်းအား၊ထုလ္လစ္စည်းအာပတ်သင့်၏။

မိမိ၌ ထင်ရှားမရှိသော ဈာန်,မဂ်,ဖိုလ် တရားတို့ကို၊ ငါဈာန်,ရသည် မဂ်,ရသည် ဖိုလ်,ရသည်၊ စသည်ဖြင့်၊ မိမိကိုယ်ကိုရည်ညွှန်း၍ တိုက်ရိုက် ပြောဆိုခဲ့သော် ထိုရဟန်းအား၊ ပါရာဇိကအာပတ်သင့်၏။

တစုံတရာ ထုတ်ဆောင် ပြောဆိုခြင်းမပြုပဲ လူအများ ချီးမွမ်း,ပူဇော်သက္ကာရကို မျှော်လင့်တောင့်တ၍ မိမိကိုယ်ကို၊ ဈာနလာဘီပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်,ဟု၊ မှတ်ထင်လေအောင် ဟန်လုပ်ခဲ့သော်၊ ဒုက္ကဋ်အာပတ်သင့်၏။

---

သုနိုးကြီး(၅)ယောက်၊

ဒိုင်ငါ၏ ချစ်သားရဟန်းများတို့၊ လောကကြီး၌ သူခိုးကြီး (၅)ယောက်ရှိလေ၏။ သူခိုးကြီး (၅)ယောက်ဟူသည် အဘယ်နည်း၊

(၁)ရွာနိဂုမ်းမင်းနေပြည်တို့၌၊အရာအထောင်သော သူခိုးအများ ခြံရံလျှည့်လည်၍ လုယက် သတ်ဖြတ်တိုက်ခိုက်သော သူခိုးကြီးကဲ့သို့၊ ရွာနိဂုမ်း မင်းနေပြည်တို့၌၊ အရာအထောင်သောပရိသတ်အများ ခြံရံလှည့်လည်၍၊ လူရှင်ရဟန်းတို့၏လာဘ်,ပူဇော်သက္ကာရအလေးပြုခြင်းစသည်တို့ကို ခံယူလျက် မိမိဂုဏ်ကို ကြေငြာပေးမည့်၊ ဒလံသူလျှိုထားကာ သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး ပစ္စည်းလေးပါး ရယူအောင် ယုတ်မာသော အလိုဆိုးဖြင့်၊ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်ကို ကျူးလွန်သော ရဟန်းယုတ်ဟုဆိုအပ်သော ပဌမသူခိုးကြီးတယောက်။

(၂)ဘုရားသျှင်ဟောကြားတော်မူအပ်သော၊ သုတ်,အဘိဓမ္မာ,ဝိနည်း,ပရိယတ်ကိုသင်ယူကာ၊ပရိသတ်အလယ်၌၊ပါဠိအဋ္ဌကထာတို့ကိုနှီးနှော၍ သာသာ နာပျော်ဘွယ်သော အသံဖြင့်၊ ကြည်ညိုဘွယ်ကောင်းသော၊ သုတ္တန် တရားများကို ဟောကြားလျှက်၊ တရား၏အဆုံး၌ ဩဘ္ဘွယ်သရဲ ဖြစ်ကြသောလူအများက၊ အသျှင်ဘုရား ယခု ဟောကြားအပ်သော ပါဠိအဋ္ဌကထာတို့ကို အဘယ်ဆရာ့အထံ၌ သင်ယူပါသနည်းဟုမေးမြန်းလတ်သော်၊ဆရာဘွားကိုမညွှန်ကြားပဲ၊မိမိ အလိုလိုထိုးထွင်း၍ တဘ်သိလေသယောင်ယောင်၊မိမိကိုယ်ကိုမှ လောင်စေသည့်ရဟန်းယုတ်ဟုဆိုအပ်သော ဒုတိယသူခိုးကြီးတယောက်၊

(၃)စင်ကြယ်သောအကျင့်သီလနှင့်ပြည့်စုံသောဗြဟ္မာ ပုဂ္ဂိုလ်ကို၊ မြင်ခြင်း, ကြားခြင်း, ရွံရှာခြင်း, အခြင်းမယှိသော

ပါရာဇိကသိက္ခာပုဒ်ဖြင့် စွပ်စွဲသောရဟန်းယုတ်ဟု ဆိုအပ်သော၊တတိယ သူခိုးကြီးတယောက်။

(၄)မွေ့ရာ, ခေါင်းအုံး,ကျောင်း, အာရာမ်, အစယှိသော၊ ဂရုဘဏ် ပစ္စည်းတို့ဖြင့် လူများကို ဖြားယောင်း ချီးမြှောက် သွေးဆောင်သော ရဟန်းယုတ်ဟုဆိုအပ်သော၊စတုတ္ထ သူခိုးကြီးတယောက်၊

(၅)မိမိ၌ထင်ရှားမယှိသော {ဥတ္တရိမနုဿဓမ္မ}ဈာန်,မဂ်, ဖိုလ်တရားကို၊ ငါဈာန်ရသည်, မဂ်ရသည်, ဖိုလ်ရသည်,ဟု ပြောဆိုသော၊ ရဟန်းယုတ်ဟုဆိုအပ်သော ပဥ္စမသူခိုးကြီး တယောက်၊ဤသို့အားဖြင့်သူခိုးကြီး(၅)ယောက်သည်လောက၌ ထင်ရှားယှိပါပေသည်၊

အို ငါ၏ချစ်သားရဟန်းများတို့၊ငါဘုရားဟောကြား ညွှန်ပြခဲ့သောသူခိုးကြီး (၅)ယောက်တို့တွင်၊ ဈာန်မရပဲ ငါဈာန်ရသည် မဂ်မရပဲ ငါမဂ်ရသည် ဖိုလ်မရပဲ ငါဖိုလ်ရသည်ဟု {ဥတ္တရိမနုဿဓမ္မ}လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါး ထက်မွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို၊ မိမိ၌ထင်ရှားမယှိပါပဲသျက်၊ မိမိ၌ထင်ရှားယှိသည့်အနေ ပြောဆိုတတ်သော ပဥ္စမသူခိုးကြီးသည်ကား လောကသုံးပါး၌၊ အကြီးမားဆုံး သူခိုးကြီးပါပေတည်း၊ (ပါရာဇိကဏ်ပါဠိတော်)

---

**ယခုခေတ်ရဟန္တာဖြစ်နိုင်ပါသလော။**

အချို့ပညာဝန်ပုဂ္ဂိုလ်တို့က၊ ယခုခေတ်ရဟန္တာ မဖြစ်နိုင်

ဟုယူဆပြောဆို ဆုံးဖြတ်ကြကုန်၏၊အချို့ ပညာဝန်ပုဂ္ဂိုလ်တို့က၊ယခုခေတ်ရဟန္တာဖြစ်နိုင်ပါသေးသည်ဟု၊ ယူဆပြောဆိုဆုံးဖြတ်ကြကုန်၏၊

ယင်းသို့ယခုခေတ်ရဟန္တာမဖြစ်နိုင်ဟုယူဆပြောဆို ဆုံးဖြတ်ကြသောပုဂ္ဂိုလ်၊ယခုခေတ် ရဟန္တာဖြစ်နိုင်ပါသေးသည်ဟု ယူဆပြောဆိုဆုံးဖြတ်ကြသော ပုဂ္ဂိုလ်တို့တွင်၊ သဒ္ဓမ္မောဒယ ဆရာကား၊ယခုခေတ် ရဟန္တာဖြစ်နိုင်ပါသေးသည် ဟု ယူဆပြောဆိုဆုံးဖြတ်ကြသောပုဂ္ဂိုလ်တို့၌ အပါအဝင်ဖြစ်ပေသည်၊

ယခုခေတ်ရဟန္တာ ဖြစ်နိုင်ပါသေးသည်,ဟု ဆုံးဖြတ်ရာ၌၊ အထောက်သာဓကကား။

(၁)ဤဓမ္မ,ဝိနယဟုဆိုအပ်သော သာသနာတော်၌အကြင်သူသည် မဖွေမလျော့ သမထ,ဝိပဿနာ, ဘာဝနာတရားကို ကြိုးစားမယုတ် အားထုတ်ကျင့်ကြံနေထိုင်သည်ဖြစ်အံ့၊ထိုသူသည် ဇာတိတည်းဟူသောသံသရာကိုပယ်၍၊ဒုက္ခ၏အဆုံးကိုပြုနိုင်ပါလိမ့်လတ္တံ့၊ (ဝါ) ရဟန္တာဖြစ်လတ္တံ့၊

(၂)အိုသုဘဒ္ဒ၊ ဤလောကကြီး၌ ရဟန်းတော်ဘို့သည်၊ ကောင်းစွာနေထိုင်ကြကုန်သည်ဖြစ်အံ့၊ဤလောကကြီးသည် ရဟန္တာတို့နှင့်မဆိတ်မသုံးသည်ဖြစ်ပေရာ၏။ ( သုတ်မဟာဝါပါဠိတော်)၊

ကောင်းစွာနေထိုင်ခြင်း။

၅၂။ သုတ်မဟာဝါပါဠိတော်လာ ဒေသနာတော် နှစ်ခုတို့တွင်။ ဒုတိယဒေသနာ၌ "ကောင်းစွာနေထိုင်ခြင်း" ဟူသည်အဘယ်နည်း ?

သောတာပတ္တိမဂ်ဖိုလ်တို့ကိုရရန် သမထ,ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း ကြီးပမ်းအားထုတ်ဆဲဖြစ်သော အာရဒ္ဓဝိပဿက,ယောဂါဝစရပုဂ္ဂိုလ်က။ မိမိနှင့်အလားတူ၊ သောတာပတ္တိမဂ်ဖိုလ်တို့ကိုရရန်၊ သမထ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကြီးပမ်းအားထုတ်သော အာရဒ္ဓဝိပဿက,ယောဂါဝစရ ပုဂ္ဂိုလ်များပေါ်ပေါက်လာသေအောင်၊ မိမိကိုယ်တိုင် လေ့လာကြိုးကုတ်အားထုတ်ကျင့်ကြံဆဲကမ္မဋ္ဌာန်းတရားကို၊ သူတပါးတို့အား တဆင့်ဟောကြားခြင်း၊

သောတာပန်ပုဂ္ဂိုလ်ကလည်း၊ မိမိရသိအပ်သော သောတာပန်ဖြစ်ကြောင်း တရားများကို။ မိမိနှင့်အလားတူ သောတာပန်ပုဂ္ဂိုလ်များပေါ်ပေါက်လာလေအောင်၊ သူတပါးတို့အား တဆင့်ဟောကြားခြင်း၊

ရဟန္တာပုဂ္ဂိုလ်ကလည်း၊ မိမိရသိအပ်သော ရဟန္တာဖြစ်ကြောင်း တရားများကို၊ မိမိနှင့်အလားတူ ရဟန္တာ ပုဂ္ဂိုလ်များ ပေါ်ပေါက်လာလေအောင်၊ သူတပါးတို့အား တဆင့်ဟောကြားခြင်းကို "ကောင်းစွာနေထိုင်ခြင်း" ဟု ဆိုလိုပါသည်။ (သုတ်မဟာဝါအဋ္ဌကထာ)

**စာသင်တပည့်ထံကမ္မဋ္ဌာန်းတောင်းသောကျမ်းတတ်စာချမထေရ်ကြီး။**

လောကုတ္တရာတရားထူး ဝိသေသကို တကယ်အလိုယှိသောသူတော်စင်ပုဂ္ဂိုလ်များသည်၊ လောကုတ္တရာတရားထူးဝိသေသကိုရထိပြီး အရိယာပုဂ္ဂိုလ်အထံမှ နည်းခံမှတ်သားကြိုးစားအားထုတ်ခြင်းငှာ သင့်တော်လှပေသည်၊

ငင်္ဂါမြစ်၏တဘက် ရောဟဏဇနပုဒ်,တုလာဓာရတောင်ပေါ်ကျောင်း၌သိတင်းသုံးနေထိုင်တော်မူသည့် အလုံးစုံသောပရိယတ်ကိုတတ်မြောက်ပို့ချတော်မူသော မဟာဓမ္မရက္ခိတမထေရ်ကြီးအထံ၌တော်၌၊ မဟာဒိဟာရဝါသီတိပိဋကစူဠာဘယမထေရ်သည်၊ ရဟန်းငါးရာအခြံအရံတို့နှင့်အတူ သွားရောက်၍၊ ပရိယတ်ကျမ်းဂန်တို့ကိုနည်းခံကာ၊ သင်အံလေ့လာတော်မူ၏။

ထိုမဟာဓမ္မရက္ခိတမထေရ်ကြီးသည်၊ စာပေပို့ချပြီးဆုံးသောအခါ၌၊ မိမိ၏စာသင်တပည့်ဖြစ်သော တိပိဋကစူဠာဘယမထေရ်၏အထံ၌ သပေါ်ဖျာငယ်ကို ခင်းထိုင်ပြီးကာ၊ "အိုငါ့ရှင်၊ ငါ့အား ကမ္မဋ္ဌာန်းတရားဟောကြားပါ" ......ဟု မိန့်ကြားလျက်ကမ္မဋ္ဌာန်းတောင်းတော်မူ၏။

ထိုအခါတိပိဋကစူဠာဘယမထေရ်ကား၊အရှင်ဆရာသခင်ကျေးဇူးရှင်မထေရ်မြတ်ကြီးဘုရား၊ ဘုရားတပည့်တော်သည်၊ ဆရာသခင်ကျေးဇူးရှင်မထေရ်မြတ်ကြီး၏ခြေတော်ရင်း၌ ပိဋကတ်ကျမ်းဂန်တို့ကို သင်အံလေ့လာနေသော တပည့်ဖြစ်ပါသည်၊

အသျှင်ဆရာမထေရ်မြတ်သည်အဘယ်သို့သောစကားကို မိန့်ကြားတော်မူပါသနည်း ...... အသျှင်ဆရာ မထေရ်မြတ်တို့ မသိနားမလည်သေးသော အဘယ်မည်သောတရားကို တပည့်ဖြစ်သော ဘုရားတပည့်တော်သည်အဘယ်မှာလျှင်ဟော စွမ်းနိုင်ပါအံ့နည်း.......ဟုလျှောက်ထားလေ၏။

ထိုအခါ မထေရ်ကြီးက။ ဒိုင်ါ့ရှင် **"မင်းဖိုလ်ခရီးသွားဘူးသော အရိယာပုဂ္ဂိုလ်၏ တရားလမ်းအစဉ်သည်၊ ဝိဋကရှိချသင်ကြားနည်းမှတပါး ပင်ဖြစ်ပါသည်"**ဟု မိန့်ကြားတော်မူ၏။

ထိုအခါတုံးက၊ တိပိဋကစူဠာဘယ မထေရ်သည် သောတာပန် ဖြစ်လေသည်။

တိပိဋကစူဠာဘယမထေရ်သည်၊ဆရာ ဖြစ်တော်မူသော မဟာဓမ္မရက္ခိတမထေရ်ကြီးအားကမ္မဋ္ဌာန်းပေး၍၊ လောဟပါသာဒ၌စာပြန်နေစဉ်၊မဟာဓမ္မရက္ခိတမထေရ်ကြီးရဟန္တာ ဖြစ်၍ ပရိနိဗ္ဗာန် စံဝင်တော်မူလေပြီ ...... ဟူသော သိတင်းစကားကို ကြားရလေ၏။

ထိုအခါ တိပိဋကစူဠာဘယ မထေရ်က။ ဒိုင်ါ့ရှင်တို့ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူသော မဟာဓမ္မရက္ခိတ မထေရ်မြတ်ကြီးအား၊ အရဟတ္တဖိုလ်တရားသည်အလွန်တရာ သင့်တော်လျှောက်ပတ်ပါပေစွတကား။

ဒိုင်ါ့ရှင်တို့၊ ဆရာသခင် ကျေးဇူးရှင် မထေရ်မြတ်ကြီး သည်ကား၊အလွန် ဖြောင့်မတ်တော်မူသောအာဇာနည်ပုဂ္ဂိုလ်

ကြီးတဆူဖြစ်တော်မူပါပေစွတကား။

အိုငါ့ရှင်တို့၊ငါတို့၏ဆရာမဟာခမ္မရက္ခိတမထေရ်ကြီးသည် "ဓမ္မနေ့ဝါသိက"စာသင်တပည့်ဖြစ်သောငါ၏ အထံ၌သပေါ် ဖျာငယ်ကိုခင်းကာ ထိုင်တော်မူ၍၊ ငါ့အား ကမ္မဋ္ဌာန်းပေးပါ လော......ဟု မိန့်ဆိုတော်မူဘိ၏။

အိုငါ့ရှင်တို့၊ငါတို့၏ဆရာသခင်ကျေးဇူးရှင် မထေရ်မြတ် ကြီးအားအရဟတ္တဖိုလ်တရားသည် အလွန်ထရာချော်ကန်သင့် မြတ်လှပါပေစွတကား...... ဟု မိန့်ကြားသော်မူ၏ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

(မှတ်ချက်။ ဤဝတ္ထုသာဓကကိုထောက်ဆ၍၊ ကမ္မဋ္ဌာန်းနည်းပြ ဆရာပြုလုပ်လိုသောပုဂ္ဂိုလ်တို့သည်၊အနည်းဆုံးမိမိကိုယ်ကို သောတာပန်ဖြစ် လေအောင်၊သမထဝိပဿနာဘာဝနာတရားကြီးစားအားထုတ်ပြီးပါမှ၊သူတ ပါးတို့အားမဂ်ဖိုလ်ရောက်အောင် ကမ္မဋ္ဌာန်းတရားကို ဟောကြားညွှန်ပြဆုံးမ ရန်ပိုမိုသင့်တော်လှပေသည်၊)

---

## ရဟန္တာအလောင်း ပုတ်,မပုတ်။

ဝက္ကလိရဟန်းကြီးသည်၊ ဘုရားသျှင်၏ ရူပကာယတော် တင့်တယ်လှပတော်မူသည့်အဖြစ်ကို၊ ပူဇော်လို့အားမရ မငြိမ် ပဲ:တစိမ်းစိမ်းကြည့်ရှုဖူးမျှော်နေသောအခါ၊

အိုချစ်သားဝက္ကလိ......ဤငါဘုရား၏ ရူပကာယ တည်းဟူ သော "အပုတ်ကောင်ကြီး"ကို တစိမ်းစိမ်း ကြည့်ရှုနေသဖြင့် သင့်အား အဘယ်အကျိုးယှိ၂ အံ့နည်း၊ အိုချစ်သားဝက္ကလိ။ ငါဘုရားကိုမြင်လိုက တရားကို မြင်အောင်ရှုလော့။တရားကို

မြင်သောပုဂ္ဂိုလ်မှ ငါ့ဘုရားကိုမြင်သည်။ တရားမမြင်သော ပုဂ္ဂိုလ်သည် ငါ့ဘုရားကို ကြည့်သော်လည်းမမြင်ဟု ဟော ကြားတော်မူလေသည်။ (ဓမ္မပဒအဋ္ဌကထာ)၊

ယင်းသို့ သက်တော်ထင်ရှားရှိသော ဘုရားသျှင်၏ ရူပ ကာယတော်ကိုသော်မှ "အပုတ်ကောင်ကြီး"ဟု ဘုရားသျှင် ဟောကြားတော်မူပါမူ၊ ပရိနိဗ္ဗာန်ဝင်စံသော ရဟန္တာ၏ အ သောင်းတော်မှာအဘယ်မှာသျှင် အမွှေးကောင်ဖြစ်ပါအံ့နည်း ကေန်"အပုတ်ကောင်"သာ ဖြစ်ပေသည်။

ရဟန္တာအသောင်းမှန်သမျှ မပုတ်မသိုး ဟုဟောကြား အပ်သောအရာသည်၊ ပါဠိ,အဋ္ဌကထာ,ဋီကာ အစောင်စောင် တို့၌မရှိပေ၊ ထို့ကြောင့် အပုတ်ကောင်မှန်သမျှ၊ တစုံတရာ ပယောဂကျွက်ခြင်း မရှိခဲ့ပါမူ၊ မည်သူ့ အလောင်းကောင် ပင်ဖြစ်စေများသောအားဖြင့်ပုတ်ရမည်ဟူ၍ သာမှတ်သားကြ ရာသည်။

(မှတ်ချက်။ ယခုခေတ် လောကခေတ် ဆေးပညာနည်းဖြင့်၊ အ လောင်းကို မပုတ်အောင်ပြုလုပ်နိုင်လေသည်။ ထိုနည်းဖြင့် ပြုလုပ်ထားပါမူ၊ လူသား၏ အလောင်းကိုမဆိုထားဘိ တိရစ္ဆာန်၏ အလောင်းသော်မှလည်း ပုတ်သိုးခြင်းမရှိပေ။)

---

**ငမိကဦးဇွဲပဋ္ဌာနမဘာရားအားသုတ်သင်ခြင်း။**

သူတပါးတို့အားမဂ်ရောက်ဖိုလ်ရောက် နိဗ္ဗာန်ပေါက်ကမ္မ ဋ္ဌာန်းတရားကို ဟောကြားညွှန်ပြ ဆုံးမလိုသောပုဂ္ဂိုလ်သည်၊ မိမိကိုယ်တိုင်က ရှေးဦးစွာမဂ်ရောက်ဖိုလ်ရောက်နိဗ္ဗာန်ပေါက်

ကမ္မဋ္ဌာန်းတရားကို ကြိုးစားမယုတ်အားထုတ်ကျင့်ကြံပြီးမှသာ သူတပါးတို့အားဟောကြားညွှန်ပြ ဆုံးမသင့်လှပေသည်၊

သာကီဝင် မင်းသားဖြစ်သော ဥပနန္ဒမထေရ်သည်၊ မိမိကိုယ်တိုင်က တရားကို ကြိုးစားမယုတ် အားထုတ် ကျင့်ကြံခြင်းမရှိပဲ၊သူတပါးတို့အားသာကြိုးစားမယုတ် အားထုတ် ကျင့်ကြံရန်တရားဟောတတ်လေသည်။

တရားအဟော ကောင်းသော ပုဂ္ဂိုလ်ဖြစ်သည့်အလျောက် ဥပနန္ဒမထေရ်၏ တရားကို ကြားနာကြရသော ပုဂ္ဂိုလ်တို့သည် မိမိ၌ရှိသောသင်္ကန်းသပိတ်ပရိက္ခရာတို့ကိုစွန့်ပစ်ကာ ဥပနန္ဒမထေရ်ဟောကြားညွှန်ပြ ဆုံးမသည့်အတိုင်း လိုက်နာ ကျင့်ကြံကြိုးကုတ်အားထုတ်ကြလေသည်။

ဥပနန္ဒ မထေရ်ကား၊ ထိုတရားအားထုတ်သော ပုဂ္ဂိုလ်တို့ စွန့်ပစ်လိုက်သော သင်္ကန်း သပိတ် ပရိက္ခရာတို့ကို၊ ကျောင်းတော်သို့ သယ်ယူကာ အမျိုးမျိုး ဝတ်ရုံသုံးဆောင် ခံစား၍ နေပေ၏။

ထိုအကြောင်းကို ဘုရားသျှင်သိတော်မူသောအခါ ဘုရားသျှင်က...... ဒို ဥပနန္ဒ အသင်သည် မိမိကိုယ်တိုင်က တရား အားထုတ် ကျင့်ကြံခြင်းအမှုကို မပြုပဲ၊ သူတပါးတို့အား သာကျင့်ကြံကြိုးကုတ်အားထုတ်ရန် တရားဟောနေသည်ဆို သောစကားမှန်ပါ၏လော...... ဟုမေးတော်မူ၏၊

ဒို ဘုန်းတော်အလွန်တရာ ကြီးတော်မူလှသော မြတ်စွာ ဘုရား၊ ထိုဘုရားသျှင်ကြားသိတော်မူသည့်အတိုင်းမှန်ပါပေ၏ ဟုအတိအလင်းဝန်ခံ၏၊

ထိုအခါဘုရားသျှင်သည်ဥပနန္ဒမထေရ်အားအမျိုးမျိုး ကဲ့ရဲ့ ရှုံ့ချ-တော်မူ၍။

အို ငါ၏ချစ်သားရဟန်းများတို့၊ သူတပါးတို့အားတရား ဟောလိုသော ပုဂ္ဂိုလ်သည်၊ မိမိကိုယ်တိုင် ဦးစွာပဌမ၊မဂ် ရောက်,ဖိုလ်ရောက်,နိဗ္ဗာန်ပေါက် သူတော်ကောင်းတရားကို ကြိုးစားမယုတ် အားထုတ်ကျင့်ကြံကာ၊ မိမိကိုယ်ကိုသင့် တော်လျှောက်ပတ်သောတရား၌သွင်းထားရာ၏။

မိမိကိုယ်တိုင်ဦးစွာပဌမ မဂ်ရောက်, ဖိုလ်ရောက်,နိဗ္ဗာန် ပေါက်သူတော်ကောင်းတရားကို ကြိုးစားမယုတ် အားထုတ် ကျင့်ကြံပြီးသောအခါမှသာ၊သူတပါးတို့အား မဂ်ရောက်,ဖိုလ် ရောက်,နိဗ္ဗာန်ပေါက် သူတော်ကောင်းတရားကို၊ ကြိုးစား မယုတ် အားထုတ်ကျင့်ကြံကြစေခြင်း ဟောကြားညွှန်ပြဆုံးမ ရာ၏။

မိမိကိုယ်တိုင်က မဂ်ရောက်,ဖိုလ်ရောက်,နိဗ္ဗာန်ပေါက်သူ တော်ကောင်းတရားကို၊ ကြိုးစားမယုတ်အားထုတ်ကျင့်ကြံ ခြင်းမယှဉ်ပဲ သူတပါးတို့အားသာ၊ မဂ်ရောက်, ဖိုလ်ရောက်, နိဗ္ဗာန်ပေါက်သူတော်ကောင်းတရားကိုဟောကြားညွှန်ပြဆုံး မခြင်းဖြင့်။မိမိကိုယ်ကိုညစ်နွမ်းအောင်မပြုလုပ်ရာ ဟုဘုရားသျှင်ဟောကြားတော်မူသေသည်၊ (ဓမ္မပဒပါဠိတော်)

---

သေဘာပနိဖြစ်ကြောင်းအင်္ဂါ(၄)ပါး။

(၁) သူတော်ကောင်းကိုပေါင်းဖော်မှီဝဲဆည်းကပ်ခြင်း၊

(၂) မင်္ဂရောက်, ဖိုလ်ရောက်, နိဗ္ဗာန်ပေါက် သူတော်ကောင်းတရားကိုကြားနာခြင်း၊
(၃) အသင့်အတင့်နှလုံးသွင်းခြင်း၊
(၄) လောကုတ္တရာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ကို ကြိုးစားမယုတ်အားထုတ် ကျင့်ကြံခြင်း

အားဖြင့် သောတာပန်ဖြစ်ကြောင်း အင်္ဂါ(၄)ပါး ဟိုပါသည် (မဟာဝဂ္ဂသံယုတ်ပါဠိတော်)။

ထိုသောတာပန်ဖြစ်ကြောင်း အင်္ဂါ(၄)ပါးတို့တွင် (**သဒ္ဓမ္မသဝန**) မင်္ဂရောက်,ဖိုလ်ရောက်,နိဗ္ဗာန်ပေါက်သူတော်ကောင်းတရားကိုကြားနာခြင်းသည်လည်း။ အင်္ဂါတပါး အပါအဝင်ဖြစ်သောကြောင့်။ မင်္ဂရောက်,ဖိုလ်ရောက်,နိဗ္ဗာန်ပေါက် သူတော်ကောင်းတရားကို ကြိုးစားမယုတ် အားထုတ် ကျင့်ကြံလိုသောသူတော်စင်ပုဂ္ဂိုလ်တို့သည်၊ မင်္ဂရောက်, ဖိုလ်ရောက်, နိဗ္ဗာန်ပေါက် သူတော်ကောင်းတရားများကို မကြားမကြားကြားနာမှတ်သားသင့်လှပေသည်၊

ဘုရားသျှင် ကိုယ်တော်ဘိုင် တရားနာခြင်း။

သာမန်ပုဂ္ဂိုလ်တို့ကိုမဆိုထားဘိ၊ ဘုရားသျှင်ကိုယ်တော်တိုင်၊ ဒိဒိဟပည့်ရဟန်းတော်တပါးအထံ၌တရားတော်ကိုအလေးအမြတ်ပြုကာကြားနာတော်မူလေသည်၊

မှန်ပါသည်၊ ။နန္ဒမဲထေရ်သည် ညီမှ ရာဇဂြိုဟ်၌ တရားဟောတော်မူသောအခါ၊ဘုရားသျှင်သည် ဗိဘ ။ ဓမ္မ၌ရပ်တော

မူလျက်၊ ညဥ့်သုံးယာမ်ပတ်လုံး တရားနာတော်မူပြီးလျှင်တရား အဆုံး၌ သာဓုခေါ်တော်မူ၏၊

နန္ဒမထေရ်သည် ဘုရားသျှင်ယှိတော်မူရာသို့ကြွလာကာ၊ လက်အုပ်ချီမိုး၍ရှိခိုး၍၊ အိုအသျှင်မြတ်စွာဘုရား၊ အသျှင်မြတ်စွာဘုရားသည်၊ အဘယ်အချိန်အခါက၊ ဤအရပ်သို့ ကြွလာတော်မူပါသနည်း ? ဟုလျှောက်ထားလေ၏။

အိုချစ်သား နန္ဒ၊ အသင်တရားစ၍ဟောသောအချိန်အခါကပင် ငါဘုရားဤအရပ်သို့ရောက်လာကာ၊ ညဥ့်သုံးယာမ်ပတ်လုံးရပ်လျက်၊ တရားဆုံးသည်အထိကြားနာတော်မူသည် ...... ဟုမိန့်ကြားတော်မူ၏။

အို အသျှင်မြတ်စွာဘုရား၊ အသျှင်မြတ်စွာဘုရားသည်၊ ဘုရားသျှင်၏ နူးညံ့သိမ်မွေ့ခြင်းယှိတော်မူသည်ဖြစ်ပါသျက်၊ အလွန်ပြုနိုင်ခဲသော အမှုကိုပြုတော်မူပါပေစွဘုရား .... ဟုလျှောက်ထား၏။

ထိုအခါ ဘုရားသျှင်က၊ အိုချစ်သားနန္ဒ အသင်သည် တကပ္ပပတ်လုံး တရားဟောကြားခြင်းငှာ စွမ်းနိုင်သည်ဖြစ်အံ့။ ငါဘုရားသည်လည်း၊ ဤသို့ရပ်လျက်တကပ္ပပတ်လုံးတရားနာတော်မူအံ့...... ဟုမိန့်ကြားတော်မူသတတ် ( မူလပဏ္ဏာသအဋ္ဌကထာ )။

---

**ဘုရားသျှင်ထံတရားနာပြီး မေ့ပျောက်ကုန်သောသိကြားမင်း၊**

ဘုရားသျှင်ကိုယ်တော်တိုင်နန္ဒမထေရ်၏အထံ၌ တရားနာ

ယူတော်မူသောထူးကို နှလုံးမူကာ၊ မဂ်ရောက်,ဖိုလ်ရောက်, နိဗ္ဗာန်ပေါက်သမထ,ဝိပဿနာ, ဘာဝနာကမ္မဋ္ဌာန်း ကြိုးပန်း အားထုတ်လိုသော သူတော်စင်ပုဂ္ဂိုလ်တို့သည်၊ မဂ်ရောက်, ဖိုလ်ရောက်,နိဗ္ဗာန်ပေါက် သူတော်ကောင်းတရားကို ဟော ကြားညွှန်ပြခုံးမတတ်သော ဓမ္မကထိက ရဟန်းရှင်လူတို့ အ ထံသို့ ကြောမကြာသည်းကပ်ကာ၊ မဂ်ရောက်,ဖိုလ်ရောက် နိဗ္ဗာန်ပေါက်သူတော်ကောင်းတရားကို အကြိမ်ကြိမ်နာကြား ကြကုန်ရာ၏။

ယင်းသို့နာကြားကြရာ၌၊ တကြိမ်တခါနာကြားရုံနှင့်၊မဂ် ရောက် ဖိုလ်ရောက်,နိဗ္ဗာန်ပေါက် သူတော်ကောင်းတရားကို မှတ်သားမှ မှတ်သားမိပေလိမ့်မည်၊

မဂ်ရောက်,ဖိုလ်ရောက်,နိဗ္ဗာန်ပေါက်သူတော်ကောင်းတ ရားကို အကြိမ်ကြိမ်နာကြားကြပါလျှင်၊ တဖြည်းဖြည်း တ ကြိမ်ထက်တကြိမ်,တစထက်တစ သိနားလည်ကာ၊ ကျင့်ကြံ အားထုတ်နည်းကိုပါရင်နိုင်ကြပေရာသည်။

သာမန်ပုဂ္ဂိုလ်ကိုမဆိုထားဘိ၊သိကြားမင်းသော်မှ ဘုရား သျှင်ထံတော်၌ တရားနာ၍ တာဝတိံသာနတ်ပြည်သို့ ပြန် သွားသောအခါ၊အသျှင်ဟောမောဂ္ဂလာန်မထေရ်သည်၊ တန် ခိုးအာဘော်ဖြင့် သိကြားမင်းထံသို့သွား၍၊ ဒါယိကာသိကြားမင်း၊ အသင်သည် ဘုရားသျှင်၏ထံတော်၌ကြားနာခဲ့ရသောတရား တော်များကို မှတ်သားမိပါ၏လား......ဟုမေးတော်မူလေ၏။

ဒိုအသျှင်ဘုရား မောဂ္ဂလာန်၊ တပည့်တော်သည် ဘုရား သျှင်အထံတော်၌ တရားနာစဉ်တုံးက၊ သေချာစွာမှတ်သား

နာယူခဲ့ပါသော်လည်း တာဝတိံသာနတ်ပြည်သို့ရောက်သော အခါ၊ကိစ္စတွေအလွန်များပြားလှသောကြောင့်၊ သေချာစွာမှတ်သားနာယူခဲ့သမျှတရားတော်များသည်၊ အားလုံး မေ့ပျောက်ကုန်ပါသည်.... ဟုသိကြားမင်းကပြန်လည်လျှောက်ထားလေ၏၊ (မူလပဏ္ဏာသပါဠိတော်)။

ယင်းသို့ မေ့ပျောက်ကုန်သော်လည်း၊ စိတ်မပျက်ပဲ အကြိမ်ကြိမ် မဂ်ရောက်, ဖိုလ်ရောက်, နိဗ္ဗာန်ပေါက်သူတော်ကောင်းတရားတို့ကို ကြားနာမှတ်သားကာကျင့်ကြံကြိုးကုတ်အားထုတ် ကြကုန်ရာသည်၊

---

## စရိုက်နှင့်လျော်သောကမ္မဋ္ဌာန်းကိုပေးသင့်ခြင်း။

ကမ္မဋ္ဌာန်းဆရာတို့သည် မဂ်ရောက်,ဖိုလ်ရောက်, နိဗ္ဗာန်ပေါက် သမထဝိပဿနာဘာဝနာကမ္မဋ္ဌာန်းပေါင်းများစွာတို့တွင်၊ ကမ္မဋ္ဌာန်းအားထုတ်ခွင့်ရရန်တောင်းခံလာသောပုဂ္ဂိုလ်တို့အား၊ စရိုက်နှင့်လျော်သောကမ္မဋ္ဌာန်းကိုသာပေးသင့်လှပေသည်၊

ဆရာစွဲ,ပုဂ္ဂိုလ်စွဲ,ဂိုဏ်းစွဲ သို့လိုက်၍ ပုံသေကားချမှတ်၍ထားအပ်သော ကမ္မဋ္ဌာန်းတမျိုးတည်းကိုသာ၊ စရိုက်နှင့်လျော် မလျော် ဝေဘန်စိစစ်ခြင်းမပြုပဲ ပေးနေကြခြင်းသည်၊ ဘုရားသျှင်၏အလိုတော်နှင့်ကိုက်ညီအံ့မထင်ပေ၊

ဓမ္မသေနာပတိ တရားစစ်သူကြီးအသျှင်သာရိပုတ္တရာသည်ပင်လျှင်၊ ရွှေပန်းတိမ်သည်၏ သားရဟန်းတော်တပါးအား။

အသုဘ ကမ္မဋ္ဌာန်းကိုပေးတော်မူရာ၊ စရိုက်နှင့်မလျော်သော ကြောင့်၊တရားထူးဝိသေသကိုမရပေ (သုတ္တနိပါတ်အဋ္ဌကထာ)၊

---

**ကမ္မဋ္ဌာန်းအမျိုးမျိုးပေးခြင်း။**

ရဟန်းတော်လေးပါးတို့သည်၊ဘုရားသျှင်၏ အထံတော်၌ ကမ္မဋ္ဌာန်းတောင်းကြရာ၊ဘုရားသျှင်သည် ရဟန်းတော်တပါး အား၊ဖသသာယတနခြောက်ပါးကို ပွားများအားထုတ်ရန်ပေး သနားတော်မူလေသည်။

ရဟန်းတော်တပါးအား ခန္ဓာငါးပါး။
ရဟန်းတော်တပါးအား မဟာဘုတ်လေးပါး။
ရဟန်းတော်တပါးအား ဓာတ်တဆဲ့ရှစ်ပါး
တို့ကိုပွားများအားထုတ်ရန်ပေးသနားတော်မူလေသည်။

ထိုရဟန်းတော်လေးပါးတို့သည် တရားအားထုတ်ကြကုန် သောအခါ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြလေသည်။ (ဒုကနိပါတ်ဇာတ်အဋ္ဌကထာ)

---

**သမထအခြေခံဖြင့်အရိယာဖြစ်ခြင်း။**

သမထကမ္မဋ္ဌာန်း,ဝိပဿနာကမ္မဋ္ဌာန်း နှစ်မျိုးတို့တွင်၊ သမ ထကမ္မဋ္ဌာန်းကိုပွားများ၍ အရိယာမဖြစ်နိုင်စသည်ဖြင့်၊ အချို့ ပညာဝန်တို့က၊ သမထကမ္မဋ္ဌာန်းကိုပင်မကျင့်ကြကောင်းသ လိုလို ပြောဆိုပုတ်ခတ်တတ်ကြကုန်၏။

အသုဘကမ္မဋ္ဌာန်း,ကဗဋ္ဌိကာရအာဟာရကမ္မဋ္ဌာန်းအစရှိ သော သမထကမ္မဋ္ဌာန်းအခြေခံဖြင့် "အနိယာ" ပင်ဖြစ်နိုင် ကြောင်းကို ပြဆိုလတ္တံ့သော စကားအစဉ်ဖြင့် သိမှတ်ကြရာ၏။

အသုဘကမ္မဋ္ဌာန်း။

ရဟန်းငယ်တပါးသည် သာမဏေကိုခေါ်၍ ဒန်ပူရှာသွား ကြရာ၊ သာမဏေသည်လမ်းခရီးမှ ဖဲ၍ ရှေ့မှသွားစဉ် "အသု ဘ"ကိုမြင်၍ ပဌမဈာန်ကိုဖြစ်စေပြီးလျှင်။ ထိုပဌမဈာန်ကိုပင် အခြေခံပြု၍၊ သင်္ခါရတရားတို့ကို သုံးသပ် ဆင်ခြင်သောအခါ သုံးပါးသောမဂ်တို့ကိုအစဉ်အတိုင်းမျက်မှောက်ပြုကာ၊ အရ ဟတ္တမဂ်အလို့ငှာ ကမ္မဋ္ဌာန်းကိုသိမ်းဆည်း၍ ရပ်နေလေ၏။

ရဟန်းငယ်သည် သာမဏေကိုမမြင်သောကြောင့်၊ မျက် စိလည်လမ်းမှားပျောက်သွားသည်အထင်နှင့်...... အို သာမ ဏေ...... ဟုစိုးရိမ်တကြီးအော်၍ ခေါ်လိုက်လေ၏။

သာမဏေကား၊ငါသည်သာမဏေဖြစ်သည့်အခါမှစ၍၊ ထို ရဟန်းနှင့်စကားနှစ်ခွန်းမျှပင်မပြောဖူးသေးပေ၊အခြားသော နေ့များ၌ အရဟတ္တမဂ် ဖိုလ်တရားထူးကို ဖြစ်စေတော့အံ့ဟု နှလုံးသွင်းကာ..... အိုအသျှင်ဘုရား...... ဟုပြန်၍ထူးလေ၏။

လာခဲ့လော ....ဟုခေါ်သည့်အတိုင်း၊သာမဏေသည် လာ လတ်၍ ရဟန်းငယ်အား

အိုအသျှင်ဘုရား၊ တပည့်တော်ယခုလာသောလမ်းခရီး ဖြင့်သွား၍ တခဏမျှရပ်လျက်၊ အရှေ့အရပ်သို့ ရှေးရှုကြည့်

တော်မူပါ......ဟုလျှောက်ထားလေ၏။

ရဟန်းငယ်က၊ ဘာများပါလိမ့်ဟုသိလို၍၊ သာမဏေသို သည့်အတိုင်းသွားကာ တခဏမျှချင်လျက်အရှေ့အရပ်သို့ ရှေး ရှုကြည့်တော်မူလိုက်သောအခါ "အဿာ" ကိုမြင်၍ သာမ ဏေကဲ့သို့ပင် သုံးပါးသောမိုးစိတ်ကိုမျက်မှောက်ပြုလေ၏။

ယင်းသို့တခုသောအသုဘသည်၊ရဟန်း,သာမဏေနှစ်ပါး တို့အားအကျိုးဖြစ်ထွန်းစေလေသည်။ (သုဘသိလက္ခန်အဋ္ဌကထာ)

**ကဗင္ဂိကာရအာဟာရကမ္မဋ္ဌာန်း။**

ကောဋ္ဌိတဝိဟာရဝါသီ- ဝတုနိကာယိကတိဿ မထေရ် ၏ နေ့ခင်းတော် နန္ဒာဘယမထေရ်သည်၊မဟိလာဘယကျောင်း၌ ဆိတင်းသုံးနေလိုင်တော်မူစဉ် ရာဂဖြစ်သောကြောင့်၊ ညီဖြစ် သူကိုခေါ်၍၊အိုငါ့ရှင်၊ငါ့အား ပေါ်ပါးသောကမ္မဋ္ဌာန်းတခုကို ဟောပါလော......ဟုမိန့်ဆို၏။

အို အသျှင်ဘုရား၊ အခြားကမ္မဋ္ဌာန်းဖြင့် အဘယ်မှုအံ့နည်း ကဗင္ဂိကာရအာဟာရ ကမ္မဋ္ဌာန်းကို ပွါးများချေ၍ သင့်တော်ပါ သည်ဘုရား......ဟုလျှောက်ထား၏။

ပွါးချေးပုံကို မေးမြန်းပြန်သောအခါ၊ အို-အသျှင်ဘုရား ကဗင္ဂိကာရ အာဟာရသည် ဥပါဒါရုပ်ပါတည်း။ တခုသော ဥပါဒါရုပ်ကိုမြင်သည်ယှိသော်၊ ကျန်(၂၃)ပါးသော ဥပါဒါ ရုပ်တို့သည်-ထင်ရှားလာနိုင်ပါသည်ဟု လျှောက်ထား၏။

သင့်တော်ပေပြီငါ့ရှင်ဟု-မိန့်ကြားကာ၊ ကဗင္ဂိကာရ အာ

ဟာခုကို သိမ်းဆည်းကာ၊ ဥပါဒါရုပ်ကိုမှတ်၍ အားထုတ်တော်မူသောအခါရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)။

---

## စူဠဂန္ဓာရီဝိဇ္ဇာရဟန္တာဖြစ်ခြင်း။

ဘုရားသျှင်လက်ထက်တော်က "ပိလိန္ဒဝစ္ဆ" မည်သော စူဠဂန္ဓာရီဝိဇ္ဇာ ကိုရာဇဂြိုဟ်ပြည်၌၊မင်းနှင့်တကွသော တိုင်းသူပြည်သားတို့က ကြည်ညို ကိုးကွယ်ဆည်းကပ်ကြကုန်၏။

ထိုပိလိန္ဒဝစ္ဆ စူဠဂန္ဓာရီဝိဇ္ဇာသည်၊ကောင်းကင်သို့ပျံနိုင်သည့်အပြင်၊ သူတပါးတို့၏ စိတ်အကြံကိုလည်း သိတတ်ပေသည်။

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်သို့ကြွလာတော်မူသောအခါ၊ထိုပိလိန္ဒဝစ္ဆ စူဠဂန္ဓာရီဝိဇ္ဇာသည်၊ မိမိ၏ဝိဇ္ဇာ အတတ်ပညာဖြင့် ကောင်းကင်ပျံခြင်း အစရှိသော တန်ခိုးတို့ ကိုမပြနိုင်သောကြောင့်၊ ပိလိန္ဒဝစ္ဆ စူဠဂန္ဓာရီဝိဇ္ဇာအား ဤသို့အကြံဖြစ်ပေ၏။

ရှေးရှေး စူဠဂန္ဓာရီဝိဇ္ဇာဆရာကြီးများအထံမှ၊မဟာဂန္ဓာရီဝိဇ္ဇာရောက်လာလျှင်၊ စူဠဂန္ဓာရီဝိဇ္ဇာ၏ အတတ်ပညာများ ပျောက်ကွယ်သွားတတ်သည် ဟု တဆင့်စကားကြားရဘူး၏။

ယခု ရဟန်းကြီးဂေါတမသည် ရာဇဂြိုဟ်ပြည်သို့ ရောက်

လာသည်နှင့်တပြိုင်နက်၊ ငါ၏ ဝိဇ္ဇာအတတ်ပညာများ အားလုံးပျောက်ကွယ်ခဲ့ရလေသည်၊

ရဟန်းကြီး ဂေါတမသည်၊ ကေန မဟာဂန္ဓာရီဝိဇ္ဇာဖြစ်တန်ရာသည်ဟုသူဆ၍၊ ဘုရားသျှင်၏ အထံတော်သို့သွားရောက်ကာ၊မဟာဂန္ဓာရီဝိဇ္ဇာအတတ်ပညာများကို တောင်းခံလေ၏၊

ဘုရားသျှင်သည်၊ ပိလိန္ဒဝစ္ဆ ရှင်ဂန္ဓာရီဝိဇ္ဇာကို ရဟန်းပြုစေ၍၊ ကမ္မဋ္ဌာန်းတရားကိုဟောကြား အားထုတ်စေသောအခါ၊ပိလိန္ဒဝစ္ဆ ရှင်ဂန္ဓာရီဝိဇ္ဇာသည်၊ ရဟန္တာအဖြစ်သို့ရောက်လေသည် (ထေရာအဋ္ဌကထာ)၊

---

ရတနာပန်းကုံးဖန်ဆင်းခြင်း။

ထိုပိလိန္ဒဝစ္ဆရဟန္တာမထေရ်အား ဗိမ္ဗိသာရမင်းကြီးက အထူးကြည်ညို၍၊ ကျေးရွာတရွာကို လှူဒါန်းလေ၏။ ထိုကျေးရွာသည်မထေရ်၏အမည်ကိုစွဲ၍ "ပိလိန္ဒဂါမ"ဟု တွင်လေ၏၊ ထိုရွာ၌နေ၍ မထေရ်သည်ဆွမ်းခံတော်မူရာ တောင်ထိပ်ပွဲလမ်းသဘင်သို့ဝတ်ပန်းပန်၍ တက်ရောက်ခွင့်ရပါရန်၊ သူဌေးဖြစ်သူက အမေဖြစ်သူအား ငိုယိုပူဆာနေသံကိုမထေရ်ကကြားသဖြင့်၊အနီးအနားယှိ ကရွတ်ခွေကို သူငယ်မ၏ ဦးခေါင်း၌စွပ်စေရာ၊ အဘိုးအတိုင်းမသိထိုက်တန်သော "ရတနာပန်းကုံးကြီး"ဖြစ်လေ၏၊

အဘောမ်းခံရခြင်း။

အိမ်နီးပါးချင်းတို့က ခြေထိုးလိုက်သဖြင့်၊ မင်းချင်းတို့လာ ရောက်ဘမ်းဆီးခေါ်ဆောင်သွားလေရာ၊ မထေရ်သည် နန်း၌ တော်သို့လိုက်ကာ ရုံစမ်းမေးမြန်းတော်မူ၏။

ဗိမ္ဗိသာရမင်းကြီးက၊ အသျှင်ဘုရား ဤ "ရတနာပန်းကုံး မျိုး" သည်၊ တပည့်တော်၏နန်းတော်အတွင်း၌ပင်မယှိသော ကြောင့်၊ထို "ရတနာပန်းကုံး" ကို တနေရာရာမှခိုးယူလာခြင်း သာဖြစ်မည်ဟုယူဆကာ၊ဆင်းရဲသာ်သော အမေနှင့် သမီးတို့ကို ဘမ်းဆီးရခြင်းဖြစ်ကြောင်းလျှောက်လေ၏။

နန်းတော်ကို ရွှေဖြစ်အောင်ဖန်ဆင်းခြင်း။

ထိုအခါ၌ မထေရ်၏တန်ခိုးဖြင့် နန်းတော်တခုလုံး ရွှေ ရောင်တဝင်းဝင်း တောက်ပလာသောအခါ၊ အိုဒကာတော် မင်းကြီး၊ဤရွှေနန်းတော်ကိုအဘယ်ကရပါသနည်း ? ဟုမေး တော်မူ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည်၊ မထေရ်၏ တန်ခိုးတော် ဖြင့် ဖန်ဆင်းအပ်သော "ရတနာပန်းကုံး" ဖြစ်ကြောင်းကောင်း စွာသိယှိရသဖြင့်၊အမေနှင့်သမီးနှစ်ယောက်စလုံးကို တရားသော လွှတ်လိုက်လေသတည်း (ဝိနည်းမဟာဝါပါဠိတော်)။

( ဤဝတ္ထု၌ရှင်ပဂ္ဂနင်္ဂိုဠ်ရှင်ဒွာအတတ်ဖြင့်လည်း၊ "ရတနာပန်းကုံး" ကိုဖန် ဆင်းနိုင်သည့်အပြင်၊ရဟန္တာ၏ ရှာန်အဘိညာဉ်တန်ခိုးဖြင့်လည်း၊ ဖန်ဆင်း နိုင်လေသည်။ နန်းတော်ကိုမူ အနုံကအတန်မှုသာ ဖန်ဆင်းတော်မူသော ကြောင့်၊ ရွှေနန်းတော်အဖြစ်မှ မူလအတိုင်းသစ်သား အုဋ္ဌနန်းတော်ပြန်ဖြစ် လေသည် )။

### လောကန္ဒရုဋ္ဌဂန္ဓာရီဝိဇ္ဇာယှဉ်ခြင်း၊

ထိုဝတ္ထုသာဓကကိုထောက်ဆ၍ လောကန္ဒ "ရုဋ္ဌဂန္ဓာရီဝိဇ္ဇာ" အမှန်ယှဉ်ကြောင်းကိုသိရပေသည်။

ယခုခေတ်၌ "ဝိဇ္ဇာဂိုဏ်း" ကို ဘိုးဘိုးအောင် ဂိုဏ်း, အောင်မင်းခေါင်ဂိုဏ်း-စသည်ဖြင့် အမည်အမျိုးမျိုး တပ်ကာ အလွန်လိုက်စားသူများပြားနေကြလေသည်၊

ထို "ရုဋ္ဌဂန္ဓာရီဝိဇ္ဇာဆရာကြီး" များသည်ကား ရတနာ မြတ်သုံးပါးကို တကယ်ယုံကြည်မြတ်နိုးကိုးကွယ်ဆည်းကပ်သူ၊ ဒါန,သီလ, ဘာဝနာတရား ကြိုးစားအားထုတ်သူများကိုသာ အထူးနှစ်သက်မြတ်နိုးကာ, စောင့်ရှောက်တတ်ကြ ပေသည်။

### ဝိဇ္ဇာဆရာကြီးများ အထူးညွှန်ကြားချက်၊

ထိုကြောင့် ဝိဇ္ဇာဆရာကြီးများက၊ အနည်းဆုံး ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်လျက်၊ ငါးပါးသီလမြဲ၍၊ ဘုရားသျှင်၏ ဂုဏ်တော်တို့ကို အမြဲမှန်ပုတီးစိပ်ကာ၊ ပွားများအားထုတ်ကြရန် ဝိဇ္ဇာဂိုဏ်းသားများအား အထူးညွှန်ကြားပြသဆုံးမကြလေသည်၊

ထိုဝိဇ္ဇာဂိုဏ်းသားများသည်၊ ဝိဇ္ဇာဆရာကြီးများအထူးညွှန်ကြားပြသဆုံးမကြသည့်အတိုင်း၊ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်လျက်၊ ငါးပါးသီလမြဲ၍၊ ဘုရားသျှင်၏ ဂုဏ်တော်တို့ကို အမြဲမှန်ပုတီးစိပ်ကာ ပွားများအားထုတ်ကြသောကြောင့်၊ အသင့်အတင့်လောကီတန်ခိုး,အမြင်ခေတ်,

အကြားခေတ်အစရှိသော သမာဓိအကျိုးတို့ကို ရယူလာကြသောအခါ။ ဝိဇ္ဇာဆရာကြီးများက၊ မ-သည်ဟုယူဆကာ၊ "ဝိဇ္ဇာဂိုဏ်း"ကိုပိုမိုယုံကြည်စွဲလမ်းလာတတ်ကြလေသည်၊

အမှန်မှာ၊ မိမိ၏ သီလ, သမာဓိနှင့် ဘုရားသျှင်၏ ဂုဏ်တော်တန်ခိုးပင်ဖြစ်လေသည်၊

အပြစ်ဆိုဘွယ်မရှိခြင်း။

ဝိဇ္ဇာဂိုဏ်းသားများမှာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း, ငါးပါးသီလမြဲခြင်း, ဘုရားသျှင်၏ဂုဏ်တော်တို့ကို အမိဠာန်ပုတီးစိပ်ကာ၊ပွားများအားထုတ်ကြခြင်း, အာနာပါနသတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခြင်း အစရှိသောကုသိုလ်ကောင်းမှုတို့နှင့်သာအချိန်ကုန်ကြသောကြောင့်၊ ၎င်းတို့အား ကုသိုလ်တရားပွားများ အားထုတ်မှုအတွက်၊ တစုံတရာအပြစ်ဆိုဘွယ်ရာ ဘာမှမရှိပေ၊

ဆိုအရေးအားကိုမှတ်သားခြင်း။

(၁) ဝိဇ္ဇာဆရာကြီးများက၊ဘာလာပေးလိမ့်မည်, ညာလာပေးလိမ့်မည်, ဘာရတော့မလိုလို, ညာရတော့မလိုလို, ဘာဖြစ်တော့မလိုလို, ညာဖြစ်တော့မလိုလို- စသည်ဖြင့်စွဲလမ်းကာမျှော်မှန်းဘောင့်တနေကြသော......"သေဘဘ"

(၂) ဝိဇ္ဇာ ဆရာကြီးများကိုယ်တိုင်၊ လွန်စွာမြတ်နိုးကိုးကွယ်ဆည်းကပ်ကာ ဦးစားပေးနေကြသော ရတနာမြတ်သုံးပါးထက်"ဝိဇ္ဇာဆရာကြီး"များကိုသာ အမြတ်တနိုးသားကာကိုးကွယ်ဆည်းကပ်ဦးစားပေးနေကြသော......"ဝိဇ္ဇာဒိဋ္ဌိ"

(၃) ဝိဇ္ဇာဆရာကြီးများက၊ တရားအလင်းခတ်ဖွင့်ပေး နေကြပါလျက်၊ မပွင့်ကြပဲး မှောင်ကျမြဲး ကျနေကြသော "မောဟ"

ဤအကုသိုလ်တရားများကိုပယ် ရှားပင်လိုက် ကြပါလျှင်၊ ဝိဇ္ဇာဆရာကြီးများ၏ မျှော်လင့်တောင့်တသည့်အတိုင်း အလို ကျဖြစ်ပေရာသည်။

**ကောင်းရာသို့ဆွဲဆောင်ခြင်း။**

ဘုရားသျှင်သည် နန္ဒမင်းသားအားနတ်သမီးကိုပြ၍ ရဟန္တာ ဖြစ်ကြောင်း တရားကောင်းကိုညွှန်ပြကာ ဆွဲးဆောင်တော် မူသကဲ့သို့။ ဝိဇ္ဇာဆရာကြီးများသည်လည်း၊ ခတ်လုံး၊ဆေး ဝါး၊မန္တရားအစရှိသည့်လောကီအကျိုးတို့ကိုပြ၍၊ ရတနာ မြတ်သုံးပါးကိုကြည်ညိုမြတ်နိုးကိုးကွယ်ဆည်းကပ်စေခြင်း၊ ဒါန၊သီလ၊ဘာဝနာတရားပွားများအားထုတ်စေခြင်း အစရှိ သောကုသိုလ်ကောင်းမှုတို့ကိုပြုကြရန် ဆွဲးဆောင်နေကြပေ သည်။

ထိုဝိဇ္ဇာဆရာကြီးများ၏ ကောင်းရာသို့ညွှန်ကြားပို့ဆောင် ကြသည့်အတိုင်း၊ ရတနာမြတ်သုံးပါးကိုသာ တကယ်ယုံ ကြည်မြတ်နိုးကိုးကွယ်ဆည်းကပ်ကာ၊ ဒါန၊သီလ၊ဘာဝနာ တရားတို့ကို ကြိုးစားမယုတ်အားထုတ်ကြပါမူ။ ထိုသူအား ဝိဇ္ဇာဆရာကြီးများက အထူးပိုမိုနှစ်သက်မြတ်နိုးကာ စောင့် ရှောက် မ-စ၊လာကြလိမ့်မည်ဖြစ်ပေရာသည်။

( မှတ်ချက်၊ ။အကြောင်းညီညွတ်ပါက၊ သစ္စမွေဒယဆရာအား, ဂျာ နယ်တို့ဘမ်းဆီး၍ အကျဉ်းချထားစဉ်က၊ ပေါ်လာသော “ဝိဇ္ဇာဂါထာ” ၏ အကျိုးများနှင့် သစ္စမွေဒယဆရာကိုယ်တိုင်တွေ့ရသည့် ဝိဇ္ဇာ, ဇော်ဂျီများ အကြောင်း-ပါဝင်သော “ဝိဇ္ဇာပြဿနာ” စာအုပ်ကိုမကြာမီရေးသားပါဦး မည် )

---

## အလင်းရောင်နှင့်အမြင်ခေတ်, အကြားခေတ်များ။

ဘုရားသျှင်သည်၊ ဂယာပြည့် ဂယာသီသဉ္စသီတင်းသုံး နေထိုင်တော်မူစဉ်၊ တပည့်ရဟန်းတော်တို့ကို ဤသို့မိန့်ကြား တော်မူ၏၊

အို-ငါ၏ချစ်သား ရဟန်းများတို့။ ငါဘုရားသည် တော ထွက်တော်မူ၍ သစ္စာလေးပါး မိုင်းခြားသိမြင် ဘုရားသျှင်၏ အဖြစ်သို့မရောက်မီ တရားအားထုတ်တော်မူချိန်အခါက။ ပဌမ ဦးစွာအလင်းရောင်ပေါ်သာ၏၊ သို့သော်အမြင်ခေတ်ကို ရသိ တော်မမူသေးပေ၊

အမြင်ခေတ်ရခြင်း၊

ထို့နောက် ဆက်လက် တရားအားထုတ်လိုက်သောအခါ၊ အမြင်ခေတ်ကို ရသိတော်မူ၏၊ ထိုအခါက နတ်တို့ကိုမြင်ရ သော်လည်း၊ ထိုနတ်တို့နှင့်အတူတကွ စကားပြောဆိုဆွေး နွေးခွင့်မရသေးပေ၊

အကြားခေတ်ရခြင်း၊

နောက်ထပ်တရား အားထုတ်တော်မူသောအခါ၊ နတ်တို့နှင့်

အတူတကွစကားပြောဆိုဆွေးနွေးခွင့်ရလာ၍ (အကြားစေတ်ရလာသည်ဟုဆိုလိုသည်) သို့သော်၊ဘယ်ဘုံဘယ်ဌာနက လာသည့်နတ်တို့ဟူ၍ မသိရသေးပေ၊

**အကြောင်းအရာမျိုးစုံသိခြင်း၊**

နောက်ထပ် အဆင့်ဆင့် တရားအားထုတ်လိုက်သောအခါမှ-ဘယ်ဘုံဘယ်ဌာနက လာသောနတ်များဟု သိရှိရသည့်အပြင်၊ထိုနတ်တို့၏ အခြင်းအရာအကြောင်းမျိုးစုံတို့ကို အကုန်အစင်သိမြင်တော်မူရပေ၏. (ဇုဂ္ဂိုဠ်ပါဠိတော်)၊

( မှတ်ချက်၊ ၊ထိုစဉ်က ဘုရားအလောင်း အားထုတ်အပ်သောတရားမှာ သမထတရားသာဖြစ်လေသည် )၊

ဤဒေသနာတော်ကိုထောက်ချော်၍၊ ဘုရားသျှင်၏ဂုဏ်တော်တို့ကိုအမြဲဌာန်ဥတ်းမြဲကာ ပွားများအားထုတ်သောသူ အာနာပါနသတိကမ္မဋ္ဌာန်းကိုစီးဖြန်းပွားများသောသူ စသည့်တို့အား၊သမာဓိခြေခင့်ကျက်သာနေသာအခါ၊ ဝိဇ္ဇာသိုသို့၊နတ်လိုလိုမြင်တတ်ကြသည့် အပြင်၊ထိုဝိဇ္ဇာသိုသို့၊နတ်လိုသိုပုဂ္ဂိုလ်တို့က၊ တော်သလိုနည်းများ ကို ပေးသွားတတ်ကြလေသည်၊

**သတိပေးချက်၊**

ထိုနည်းများသည် ကောင်းသည်လည်းသို့၍ မကောင်းသည်လည်းယှဉ်၏၊ အချို့ပုဂ္ဂိုလ်ဘို့ကား ကောင်း,မကောင်း, အကျိုးယှဉ်,မယှဉ်၊ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် အတန်တန်စိစစ်ဆဝဘန်ခြင်းမယှဉ်ကြကုန်ပဲ၊ ထိုဝိဇ္ဇာသိုလို, နတ်လိုသို ပုဂ္ဂိုလ်ဘို့

ပြောဆိုညွှန်ကြား သွားကြသည့်အတိုင်း၊ လိုက်နာ ပြောဆို လုပ်ကိုင်ကြသဖြင့်၊ အကျိုးရှိသူလည်းရှိ၍၊ အကျိုးယုတ်သူ လည်း ယုတ်ကြရလေသည်။

ထို့ကြောင့် မည်သည့်ဝိဇ္ဇာလင်းလို, နတ်လိုလိုပုဂ္ဂိုလ်တို့က မည်သို့ပင်ပြောဆိုညွှန်ကြားစေကာမူ။ အကျိုးရှိ, မရှိစိစစ် ဝေဘန်၍ "ဝိစာရဏာဉာဏ်"ကိုအသုံးပြုကာ ဧကန်လောကီ လောကုတ္တရာနှစ်ဖြာ ကောင်းကျိုး ပွားတိုးစေနိုင်သော အရာ ကိုမှသာ၊လိုက်နာသင့်က လိုက်နာကြရပေရာသည်။

(မှတ်ချက်။ ။တကယ်လို့ဘဝ သံသရာကို ငြီးငွေ့၍ ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်သောပုဂ္ဂိုလ်တို့သည် ပို၍အမြင်မြတ်,အကြားမြတ်တို့ ကိုရှာတတ်ကြပါသည်)။

---

ပဇ္ဇနီးကိုဆင်ခြင်၍ ရဟန္တာဖြစ်နိုင်ခြင်း။

မဟာဂတိဂမိယတိဿဒတ္တမထေရ်သည်၊မဟာဗောဓိပင် ကိုရှိခိုးဖူးဟု၊ ဇမ္ဗူဒိပ်ကျွန်းသို့ကူးစဉ်၊ သင်္ဘောပေါ်မှနေ၍ မဟာသမုဒ္ဒရာကိုကြည့်တော်မူလေ၏။

ထိုအခါ၌ မဟာသမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်း, သည်မှာ ဘက်ကမ်းသည်မထင်ရှားပေ၊လှိုင်းအဟုန်ဖြင့်ကွဲ၍ အထက် သို့တက်ကာ၊ ရေမှုန့်တို့ဖြင့်ပြွမ်းသော ဖြန့်ခင်းအပ်သောငွေ ပြား မြတ်လေးပန်း အခင်းနှင့်တူသော မဟာသမုဒ္ဒရာသည် သာထင်ရှားလေ၏။

ထိုမထေရ်ကြီးသည်ဤမဟာသမုဒ္ဒရာ၏လှိုင်းအဟုန်သည် သာကြီးမားလေသလော (ထိုသို့မဟုတ်) ဘုရားသျှင်ဟော

ကြားတော်မူအပ်သောအနန္တနယသမန္တပဋ္ဌာန်းကျမ်း၌ နည်းအမြွက်သည်သာကြီးမားလေသလော...... ဟု ဆင်ခြင်တော်မူလေ၏။

ထိုသို့ဆင်ခြင်တော်မူသောအခါ၊မဟာသမုဒ္ဒရာ၌ အပိုင်း, အခြားသည်ထင်ပေ၏။ ။မှန်ပါသည်၊ဤမဟာသမုဒ္ဒရာကို အောက်၌မဟာပထဝီမြေကြီးဖြင့်၊အထက်၌ ကောင်းကင်ဖြင့်၊ တဘက်၌ စကြာဝဠာတောင်ဖြင့်၊ အခြားတဘက်၌ မဟာသမုဒ္ဒရာကမ်းအစွန်းဖြင့် ပိုင်းခြားအပ်၏။ အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီး၌ကား၊အပိုင်းအခြားမထင်ဟု နူးညံ့သိမ်မွေ့သောပဋ္ဌာန်းတရားကိုဆင်ခြင်အောက်မေ့စဉ်၊အားကြီးသောပီတိသည် ဖြစ်ပေါ်လာလေ၏။

ရဟန္တာဖြစ်ခြင်း၊

ထိုမထေရ်ကြီးသည်ပီတိကို ခွါ၍ ဝိပဿနာကို ပွားများတော်မူသောအခါ၊ တထိုင်ထည်း၌ပင်လျှင် အလုံးစုံသောကိလေသာတို့ကိုကုန်စေ၍ ရဟန္တာအဖြစ်သို့ရောက်လေသည်၊ (အဋ္ဌသာလိနီအဋ္ဌကထာ)

(ဤ၌ ဗုဒ္ဓတရားတော်၏ ဂုဏ်ကိုဆင်ခြင်အောင်းမေ့ခြင်း "ဓမ္မာနုဿတိ" ဟုဆိုအပ်သော သမထကမ္မဋ္ဌာန်းကိုအခြေခံပြု၍ ဝိပဿနာကိုပွားများသဖြင့်၊ ရဟန္တာအဖြစ်သို့ရောက်တော်မူခြင်းဖြစ်လေသည်)

---

လှပသောမိန်းမငယ်၏ သွားရိုးကိုမြင်၍ ရဟန္တာဖြစ်ခြင်း၊

အမျိုးချွေးမမိန်းမငယ်တယောက်သည် လင်ဖြစ်သူနှင့်ငြင်းခုံခိုက်ရန်ဖြစ်၍ နတ်သမီးတမျှလှပစွာတန်ဆာဆင်ယင်လျက်၊

နံနက်စောစောကပင်လျှင်အနုရာဓမြို့မှထွက်ကာ ဆွေမျိုးအိမ်သို့ သွားစဉ် ခရီးအကြား၌ စေတိယတောင်မှအနုရာဓမြို့သို့ဆွမ်း ခံချိန်အလို့ငှါကြွလာတော်မူသောစေတိယပဗ္ဗတဝါသီမဟာ တိဿမထေရ်ကိုမြင်၍ လျှပ်ပေါ်လော်သည့်သောစိတ်ထား ဖြင့်၊ ပြုံးရယ်ပြလေ၏။

ရဟန္တာဖြစ်ခြင်း။

မထေရ်သည် ပြုံးရယ်သံကိုကြား၍ မည်သူ၏ အသံနည်းဟု လှည့်၍ကြည့်လိုက်သောအခါ နုတ်ယှဉ်တမျှလျှပစွာတန်းဆာ ဆင်ယင်ထားအပ်သော ထိုမိန်းမငယ်၏ သွားရိုးကိုမြင်၍ "အသုဘသညာ" ကိုရတော်မူပြီးလျှင်၊ အာသဝေါကုန်ခမ်းသည့် ရဟန္တာအဖြစ်သို့ရောက်တော်မူလေသည်။

အရိုးစုကြီးဟုဆိုခြင်း၊

လင်ဖြစ်သူသည် ထိုမိန်းမငယ်သွားရာလမ်းသို့အစဉ်လိုက် ကာ မိန်းမငယ်ကိုရှာဖွေစဉ် မထေရ်ကိုမြင်၍။ အိုအသျှင်သူ မြတ်ဘုရား မိန်းမငယ်တယောက်ကိုမြင်တော်မူလိုက်ပါ သလား.....ဟုလျှောက်ထားမေးမြန်းစုံစမ်း၏၊

ထိုအခါ မထေရ်.... ဤလမ်းမှသွားသောသူကို မိန်းမဟူ၍ ငင်း ယောက်ျားဟူ၍ ငင်း၊ ငါမသိပေ၊ စင်စစ်သော်တမူကား အရိုးပုံကြီးတခုသည် ဤလမ်းခရီးဖြင့်သွားလေ၏.....ဟု မိန့် ကြားတော်မူသတတ် (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)။

( ယင်းသို့သမထကမ္မဋ္ဌာန်းသည် အရိယာအဖြစ်သို့ တိုက်ရိုက်မရောက်စေနိုင်သော်လည်း၊ အရိယာအဖြစ်သို့ရောက်စေနိုင်သောအခြေခံကမ္မဋ္ဌာန်းဖြစ်နိုင်သေးသောကြောင့်၊သမထကမ္မဋ္ဌာန်းကိုလည်း၊ ယောဂီသူတော်စင်အပေါင်းတို့သည်၊ကြိုးစားယူ၍အားထုတ်သင့်လှပေသည်)၊

---

**လှပတင့်တယ်သော မိန်းမ ရုပ်ရုံစသည်တို့၌သပ္ပါယ, အသပ္ပါယခွဲခြားပုံ၊**

ပန်းကြိုးဆေးရေးရုပ်တမျှ အလွန်တရာလှပတင့်တယ် ရှုချင်စဖွယ်ရှိသောမိန်းမ, ယောက်ျားစသည့်တို့ကိုအကြောင်းပြု၍၊ လောဘ,ဒေါသ,မောဟ,ဗိဝိတက္ကရာယ်, ဖြဟ္မစရိယန္တရာယ်ဖြစ်ပါမူ၊ထိုမိန်းမယောက်ျားစသည်တို့သည် "အသပ္ပါယ"ဖြစ်ကုန်၏၊

**သပ္ပါယဖြစ်ခြင်း၊**

ထိုသို့ပန်းကြိုးဆေးရေးရုပ်တမျှ အလွန်တရာလှပတင့်တယ်ရှုချင်စဖွယ်ရှိသောမိန်းမ, ယောက်ျား စသည့်တို့ကို အကြောင်းပြု၍လောဘ,ဒေါသ,မောဟ,ဗိဝိတက္ကရာယ်,ဖြဟ္မစရိယန္တရာယ်မဖြစ်ပါမူ၊ ထိုမိန်းမ,ယောက်ျား စသည့်တို့သည် "သပ္ပါယ"ဖြစ်ကုန်၏၊

မိန်းမ ယောက်ျား စသည့်တို့၏ သာယာနာပျော်ဖွယ်သောသီချင်းဂီတသံ သဒ္ဒါရုံ, လှပတင့်တယ် ကြီးကျယ်ခမ်းနားသော ဘုံဗိမာန် တိုက်တာအဆောက်အဦး, အဘိုးတန်ပစ္စည်း ပရိဘောဂ အသုံးအဆောင် မွန်မြတ်သောခဲဘွယ်ဘောဇဉ်ချိုချဉ်ရသာ စသည့်တို့၌လည်း ယင်းနည်းအတူပင်မှတ်သားရာသည်၊

**မဂ်ဖိုလ်နိဗ္ဗာန်ရောက်နိုင်ခြင်း။**

ယင်းသို့သော "သပ္ပါယဓမ္မ" တို့ကို အကြောင်းပြု၍ (ဝါ)သပ္ပါယဓမ္မတို့ကိုရယူကြကုန်သောသူတို့သည်၊ ယောနိသောမနသိကာရဖြင့် အသင့်အတင့်ရှုလုံးသွင်းကာ၊ ဝိပဿနာတရားကိုကြိုးစားလျက် အားထုတ်တတ်ကြပါကုန်မူ၊ မဂ်, ဖိုလ်, နိဗ္ဗာန်သို့အမှန်ရောက်ရှိနိုင်ကြကုန်ရာသည်။

---

**ဘုရားသျှင်ကိုဝေဘန်ကဲ့ရဲ့ရှုံ့ချသောနတ်သားများ။**

ဘုရားသျှင်သည်၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေထိုင်တော်မူစဉ်၊ ဘုရားသျှင်ကို ဝေဘန်ကဲ့ရဲ့ရှုံ့ချလိုကြကုန်သော (ဥဇ္ဈာနသညိက) နတ်သားတို့သည်၊ ညဉ့်သန်းခေါင်ယာမ်ကိုလွန်သောအခါ၊ ဇေတဝန်ကျောင်းတော်တခုလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေကုန်လျက်၊ ဘုရားသျှင်၏အထံတော်သို့ချဉ်းကပ်ကာ နတ်သားတယောက်က ဘုရားသျှင်အား……ဂါထာဖြင့် ဤသို့ လျှောက်ထား၏။

> သူတပါးတို့အား တမျိုးဟောကြား၍၊ မိမိကားတမျိုး ကျင့်ကြံသော ပုဂ္ဂိုလ်သည် ကောက်ကျစ် စဉ်းလဲသော သိန်းငှက်ကဲ့သို့၊ တိုင်းပြည်၏ ဆွမ်းကိုခိုး၍ စားခြင်းပင်ဖြစ်လေသည်၊

**အခြားနတ်သားတယောက်က ဂါထာဖြင့်လျှောက်ကြားပုံမှာ။**

အကြင်အမှုကိုပြုကျင့်၏၊ ထိုပြုကျင့်သည့်အတိုင်းသာ

သူတပါးတို့အား ဟောကြားရာ၏။

အကြင်အမှုကိုမပြုကျင့်၊ ထိုမှုမပြုကျင့်သည်ကို, သူတပါးတို့အား မဟောကြားရာ၊

ကိုယ်တိုင် ပြုကျင့်လိုက်နာခြင်းမယှိပဲ သူတပါးတို့အားသာပြုကျင့်လိုက်နာရန်ဟောကြားနေသောသူကို ပညာယှိတို့သည် အသိအမှတ်မပြုကြကုန်၊ (ဝါ) ပညာယှိတို့သည် ထိုသူ၏ ပြု, မပြုဟူသောအကြောင်းမှန်ကိုကောင်းသိယှိကြကုန်၏၊

စသည်တို့တည်း [သဂါထာဝဂ္ဂသံယုတ်ပါဠိတော်]၊

ကဲ့ခဲ့ရှူ့ ချသောနတ်သားတို့၏ အာဘော်။

ထို (ဥဇ္ဈာနသညိက) နတ်သားတို့သည်၊ ရဟန်းကြီးဂေါတမသည်၊ မိမိတပည့်ရဟန်းတို့အား ပံ့သကူသင်္ကန်းကို သာဝတ်ဘို့, ဆွမ်းခံ၍သာစားဘို့, သစ်ပင်ရင်း၌သာနေဘို့, နွားကျင်ငယ်ပုတ်ဖြင့် စိမ်အင်သောသီး ပြု့ ရှဲရှား, သဖန်းခါးတည်းဟူသောဆေးကိုသာစားဘို့ ဟောကြားဆုံးမပြီးလျှင်။ ကိုယ်တော်တိုင်မှာမူ၊ ပတ္တုဏ္ဏတိုင်း, ခေါမစသောတိုင်းတို့၌ဖြစ်သည့်၊ အလွန်မွန်မြတ်သောအဝတ်သင်္ကန်းတို့ကိုဝတ်ရုံ သုံးဆောင်ခြင်း၊ မင်းများနှင့်သာထိုက်တန်သော မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို စားသောက်ခြင်း။ နတ်ပြည်နှင့်တူသော ဂန္ဓကုဋိတိုက်၌ နေထိုင်ခြင်း၊ ထောပတ်,ပျား,တင်လဲ အစရှိသောဆေးထူး,ဆေးမြတ်များကို မှီဝဲသုံးဆောင်ခြင်း အမှုတို့ကိုပြုကာ၊ တနေ့ပတ်လုံး လာလာသမျှ ပရိသတ်များအား တရားဟောပြောနေ၏။

### ဥဋ္ဌာနသညိက-ဟုခေါ်တွင်ခြင်း။

ရဟန်းကြီးဂေါတမသည်ကား၊ အပြောတမျိုး, အလုပ်တမျိုးသာဖြစ်သည်ဟုယူသကာ၊ဘုရားသျှင်ကို ဝေဘန်ကဲ့ရဲ့ရှုံ့ချခုန်လာကြကုန်၏။

ထို့ကြောင့် သင်္ဂါယနာတင်ဆရာတို့က၊ ထိုဘုရားသျှင်ကို ဝေဘန်ကဲ့ရဲ့ရှုံ့ချခုန်လာကြကုန်သော နတ်သားတို့ကို(ဥဋ္ဌာနသညိက)ဟူ၍အမည်ပေးတော်မူကြလေသည် ( သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ)။

### ဝန်ချတောင်းပန်ခြင်း။

ထိုနတ်သားတို့သည်ကား၊ဘုရားသျှင်ကိုရှိခိုးဦးချခြင်းမပြုကြကုန်ပဲ၊အမျိုးမျိုးဝေဘန်ကဲ့ရဲ့ရှုံ့ချဘွဲ့ကုန်ပြီးနောက်၊ဘုရားသျှင်၏၊ ထိုအဘိုးများစွာထိုက်တန်သော အဝတ်သင်္ကန်း, ဂန္ဓကုဋိတိုက်စသည်တို့၌၊ ဝတ္ထုတရားသာယာကပ်ငြိ တပ်မက်မောခြင်းမယှဉ်သည့်အဖြစ်ကိုသိကြကုန်၍ ဝေဘန်ကဲ့ရဲ့ရှုံ့ချမိသမျှ ဝန်ချတောင်းပန်ကြလေသောအခါ၊ ဘုရားသျှင်က ပြုံးတော်မူ၏။

[မှတ်ချက်။ ထိုဝတ္ထုသာဓကကိုထောက်ဆ၍ ရှေးအတိတ်ကံကြောင့် ဖြစ်ပေါ်လာသော လူပတ်ဝန်းကျင်ကြီးကျယ်ခမ်းနားသော ဘုံဗိမာန်တိုက်တာ အဆောက်အဦး အဘိုးထိုက်တန်သော အသုံးအဆောင် ပစ္စည်း ပရိဘောဂ အစရှိသောဗဟိဒ္ဓဝတ္ထုတို့ကိုသာကြည့်ကာ၊ အရိယာသူတော်ကောင်းများကို လောဘ,ဒေါသ ကိလေသာကြီးကာ၊ ကြွားဝါသည့်ပုံဟန်၊ ဝေဘန်ကဲ့ရဲ့ရှုံ့ချခြင်းများပြုခြင်းအမှုကို မပြုမိကြစေရန် အထူးသတိချပ်သင့်လှပေသည်]။

**အာနာပါနသတိကမ္မဋ္ဌာန်းကိုပွားများရန်**
**ဘုရားသျှင်တိုက်တွန်းခြင်း၊**

ဘုရားသျှင်သည် သားတော်ရာဟုလာအား

အို-ချစ်သားရာဟုလာ၊ အာနာပါနသတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများပါလော ? အိုချစ်သားရာဟုလာ၊ ထို အာနာပါနသတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသည်ရှိသော်၊ အခုဟတ္တဗိုလ်တို့အောင် များပြောင်လှစွာသော အကျိုးသုံးဝိသေသမဟာပွလ, မဟာနိသံသဖြစ်နိုင်ပေသည်

ဟုဟောကြားတော်မူလေသည် (မဇ္ဈိမပဏ္ဏာသပါဠိတော်)၊

မှတ်ချက်။ ။ သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော် တောထွက်တော်မူစက၊ ဦးစွာအားထုတ်ကြိုးပန်း အပ်သော ကမ္မဋ္ဌာန်းမှာ "အာနာပါနသတိကမ္မဋ္ဌာန်း" ပင်ဖြစ်လေသည်။

ဘုရားဖြစ်တော်မူသော အခါ၌လည်း၊ ဘုရားသျှင်သည် အာနာပါနသတိသမာဓိဖြင့်အနေများတော်မူသောကြောင့်၊ ထို "အာနာပါနသတိသမာဓိ"ကို "အရိယာဝိဟာရ" ဟူ၍၎င်း၊ "ဗြဟ္မဝိဟာရ"ဟူ၍၎င်း၊ "တထာဂတဝိဟာရ"ဟူ၍၎င်း၊ "မဟာနိဒ္ဒေသပါဠိတော်"၌ အမည်ပေးထားလေသည်၊

ထို့ကြောင့် ဘုရားသျှင်သည် သားတော်ရာဟုလာအား၊ ထိုအာနာပါနသတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများရန် အထူး တိုက်တွန်းတော်မူလေသည်၊

အာနာပါနသတိကမ္မဋ္ဌာန်းပေးသောဆရာတော်ကြီးများ။

ပြည်မြို့ အင်ကြင်းခြောင်တောရ ပဉ္စမ ဆရာတော်ဘုရားကြီးသည်၊ မိမိ၏တပည့် ကမ္မဋ္ဌာနိကယောဂါဝစရပုဂ္ဂိုလ်တို့အား၊ ထိုအာနာပါန သတိကမ္မဋ္ဌာန်းကိုသာ ဦးစွာပေးတော်မူလေသည်။

ထိုအင်ကြင်းခြောင် တောရပဉ္စမဆရာတော် ဘုရားကြီးသည်၊ ကမ္မဋ္ဌာန်းအားထုတ်ကြကုန်သောပုဂ္ဂိုလ်တို့အား။ မည်သည့်အာရုံနိမိတ်ပေါ်နေကြပုံကို မလျှောက်ထားပဲ အာရုံပြုကာအတတ်သင်တော်မူကြောင်း...... နှိုင်း၍ဆရာတော်ဘုရား မိန့်ကြားတော်မူလေသည်။

အကျွန်ုပ်တို့၏ ဓမ္မာစရိယဖြစ်တော်မူသောစစ်ကိုင်းတောင် အေးမြို့ကြီးချောင် ဆရာတော်ဘုရားကြီးသည်လည်း၊ မိမိ၏ တပည့်ကမ္မဋ္ဌာနိကယောဂါဝစရပုဂ္ဂိုလ်တို့အား၊ ထိုအာနာပါနသတိကမ္မဋ္ဌာန်းကိုပင် ဦးစွာပေးတော်မူလေသည်။

ထိုမှ့ထူးမြတ်လှသည့်၊ ကာယာနုပဿနာသတိပဋ္ဌာန်၌အပါအဝင်ဖြစ်သော အာနာပါနသတိကမ္မဋ္ဌာန်းကို၊ ကြွင်းသည်ဟု ယူဆကာ၊ ယခုခေတ်သစ်ကမ္မဋ္ဌာန်းဆရာအချို့တို့က၊ အမျိုးမျိုး ပုတ်ခတ်ပြောဆိုကြကြောင့်၊ အာနာပါနသတိကမ္မဋ္ဌာန်းကို၊ အချို့ကမ္မဋ္ဌာန်းဆရာတို့ကလည်းမပေးခဲ့။ ကမ္မဋ္ဌာန်းအားထုတ်လိုသူ တပည့်များကလည်း အားမထုတ်ခဲ့။ အာနာပါနသတိကမ္မဋ္ဌာန်းစီးဖြန်းပွားများခဲ့သောသူကိုပင် ဂုဏ်ညှိုးငယ်သွား

အောင် အမျိုးမျိုးနှိမ့်ချပြောဆိုနေကြခြင်းသည်၊ အာနာပါနသတိကမ္မဋ္ဌာန်း ပဋိပတ္တိသာသနာတော် ကွယ်ပျောက်ကြောင်းဘေးဆိုးကြီးတရပ်ပင်ဖြစ်ချေတော့သည်၊

---

**မိန်းမ၏ သီချင်းသံကိုကြား၍ ရဟန္တာဖြစ်ခြင်း။**

(၁) ကောင်းစွာပြောဆိုခြင်း။(၂)တရားနှင့်စပ်ခြင်း၊ (၃) ချစ်နှစ်သက်ဖွယ်သို့ခြင်း၊(၄)မှန်ကန်ခြင်းဟုဆိုအပ်သော အင်္ဂါ (၄)ပါးတို့နှင့်ပြည့်စုံသောစကားသည် ''သီချင်းဂီတတေးကဗျာ'' ပင်ဖြစ်စေကာမူ။ လောကီ လောကုတ္တရာနှစ်ဖြာသော စီးပွားချမ်းသာတို့ကိုဆောင်ရွက်နိုင်လေသည်၊

မှန်ပါသည်၊ ၊ခရီးလမ်းဘေး၌ ကောက်စိုက်ရင်း၊ သိဟိုဠ်ကျေးကုလားမကလေးတယောက်သည်၊ သိဟိုဠ်ဘာသာဖြင့်(ဇာတိ,ဇရာ,မရဏ)ပဋိသင်္ခနေ့ခြင်း, အိုခြင်း, သေခြင်းနှင့်စပ်ယှဉ်သော သီချင်းကိုသီဆိုနေစဉ်။ ထိုသီချင်းသံကိုကြားရသော ခရီးသွား အာရဒ္ဓဝိပဿကမထေရ် (၆၀) တို့သည်၊ ရဟန္တာအဖြစ်သို့ရောက်တော်မူကြလေသည် (သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ)၊

အားထုတ်အပ်သောဝိပဿနာယဉ်သော ဘိက္ခုမထေရ်သည် ပဒုမ္မာကြာအိုင်အနီးဖြင့်ခရီးသွားစဉ်၊ ပဒုမ္မာကြာအိုင်အတွင်း၌ ကြာပန်းခူးရင်း၊ ဇာတိ,ဇရာ,မရဏ နှင့်စပ်သော (စမ္မဂီတ) သီချင်းကို သီဆိုနေသောမိန်းမငယ်၏ သီချင်းသံကိုကြား၍ ရဟန္တာအဖြစ်သို့ရောက်တော်မူလေသည်၊

**ပစ္စေကဗုဒ္ဓါ ဖြစ်ခြင်း။**

ကဿပဘုရားနှင့် ဂေါတမဘုရား နှစ်ဆူတို့၏ အကြား၌ ယောက်ျားတယောက်သည် သား{၇}ယောက်တို့နှင့် အတူ တောအုပ်အတွင်းမှ ပြန်လာရာ၊ ဆံထောင်းနေသော ဒိန်းမတယောက်၏ ဇာတိ,ဇရာ,မရဏာ နှင့်စပ်သော သီချင်းသံကို ကြား၍၊ သား{၇}ယောက်တို့နှင့်အတူ ပစ္စေကဗုဒ္ဓါ ဖြစ်ကြလေသည် (သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ)။

---

**တိရစ္ဆာန်၏ အသံကိုကြား၍ သောတာပန်ဖြစ်ခြင်း။**

သိရိဓမ္မာသောကမင်းကြီး၏ အသန္ဓိမိတ္တာ မိဖုရားကြီးသည်၊ သံဃာတော်များအား၊ အိုအသျှင်မြတ်ဘုရားတို့၊ ဘုရားသျှင်၏ အသံတော်နှင့်တူသော အသံရှိပါသလားဘုရား ..... ဟု မေးလျှောက်၏။

သံဃာတော်များက၊ ကရဝိက်ငှက်မင်း၏ အသံသည် ဘုရားသျှင်၏ အသံနှင့်တူကြောင်း မိန့်ကြားတော်မူကြကုန်၏။

အိုအသျှင်ဘုရားတို့၊ ကရဝိက်ငှက်မင်းသည် အဘယ်အရပ်၌ ရှိပါသနည်း ..... ဟု မေးလျှောက်ပြန်သောအခါ၊ ဟိမဝန္တာတော၌ ရှိကြောင်း သံဃာတော်များက မိန့်ကြားတော်မူကြသဖြင့်၊ အသန္ဓိမိတ္တာ မိဖုရားကြီးသည်၊ သိရိဓမ္မာသောက မင်းကြီးအား ကရဝိက်ငှက်မင်းကို တွေ့မြင်လိုသည့်အကြောင်း သံတော်ဦးတင်လေရာ၊ သိရိဓမ္မာသောကမင်းကြီးသည်၊ ဤရွှေလှောင်ချိုင့်အတွင်းသို့ ကရဝိက်ငှက်မင်း ဝင်ရောက်နေထိုင်ကာ၊ ငါ၏နန်းတော်သို့ရောက်လာစေသတည်းဟု ရွှေလှောင်ချိုင့်ကို လွှတ်လိုက်လေ၏။

### ကရဝိက်ငှက်မင်း မတွန်မြူးခြင်း။

ထိုရွှေလျှောင်ချိုင့်သည် ကရဝိက်ငှက်မင်း၏ ရှေ့၌ တည်လေ၏။ ကရဝိက်ငှက်မင်းသည် သီရိဓမ္မာသောကမင်းကြီး၏ အာဏာတော်ကို မလွန်ဆန်နိုင်သောကြောင့်၊ ထိုရွှေလျှောင်ချိုင့်အတွင်းသို့ဝင်ကာ၊ သီရိဓမ္မာသောကမင်းကြီး၏ ရှေ့တော်မှောက်သို့ ရောက်လာလေ၏။ ကရဝိက်ငှက်မင်း၏ အသံကို ကြားနာလိုသော်လည်း တွန်မြူးအောင်ပြုလုပ်ရန် မတတ်နိုင်ကြသဖြင့်၊ အိုအချင်းတို့ ဤကရဝိက်ငှက်မင်းသည် အဘယ့်ကြောင့်မတွန်မြူးပါသနည်း ......ဟုမေးရာ၊ အဆွေအမျိုးဖြစ်ကြကုန်သော ကရဝိက်ငှက်တို့ကို မမြင်ရသောကြောင့် မတွန်မြူးကြောင်း လျှောက်တင်ကြသဖြင့်၊ ကရဝိက်ငှက်မင်းကို မှန်ကြေးမုံတို့ဖြင့် ဝန်းရံစေ၏။

ကရဝိက်ငှက်မင်းသည် မှန်ကြေးမုံပြင်၌ ကရဝိက်ငှက် အရိပ်တို့ကို မြင်ရသောအခါ၊ ဆွေမျိုးဖြစ်သော ကရဝိက်ငှက်များလာကြပြီဟု အောက်မေ့မှတ်ထင်ကာ၊ အတောင်ကို ခတ်လျက် သာယာနာပျော်ဖွယ်ရှိသော အသံဖြင့် တွန်မြူးလေ၏။

### သောတာပန်တည်ခြင်း။

အသန္ဓိမိတ္တာမိဖုရားကြီးသည် ဤကရဝိက်ငှက်မင်း၏ အသံသော်မှ ဤမျှလောက်သာယာနာပျော်ဖွယ်ရှိပါမူ၊ ဘုရားသျှင်၏ အသံတော်သည်ကား အဘယ်ဆိုဖွယ်ရာရှိပါတော့အံ့နည်းဟု ပီတိကိုဖြစ်စေ၍၊ ဘုရားသျှင်၏ အသံတော်ဂုဏ်ကို

အားရှိပြုကာ သောတာပန်တည်လေသတည်း ( သုတ်မဟာဝါ အဋ္ဌကထာ)။

[မှတ်ချက်။ ။ တိရစ္ဆာန်၏ အသံကိုကြားနာရသော အသန္တိမိဏ္ဍာ မိဖုရားကြီးသော်မှ သောတာပန်တည်သေးပါမူ၊ ၎င်း၏ပွါဒနဝမခေတ်နှ ကြီးကြိုက်၌ လူသားဖြစ်ကြကုန်သော သူတော်ကောင်းတို့၏ အထံမှ ထူးမြတ်သောတရားတော်သံကို ကြားနာကြရကုန်သော၊ အာရဥပသကကယောဂါ ဝစရပုဂ္ဂိုလ်တို့သည်၊ အဘယ်မှာလျှင် သောတာပန်မတည်ဟုဆိုနိုင်ပါကုန် အံ့နည်း ]

---

အဓိမာန။

ငရဲ၊ မှုန်၊ နဂ္ဂာနံ့တို့ကို မမြင်အပ်၊ မရောက်အပ်၊ မရအပ်၊ မျက်မှောက်မပြုအပ်ပါပဲလျက်၊ မြင်အပ်၏၊ ရောက်အပ်၏၊ ရအပ်၏၊ မျက်မှောက်ပြုအပ်၏ ဟုယူသကာ မိမိကိုယ်ကို သောတာပန်ဖြစ်ပြီ၊ သကဒါဂါမ်ဖြစ်ပြီ၊ အနာဂါမ်ဖြစ်ပြီ၊ ရဟန္တာ ဖြစ်ပြီဟုမှတ်ထင်နေခြင်းကို "အဓိမာန" ဟုခေါ်သည်။

ထို "အဓိမာန" ဖြင့်မိမိကိုယ်ကိုသောတာပန်၊ သကဒါဂါမ် အနာဂါမ်၊ ရဟန္တာဟုပြောမိသောရဟန်းအား တစုံတရာအာ ပတ်မသင့်ပေ (ပါရာဇိကဏ်ပါဠိတော်)

**အဓိမာနမဖြစ်သောပုဂ္ဂိုလ်၊**

အဆိုပ "အဓိမာန" သည်(က)သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဟုဆိုအပ်သော အရိယာသာဝက ပုဂ္ဂိုလ်တို့အားရင်း (ခ) နဒသီလပုဂ္ဂိုလ်အားရင်း (ဂ) စွန့်လွှတ်အပ် သောကမ္မဋ္ဌာန်းရှိသည်ဖြစ်၍ အအိပ်ရုံမက်ခြင်းစသည့်တို့နှင့် ယှဉ်သောသီလဝန္တပုဂ္ဂိုလ်အားရင်း ဖြစ်ခြင်းမရှိပေ၊

**အရိယာသာဝကအား အဓိမာနမဖြစ်ခြင်းအကြောင်း။**

အကြောင်းကား (က) သောတာပန်အစရှိသော အရိယာသာဝကပုဂ္ဂိုလ်တို့သည် မိမိသိအပ်သော မဂ်, ဖိုလ်တို့ကိုလည်း ပယ်ပြီးကိလေသာတို့ကိုလည်း၊ ကြွင်းသော ကိလေသာတို့ကိုလည်း၊ ကောင်းစွာပိုင်းခြား ဆင်ခြင်သုံးသပ်ဝေဘာဉာဏ်ရှိကြသည် ဖြစ်၍ မိမိ၏ သောတာပန်အဖြစ်, သကဒါဂါမ်အဖြစ်, အနာဂါမ် အဖြစ်, ရဟန္တာအဖြစ်၌ တစုံတရာယုံမှား သံသယဖြစ်ခြင်းမရှိ ကြပေ၊

ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်အား ငါသကဒါဂါမ်ဖြစ်ပြီ ဟုမှတ်ထင်ခြင်း "**အဓိမာန**" ဖြစ်ခြင်းမရှိပေ၊ ယင်းနည်း အတူ။ သကဒါဂါမ်ပုဂ္ဂိုလ်အား ငါအနာဂါမ်ဖြစ်ပြီဟူ၍လည်း၊ အနာဂါမ်ပုဂ္ဂိုလ်အား ငါရဟန္တာဖြစ်ပြီဟူ၍လည်း၊ မှတ်ထင်ခြင်း "**အဓိမာန**" ဖြစ်ခြင်းမရှိပေ။

**ဒုဿီလအားအဓိမာနမဖြစ်ခြင်းအကြောင်း။**

(ခ) ဒုဿီလပုဂ္ဂိုလ်အား အရိယာဂုဏ်ကို ရသိခြင်း၌ကင်း သောအာသာဆန္ဒယုတ်ကိလေသာကြောင့် မိမိကိုယ်ကို "**အရိယာ**" ဟုမှတ်ထင်ခြင်း "**အဓိမာန**" ဖြစ်ခြင်းမရှိပေ၊

**သီလဝန္တအား အဓိမာနမဖြစ်ခြင်းအကြောင်း၊**

(ဂ) ဝိနည်း လွတ်အပ်သော ကမ္မဋ္ဌာန်းရှိသည်ဖြစ်၍ အအိပ်ကို မက်ခြင်းစသည်တို့နှင့်ပြည့်သော သီလဝန္တပုဂ္ဂိုလ်အား၊ အရိယာဖြစ်ကြောင်း သမထဝိပဿနာ ကမ္မဋ္ဌာန်းကိုစီးဖြန်းအား

ထုတ်ခြင်းမဟုတ်သောကြောင့် မိမိကိုယ်ကို "အရိယာ" ဟု မှတ်ထင်ခြင်း"အဓိမာန" ဖြစ်ခြင်းမဟုတ်ပေ။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ)၊

**အဓိမာနဖြစ်သောပုဂ္ဂိုလ်၊**

အလွန်စင်ကြယ်သောအကျင့်သီလဟုတ်သည်ဖြစ်၍၊သမထ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ခြင်းအမှု၌ မေ့လျော့ပေါ့တန်ခြင်းမဟုတ်၊နာမ်,ရုပ်တရားတို့ကိုပိုင်းခြားဝေဘန်၍၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်၊ ယုံမှားသံသယကိုလွန်မြောက်ကာ၊တေဘူမကသင်္ခါရတရားတို့ကို၊ လက္ခဏာယာဉ်သုံးပါးသို့တင်၍ခြင်ဆင်သုံးသပ်သောအာရဒ္ဓဝိပဿက,ယောဂါဝစရပုထုဇ္ဇန်ပုဂ္ဂိုလ်အားသာ၊ ငါသောတာပန်ဖြစ်ပြီ,သကဒါဂါမ်ဖြစ်ပြီ,အနာဂါမ်ဖြစ်ပြီ,ရဟန္တာဖြစ်ပြီဟု မှတ်ထင်ခြင်း "အဓိမာန"ဖြစ်လေသည် (သမ္မောဟဝိနောဒနီအဋ္ဌကထာ)၊

**အဓိမာနဖြစ်ပုံအထူး။**

သမထ သက်သက်ကိုသာရသော သုဒ္ဓသမထလာဘီပုဂ္ဂိုလ်, ဝိပဿနာသက်သက်ကိုသာရသောသုဒ္ဓဝိပဿနာလာဘီပုဂ္ဂိုလ်တို့မှာမူ(၁၀)နှစ်,အနှစ်(၂၀),အနှစ်(၃၀)တို့ပတ်လုံး ကိလေသာထကြွလှုပ်ရှားဖြစ်ပေါ်လာခြင်း မဟုတ်သည်ဖြစ်၍၊ ငါသောတာပန်ဖြစ်ပြီ, သကဒါဂါမ်ဖြစ်ပြီ, အနာဂါမ်ဖြစ်ပြီဟူ၍သာ အောက်မေ့မှတ်ထင်ခြင်း"အဓိမာန"ဖြစ်လေသည်၊

သမထ,ဝိပဿနာ နှစ်ပါးစုံတို့ကိုရသော သမထဝိပဿနာလာဘီပုဂ္ဂိုလ်သည်ကား၊ သမာဓိ၏အစွမ်းအားဖြင့် ကိလေသာတို့ကိုပယ်ခွာ၍၊ ဝိပဿနာ၏အစွမ်းအားဖြင့် သင်္ခါရတ

ရားတို့ကိုကောင်းစွာသိမ်းဆည်းနိုင်သောကြောင့်၊ အနှစ်(၆၀) အနှစ်(၈၀) အနှစ်(၁၀၀)တို့ပတ်လုံး ကိလေသာ ထကြွလှုပ်ရှားဖြစ်ပေါ်လာခြင်းမရှိပေ။

ထို သမထ, ဝိပဿနာ နှစ်ပါးစုံတို့ကိုရသော သမထ ဝိပဿနာလာဘီပုဂ္ဂိုလ်သည်၊ ရှည်ကြာမြင့်စွာသော ကာလပတ်လုံး၊ ကိလေသာထကြွ လှုပ်ရှားဖြစ်ပေါ်လာခြင်း မရှိသောကြောင့်။ မိမိကိုယ်ကို သောတာပန်, သကဒါဂါမ်, အနာဂါမ်လောက်သာမှတ်ထင်နေခြင်းမရှိပဲ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်အဖြစ်ကို ခုံကျော်လွှားနှဲ၍၊ မိမိကိုယ်ကို ရဟန္တာဖြစ်ပြီဟူ၍သာ မှတ်ထင်ခြင်း "အဓိမာန" ဖြစ်လေတော့သည် (သမ္မောဟဝိနောဒနီအဋ္ဌကထာ)။

---

ရဟန္တာဟုမှတ်ထင်နေသောပုထုဇ္ဇနမထေရ်ကြီးများ။

တစ်ကာလကကျောင်း၌သီတင်းသုံးတော်မူသော ဝါတော်(၆၀) ကျော်မထေရ်ကြီးတပါးသည် "အဓိမာန" ဖြင့်မိမိကိုယ်ကို "ရဟန္တာ" ဟုဝန်ခံတော်မူ၏။

ထိုကျောင်းနေမထေရ်ကြီးအထံတော်သို့၊ ဝါဠုဂ်ရတိဿ တောင်၌ သီတင်းသုံးနေထိုင်တော်မူသော ဓမ္မဒိန္နရဟန္တာ မထေရ်သည်ကြွရောက်တော်မူ၍, ရှိခိုးပြီးလျှင်၊ ပဋိသန္ထာရ စကားပြောကြားကာ ရသီတော်မူအပ်သော လောကုတ္တရာ တရားထူးဝိသေသကိုမေးလျှောက်တော်မူ၏။

ထိုအခါမထေရ်ကြီးက၊ငါ့ရှင်ဝမ္မဒိန္န.......ငါရဟန်းကိစ္စပြီးစီး ခဲ့သည်မှာ အနှစ်ခြောက်ဆယ်ကျော်ပြီ ... ဟု မိန့်ကြားတော်မူ၏။

တန်ခိုးဖန်ဆင်းနိုင်းခြင်း။

အသျှင်ဘုရား၊တန်ခိုးဖန်ဆင်းခြင်းအမှုကို ပြုနိုင်ပါသလား ဘုရား .....ဟု ဓမ္မဒိန္နမထေရ်ကမေးလျှောက်သောအခါ၊ ပြုနိုင်ကြောင်း မထေရ်ကြီးကဝန်ခံသဖြင့်၊ အသျှင်ဘုရားသိတင်းသုံးတော်မူရာအရပ်သို့ ရွေးရှုလာနေသောဆင်ကြီးတကောင်ကိုဖန်ဆင်းတော်မူပါဟု၊ ဓမ္မဒိန္နမထေရ်က လျှောက်ထားလေ၏၊

မထေရ်ကြီးသည်(၇)တောင်ခန့်မြင့်မား၍ အမြီးလှုပ်ကာ၊ နှာမောင်းကိုမြှောက်လျက်၊အစွယ်နှစ်ချောင်းဖြင့်ထိုးရအောင် လာနေသော ကိုယ်လုံးပြူဆင်ကြီးတကောင်ကိုဖန်ဆင်းတော်မူ၏။

မထေရ်ကြီးသည် မိမိကိုယ်တိုင်ဖန်ဆင်းအပ်သော ဆင်ကြီးကိုပင်၊ ထိပ်လန့်ကြောက်ရွံ့၍ ထွက်ပြေးရန်အားထုတ်တော်မူလေ၏။

ရဟန္တာမဟုတ်မှန်းသိရခြင်း-

ထိုအခါမှ၊မိမိ"ရဟန္တာ" မဟုတ်သေးကြောင်းကိုသိယှိရ၍၊ဓမ္မဒိန္နမထေရ်၏ခြေရင်း၌ ပဆစ်ဒူးတုပ်ထိုင်ကာ။ အိုငါ့ရှင်ဓမ္မဒိန္န၊ ငါ၏ထောက်တည်အားထားရာဖြစ်ပါလော ....... ဟု တောင်းပန်တော်မူလေ၏၊

## ရဟန္တာဖြစ်ခြင်း၊

အိုအသျှင်ဘုရား၊ ဘာ့မျှစိုးရိမ်ကြောင့်ကျ, နှလုံးမသာမယာဖြစ်တော်မမူပါလင့်၊ သမထ,ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်သော "ကာရက" ပုဂ္ဂိုလ်အားသာ၊ မိမိကိုယ်ကို "ရဟန္တာ" ဟု မှတ်ထင်ခြင်း "အဓိမာန" ဖြစ်ထတ်ပါသည်....... ဟုမထေရ်ကြီးအား သက်သာရာကိုရစေ၍ ကမ္မဋ္ဌာန်းပေးတော်မူသည်၊

မထေရ်ကြီးသည် ဓမ္မဒိန္နမထေရ်၏ ဩဝါဒ အဆုံးအမခံယူ၍ ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်တော်မူသောအခါ၊ အာသဝေါကုန်ခမ်းသည့် ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။

## နောက်တဝတ္ထု။

ပိဋကတ်သုံးပုံ မမွေ့လျော်သော၊ ထိုကဲ့သို့ မိမိကိုယ်ကို "ရဟန္တာ" ဟုမှတ်ထင်နေသော ဝါတော် (၆၀) ကျော်မထေရ်ကြီးတပါးကိုလည်း၊ ဓမ္မဒိန္နမထေရ်က၊ ပဒုမ္မာကြာအိုင်၌သဘာဝနာပျော်ဘွယ်သောအသံဖြင့်၊ သီချင်းသီဆိုနေသော မိန်းမငယ်ကိုဖန်ဆင်းစေ၍၊ တပိမ်းပိမ်း,အဖန်ဖန်, တလဲးလဲးကြည့်ရှုစေသောအခါ၊ နှစ်ပေါင်း (၆၀) တို့ပတ်လုံးပယ်ခွာအပ်ကုန်သောကိလေသာတို့သည်၊ ထကြွလှုပ်ရှားလာကုန်၍၊ မိမိကိုယ်ကို "ရဟန္တာ" မဟုတ်မှန်းသိယှိပြီးလျှင်၊ ရှေးနည်းအတိုင်းတောင်းပန်သဖြင့်၊ ကမ္မဋ္ဌာန်းပေး၍ အားထုတ်စေသောအခါ၌၊ အာသဝေါကုန်ခမ်းသည့် "ရဟန္တာ" အဖြစ်သို့ ရောက်ယှိလေတော့သည် (မူလပဏ္ဏာသအဋ္ဌကထာ)။

**လူ၏အဆုံးအမ၌တည်၍ ရဟန္တာဖြစ်ခြင်း။**

သုံ့ကျိပ်မျှကုန်သောရဟန်းတော်တို့သည်။ ကလျာဏီစေတီတော်ကြီးကိုရှိခိုးပြီး၍၊ တောအုပ်လမ်းခရီးဖြင့်၊ လမ်းမကြီးသို့တက်လတ်သော်၊ ခရီးအကြားဝယ် မီးလောင်သောယာခင်း၌ အမှုလုပ်၍ပြန်လာသောဆံပင်ရှတ်ဖွားနှင့်တကိုယ်လုံးအိုးမဲပေ၍ မဲမှောင်ပြီး မီးလောင်ရှတ်နှင့်တူသော လူတယောက်ကိုမြင်သောအခါ၊ သာမဏေများက ကိုယ်ရင့်ဘကြီး, ဦးလေး လာပြီဟသည့်ဖြင့် အမျိုးမျိုးသျှောင်ပြောင်ကြကုန်၏။

**ဈာန်အဘိညာဉ်ရ-ရဟန်းဖြစ်ဘူးခြင်း။**

ထိုလူသည်၊ မထေရ်ကြီးများကိုရှိခိုး၍ ခေတ္တရင်တော်မူကြရန် လျှောက်ထားပြီးလျှင်၊ တပည့်တော်သည် ဈာန်အဘိညာဉ်ရ-ရဟန်းတော်တပါးဖြစ်ခဲ့ဘူးပါသည်၊ ကောင်းကင်ကို မြေကြီး၊ မြေကြီးကိုကောင်းကင်စသည်ဖြစ်အောင် တန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်ခဲ့ဘူးပါသည်။ တပည့်တော်လက်တို့သည် ယခုအခါမျောက်၏လက်နှင့်တူပါကုန်၏၊ ထိုလက်တို့ဖြင့်ရှေးအခါက၊ လ, နေတို့ကိုပင်ကိုင်တွယ်သုံးသပ်ခဲ့ဘူးပါသည်။

**ဆုံးမစကားပြောကြားခြင်း။**

ပမာဒတရား နှိပ်စက်သောကြောင့်၊ ထိုတန်ခိုးများကွယ်ပျောက်ကာ၊ ယခုလိုလူ့ဘဝဖြင့် အတိဒုက္ခရောက်ခဲ့ရပါသည်၊ အသျှင်တို့သည် တပည့်တော်ကိုအာရုံပြု၍ မမေ့မလျော့ တရားအားထုတ်တော်မူကြပါကုန်......ဟု ဆုံးမစကားပြောကြားလေသည်။

## ရဟန္တာဖြစ်ခြင်း။

ထိုလူ၏ ဆုံးမစကားကိုကြားကြကုန်၍ ထိုတလန့်သံဝေဂ ဖြစ်ကြကုန်ပြီးလျှင် ဝိပဿနာတရားကို ပွားများအားထုတ်ကြကုန်သောအခါ သုံးကျိပ်သော ရဟန်းတော်တို့သည် ရဟန္တာအဖြစ်သို့ရောက်ကြလေကုန်သတည်း (မဇ္ဈိမ ပဏ္ဏာသအဋ္ဌကထာ)

(မှတ်ချက်၊ ။ဤဝတ္ထုသာဓကကိုထောက်ဆ၍ ဘုန်းကြီး, ရဟန်း, သာမဏေများ ဟောကြားအပ်သော တရားမှသာ မဂ်,ဖိုလ်, နိဗ္ဗာန်သို့ ဆောင်နိုင်သည်မဟုတ်သေး၊ လူဝတ်ကြောင်၏ တရားသည်လည်း၊ မဂ်ဖိုလ် နိဗ္ဗာန်သို့ပို့ ဆောင်နိုင်သည်ဖြစ်ကြောင်း ကောင်းစွာသိယှိရလေသည်။

ထို့ကြောင့်လူဝတ်ကြောင်များဟောကြားအပ်သောတရားဟူ၍၊ မလေးမစား မထီမဲ့မြင်မပြုလုပ်ကြပဲ ရိုသေစွာကြားနာမှတ်သား ကြိုးစားအားထုတ်သင့်လှပေသည်)

---

## နဝကမ္မဖြင့်ရဟန္တာဖြစ်ခြင်း။

အချို့ ပဋိပတ္တိမဘာဝကသားများမှာ တရားဟောလို့မရ နဝကမ္မ စေခိုင်း၍ အချိန်ဆွဲကာ ရဟန္တာအဖြစ်သို့ ပို့ဆောင်ရလေတော့သည်။

စိတ္တလတောင်၌သိတင်းသုံးသော တိဿမထေရ်သည်၊ရဟန်း(၈)ဝါရစဉ်က၊သာသနာတော်၌မပျော်ပိုက်သောကြောင့် ဥပဇ္ဈာယ် မထေရ်ကြီးအား လူထွက်ရန် လျှောက်ထားရာ။ ဇထေရ်ကြီးက အမျိုးမျိုးတရားဟောပြော ဆုံးမသော်လည်း မရပေ။

မထေရ်ကြီးသည်၊ တပည့်ဖြစ်သူ၏ အရဟတ္တဖိုလ်တည်နိုင်သည့် ဥပနိဿယကိုမြင်တော်မူ၍၊ သနားသဖြင့် ဤသို့ဆို၏၊

ငါ့သျှင် ဆရာသည် အသက်အရွယ်ကြီးရင့်ပါပြီ။ ငါ့သျှင် လူမထွက်မီ ဆရာ့အတွက် သပ္ပါယဖြစ်သော ကျောင်းတဆောင်ကိုဆောက်ခဲ့ပါဟုမိန့်တော်မူရာ၊ တိဿရဟန်းငယ်က ကောင်းပါပြီဟုဝန်ခံကာ၊ မထေရ်ကြီးအတွက် သပ္ပါယဖြစ်သော ကျောင်းကိုဆောက်လုပ်လေ၏။

မထေရ်ကြီးက ငါ့သျှင် ကျောင်းဆောက်လုပ်နေစဉ်၊ ကမ္မဋ္ဌာန်းကိုလည်း အနည်းငယ်နှလုံးသွင်းပါ၊ ရံခါရံခါ ကသိုဏ်းပရိကမ်ကိုလည်းပြုပါ၊ စာပြန်မှုကိုလည်းလက်မလွှတ်ပါနှင့်ဟုဆုံးမ၏။

တိဿရဟန်းငယ်သည် သပ္ပါယဖြစ်သော ကျောင်းပြီးစီးပြီဖြစ်ကြောင်း မထေရ်ကြီးအား လျှောက်ထားရာ၊ အို ငါ့သျှင် သင်သည် ဆရာ့အတွက် အလှန်ဒုက္ခခံ၍ သပ္ပါယကျောင်းပြီးအောင်ဆောက်လုပ်ခဲ့လေပြီ။ ယနေ့တရက်မျှ-သင်ဆောက်လုပ်ခဲ့သော ကျောင်းဆောင်၌၊ အသင်သည်ပင်လျှင် နေဘူးသည်ယှိအောင် နေကြည့်စမ်းပါဟု မိန့်တော်မူ၏၊ တိဿရဟန်းငယ်သည်၊ မထေရ်ကြီးမိန့်တော်မူသည့်အတိုင်း၊ ထိုသပ္ပါယဖြစ်သောကျောင်း၌ ဝင်၍နေရာ၊ ဥပဇ္ဈာယ်ဆရာ့အတွက်၊ မိမိကျောင်းဆောက်ခဲ့ခြင်းကိုအကြောင်းပြု၍၊ ပီတိဖြစ်လေ၏။ ထိုပီတိကိုခွါ၍ ဝိပဿနာပွားရာ ရဟန္တာအဖြစ်သို့ရောက်လေသတည်း(အင်္ဂုတ္တိုရ်အဋ္ဌကထာ)၊

## သဒ္ဒါလွန်ခြင်း၏ အပြစ်။

သဒ္ဒါလွန်၍ ပညာနည်းသောပုဂ္ဂိုလ်သည်၊ ကြည်ညိုထိုက်, မကြည်ညိုထိုက်, ကိုးကွယ်ဆည်းကပ်သင့်, မကိုးကွယ်, မဆည်းကပ်သင့်, ဘာမျှမိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဘန်စိစစ်ခြင်းမပြုပဲ၊ ဉာဏ်ကင်းမဲ့စွာ အချည်းနှီးကြည်ညိုတတ်လေသည်။ ထိုသဒ္ဒါလွန်၍ ပညာနည်းသောပုဂ္ဂိုလ်သည်၊ အလွန်ယုံကြည်လွယ်၍ မကြည်ညို, မကိုးကွယ်, မဆည်းကပ်ထိုက်သောပုဂ္ဂိုလ်ကိုပင်၊ ကြည်ညို,ကိုးကွယ်, ဆည်းကပ်တတ်လေသည် (အင္ဂုသာလိနီအဋ္ဌကထာ)၊

[ယခုကာလ၌၊ ထိုကဲ့သို့သဒ္ဒါလွန်၍ ပညာနည်းသောပုဂ္ဂိုလ်အလွန်ပေါများလှသည့်အလျောက်၊ ကြည်ညိုထိုက်,မကြည်ညိုထိုက်, ကိုးကွယ်ဆည်းကပ်သင့်,မကိုးကွယ်မဆည်းကပ်သင့်။ ဘာမျှမိမိကိုယ်ပိုင်ဉာဏ်ဖြင့်ဝေဘန်စိစစ်ခြင်းမပြုပဲ။ ဉာဏ်ကင်း မဲ့စွာ အများကြည်ညိုသော ပုဂ္ဂိုလ်ကိုဝိုင်းဝန်းကြည်ညိုကိုးကွယ်ဆည်းကပ်တတ်ကြလေသည်။ ထို့ကြောင့် အတုအယောင်ပုဂ္ဂိုလ်များ တနေ့တခြားပေါများလာပြီးလျှင်၊ အလိမ်အညာ အမျိုးမျိုးကိုခံကြရသည့်အပြင်၊ ပစ္စည်းသာမက လူပါ, ပါသွားတာကြသည်ကို မကြာမကြာကြားသိရလေတော့သည် ]၊

---

**ဖြန့်ခင်းထားသောအဝတ်ပုဆိုးကိုရဟန်းတော်များနင်းကောင်းပါသလော ?**

ဘုရားသျှင်သည် ဘဂ္ဂတိုင်း သံသုမာရဂိရိတောင် သားတို့ကိုဘေးမဲ့ပေးရာ၊ ပဲစင်းခုံတော၌ သီတင်းသုံးတော်မူစဉ်။ ဗောဓိမင်းသား၏ ကောကနဒမည်သော ပြာသာဒ်သည်

ဆောက်လုပ်ပြီးစီးသည်မှာမကြာသေးပေ။မည်သည့် လူ ရှင် ရဟန်း ပုဏ္ဏားမျှသုံးဆောင်ရခြင်းမရှိသေးပေ။

ဗောဓိမင်းသားသည်၊သဉ္ဇိကာပုတ္တ လုလင်ကိုစေလွှတ်ပြီးလျှင်၊ဘုရားသျှင်အမှူးရှိသော သံဃာတော်များကိုဆွမ်းစားပင့်၍ ကြွရောက်တော်မူလာကြသောအခါ၊ ဗောဓိမင်းသားသည်၊ အနောက်စောင်းတန်းဦးမှ ကြိုဆိုကာဖြန့်ခင်းထားအပ်သော အဝတ်ပုဆိုးများကိုနင်းတော်မူရန်(၃) ကြိမ်တိုင်တိုင်ဘုရားသျှင်အား လျှောက်ထားတောင်းပန်သော်လည်း ဘုရားသျှင်နင်းတော်မမူပဲ၊ အသျှင်အာနန္ဒာကို ကြည့်တော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာက

> အိုဗောဓိမင်းသား၊ ထိုဖြန့်ခင်းထားအပ်သော အဝတ်ပုဆိုးများကိုရုတ်သိမ်းပါလော့၊ဘုရားသျှင်သည်နောင်လာနောက်သားများကိုအစဉ်သနားသဖြင့်၊ အသင်ဖြန့်ခင်းထားအပ်သော အဝတ်ပုဆိုးများကို နင်းတော်မူလိမ့်မည်မဟုတ်ပေ

ဟုမိန့်တော်မူ၏။

ဗောဓိမင်းသားသည် အသျှင်အာနန္ဒာမထေရ်၏ အမိန့်အတိုင်း ဖြန့်ခင်းထားအပ်သော အဝတ်ပုဆိုးများကိုရုတ်သိမ်း၍ ကောကနဒပြာသာဒ်ထက်၌ နေရာခင်းလေ၏၊ ဘုရားသျှင်သည် ရဟန်းသံဃာတော်များနှင့်အတူ ကောကနဒပြာသာဒ်ထက်သို့တက်တော်မူ၍၊ခင်းထားအပ်သောနေရာ၌ထိုင်တော်မူသောအခါ ဗောဓိမင်းသားသည် ဘုရားအမှူးရှိသော

ရဟန်းသံဃာတော်များအား၊ မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ် ချီးမြှင့်ရသောအဖြာဖြာတို့ဖြင့် ကောင်းစွာ လုပ်ကျွေးလှူဒါန်းလေ၏။

ဘုရားသျှင်သည် ထိုအကြောင်း အရာကြောင့် ရဟန်း သံဃာတော်များကိုခေါ်တော်မူ၍၊

> ဒိုင်ငါ၏ ချစ်သားရဟန်းများတို့ဖြန့်ခင်းထားအပ်သော
> အဝတ်ပုဆိုးများကိုမနင်းအပ်၊ နင်းသောရဟန်းအား
> ဒုက္ကဋ်အာပတ် သင့်စေ

ဟုသိက္ခာပုဒ်ပညတ်တော်မူလေသည် (စူဠဝါပါဠိတော်)။

[အင်္ဂလိပ်အစိုးရ လက်ထက်က။ လက်ပံတန်းသို့ ကြွရောက်လာတော်မူသော စစ်ကိုင်းတောင်ဘီလာဆရာတော်ဘုရားကြီးသည်။ ဖြန့်ခင်းထားအပ်သောအဝတ်ပုဆိုးများကို နင်းတော်မမူပေ။အကြောင်းကိုလျှောက်ထားသောအခါ၊စူဠဝါပါဠိတော်လာ၊ထိုသိက္ခာပုဒ်ကိုညွှန်းပြတော်မူလေသည်၊ ဗောဓိမင်းသားကား သား သမီးမထွန်းကားပေ။သားသမီးရမည်ဖြစ်ပါက၊ ဤအဝတ်ပုဆိုးကို ဘုရားသျှင်နင်းတော်မူစေသတည်း...... ဟုအဓိဋ္ဌာန်၍ ခင်းထားအပ်သောအဝတ်ပုဆိုးဖြစ်လေရာ၊ ဗောဓိမင်းသားအား ရှေးအတိတ်အကုသိုလ်ကံကြောင့်၊သားသမီးရရန်အကြောင်းမယှိပေ၊ထို့ကြောင့် ဘုရားသျှင်နင်းတော်မမူခြင်းဖြစ်လေသည်။ ။ယင်းသို့ အဓိဋ္ဌာန်တခုခုဖြင့် ခင်းထားအပ်သောအဝတ်ပုဆိုးများကို ရဟန်းတော်များမနင်းအပ်ပေ ]။

အခါတပါး၌၊ မျက်နှာမြင်ပြီးစ မိန်းမတယောက်သည် မင်္ဂလာအလို့ငှာအဝတ်ပုဆိုးတို့ကိုဖြန့်ခင်းကာ ရဟန်းတော်များအား နင်းရန်တောင်းပန်သော်လည်း သိက္ခာပုဒ်တော်ကြောင့်ရဟန်းတော်များ မနင်းကြသဖြင့် ထို မိန်းမအားအလွန်နှလုံး မသာမယာဖြစ်လေ၏။

ထိုအကြောင်းကိုဘုရားသျှင်အားလျှောက်ထားသောအခါ ဘုရားသျှင်သည်ရဟန်းသံဃာတော်တို့ကိုခေါ်တော်မူ၍၊

ဒိုင်ငါ၏ချစ်သားရဟန်းများတို့ လူတို့သည် မင်္ဂလာကို အလိုယှ်ကြကုန်၏၊

ဒိုင်ငါ၏ချစ်သား ရဟန်းများတို့။ မင်္ဂလာအလို့ငှာ ဖြန့်ခင်းထားအပ်သောအဝတ်ပုဆိုးတို့ကိုနင်းရန်ငါဘုရားခွင့်ပြုတော်မူ၏

ဟုဘုရားသျှင်မိန့်ကြားခွင့်ပြုတော်မူလေသည် (စူဠဝါပါဠိတော်)၊

(ထိုမင်္ဂလာအလို့ငှာ ဖြန့်ခင်းထားအပ်သော အဝတ်ပုဆိုးတို့ကိုနင်းအပ်ကြောင်းလျှောက်ထားသောအခါ၊ ငါ့ရှင်မင်္ဂလာ အလို့ငှာရင်း အဓိဋ္ဌာန်အလို့ငှာရင်း ဖြန့်ခင်းထားအပ်သောအဝတ်ပုဆိုဟူ၍ မည်သူသိနိုင်ပါအံ့နည်း ..... ထို့ကြောင့်ဝိနည်းကိုအလေးဂရုပြုသောရဟန်းတော်များသည်၊ ထိုလမ်း၌ဖြန့်ခင်းထားအပ်သောအဝတ်ပုဆိုးတို့ကိုမနင်းအပ်ပေ။ ဟုစစ်ကိုင်းတောင်ဘီလာဆရာတော်ဘုရားကြီးမိန့်ကြားတော်မူ၏။ နင်းစေလိုက မင်္ဂလာအလို့ငှာခင်းထားအပ်သောအဝတ်ပုဆိုးပါဘုရားဟု လျှောက်ထားသင့်လေသည်)

---

**မိန်းမဆံပင်ကိုရဟန်းတော်များ နင်းကောင်းပါသလော**

ဗုဒ္ဓဘာသာမြန်မာအမျိုးသမီးများသည်၊ ကြည်ညိုသဒ္ဓါလွန်ကဲလှ၍ ကြည်ညိုဘွယ်မထေရ်ကြီးများကြွလာတော်မူသောအခါ၊ မိမိဆံပင်ကို နင်းတော်မူပါရန် ဖြန့်ခင်းထားတတ်ကြသောအလေ့သည် အတော်ခေတ်စားနေလေသည်၊

ရဟန်းတော်များသည် ထိုမိန်းမဆံပင်များကို နင်းမိပါက နိဿဂ္ဂိအာပတ်မှ၊ သံဃာဒိသိသ်အာပတ်တိုင်အောင်ဝိတိက္ကမ

စေတနာအလျောက် သင့်ရောက်နိုင်သည်ဖြစ်၍၊ ထိုမိန်းမတို့၏ ဖြန့်ခင်းအပ်သောဆံပင်ကို ရဟန်းတော်များ၊ လုံးဝမနင်းအပ် လေသောကြောင့် ဩဇာယှိသော လူပညာယှိပုဂ္ဂိုလ်များက၊ ထိုမြန်မာမိန်းမတို့၏ ဆံပင်ဖြန့်ခင်းထားတတ်သောအလေ့ကို ရုပ်သိမ်းကြရန် နိုင်နင်းစွာတားမြစ်အပ်လှပေသည်၊

( ထိုအကြောင်းနှင့်ပတ်သက်၍၊ မြန်မာစကားမတတ်သော နိုင်ငံခြားဗင်္ဂါလီဘုန်းတော်ကြီး တပါးက မိန်းမတို့ဆံပင်ကိုမြန်မာရဟန်းတော်မထေရ်ကြီးများနင်းတော်မူကြသည်ကို လူမျိုးခြားဗုဒ္ဓဘာသာများက ကဲ့ရဲ့ရှုတ်ချကြကြောင်း ပါဠိဘာသာစကားဖြင့်လျှောက်ထားသိယှိရပေသည်)

---

## ကိုယ်ပိုင်ဥာဏ်ဖြင့် ဝေဘန်စိစစ်ကိုးကွယ်သင့်ကြောင်း၊

ဘာသာအယူဝါဒ တခုကို မိရိုးဘလာဘာသာအယူဝါဒ ဖြစ်သောကြောင့်ရင်း၊ သူတပါးက ဟောကြားဖြားယောင်းမှု ကြောင့်ရင်း၊ လိုက်နာကိုးကွယ်ဆည်းကပ်ရသည်ထက်။ မိမိ ကိုယ်ပိုင်ဥာဏ်ဖြင့် အတန်တန်ဝေဘန်စိစစ်ကာ လိုက်နာကိုး ကွယ်ဆည်းကပ်ရခြင်းက၊ သာလွန်ကောင်းမြတ်လှပေသည်။

ရှေးပညာယှိတို့သည် မိမိကိုယ်ပိုင်ဥာဏ်ဖြင့် အတန်တန် ဝေဘန်စိစစ်၍ မိမိ၏ ကောင်းကျိုးချမ်းသာကိုဖြစ်စေနိုင်မည် ဟုဧကန်ယုံကြည်စိတ်ချရသောအခါမှသာ မိမိကြိုက်နှစ်သက် ရာ ဘာသာအယူဝါဒကို လိုက်နာကိုးကွယ်ဆည်းကပ်တတ် ကြလေသည်၊

ဝေသာလီပြည်၊ လွှတ်တော်အစည်းအဝေးပွဲကြီးပြီးဆုံး သောအခါ၌၊ အလွန်ထင်ရှားကုန်၊ ထင်ရှားကုန်သောလစ္ဆဝီ

မင်းတို့သည် ဂေါတမဘုရားသျှင်၏ ဂုဏ်ကျေးဇူးတော်များကိုအထူးသဖြင့် ချီးကျူးကာ၊ မကြာမကြာပြောဆိုလေ့ယှိကြကုန်၏၊

ထို မကြာမကြာချီးကျူးပြောဆိုသံကို၊ နိဂဏ္ဍနာဋပုတ္တဆရာ၏တပည့် သီဟာစစ်သူကြီးသည် အဖန်ဖန်ကြားသိရလေသောအခါ။ ရဟန်းကြီးဂေါတမသည်။ မချွတ်ဧကန်၊ ပူဇော်အထူးကိုခံယူတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ်ဖြစ်တန်ရာ၏။ ထို့ကြောင့်သာလျှင်၊ လစ္ဆဝီမင်းတို့သည် ရဟန်းကြီး ဂေါတမ၏ ဂုဏ်ကျေးဇူးတော်များကို မကြာမကြာချီးကျူးပြောဆိုကြခြင်းသာဖြစ်ပေရာ၏ ဟုကြံစည်စဉ်းစားကာ၊ သူ၏ဆရာ နိဂဏ္ဍနာဋပုတ္တအထံသို့သွား၍၊

အိုဆရာ အကျွန်ုပ်သည် ရဟန်းကြီးဂေါတမကိုသွားရောက်ဖူးမျှော်လိုပါသည်၊ အခွင့်ပေးသနားပါ

ဟုသုံးကြိမ်တိုင်တိုင်ပန်ကြားလေ၏၊

နိဂဏ္ဍနာဋပုတ္တဆရာသည်

အိုသီဟာ၊ ငါတို့သည်ကား"ကြိယဝါဒီ" ဖြစ်ကြကုန်၏။ သင်သည် "ကြိယဝါဒီ" ဖြစ်ပါလျက် ငါတို့နှင့်ဝါဒမတူသည့်"အကြိယဝါဒီ" သွားဖြစ်သောရဟန်းကြီးဂေါတမကိုအဘယ်ကြောင့်ဖူးမျှော်လိုဘိသနည်း

ဟုသုံးကြိမ်တိုင်တိုင်တားမြစ်လေ၏။

**ဘုရားသျှင်အထံတော်သို့သွားခြင်း။**

သီဟာစစ်သူကြီးသည်၊ သုံးကြိမ်မြောက်ပန်ကြားပြီးသည့်

နောက်၊ နိဂဏ္ဌနာဋ ပုတ္တဆရာ၏ တားမြစ်ခြင်းကိုမနာယူပဲး ဘုရားသျှင်၏ ထံတော်ပါးသို့ သွားရောက်ဆည်းကပ်ရှိခိုးပူဇော်၍၊ ပဋိသန္ထာရပြုကာ မိမိဥာဏ်၌မရှင်းလင်းသောပြဿနာများကို အမျိုးမျိုး စုံစမ်းမေးမြန်းလျှောက်ထားလေတော့၏။

ဘုရားသျှင်သည် သီဟစစ်သူကြီး စုံစမ်းမေးမြန်းလျှောက်ထားသမျှပြဿနာများကို တခုမကျန်အလုံးစုံကြေနပ်လောက်အောင်ဖြေရှင်းတော်မူသောအခါ၊ သီဟစစ်သူကြီးသည် အထူးနှစ်သက်ကြေနပ်၍ မိမိကိုးကွယ်ရင်းဘာသာ အယူဝါဒတို့ကိုစွန့်ပယ်လျက်၊ သရဏဂုံသုံးပါးကိုခံယူဆောက်တည်ကာ၊ ဗုဒ္ဓဘာသာသို့သက်ဝင်ယုံကြည်လိုကြောင်းဘုရားသျှင်အား လျှောက်ထားသောအခါ ဘုရားသျှင်က ချက်ခြင်း ဗုဒ္ဓဘာသာသို့သက်ဝင်ယုံကြည်ခွင့်ပေးတော်မမူသေးပဲ၊

ဒကာသီဟ၊အသင်သည် မိမိကိုယ်ပိုင်ဥာဏ်ဖြင့်ဝေဘန်စိစစ်ကာ ကိုးကွယ်ဆည်းကပ်သက်ဝင်ယုံကြည်ခြင်းအမှုကိုပြုပါလော၊

အသင်ကဲ့သို့ထင်ရှား ကျော်စောသောပုဂ္ဂိုလ်တို့အား မိမိကိုယ်ပိုင်ဥာဏ်ဖြင့် ဝေဘန်စိစစ်၍ ကိုးကွယ်ဆည်းကပ်သက်ဝင်ယုံကြည်ခြင်းအမှုကို ပြုခြင်းသည် သာလျှင် သင့်တော်လျောက်ပတ် ကောင်းမြတ်လှပါပေ၏၊

ဟုဘုရားသျှင်ဟောကြား မိန့်မြွက်တော်မူလေသည် (ဝိနည်းမဟာဝါပါဠိတော်)

ရတနာမြတ်သုံးပါးကို မကြည်ညိုသော မလ္လာမင်းသား၊ သောတာပန် တည်ခြင်း။

ဘုရားသျှင်သည် ကုသိနာရုံပြည်သို့ဒေသစာရီကြွချီတော်မူလာမည်ဟု သိတင်းစကားကြားရသောအခါ မလ္လာမင်းတို့သည်၊ဘုရားသျှင် ကိုအားလုံးထွက်၍ ခရီးဦးကြိုဆိုကြရမည် မကြိုဆိုသောသူအား ဒဏ်ငွေ (၅၀၀) တပ်မည်ဟု ဥပဒေ ပညတ်သတ်မှတ်ကြလေသည်၊

ရောဇမည်သော မလ္လာမင်းသားသည် အသျှင်အာနန္ဒာနှင့် ကျောင်းနေဘက်သူငယ်ချင်းဖြစ်၏။ ဘုရားသျှင်သည် ကုသိနာရုံပြည်သို့ ရောက်တော်မူသော အခါ မလ္လာ မင်းအားလုံး ထွက်၍ ခရီးဦးကြိုဆိုကြကုန်၏၊

ရောဇမလ္လာမင်းသားသည်ကား ဘုရားသျှင်အားခရီးဦး ကြိုဆိုပြီးသောအခါ၊သူ၏ ကျောင်းနေဘက်သူငယ်ချင်းဖြစ်သော အသျှင်အာနန္ဒာ၏၊ အထံသို့သာ သွားရောက်ဆည်းကပ်လေ၏၊

ထိုအခါအသျှင်အာနန္ဒာက
ဒိုရောဇ၊ အသင်ဘုရားသျှင်ကို ခရီးဦးကြိုဆိုခြင်းသည် အလွန်မွန်မြတ်လှပေ၏၊ ငါ၏ ထံသို့လာမည်အစားဘုရားသျှင်၏ ထံတော်သို့ သွားရောက်ဆည်းကပ်လျှင် အလွန် အကျိုးများမည်မဟုတ်ပါလော
ဟုမိန့်တော်မူ၏၊

ရောဇ မလ္လာမင်းသားက၊
ဒိုအသျှင်ဘုရားအာနန္ဒာ အကျွန်ုပ်သည်ရတနာသုံးပါး

၌ ကြည်ညိုသူမဟုတ်ပါ၊ သွေးတော် မျိုးတော်တို့၏
ဒင်္ကင္ဌ (၅၀၀) တပ်မည် ကိုကြောက်သောကြောင့်
သာ၊ဘုရားသျှင်ကို ခရီးဦး ကြိုဆိုခြင်းမျှ ဖြစ်ပါသည်
ဟုအတိအလင်းပြောဆိုလိုက်သောအခါ၊အသျှင်အာနန္ဒာသည်
အလွန်စိတ်မချမ်းသာဖြစ်သွားရှာလေ၏။

**အသျှင်အာနန္ဒာ၏ တောင်းပန်ချက်။**

အသျှင်အာနန္ဒာသည် ဘုရားသျှင်အထံတော်သို့ ချဉ်းကပ်
ရှိခိုး၍

အိုမြတ်စွာဘုရား၊ဤရောဇမလ္လာမင်းသားသည် ထင်
ရှားကျော်စောသော သူတော်ယောက်ဖြစ်ပါသည်၊ ဤ
လိုမင်းသားမျိုးသာ သာသနာတော်၌ ကြည်ညိုလာပါ
မူ၊ သာသနာတော်သည် အလွန်တန်ခိုးထက်ဘွယ်ရာ
ယှိပါသည်၊

ဟုအသျှင်မြတ်စွာဘုရား ဘုရားတပည့်တော် တောင်းပန်
ပါသည်။ ရောဇမလ္လာမင်းသားသည် ဘုရားသျှင်သာသနာ
တော်၌ ကြည်ညိုလာအောင် ပြုလုပ်တော်မူပါဘုရား...... ဟု
လျှောက်ထား၏။

ဘုရားသျှင်က၊

အိုချစ်သား အာနန္ဒာ၊ ရောဇမလ္လာမင်းသားသာသနာ
တော်၌ ကြည်ညိုလာအောင်ပြုလုပ်ရန် ငါဘုရားအား
တစုံတရာဝန်လေးခြင်းမယှိပေ

ဟုမိန့်ကြားတော်မူ၍၊ ရောဇမလ္လာမင်းသား ကိုမေတ္တာစိတ်

တော်ဖြင့် ပျံ့နှံ့တောင်မူစေလျက် ဂန္ဓကုဋိတိုက်တော်သို့ ကြွသွားတော်မူလေ၏။

**ရောဇမလ္လာမင်းသား ဘုရားသျှင်ကိုရှာဖွေခြင်း။**

ရောဇမလ္လာမင်းသားသည်၊ ဘုရားသျှင်၏ မေတ္တာတော်ဖြင့်တွေ့ထိအပ်သည်ဖြစ်၍၊ နွားမကြီးနောက်သို့ နို့စို့နွားငယ်ကလေးလိုက်ဘိသကဲ့သို့၊ ကျောင်းတကျောင်းမှတကျောင်းသို့ပြေးသွားကာ၊ ဘုရားသျှင်အဘယ်မှာလဲ။ ဘုရားသျှင်အဘယ်မှာလဲ။ ဘုရားသျှင်ကိုတပည့်တော်အလွန်ဖူးမျှော်လိုပါသည်ဟု၊ လမ်း၌တွေ့သမျှ ရဟန်းတော်များကို မေးမြန်းလျက်ကာ၊ဘုရားသျှင်ကိုရှာဖွေလေတော့၏။

ထိုအခါ ရဟန်းတော်များက၊ ဒိုဒါယကာရောဇ၊ ဟောဟိုမှာ တံခါးပိတ်ထားသော ဂန္ဓကုဋိတိုက်ပဲ၏။ထိုဂန္ဓကုဋိတိုက်သို့ ဆူဆူညံညံမလုပ်ပဲ ဖြည်းညှင်းသာယာစွာ သွားရောက်၍ ချောင်းဟန့်ကာ၊တံခါးဘောင်ကိုခေါက်ပါ။ ဘုရားသျှင် တံခါးဖွင့်၍ပေးတော်မူပါလိမ့်မည်ဟု ပြောကြားတော်မူကြကုန်၏။

ရောဇမလ္လာမင်းသားသည် ရဟန်းတော်များ ပြောကြားတော်မူကြသည့်အတိုင်းလိုက်နာ၍ တံခါးဘောင်ကိုခေါက်လိုက်ရာ ဘုရားသျှင်သည် တန်ခိုးတော်ဖြင့် ဂန္ဓကုဋိတိုက်တံခါးကို ဖွင့်၍ ပေးတော်မူ၏။

(မှတ်ချက်။ ။ဘုရားသျှင်တို့မည်သည် တံခါးကိုထ၍ ဖွင့်ပေးရိုးထုံးစံမရှိတော်မမူကြကုန်။ တံခါးဖွင့်ရန်တံခိုးတော်ဖြင့် အဓိဋ္ဌာန်တော်မူလိုက်သောအခါ အလိုလိုတံခါးပွင့်၍သွားလေသည်)

**ရောဇသောတာပန်တည်ခြင်း။**

ထိုအခါ ရောဇမလ္လာမင်းသားသည် ဘုရားသျှင်၏ ခြေတော်အစုံကိုအားပါးတရရှိခိုးလေတော့၏ ဘုရားသျှင်သည် ရောဇ မလ္လာမင်းသား အား၊ တရားဟောတော်မူသောအခါ ရောဇ မလ္လာမင်းသားသည် သောတာပန်တည်လေတော့သည်၊

**တယောက်တည်းလှူဒါန်းရန်ခွင့်တောင်းခြင်း။**

ထိုအခါ ရောဇမလ္လာမင်းသားသည်၊ အိုဘုန်းတော်ကြီးလှသော မြတ်စွာဘုရား ဘုရားအမှူးယှိတော်မူသော သံဃာတော်များသည် ဘုရားတပည့်တော် ရောဇ၏ ပစ္စည်းလေးပါးတို့ကိုသာအလှူခံတော်မူကြပါ၊ သူတပါးတို့၏ ပစ္စည်းလေးပါးတို့ကို အလှူခံတော်မမူကြပါကုန်လင့် ဟု မိမိတယောက်တည်းလှူဒါန်းပိုင်ခွင့်ရစေရန်အခွင့်တောင်းလေ၏၊

**သောတာပန်မှန်သမျှ သည်လိုအခွင့်တောင်းကြခြင်း။**

အိုရောဇ။ ငါဘုရားသျှင်၏ တရားတော်ကိုကြားနာရ၍ သောတာပန်တည်သော ပုဂ္ဂိုလ်မှန်သမျှ အသင်ကဲ့သို့ပင် တယောက်ထည်း လှူဒါန်းပိုင်ခွင့်ရစေရန် အခွင့်တောင်းကြ စမြဲ ဖြစ်လေသည်။

အိုရောဇ ငါဘုရားသည်၊ အသင်၏ ပစ္စည်းလေးပါး တို့ကိုလည်း၊ အလှူခံတော်မူပါအံ့။ သူတပါးတို့၏ ပစ္စည်းလေးပါးတို့ကိုလည်း၊ အလှူခံတော်မူပါအံ့

ဟုမိန့်ကြားတော်မူလေသည် (ဝိနည်းမဟာဝါပါဠိတော်)၊

(မှတ်ချက်။ သောတာပန်အစရှိသော အရိယာသာဝက တို့၏ မဂ်ဖိုလ်ဖြင့် ရအပ်သော သဒ္ဓါတရားသည်ကား၊ ရတနာမြတ်သုံးပါးနှင့် သာသနာတော်ကိုတကယ်ကြည်ညိုညွတ်ကိုင်းသော "အဝေစ္စပ္ပသာဒ" ဖြစ်သည့်အတိုင်း ဘုရားသျှင် အမှူးရှိသော သံဃာတော်များကို မိမိတဦးတည်းသာ တာဝန်ယူ၍ ပစ္စည်းလေးပါးတို့ကို လှူဒါန်း ထောက်ပံ့ခြင်းငှာ အလိုရှိကြပေသည်၊ သူတပါးတို့တာဝန်ယူကာ လှူဒါန်းထောက်ပံ့သွားမည်ကိုပင် မလိုလားကြပေ။ ယင်းသို့ဖြစ်၍ ရတနာမြတ်သုံးပါးနှင့် သာသနာတော် ကိုကြည်ညိုလှူဒါန်းထောက်ပံ့ကြရာ၌ မည်သူကမည်သို့လှူဒါန်းထောက်ပံ့ပါမှ သာ ငါလှူဒါန်းထောက်ပံ့မည်ဟု သူတပါးတို့အား တွက်ကပ်တတ်သော သဘောတရားသည်၊ သောတာပန်အစရှိသော အရိယာသာဝကတို့ သန္တာန်၌မရှိကြပေ

ဤဝတ္ထုသာဓကသည်ကား၊ ယျှခေတ်၌ပေါ်ပေါက်နေသော "စိတ်ညှို့ပညာ"နှင့်ခတ်ဆင်ဆင်တူနေ၍ ဘုရားသျှင်သည်၊ ရောဇမလ္လာမင်းသားအား "စိတ်ညှို့ပညာ" ဖြင့် ဆွဲးဆောင်သွားသည်ဟု စိတ်ညှို့ပညာ သမားများက ပြောဆိုကောင်း ပြောဆိုကြပေလိမ့်မည်။ အမှန်မှာ မေတ္တာပြဋ္ဌာန်းသောစိတ်တော်၏ တန်ခိုးအာနုဘော်ပင်ဖြစ်လေသည်၊

စိတ်သည်လူတယောက်တည်းကိုသာဆွဲဆောင်နိုင်သည်မဟုတ်သေး
ကမ္ဘာလောကကြီးတခုလုံးကိုပါဆွဲးဆောင်နိုင်လေသည်၊

ဟု၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ ဘုရားသျှင် ဟောကြားတော်မူလေသည် )။

---

**သောတာပန် ပါရာဇိကပါ တအာမှုပြုသလော ?**

ရာဇဂြိုဟ်ပြည်၌ သောတာပန် သူဌေးသို့တယောက်သည် ဘဝရေစက်ကြောင့် ကုက္ကုဋမိတ္တမည်သော မုဆိုးကြီးနှင့် အကြောင်းပါ၍ သား(၇)ယောက်ရလေသည်၊

ဘုရားသျှင်ချွတ်သဖြင့် မုဆိုးကြီးသည် သား(၇)ယောက် ချွေးမ(၇)ယောက်တို့နှင့်အတူ သောတာပန်တည်လေသည်၊ သောတာပန်တည်သည်နှင့်တပြိုင်နက် မုဆိုးအလုပ်ကို မလုပ်တော့ပေ၊

ရဟန်းတော်တို့က၊ ဘုရားသျှင်အား ဤသို့လျှောက်ထားကြကုန်၏၊

> အိုမြတ်စွာဘုရား၊ သောတာပန် သူဌေးသ္မီးမုဆိုးကတော်သည်၊ မုဆိုးကြီးစေခိုင်းရာ၊ လေး,မြား,ဓား,မိုက်ကွန့်တို့ကို ပြုစီရင်၍ ပေးနေရာ၊ ထိုသောတာပန် သူဌေးသ္မီး မုဆိုးကတော်ပြုစီရင်ပေးအပ်သောလက်နက်တို့ဖြင့် မုဆိုးကြီးသည်၊ သမင်ဒရယ် ချေငယ်စိုင်ဆတ် အစရှိသောတိရစ္ဆာန်ပေါင်းများစွာတို့၏ အသက်ကို သတ်ဖြတ်သောကြောင့်၊ ထိုသောတာပန်အား ပါဏာတိပါတမဖြစ်ပြီလော ?

ဟုလျှောက်ထားကြကုန်၏၊

ဘုရားသျှင်က၊ အိုငါ၏ချစ်သားရဟန်းများတို့၊ ထိုသောတာပန်သူဌေးသ္မီး မုဆိုးကတော်သည်၊ လင်ယောကျ်ား မုဆိုးကြီး၏စကားကိုလိုက်နာသောအားဖြင့်၊ ထိုသို့လက်နက်တို့ကို ပြင်ဆင်၍ ပေးခြင်းမျှသာဖြစ်၏။

ထိုလက်နက်တို့ကိုယူ၍ သူ့အသက်သတ်ခြင်းအမှုကို ပြုစေသတည်းဟု ထိုသောတာပန်သူဌေးသ္မီးမုဆိုးကတော်အား သေစေလိုသောစိတ်မရှိပေ၊

ဥပမာအားဖြင့် ဟောကြားချက်၊

လက်အပြင်၌ အနာမရှိခဲ့ပါသော် အဆိပ်ကိုင်သောသူ၏ ထိုလက်ကိုအဆိပ်သည် သောင်မြိုက်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့၊ ထို့အတူ ပါဏာတိပါတအကုသိုလ် စေတနာမရှိသောကြောင့်၊ ထိုလေးမြှားအစရှိသော လက်နက်တို့ကို၊ လင်ယောကျ်ားမုဆိုးကြီး၏ အမိန့်အတိုင်း ယူဆောင်ပေးသော သောတာပန် သူဌေးသမီးမုဆိုးကတော်အား ပါဏာတိပါတ အကုသိုလ်ကံမဖြစ်ပေ...... ဟုဘုရားသျှင် ဟောကြားတော်မူလေသည် (ဓမ္မပဒအဋ္ဌကထာ)

---

သောတာပန်နှင့်သုရာမေရယကံ။

အရက်အနည်းငယ်ကို အရက်အနံ့ အရက်အရသာမပေါ်အောင်ဆေးနှင့်ရောနှော၍ အနာရောဂါဟူသော အကြောင်းကြောင့်၊ရဟန်းတော်များသောက်အပ်ကြောင်းကို(ဝိနည်းမဟာဝါပါဠိတော် ဘေသဇ္ဇက္ခန္ဓက) ၌ဘုရားသျှင်ခွင့်ပြုတော်မူချက်အရ ရဟန္တာမထေရ်ကြီးများသည်ပင်လျှင်။ထိုအရက်နှင့်ရောနှောအပ်သောဆေးကိုသောက်တော်မူကြလေရကား၊

သောတာပန်ပုဂ္ဂိုလ်တို့သည်လည်း ထိုအရက်နှင့်ရောနှောအပ်သော ဆေးကိုအနာရောဂါဟူသော အကြောင်းကြောင့် သောက်အပ်လေသည်။

အရက်ကျန်မနေ၊

ယင်းသို့သောတာပန် ပုဂ္ဂိုလ်တို့သည် ထိုအရက်နှင့် ရောနှောအပ်သော ဆေးကိုသောက်ကြပါမူ၊ အရက်သက်သက်

ကျန်ရစ်ခဲ့နေခဲ့ပဲ၊ သောတာပန်တို့၏ ခံတွင်းသို့ ဝင်သွားမည့်သာဖြစ်ပေသည်၊

**ထိုဟာကိုမသောက်အပ်။**

အရက်သက်သက်ကိုဖြစ်စေ၊ အရက်အနံ့ အရက်အရသာ မပျက်သော ဆေးကိုဖြစ်စေ၊ မသောက်အပ်ပေ။

---

**ယောအတွင်းဝန်၏ ငါဒ။**

ယောအတွင်းဝန် ဦးတိုးလှိုင်က၊ ထိုပကာသကိုအမြွက်ထောင်၍၊ အရက်အနည်းငယ်ကို ဆေးအမှတ်ဖြင့်သောက်အပ်ကြောင်းဟောပြောလေ၏။ ပဌမသင်္ဂါယနာတင်ဘဝရှင်မင်းတုန်းမင်းတရားကြီးက၊ ယောအတွင်းဝန်ကိုခေါ်တော်မူ၍၊ မေးမြန်းတော်မူရာ၊ ထို (ဝိနည်းမဟာဝါပါဠိတော် ဘေသဇ္ဇက္ခန္ဓက) ကိုကိုးကား၍၊ သောက်အပ်ကြောင်း သံတော်ဦးတင်လေ၏၊

**တားမြစ်တော်မူခြင်း။**

ထိုအခါ ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားက၊ မောင်လှိုင် ..... မောင်မင်း သည့်တရားကိုနှောက်ထင်မဟောပါလင့်၊ မောင်မင်းလိုလူက၊ သည့်တရားမျိုးကို ဟောနေခဲ့ပါလျှင်၊ ငါကိုယ်တော်မြတ် တိုင်းနိုင်ငံတော်အတွင်း၌၊ အရက်သမားများကိုအားပေးရာရောက်၍၊ အရက်သေစာသောက်စားနူးယစ်သူ ပေါများလာပါလိမ့်မည် ...ဟု တားမြစ်တော်မူသတတ်၊

**အသေခံမှားခြင်း။**

အချို့လူများကား၊ဘုရားသည် သစ္စာမိစ္ဆာနှင့် ပြုထားသည်ဆို၍ အရက်ပါသောဆေးများကိုမသောက်ပဲ အသက်အသေခံကြ သည် ဟုကြားရဘူးသည်၊ ထိုလူများကား ဘုရားသျှင်ခွင့်ပြု တော်မူချက်ကို မသိကြကုန်၍ ထိုကဲ့သို့မိမိ၏ အဘိုးတန် သောအသက်ကိုအဆုံးအရှုံးခံကြခြင်းသာဖြစ်ပေသည်၊

**သောက်အပ်ခြင်း။**

အရက်အနံ့၊ အရက်အရသာမပေါ်အောင် ရောနှောထား အပ်သော ဆေးများကို အနာရောဂါ ဟူသောအကြောင်း ကြောင့် သောက်အပ်ကြောင်းကို ဘုရားသျှင်ကိုယ်တော်တိုင် ခွင့်ပြုထားပြီးဖြစ်လေရကား၊အရိယာ၊ ပုထုဇ္ဇန်မဟူ မည်သည့် လူ၊ ရှင်၊ ရဟန်းမဆို အနာရောဂါဟူသောအကြောင်းယှိလျှင်၊ သောက်အပ်ကြောင်းကိုသန္နိဋ္ဌာန်ဘမှတ်သားကြကုန်ရာသည်

---

**ရဟန္တာအစကိုပေါ်အောင်လုပ်နည်း။**

ရှေးအခါက "ကုဟက" ရဟန်းတော်တပါးသည်တောင် ထိပ်ပေါ်ယှိသစ်ခွက်မိုးအရပ်၌၊ရဟန္တာ၏အသွင်ကို ဆောင် ကာ သီတင်းသုံးနေထိုင်လေ၏၊

သစ်ခွက်မိုးအရပ်၏ နောက်ကမ်းပါးပြတ်၌ ပညောင်ပင် တပင်ယှိလေ၏၊ ထိုပညောင်ပင်မှ မြစ်ပျဉ်းညောင်မုတ်ဆိတ် သည် တောင်ခြေမြေပြင်သို့တွဲလျှားကျ၍တည်နေ၏၊

လူတို့သည် တောင်ပေါ်သွားလမ်းခရီးဖြင့် လာလတ်၍၊ ထိုရဟန်းတော်ကို ပင့်ဘိတ်ကြကုန်၏၊

**တန်ခိုးပြပုံ။**

ထိုရဟန်းတော်သည်၊ သပိတ်သက်န်းကိုယူကာ၊ မြစ်ပျဉ်း [ညောင်မုတ်ဆိတ်] မှ လျှောချလျက်၊ ရွာတံခါးသို့ အရင်ရောက်အောင်သွားနေလေ၏။

ထိုအခါလူတို့သည်

အိုအသျှင်မြတ်ဘုရား၊ အသျှင်မြတ်သည်၊ တပည့်တော်တို့၏ နောက်မှကြွရောက်တော်မူလာပါလျက်၊ အဘယ်လမ်းခရီးဖြင့် ကြွလာတော်မူသောကြောင့်။ တပည့်တော်တို့၏အရင် ရွာတံခါးသို့ ရောက်နေတော်မူပါသနည်း

ဟုလျှောက်ထားကြကုန်၏။

ထိုအခါ ရဟန်းတော်က

အိုဒါယကာတို့၊ ရဟန်းတော်တို့အား၊ ကြွလာသည့်လမ်းကို မေးမြန်းခြင်းငှာမသင့်ပေ။ ငါတို့သည် မိမိအလိုယှိရာ, အလိုယှိရာအရပ်မှကြွလာခဲ့ပေ၏

ဟုမိမိကိုယ်ကို "ချာနိရ-ရဟန္တာ" ဟုမှတ်ထင်လေအောင်ပြောဆိုလေတော့သည်။

**ချာန်ကြီးပြတ်ကျခြင်း၊**

ပညာယှိ ဒါယကာတဦးသည်၊ ထိုရဟန်း၏အကြောင်းကို၊ ကျနစွာစုံစမ်းသိယှိရ၍။ ထိုရဟန်းသျှောချ နေကြဖြစ်သော မြစ်ပျဉ်းညောင်မုတ်ဆိတ်ကို၊ မပြတ်တပြတ်ဒါးနှင့်ဖြတ်ထားလေ၏၊

ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဘန်စိစစ်ခြင်း မသိကြကုန်သော ဒကာ,ဒကာမတို့ကား၊ထိုရဟန်းတော်ကို "ချာန်ရ-ရဟန္တာ" ဟုမှတ်ထင်ကာ ကြည်ညိုကိုးကွယ်ဆည်း ကပ်ခြင်း ဆည်းကပ်ကြလေကုန်၏။

တနေ့သောအခါ၊ထိုရဟန်းတော်ကိုဘိတ်ကြားကြပြန်ရာ။ ရဟန်းတော်သည် ဈေးကကဲ့သို့မှတ်ထင်သဖြင့်၊ မြစ်ပျဉ်း ညောင်မုတ်ဆိတ်မှလျှောချပြန်ရာ။ မြစ်ပျဉ်းညောင်မုတ်ဆိတ် သည် ထောင်းကနဲပြတ်၍၊ထိုရဟန်းသည် တောင်အောက် သို့ဂုံးကနဲးကျကာ၊ မြေသပိတ်လည်းကွဲသွားလေတော့၏။ ထိုရဟန်းတော်သည်၊ငါ၏အကြောင်းကို ဒကာ,ဒကာမတွေ့ သိကုန်ကြပြီဟု......ထိုအရပ်မှထွက်ပြေးလေတော့သည်။ ထို ရဟန်းကို"ပါရောဟရဟန္တာ"ဟုခေါ်တွင်လေသတည်း (သမ္မော ဟဝိနောဒနီအဋ္ဌကထာ)။

---

**အရိယာ**။

ဘုရား,ပစ္စေကဗုဒ္ဓါ,သောတာပန်,သကဒါဂါမ်, အနာဂါမ် ရဟန္တာ ဟုဆိုအပ်ကုန်သော ဘုရားသျှင်၏တပည့်သား သာ ဝကတို့ကို"**အရိယာ**"ဟုခေါ်ဆိုရလေသည် [ အင်္ဂုတ္တိုရ်အဋ္ဌ ကထာ ]။

**အရဟတ္တမဂ်[ ၃ ]ပါးအထူး**။

ဘုရားသျှင်၏ အရဟတ္တမဂ်,ပစ္စေကဗုဒ္ဓါ၏ အရဟတ္တမဂ်

သာဝကရဟန္တာ၏ အရဟတ္တမဂ်သုံးပါးတို့သည် အဘယ်ကဲ့သို့ထူးခြားကြပါကုန်သနည်း ? ဟူမူ။

ဘုရားသျှင်၏ အရဟတ္တမဂ်သည် အလုံးစုံသောဂုဏ်တော်တို့ကို အပြည့်အစုံပေးစွမ်းနိုင်ပေ၏......ပစ္စေကဗုဒ္ဓါတို့၏ အရဟတ္တမဂ်သည် ပစ္စေကဗောဓိဉာဏ်ကိုသာပေးစွမ်းနိုင်ပေ၏. သာဝကရဟန္တာတို့၏ အရဟတ္တမဂ်သည် အလုံးစုံသောဂုဏ်တို့ကို အပြည့်အစုံပေးခြင်းငှာ မစွမ်းနိုင်ပေ။ထို့ကြောင့် ဘုရားသျှင်၏ အရဟတ္တမဂ်ကိုသာလျှင်"အနုတ္တရဗောဓိ"ဟု ခေါ်ဆိုရပေသည်၊ဤကဲ့သို့ထူးခြားကြပါကုန်သည် (နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ)။

---

သဒ္ဓါ၏အရင်းမူလ။

သောတာပတ္တိမဂ်သည် သဒ္ဓါ၏အရင်းမူလမည်၏။ မဂ်ဖြင့်ရလာသော သဒ္ဓါတရားသည်ကား၊ ကျောက်မြေခွံတည်သော မြင့်မိုရ်တောင်ကြီးကဲ့သို့ လှုပ်ရှားခြင်းမယှိပေ [ မူလပဏ္ဏာသအဋ္ဌကထာ ]။

---

**ဝိဝိအသေးကိုသိ၍ဂိသေနရဟန်းအားသျှုဒါန်းသောသောတာပန်။**

သောတာပန်တို့သည် ဘုရား,တရား, သံဃာရတနာ့မြတ်သုံးပါးတို့၌ အထူးသက်ဝင်ယုံကြည်ကာ၊ သဒ္ဓါကြည်ညိုမှုလွန်ကဲးလှသည့်အတိုင်း၊ဘုရားသျှင်၏ ဟောကြားညွှန်ပြဆုံးမတော်မူအပ်သော တရားတော်ကို၊တသွေမတိမ်းလိုက်နာ ပြုင့်

ကြီးသည့်အပြင်၊ သံဃာတော်၏ အရေးနှင့်ပတ်သက်၍ အသက်ပေးဆောင်ရွက်ကာ၊ သံဃာတော်များကို အထူးဂရုစိုက်လျက်၊ဆည်းကပ်လုပ်ကျွေးလှူဒါန်းတတ်ကြလေသည်။

ဘုရားသျှင်သည် "**သူနာပြုခြင်း**" ကို။ကိုယ်တော်တိုင်ဆောင်ရွက်တော်မူသည့်အပြင်၊ သူနာပြုရသောကုသိုလ်ကို၊ ဘုရားသျှင်အား ပြုရသောကုသိုလ်နှင့် တတန်းတစားတည်းကဲ့သို့ထားကာ၊ ဟောကြားညွှန်ပြဆုံးမတော်မူသည့်အတိုင်း "**အရိယသာဝက**" တို့သည် သူနာများကို အထူးဂရုတစိုက်ပြုစုတတ်ကြပေသည်၊

**မှန်ပါသည်။** ။ဘုရားသျှင်သည် ဗာရာဏသီပြည် ဣသိပတန * မိဂဒါဝုန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူစဉ်။ သုပ္ပိယာဥပါသကာဇနီးမောင်နှံတို့သည်၊ သဒ္ဓါတရားပြည့်ဝကြကုန်သည့်အလျောက်၊ သံဃာတော်များကို အထူးဂရုတစိုက်ပြုစုလုပ်ကျွေးလှူဒါန်းတတ်ကြကုန်၏၊

**ပစ္စည်းလေးပါးဖိတ်ကြားခြင်း။**

တခါက၊သုပ္ပိယာဥပါသိကာမကြီးသည် ဣသိပတန * မိဂဒါဝုန် ကျောင်းတော်သို့သွား၍ ကျောင်း တကျောင်းမှ တကျောင်းသို့ ကူးသန်းသွားလာလျက် ကျောင်းစဉ်လှည့်ကာ၊ အဘယ်သံဃာတော်များ မကျန်းမမာ ဖြစ်တော်မူကြပါသနည်း။ အဘယ်ပစ္စည်းများကို အလိုရှိတော်မူကြပါသနည်း ဟုလိုက်လံမေးမြန်းစုံစမ်းလေ၏။

**ဝွပ်ပြုတ်တောင်းခြင်း။**

ထိုအခါ၊ရဟန်းတော်တပါးက၊ အိုသုပ္ပိယဒါယိကာမကြီး အကျွန်ုပ်မှာ ဝမ်းနှုတ်ဆေးသောက်ထားသောကြောင့်၊ အား အင်ကုန်ခမ်းနေရာ။ ဝွတ်ပြုတ်ရည်ကိုအလိုယှိပါသည်ဟု မိန့် ကြားတော်မူ၏။

ကောင်းပါပြီအသျှင်ဘုရား၊ ဝွတ်ပြုတ်ရည်ကို ရှိလွတ်လှူ ဒါန်းလိုက်ပါမည်ဟု ဝန်ခံခဲ့၍ အိမ်သို့သွားကာ၊ တပည့် ယောကျ်ားတယောက်ကို ပံ့သကူသားရှာရန်စေလွှတ်လိုက် လေ၏။

**မာဃာတသယေ။**

ထိုယောကျ်ားသည် ဗာရာဏသီတမြို့လုံးသို့ လှည့်လည် ရှာဖွေပါသော်လည်း၊သားကြီး,ငါးကြီးမပေါ်ပေါက်ရ .....ဟု စည်လည်ထားသော နေ့နှင့်ကြုံကြိုက်နေသောကြောင့်၊ မည် သည့်အသားကိုမျှရှာမရသဖြင့် အိမ်သို့ပြန်လာကာ၊ အကျိုး အကြောင်းကို သုပ္ပိယ ဥပါသိကာမကြီးအား ပြောကြားလေ ၏။

**ပေါင်သားကိုလှီး၍ ဝွတ်ပြုတ်လုပ်နိုင်းခြင်း၊**

သုပ္ပိယဥပါသိကာမကြီးသည်။ ယနေ့ဝွတ်ပြုတ်ရည်ကို မ သောက်ရသော ဂီလာန-သူနာရဟန်းတော်အား အနားရော

---

* "မိဂဒါဝုန်" ... ဟုအရေးများကြ၏၊ ဤ၌ "မိဂဒါယ" ပုဒ်ကိုထောက်၍ "မိဂဒါယံ" ဟုရေးထုံးပြုလိုက်သည်။

ဂါသော်လည်းတိုးရာ၏။ ပြန်လွန်တော်မူလည်း ပြန်လွန်တော်မူရာ၏။

ငါသည် စွတ်ပြုတ်ရည်ကို ပို့လွှတ်လှူဒါန်းပါအံ့ဟု ဝန်ခံ ဂတိပြုပြီးမှ ပျက်ကွက်ရပါမူ၊ လုံးဝမသင့်တော်ပေ ....ဟုကြံစည်ကာ။ သားလှီးဒါးကိုယူလျက် မိမိပေါင်သားကိုလှီးဖြတ်ကာ၊ ကျွန်မတယောက်အား "**စွတ်ပြုတ်ရည်**" ပြုလုပ်၍ ဤမည်သောကျောင်း၌သီတင်းသုံးတော်မူသော ဂိလာနသူနာရဟန်းတော်အား သွားရောက်ဆက်ကပ်လှူဒါန်းချေ။

တစုံတယောက်သောသူက၊ ငါ့အားမေးမြန်းခဲ့သော် နေထိုင်မကောင်းသည့်အကြောင်းပြောကြားလေ ..... ဟုမှာထားကာ။ အဝတ်ဖြင့် မိမိပေါင်ကိုရစ်ပတ်ကာ၊ တိုက်ခန်းသို့ဝင်၍ ညောင်စောင်းပေါ်၌လဲလျောင်းနေလေ၏။

· **လင်ယောကျ်ားကမေးခြင်း။**

သုပ္ပိယဥပါသကာကြီးသည်၊ အမှုလုပ်ရာမှအိမ်သို့ပြန်လာ၍၊ သုပ္ပိယ ဥပါသိကာမကြီးဘယ်သွားသလဲ......ဟုကျွန်မကိုမေးရာ၊ တိုက်ခန်းတွင်း၌အိပ်နေကြောင်းပြောသလေ၏။

သုပ္ပိယ ဥပါသကာကြီးသည်၊ တိုက်ခန်းတွင်းသို့ဝင်၍၊ သုပ္ပိယဥပါသိကာမကြီးအားအဘယ့်ကြောင့်အိပ်နေသနည်း ဟုမေးရာ၊ နေထိုင်မကောင်းသောကြောင့် အိပ်နေကြောင်း ပြန်လည်ပြောဆိုလေ၏။

ထိုနေထိုင်မကောင်းခြင်း၏အကြောင်းကိုအတန်တန်မေးမြန်းသောအခါ၊ မိမိပေါင်သားကိုလှီး၍ စွတ်ပြုတ်ပြုလုပ်ကာ၊ ဂိလာ

နသူနာခရဟာန်းတော်အား ဆက်ကပ်လှူဒါန်းလိုက်ကြောင်း မကွယ်မထောင့်ပဲ အမှန်အတိုင်းပြောကြားသိစေလိုက်လေ၏။

[မှတ်ချက်။ ။သောတာပန်တို့မည်သည် "အရိယကန္တ" အရိယာသူတော်ကောင်းတို့နှစ်သက်မြတ်နိုးအပ်သောငါးပါးသီလလုံခြုံသည်ဖြစ်သောကြောင့် ဂတိတသ္ကာ မည်သည့်အခါမျှ "မုသာဝါဒ" လိမ်လည်ပြောဆိုခြင်းအမှုကို ပြုလေ့မယှိပေ ]။

**လင်ယောက်ျားက အသားလှီးလှူသည်ကို ဝမ်းမြောက်ချီးမွမ်းခြင်း။**

ထိုအခါ၊ သုပ္ပိယဥပါသကာကြီးသည် အလွန်တရာဝမ်းမြောက်ရွှင်လန်းအားတက်သရေယှိလှသည်ဖြစ်၍၊

အိုအချင်းတို့ သုပ္ပိယဥပါသိကာမကြီး၏ ရတနာမြတ်သုံးပါး၌သက်ဝင်ယုံကြည်ကာ သဒ္ဓါကြည်ညိုဟုပုံမှာ။ အော်--လက်ဖျစ်ခတ်တီးအံ့ချီးဘွယ်ရာကောင်းလှပေစွတကား၊

အိုအချင်းတို့၊ သုပ္ပိယဥပါသိကာမကြီး၏ ရတနာမြတ်သုံးပါး၌သက်ဝင်ယုံကြည်ကာ၊ သဒ္ဓါကြည်ညိုသည့်ပုံမှာ၊ အော်--မဖြစ်ဘူးမြဲသူးကဲးစွာဖြစ်ပေါ်လာခြင်း ဖြစ်ပါပေစွတကား၊

အိုအချင်းတို့၊ ငါ၏ဇာနီးသယ်- သုပ္ပိယဥပါသိကာမကြီးသည် မိမိ၏အသားကိုမျှမထောက်မညှာသ္မီးဖြတ်၍ လှူဒါန်းနိုင်ခဲ့ပါသော်၊ အခြားလယ် ယာ, မိုးမြေ, ပိန္နဲ့ရွှေရတနာ, တိုက်တာအဆောက် အဦးစသည်တို့ကို အဘယ်မှာသျှင် မလှူဒါန်းနိုင်ပဲယှိပါတော့အံ့နည်းဟု ရတနာသုံးပါးနှင့်သာသနာတော်အတွက်၊ အသက်ပေးကြည်ညိုလှသော မိမိ၏ဇာနီးသယ်ကို

မို၍ အလွန်အားရွှန်းစိုသက်ဝမ်းမြောက်စွာဂုဏ်ယူကာ ဘုရား အမှူးယှိသော သံဃာတော်များကို နေ့အိမ်သို့ ပင့်ဘိတ်၍၊ ဆွမ်းလုပ်ကျွေးမည်ဆဲဆဲတွင်၊ သုပ္ပိယဥပါသိကာမကြီး အဘယ်မှာနည်း........ ဟုဘုရားသျှင်ကမေးတော်မူရာ၊ နေထိုင်မကောင်း၍ လျောင်းစက်နေကြောင်း လျှောက်ထားသော် လည်း၊ ငါဘုရားထံတော်ပါးသို့လာခဲ့ရမည်..... ဟု မိန့်တော်မူသဖြင့်၊ သုပ္ပိယဥပါသိကာမကြီး မထနိုင်သည့် အကြောင်း လျှောက်ထားလေ၏။

ဘုရားသျှင်ခေါ်တော်မူခြင်း။

ဘုရားသျှင်က၊ သုပ္ပိယဥပါသကာကြီး ကိုယ်တိုင်ချီမ၍ သုပ္ပိယဥပါသိကာမကြီးကို၊ ငါဘုရား၏ထံတော်ပါးသို့ခေါ် ဆောင်လာခဲ့ရမည်.......ဟု အမိန့်တော်မြွတ် ချမှတ်တော်မူပြန် လေ၏၊

သုပ္ပိယဥပါသကာကြီးသည် ဘုရားသျှင်၏ အမိန့်တော် အရ၊ သုပ္ပိယ ဥပါသိကာမကြီးကိုချီမကာ ဘုရားသျှင်၏ ထံ တော်ပါးသို့ ခေါ်ဆောင်လာစဉ်၊ သုပ္ပိယ ဥပါသိကာမကြီး သည် ဘုရားသျှင်ကိုဖူးမြင်ရသည် နှင့်တပြိုင်နက်၊ ဒါးဖြင့်လှီး ဖြတ်ထားသောကြောင့် ကြီးမားသော အနာကြီးသည်ချက် ချင်းပင်ကင်းပျောက်၍ အသားကောင်း ပကတိ အတိုင်းဖြစ် ပေတော့၏

ဒါးလှီးရာပျောက်သွား၍ ဝမ်းသာအံ့ဩကြခြင်း၊

ထိုအခါ၊ သုပ္ပိယဥပါသကာဇနီးမောင်နှံတို့က၊

အိုအချင်းတို့ ဘုရားသျှင်၏ ကြီးမားလှသောတန်ခိုး

အာနန္ဒာသည် အော်ဇုံပြ၍ မဆုံးနိုင်လောက်အောင် ထူးခြားဆန်းကြယ်လှပါပေစွတကား။

အိုအချင်းတို့ ဘုရားသျှင်၏ ကြီးမားလှသော တန်ခိုးအာနုဘော်သည်၊ အော် မဖြစ်ဘူးမြဲအလွန်တရာ ထူးကဲလှပါပေစွတကား။

သုပ္ပိယဥပါသိကာမကြီး၏ ရတနာမြတ်သုံးပါး၌ ထူးကဲစွာသဒ္ဓါကြည်ညိုလှသောကြောင့် ဂိလာနသူနာရဟန်းတော်အား မိမိအသားကိုလှီးဖြတ်လှူဒါန်း၍ ဖြစ်ပေါ်လာသောအနာကြီးသည် ဘုရားသျှင်ကိုဖူးမြင်ရသည်နှင့်တပြိုင်နက် ချက်ခြင်း အသားကောင်းပကတိဖြစ်ကာ ပျောက်ကင်းချမ်းသာရပါပေ၏ ဟု အလွန်အားတက်ရွှင်လန်းဝမ်းမြောက်လှသည်ဖြစ်၍ ဘုရား အမှူးရှိသော သံဃာတော်များအား မိမိလက်ဖြင့်ကိုယ်တိုင်အားပါးတရ ဆက်ကပ်လှူဒါန်းလုပ်ကျွေးကြလေကုန်သတည်း (ဝိနည်းမဟာဝါပါဠိတော်)

---

## ပညာလွန်ခြင်း၏ အပြစ်။

ပညာလွန်ကဲ၍ သဒ္ဓါနည်းသောပုဂ္ဂိုလ်သည် (စိတ်ကောင်းထားတတ်လျှင်ပြီးတာပဲ။ ဒါနပြုစရာမလို, သီလအထူး ဆောက်တည်စရာမလို, သမထ ဝိပဿနာအထူး ပွားနေစရာမလို, ဒါနသည် သံသရာကိုရှည်စေတတ်သည်)စသည်ဖြင့် "**ဓမ္မအတုအယောင်**" တို့ကိုပြောဆိုကာ (ကေရာဋိကပက္ခ) ကောက်ကျစ်စဉ်းလဲသောအဘို့၌ တည်တတ်လေသည်။

ထိုပညာလွန်၍ သဒ္ဓါနည်းသောပုဂ္ဂိုလ်သည်ကား၊ ဆေး

ကြောင့်ဖြစ်ပေါ်လာသောအနာရောဂါကဲ့သို့၊ ကုစားရန်အလွန် ခက်ခဲလှပေသည် (အင်္ဂုတ္တရ ဧကကနိပါတ်အဋ္ဌကထာ)

(မှတ်ချက်၊ ၊အချို့ပုဂ္ဂိုလ်တို့ကား ပမာဒတရား မဇ္ဈိမရိယတရား တို့ ကြောင့် မိမိလျှာဒါန်းရမည်စိုး၍ (ဝါ) မိမိပစ္စည်းကုန်မည်စိုး၍ ဒါနကိုမပြုလို ကြပေ၊ ဒါနမပြုပဲနေပြန်လျှင်လည်း သူတပါးကဲ့ရဲ့ရှုံ့ချမည့် "ပရူပဝါဒ ဘေး" ကိုကြောက်သောကြောင့်၊ ဝိပဿနာကမ္မဋ္ဌာန်းစီဖြန်းမှု ကမ္မဋ္ဌာန်း ကျောင်းသို့မကြာမကြာသွားမှု ဝိပဿနာ စကားကိုတဖောင်ဖောင်ပြောမှု ပြု လုပ်ကာ၊ မိမိဒါနမပြုသောအပြစ်ကိုဖုံးကွယ်လိုကြပေသည်

ထိုပညာလွန်၍ သဒ္ဓါနည်းသော ပုဂ္ဂိုလ်တို့ကို တရားလမ်းမှန်ကျအောင် ဆုံးမသွန်သင်ရန်မလွယ်ကူလှပေ၊ မည်သို့လမ်းမှန်ကျအောင် ဆုံးမသွန်သင် ပြောသော်သည်း၊မိမိအယူကိုစွန့်၍ အလွန်လိုက်နာခဲလှပေသည်။

ထိုသူတို့သည် မိမိကိုယ်ကိုသာ ကြီးစွာအကျိုးဆုတ်ယုတ် ပျက်ပြားစေ သည်မဟုတ်သေး ထိုသူတို့၏ စကားကိုနားယောင်ကာ ဒါနပယ်သူပေါ များလာ၍ အခြားသူတို့ကိုလည်းကြီးစွာအကျိုးဆုတ်ယုတ်ပျက်ပြားစေတတ် လေသည်။

ထို့ကြောင့် ထိုသူများကိုဆေးကြောင့်ဖြစ်သော အနာရောဂါကဲ့သို့အလွန် အကုစားရခက်ခဲလှကြောင်းကို အဋ္ဌကထာဆရာ အထူးမိန့်ဆိုတော်မူခဲ့လေ သည်)

---

**ကုသိုလ်ရပ်တန့်နေသည်ကိုဘုရားသျှင်မချီးမွမ်း။**

အို ငါ၏ချစ်သားရဟန်းများတို့။ ကုသိုလ်တရားတခုခု၌ ရပ်တန့်နေသောသူကို၊ငါဘုရားချီးမွမ်းတော်မမူ။ကုသိုလ် တ ရား၌မတည်တန့်ပဲဆုတ်ယုတ်ပျက်ပြားသွားသောသူကိုကား အဘယ်မှာလျှင်ချီးမွမ်းနိုင်ပါအံ့နည်း၊

ငါ၏ချစ်သားရဟန်းများတို့၊ ။ကုသိုလ်တရားတို့၌ တသင့်သက် တဆင့် ကြီးမြင့်တိုးပွားအောင်ပြုလုပ်သောသူကို သာလျှင် ငါဘုရား ချီးမွမ်းတော်မူသည်၊

**စာမျက်နှာနံပါတ် ၁၁၄-ယှိ မှတ်ချက်တွင် ပဌမအပိုဒ်အဆုံးမှ ထည့်သွင်းဖတ်ရှုကြပါ။**

ထိုသူတို့၏ အင်္ဂါဖွါယ်မှာ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်နေသော ကြောင့်၊ဒါနမပြုသလိုလို ဒါနသည် သီလရေးရှည်စေတတ်သည်ဖြစ်၍၊ သီလ ရေးဥကျင့်လည်းရမှာကြောက်သောကြောင့် ဒါနမပြုသ လိုလိုပြော ဆိုပြုလုပ်တတ်ကြပေသည်၊

ထိုသူတို့ကား၊ များသောအားဖြင့် ညာလွန်၍ သဒ္ဒါနည်းသော ပုဂ္ဂိုလ်တို့ပေတည်း။

## ဘုရားသျှင်ကိုယ်တော်တိုင်သူနာပြုစုတော်မူခြင်း။

တနေ့သ၌ ရဟန်းတော်တပါးအား[ကုစ္ဆိဝိကာရဗာဓ]ဝမ်းပျက်ရောဂါစွဲကပ်လေ၏ ။ထိုရဟန်းသည်ပြုပုလုပ်ကျွေးမည့်

သူမရှိသောကြောင့်၊မိမိ၏ကျင်ကြီးကျင်ငယ်၌နစ်ကာလည်း လျောင်း၍နေရ၏။

ဘုရားသျှင်သည် အသျှင်အာနန္ဒာကို နောက်လိုက်ရဟန်း အဖြစ်ခေါ်ဆောင်ကာ၊ ကျောင်းစဉ် လှည့်လည်တော်မူသော အခါ။ မိမိကျင်ကြီးကျင်ငယ်၌ နစ်လျက် လည်းလျောင်းကာ ပြင်းထန်စွာဝေဒနာခံစားနေရသော ထိုရဟန်းကိုမြင်တော်မူ၍၊ထိုရဟန်း၏ရောဂါအခြေအနေကို မေးမြန်းစုံစမ်းတော်မူ၍၊သူနာပြုရမည့်အလုပ်အကျွေးရှိပါသလော......ဟု မေးမြန်းတော်မူ၏၊ မရှိပါဘုရားဟုလျှောက်ထားရာ၊အသင့်အား အဘယ့်ကြောင့် အခြားရဟန်းတော်များက၊ လာရောက်ပြုစု လုပ်ကျွေးခြင်းအမှုကို မပြုကြပါသနည်း......ဟု မေးမြန်းတော်မူ၏။

**ဂိလာနရဟန်းကလျှောက်ထားပုံ။**

အရှင်မြတ်စွာဘုရား

ဘုရားတပည့်တော်သည်၊ အခြားရဟန်းတော်များအား အမှုကိစ္စရှိပါလျှင်၊ သွားရောက်ကူညီပြုစုဆောင်ရွက် ပေးလေ့မရှိသောကြောင့်၊ ဘုရားတပည့်တော်အား အခြားရဟန်းတော်များက ယခုလိုရောဂါဝေဒနာ အပြင်းအထန်ခံစားနေရသည့်တိုင်အောင်၊ မည်သူတဦး တယောက်မျှ လာရောက် ပြုစုလုပ်ကျွေးခြင်း မရှိပါ ဟုလျှောက်ထားလေ၏၊

**ဘုရားသျှင်သူနာရဟန်းအားပြုစုပုံ။**

ထိုအခါဘုရားသျှင်က၊အရှင်ချစ်သားအာနန္ဒာရေသွား၍ခတ်

ချေလော၊ ထိုရဟန်းအား ချေးပေးပါအံ့ဟု မိန့်ကြားတော်မူသဖြင့် အသျှင်အာနန္ဒာကိုယ်တိုင်ရေခတ်တော်မူ၍ ယူဆောင်လာသောအခါ၊ ဘုရားသျှင်ကိုယ်တော်တိုင် ရေလောင်းပေးတော်မူ၏။ အသျှင်အာနန္ဒာက ကျင်ကြီးကျင်ငယ်များကိုမရွံရှာပွတ်တိုက်ဆေးကြောသုတ်သင်ပေးတော်၏။

ထိုသူနာရဟန်းကို၊ ဘုရားသျှင်နှင့် အသျှင်အာနန္ဒာတို့ ရေမိုးချိုး၍ သုတ်သင်ပြီးစီးသောအခါ၊ အဝတ်သင်္ကန်းကောင်းများလဲလှယ်ပေးခြင်းစသည့်တို့ကိုပြုတော်မူပြီးနောက်၊ ဘုရားသျှင်ကိုယ်တော်တိုင်၊ သူနာရဟန်း၏ခေါင်းကိုမ၍၊ အသျှင်အာနန္ဒာက၊ သူနာရဟန်း၏ခြေကိုမပြီးကာ၊ ညောင်စောင်းတခုပေါ်သို့ ကောင်းစွာတင်ထားပြီးလျှင်၊ ဘုရားသျှင်သည် ရဟန်းသံဃာတော်များကို စည်းဝေးတော်မူစေ၍၊ အကျိုးအကြောင်းကိုစစ်ဆေးတော်မူလျက်၊ ထိုဂိလာနသူနာရဟန်းအား အဘယ်ကြောင့် သွားရောက်မပြုစုမလုပ်ကျွေးကြပါသနည်းဟု မေးမြန်းတော်မူ၏။

**ရဟန်းသံဃာများကလျှောက်ထားပုံ။**

ထိုအခါ၊ ရဟန်းသံဃာများက၊ ထိုသူနာရဟန်းတော်သည် သူတပါးအကြောင်းယှိလျှင် လာရောက်ကူညီတတ်သောသူမဟုတ်သောကြောင့်၊ ထိုသူနာရဟန်းတော်အား မည်သည့်သံဃာတော်များမှသွားရောက် စောင့်ရှောက်ပြုစုလုပ်ကျွေးခြင်းမယှိကြပါ.....ဟုလျှောက်ထားကြကုန်၏။

**ဘုရားသျှင်ဆုံးမတော်မူပုံ။**

အိုငါ၏ချစ်သားရဟန်းများတို့၊ ယခုအခါ အနီးအနား၌ အ

သင်တို့အား ပြုစုလုပ်ကျွေးမည့်အမေအဖေ ရှိကြသည်မဟုတ်ကုန်။ အသင်တို့သည် နာဖျားမကျန်း ရှိကြသောအခါ၊ အချင်းချင်းပြုစုလုပ်ကျွေးစောင့်ရှောက်ခြင်းအမှုကို မပြုကြပါကုန်မူ၊ အဘယ်သူသည် လာရောက်ပြုစုလုပ်ကျွေးစောင့်ရှောက်ခြင်းအမှုကိုပြုပါတော့အံ့နည်း။

> အို ငါ၏ ချစ်သားရဟန်းများတို့၊ အကြင်သူသည် ငါဘုရားကို ပြုစုစောင့်ရှောက်လုပ်ကျွေးလိုသည်ဖြစ်အံ့၊ ထိုသူသည် ဂိလာနသူနာများကို ပြုစုစောင့်ရှောက်လုပ်ကျွေးရာ၏

ဟုဘုရားရှင် ဟောကြားညွှန်ပြ ဆုံးမ မိန့်ကြားတော်မူလေသည်(ဝိနည်းမဟာဝါပါဠိတော်)

---

## ဘုရားရှင်၏ ကျောင်းတော်တွင်း၌ ဆေးရုံထားရှိခြင်း။

ဓမ္မသေနာပတိ တရားစစ်သူကြီး အရှင် သာရိပုတ္တရာ မထေရ်ကြီးသည် (ဂိလာနသာလာ) ဆေးရုံသို့ ကြွသွားတော်မူ၍၊ သူနာများကိုနှစ်သိမ့်စေပြီးလျှင်၊ အဘယ်ဆေးဝါးဓါတ်စာတို့ကို အလိုရှိပါသနည်းဟုမေးတော်မူ၍၊ ထိုသူနာများ အလိုရှိရာဆေးဝါးဓါတ်စာတို့ကိုရှာမှီးရန်၊ ရဟန်းငယ်သာမဏေများကိုခေါ်ဆောင်လျက်၊ ဆွမ်းခံဝတ်ဖြင့်၎င်း၊ သဘောတူသော ပုဂ္ဂိုလ်အထံ၌၎င်း၊ ဆေးဝါးဓါတ်စာတို့ကိုရှာမှီး၍၊ ရဟန်းငယ်,သာမဏေတို့အား ပေးတော်မူပြီးနောက်

### သူနာပြုစုခြင်းကိုဘုရား၊ ပစ္စေကဗုဒ္ဓါတို့ ချီးမွမ်းတော်မူအပ်၏။

ဒိုသူ့ယောက်ျား မကောင်းငယ်သာမကောတို့၊ သွားကြပါကုန်။ သူနာများ စောင့်ရှောက်ပြုစုလုပ်ကျွေးကြပါကုန် ဟု မိန့်မှာတော်မူပြီးလျှင် ယ်တော်တိုင် ဆွမ်းခံသွားလည်၍ အလုပ်အကျွေး အမျိုးအိမ်၌ ဆွမ်းသည့်ပေး တော်မူကာ ကျောင်းတော်သို့ပြန်သည်ကြွသွားတော်မူ၏၊ ဤသည်ကား အသျှင် သာရိပုတ္တရာမထေရ်ကြီး၏ အမြဲပြုအပ်သောကျင့်ဝတ်ပေတည်း (ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ)

(ဤကားရပ်ကိုထောက်ဆ၍ ဘုရားသျှင်လက်ထက်တော်က ကျောင်းတော်အတွင်း၌ဝယ် (ဂိလာနသာလာ) ဆေးရုံထားသည်ကြောင်းကောင်းစွာသိရလေသည်)

---

### သောတာပန်၏ သဒ္ဓါတရားကိုမာရ်နတ်ဖျက်၍မရ။

သာဝတ္ထိပြည်၌၊ သုပ္ပဗုဒ္ဓသူဋ္ဌေးသားသည်။ သာသနာတော်မှအပဖြစ်သော တိတ္ထိဆရာတို့၏ အလုပ်အကျွေး တပည့်တယောက်ဖြစ်ပေ၏။ ဘုရားသျှင်သည် နံက်မိုးသောက် ထအခါ၌၊ လောကကိုကြည့်တော်မူလတ်သော်၊ ထိုသုပ္ပဗုဒ္ဓသူဋ္ဌေးသား၏ သောတာပန်ဖြစ်မည့်အကြောင်းကို မြင်တော်မူ၍၊ ထိုသုပ္ပဗုဒ္ဓ သူဋ္ဌေးသားအိမ်သို့ဆွမ်းခံကြွသွားတော်မူလေ၏။

ထိုသုပ္ပဗုဒ္ဓ သူဋ္ဌေးသားသည် ဘုရားသျှင်ကိုမြင်သောအခါ မိမိနှင့်ဘာသာအယူဝါဒမတူငြားသော်လည်း၊ ရဟန်းကြီးဂေါတမသည် မွန်မြတ်သောမင်းမျိုး၌ ဖြစ်၏၊ လောက၌အလွန် ထင်ရှားကျော်စောသော ပုဂ္ဂိုလ်တယောက်လည်းဖြစ်၏။

**အာနန္ဒာ၏ ပြုစုခြင်း။**

ထိုရဟန်းကြီးဂေါတမအထင်သို့မသွားပဲနေခြင်းငှာမသင့် ဟုကြံစည်အောက်မေ့၍ ဘုရားသျှင်၏ အထံတော်သို့သွား ရောက်ကာ ခြေတော်အစုံကိုရှိခိုး၍ သပိတ်တော်ကိုယူပြီး လျှင်၊ မိမိနေအိမ်အတွင်းသို့ပင့်ဆောင်သျှက် မြတ်သောနေရာ ပလ္လင်ထက်၌ထိုင်နေစေတော်မူ၍ ဆွမ်းကပ်လှူပြီးသည့်အဆုံး ၌ သင့်တော်လျောက်ပတ်သောနေရာ၌ ထိုင်နေလေ၏။

**သောတာပန်တည်ခြင်း။**

ဘုရားသျှင်သည် သုပ္ပဗုဒ္ဓသူဌေးသားအား စရိတ်နှင့်လျော် သောတရားကို ဟောကြားတော်မူသောအခါ၊ ထိုသုပ္ပဗုဒ္ဓသူ ဌေးသားသည် သောတာပန်တည်လေသည်။

**မာရ်နတ်-ဘုရားယောင်ဆောင်ခြင်း။**

ဘုရားသျှင်သည်လည်း သုပ္ပဗုဒ္ဓ သူဌေးသားကို သော တာပန်တည်စေ၍၊ ကျောင်းတော်သို့ပြန်လည်ကြွမြန်းတော်မူ သောအခါ၊ မာရ်နတ်သည် ဤသုပ္ပဗုဒ္ဓသူဌေးသားကား၊ ငါ၏ ဥစ္စာ, ငါ့လူသာဖြစ်၏။ ရဟန်းကြီးဂေါတမသည် သူ့အိမ်သို့ ကြွသွားရာ၊ သုပ္ပဗုဒ္ဓသည် တမဂ်တဖိုလ်ကိုရ၍ မှားသွားလေ သလား၊ ငါ၏အလိုနိုင်ငံကို လွန်,မလွန်မသိရသေးပေ၊ အမှန် အတိုင်း သိရှိရလေအောင်၊ ဘုရားယောင်ဆောင်၍ သွား ရောက်စုံစမ်းအံ့ဟုကြံစည်ကာ၊

ဘုရားသျှင်နှင့်တပုံစံတည်း သင်္ကန်းကိုင်ပုံ, သပိတ်ကိုင်ပုံ အလုံးစုံတူသော (၃၂) ပါးသော ယောကျ်ားမြတ်တို့၏

လက္ခဏာနှင့်ပြည့်စုံသော ဘုရားသျှင်အသွင်ကိုဖန်ဆင်းကာ သုဓမ္မသူဌေးသားအိမ်သို့သွားလေ၏။

**ဘုရားဟုမှတ်ထင်ခြင်း၊**

သုဓမ္မသူဌေးသားသည်၊ အကယ်ပင်ဘုရားသျှင်ပြန်သည် ကြွလာတော်မူသည်ဟုမှတ်ထင်၍

အိုဘုန်းတော်အလွန်တရာ ကြီးမားတော်မူသော မြတ်စွာဘုရား။ အသျှင်မြတ်စွာဘုရားသည် ယခုပင် ဘုရားတပည့်တော်နေအိမ်မှ၊ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ကိုပြုတော်မူကာ၊ကြွသွားတော်မူ၍၊အလွန်လျှင်မြန်စွာ အဘယ်သို့သောအကြောင်းကြောင့်၊ပြန်လည်ကြွလာ တော်မူပါသနည်း

ဟုလျှောက်ထားလေ၏။

**မာရ်နတ်ဘုရားကဟောကြားပုံ။**

ထိုအခါ-ဘုရားယောင်ဆောင်သောမာရ်နတ်က

အိုသုဓမ္မ၊ ငါဘုရားသည် မဟုတ်မမှန်မဆင်ခြင်ပဲ၊ အသင့်အား၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို အနိစ္စ,ဒုက္ခ, အနတ္တဟု ဟောကြားတော်မူခဲ့လေပြီ၊ ထိုအလုံးစုံသော ခန္ဓာငါးပါးရုပ် နာမ်တရားတို့သည်။ ငါဘုရားပဋမဟောကြားတော်မူခဲ့သည့် အတိုင်း၊အနိစ္စ,ဒုက္ခ,အနတ္တဆိုသည်မှာ မဟုတ်မမှန်ကုန်၊

အချို့သောခန္ဓာတို့သည် နိစ္စ,ဓုဝ,သဿတဖြစ်ကုန်၏ ဟုဟောကြားလေ၏၊

ဆင်ခြင်ခြင်း။

ထိုအခါ၊ သုရေဗန္ဓသူဌေးသားက။ ဤစကားသည် အလွန်တရာဝန်လေးသော စကားဖြစ်၏။ ဘုရားသျှင်တို့မည်သည် အဘယ်အခါမှ နှစ်ခွသောစကားမျိုးကို ပြောဆိုခိုးမယှိကုန်၊ မာရ်နတ်သည်။ ဘုရားသျှင်၏ ဆန့်ကျင်ဘက်ရန်သူသာဖြစ်၏။

ချွတ်ကြောန် မာရ်နတ်သည် ဘုရားယောင်ဆောင်ကာ ငါ့အား လှည့်စားခြင်းသာဖြစ်ထန်ရာသည် ဟုကြံစည်၍ အသင်သည် ဘုရားယောင်ဆောင်သော မာရ်နတ်မဟုတ်လော ......ဟုမေးမြန်းလိုက်လေ၏။

ဘွင်းဘွင်းပေါ်ခြင်း

အရိယာသာဝကတို့၏ မိန့်ဆိုမေးမြန်းချက်သည်၊ မာရ်နတ်အား ပေါက်ဆိန်နှင့် ပေါက်လိုက်သကဲ့သို့ဖြစ်၍၊ ဘုရားယောင်မဆောင်နိုင်တော့ပဲ၊ ငါသည် မာရ်နတ်ဖြစ်ကြောင်း ဝန်ခံရလေတော့၏။

သင်ကဲ့သို့သော မာရ်နတ် အရာအထောင်လာ၍ ဖုံကိဆိုးသော်လည်း ရတနာမြတ်သုံးပါး၌ ကြည်ညိုရင်းစွဲးယှိသော င ၏ သဒ္ဓါတရားကိုတုန်လှုပ်ချောက်ချားစေခြင်းငှာစွမ်းနိုင်မည်မဟုတ်ချေ၊

အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး နှင့်ပြည့်စုံသောသဗ္ဗညုမြတ်စွာဘုရားသည် အလုံးစုံသော တေဘူမကသင်္ခါရတရားမှန်သမျှ အနိစ္စ,ဒုက္ခ,အနတ္တ ဟုဟောကြားတော်မူ၍။ ငါ့အားအမှန်အကန်အတိုင်းသိစေတော်မူခြင်းဖြစ်သည်။

### မာရ်နတ်ကိုနှင်ပစ်ခြင်း။

သင်ကဲ့သို့သော မာရ်နတ်သည်၊ ငါ၏ အိမ်တံခါး၌ရပ်တည်ခြင်းမပြုပါလင့် ဟုလက်ဖျစ်တီးကာ နှင်ထုတ်လေတော့၏။

မာရ်နတ်သည်ထိုသူခဗန္ဓသူဌေးသား သောတာပန်၏ စကားကိုကြား၍ အထူးတုန်လှုပ်ချောက်ချားကာ စကားတုံ့ဆိုခြင်းငှာမစွမ်းနိုင်ပဲ၊ ထိုအရပ်၌ ပင်လျှင်ကွယ်ပျောက်သွားလေသတည်း (အင်္ဂုတ္တိုရ်အဋ္ဌကထာ)

(ဝဇ္ဇုသာခကကိုးထောက်ဆ၍ သောတာပန်ပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားကိုမည်သူမျှ ဖျက်ဆီးခြင်းငှာမစွမ်းနိုင်ပေ)

---

### ပဋိပတ္တိသာသနာထွန်းကားလာခြင်း။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ပဋိပတ္တိသာသနာကို တိုင်းပြည်နှင့်တကွ ပြည်ထောင်စုအစိုးရတို့ကိုယ်တိုင်။အထူးအားပေးချီးမြှောက်ချက်အရ။အမြို့မြို့အရွာရွာ၌ပင်လျှင်သာသနာ့ရိပ်သာ, ကမ္မဋ္ဌာန်းကျောင်းတိုက် အမျိုးမျိုး, ကမ္မဋ္ဌာန်းဆရာအမျိုးမျိုး,ကမ္မဋ္ဌာန်းတရားအမျိုးမျိုး ရာဇဝင်၌မကြုံစဖူးအထူးပေါ်ပေါက်လာသည်အလျောက်၊ ထိုသာသနာ့ရိပ်သာ,ကမ္မဋ္ဌာန်းကျောင်းတိုက်အမျိုးမျိုးတို့၌ အမျိုးမျိုးသောကမ္မဋ္ဌာန်းတရားကိုကြိုးစားအားထုတ်ကြကုန်သော လူရှင် ရဟန်းတို့ အထူးပေါ်များလာသလောက် မိမိကိုယ်ကိုသောတာပန်,သကဒါဂါမ်,အနာဂါမ်ဟု မှတ်ထင်နေကြသောပုဂ္ဂိုလ်တို့သည်ထနေ့တခြား အလွန်ပေါ်များလာကြကုန်၏။

ယင်းသို့မှတ်ထင်နေကြသည့်အတိုင်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာအစစ်သာဖြစ်ကြပါကုန်မူ၊ ရတနာမြတ်သုံးပါးနှင့် သာသနာတော်ကို ကြည်ညိုလေးစားရာ၌ မည်သူဖျက်သော်လည်း မပျက်စီးနိုင်သော သဒ္ဓါတရားနှင့် ပြည့်စုံကြရမည်သာဖြစ်ပေရာသည်၊

[ခေတ်သစ်အရိယာများ။

ယင်းသို့ဖြစ်ပါလျက်၊ အချို့သောပုဂ္ဂိုလ်တို့မှာ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အရိယာအဖြစ်သို့ရောက်လာသော အခါမှ၊ ရတနာမြတ်သုံးပါးနှင့်သာသနာတော်ကို၊ ပုထုဇ္ဇန်ဖြစ်တုံးကလောက်ပင်။ ကြည်ညိုလေးစားမှုမယှိ၊ သဒ္ဓါတရား ဆုတ်ယုတ်ပျက်ပြားနည်းပါးကာ၊ ဒါန၊ သီလ၊ သမထဘာဝနာ တို့ကိုပင် ပယ်ကြရုံမျှမက၊ သူတပါးတို့လှုပ်ချောက်အပ်သော စကားကြောင့်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာ အဖြစ်မှ ပုထုဇ္ဇန်အဖြစ်သို့ပြန်လည်လျောကျကုန်ကြပြန်ရာ၊ မိမိတို့ကိုယ်ကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အရိယာစစ် မစစ်စိစစ်ဝေဘန်ကြကုန်ရာသည်။

တိုက်တွန်းချက်။

အကယ်၍ အရိယာအစစ်မဖြစ်သေးကြပါမူ၊ အရိယာအတု အယောင်အဖြစ်ဖြင့် တင်းတိမ် ရောင့်ရဲမနေကြပဲ။ အရိယာ အစစ်ဖြစ်လာလေအောင် အထူးကြိုးစား အားထုတ်သင့်လှပေ သည်၊ အရိယာဖြစ်နိုင်သောခေတ်ယှိသေးသောကြောင့် တ ကယ်ကြိုးစားမယုတ်အားဆုတ်ကြပါမူ၊ အရိယာအစစ်သော်၊



သဒ္ဓမ္မောဘယဆရာတော် နှင့် ဈာန်ရ-ရဟန္တာ ဟုကျော်ကြားသော
ပေါင်းတည်သရက်သုံးပင် ဆရာတော်ဘုရားကြီး ။

လည်းဖြစ်နိုင်ပေရာသည်(ဒွိမဟာဘိ)နှောင်အရိယာဖြစ်နိုင်ရန်၊ အခြေခံဖြစ်သော တရားမှန်ကိုသော်လည်း ရယူနိုင်ပေရာသည်။

---

ရဟန္တာဟုကျော်ကြားသော
မထေရ်ကြီးသုံးပါး။

ယခုအချိန်အခါထိ "ရဟန္တာ"ဟုကျော်ကြားသော (၁) မြင်းခြံဝွန်းလွန်း ဆရာတော် (၂)ပေါင်းတည် သရက်သုံးပင် ဆရာတော် (၃)ကျောက်ဆည် ဝေဘူဆရာတော်အားဖြင့် ဆရာတော်ကြီး(၃)ပါးထွန်းကားလာခဲ့လေရာ၊ မြင်းခြံဝွန်းလွန်း ဆရာတော်ဘုရားကြီးမှာ၊ ကြာမြင့်ကပင် ပရိနိဗ္ဗာန်ဝင်စံတော်မူသွားသဖြင့် ဆရာတော်ကြီးနှစ်ပါးသာကျန်ရှိနေပေသည်။

အရိယာရဟန္တာဟုဝန်ခံတော်မမူကြခြင်း။

ထိုဆရာတော်ကြီး (၂)ပါးအထံတော်သို့၊ သဒ္ဓမ္မောဒယဆရာကိုယ်တိုင် သွားရောက်ဆည်းကပ်ဝံ့စမ်း မေးမြန်းလျှောက်ထားကြည့်ရာ၊ ထိုဆရာတော်ကြီး (၂) ပါးစလုံးကပင်လျှင်၊ (အရိယာရဟန္တာ)ဟုဝန်ခံတော်မမူကြရှာပေ။

အလွန်ရိုးသားတော်မူကြခြင်း။

ထိုဆရာတော်ဘုရားကြီး (၂)ပါးတို့မှာ အလွန်တရားရိုးသားတော်မူကြကုန်၍၊ သဒ္ဓမ္မောဒယဆရာ ဝံ့စမ်းမေးမြန်းလျှောက်ထားသောအခါ၊ အရိုးခံအတိုင်း အသွယ်အဝိုက်မပါပဲ ဖြေကြားမိန့်မြွက်တော်မူကြလေသည်။

( ယိုမေးလျှောက်ဖြေကြားချက်တို့ကိုရေးသားပေါ်ပြရန်လိုအံ့မထင်ပေ)

အထူးကြည်ညိုလေးစားထိုက်ခြင်း။

ထိုဆရာတော်ဘုရားကြီးနှစ်ပါးတို့မှာ (အရိယာရဟန္တာ) ဟု ဝန်ခံတော်မမူကြရာသော်လည်း (အရိယာရဟန္တာ) ဖြစ်အောင် တကယ်တမ်း သမထဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတို့ကို အထူးကြိုးပမ်း အားထုတ်တော်မူကြသော ဆရာတော်ဘုရားကြီးများ ဖြစ်ကြလေသောကြောင့် အထူးကြည်ညိုလေးစားထိုက်လှပေသည်။

သဒ္ဓါတရားဖြစ်ပွားကြခြင်း။

ယင်းသို့ (အရိယာရဟန္တာ) ဖြစ်အောင် တကယ်တမ်း၊ သမထဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းတို့ကို အထူးကြိုးပမ်း အားထုတ်တော်မူကြသောကြောင့်၊ ယခုပင်ပွန် ဘဝခွပ်ပင် လျှင်၊ ထိုဆရာတော်ဘုရားကြီးများ၏ "ကိတ္တိသဒ္ဒ" ကို ဖုံးကွယ်၍မရပဲ၊ တနိုင်ငံလုံးအလွှန်ထင်ပေါ်ကျော်ကြားသော အဖြစ်သို့ရောက်ကာ၊ ဖူးမျှော်ရသူ ရှင် လူ ရဟန်းတို့အား အထူးသဒ္ဓါပသန္နတရားဖြစ်ပွားစေတော့သည်။

---

သောတာပန်စသော အရိယာသာဝကများ
ဉာဝါးဟန်ဆောင်မှုမပြုတတ်ခြင်း။

သောတာပန် အစရှိသော အရိယာသာဝက တို့သည်၊ ကောက်ကျစ်စဉ်းလဲခြင်း, လိမ်လည်လှည့်ဖျားဉာဝါးဟန်ဆောင်ခြင်းအမှုကို၊ မည်သည့်အခါမျှ မပြုလုပ်တတ်ကြပေ။ (မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ)။

(ဤဒေသနာတော်ကိုထောက်မျှော်၍၊ သောတာပန်အစရှိသော အရိယာ သာဝကတို့သည်၊ မိမိရသိအပ်သော အဆင့်အတန်းထက် ပိုမို၍ ကြွား ဟန် ဆောင်၍ အထင်ကြီးအောင်မလုပ်တတ်ကြကြောင်းကို ကောင်းစွာသိနိုင် လေသည်)။

---

## အရိယာမှ ပုထုဇ္ဇန်ပြန်ဖြစ်ခြင်း။

ပြည်မြို့ဇောတိကာရုံ ပါဠိတက္ကသိုလ် ဆရာတော်အသျှင် တေဇနိယနှင့် သဒ္ဓမ္မောဒယ ဆရာတို့အချင်းချင်းပဋိသန္ထာရ စ ကားပြောကြားနေကြသောအခါ ထိုဇောတိကာရုံ ပါဠိတက္က သိုလ် ဆရာတော်ဘုရားက စကား အသန်းတခုကိုမိန့်ကြား တော်မူသည့်မှာ၊

သဒ္ဓမ္မောဒယ ဆရာတော်။ ။ကျေးဇူးရှင်ဘုရား ရဟန္တာ များ သက်တော်ထင်ရှားရှိတော်မူကြစဉ် အခါက။ ဘုရား ရဟန္တာတို့ဟောကြားအပ်သောတရားအဆုံး၌ သောတာပန်, သကဒါဂါမ်,အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်အများအပြားဖြစ်ကြ ကြောင်းကို၊ ထိုထိုပါဠိ, အဋ္ဌကထာ, ဋီကာကျမ်း အစောင် စောင်တို့၌တွေ့ရှိရဘူးပါသည်၊

တပည့်တော်မှာဘယ်လိုကံကအကျိုးပေးလိုက်သည် ဟုမ သိပါ၊ တပည့်တော်ဟောကြားအပ်သော တရားကိုကြားနာ လိုက်ရသော ယခုခေတ် သောတာပန်, သကဒါဂါမ်, အနာ ဂါမ် ပုဂ္ဂိုလ်တို့သည် တပည့်တော်ဟောကြားအပ်သော တ ရားအဆုံး၌ အားလုံးအရိယာအဖြစ်မှ ပုထုဇ္ဇန်တွေ ပြန်ဖြစ်ကုန် ကြပါသည် ....ဟုမိန့်ကြားတော်မူ၏၊

(မှတ်ချက်။ ။ဗဟုဿုတလိုလားသော အမျိုးကောင်းသားတို့သည်၊ အရိယာအဖြစ်မှ ပုထုဇဉ်ပြန်ဖြစ်သော တရားထူးဝိသေသကို ကြားနာမှတ်သားလိုကြပါက၊ ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ် ဆရာတော်ဘုရားအထံတော်သို့သွားရောက်ကြားနာမှတ်သားနာယူသင့်လှပေသည်)

---

## ရဟန္တာမဟုတ်ပဲ ရဟန္တာဟု အခေါ်ခံရန်သင့်မသင့်

ဘုရားသျှင်သည် သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော်၌သီတင်းသုံးတော်မူစဉ် ပုဏ္ဏားတယောက်သည် ဘုရားသျှင်၏ တရားတော်ကိုကြားနာရ၍ ကြည်ညိုသောစိတ်ထားဖြင့် မိမိနေအိမ်၌ ရဟန်း(၁၆)ပါးတို့အား နိစ္စဘတ် ဆွမ်း လှူဒါန်းလုပ်ကျွေးလေ၏။

ထိုပုဏ္ဏားသည်ရဟန်းတော်များကြွလာတော်မူသောအခါ သပိတ်ကိုဆီးယူ၍၊

ရဟန္တာအသျှင်မြတ်များကြွလာတော်မူကြပါကုန်လော
ရဟန္တာအသျှင်မြတ်များထိုင်တော်မူကြပါကုန်လော၊

ဟုတစုံတခုသောစကားကို ပြောကြား လျှောက်ထားတိုင်း "ရဟန္တာ"ဟုခေါ်ခေါ်ပြောဆိုလျှောက်ထားလေ၏။

**ဝိနယကုက္ကုစ္စဖြစ်ကြခြင်း။**

ထိုရဟန်းတော်တို့တွင် ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့က ဤပုဏ္ဏားသည် ငါတို့ကိုရဟန္တာဟုမှတ်ထင်နေသလော...... ဟု ကြံစည်တွေးတောကြကုန်၏။ ရဟန္တာ ပုဂ္ဂိုလ်တို့ကလည်း

ဤပုဂ္ဂိုလ်သည် ငါတို့ကို ရဟန္တာဖြစ်မှန်း သိနေသလော ဟု ကြံစည်တွေးတောကြကုန်၏။

ဤပုထုဇ္ဇန်သောပုဂ္ဂိုလ်တို့နှင့် ရဟန္တာ ဖြစ်ကြကုန်သော ရဟန်းတော်တို့သည်၊ ဝိနယကုက္ကုစ္စဖြစ်ကြကုန်၍၊ ထိုပုဂ္ဂိုလ်အား နေ့အိမ်သို့ မသွားကြကုန်။

အသျှင်ကောင်းတို့သည် အဘယ်ကြောင့်ငါ၏ နေ့အိမ်သို့ ကြွလာတော်မမူကြပါကုန်သနည်းဟု ထိုပုဂ္ဂိုလ်သည် အလွန် ဝမ်းနည်းလျက် ပင်ပန်းသွားသဖြင့်၍ ကျောင်းတော်သို့ သွားကာ ဘုရားသျှင်အား ရှိခိုး၍ ထိုအကြောင်းကို လျှောက်ထားလေ၏။

ဘုရားသျှင်မိန့်ကြားတော်မူချက်။

ဘုရားသျှင်သည် ရဟန်းအပေါင်းတို့ကိုခေါ်တော်မူ၍
အိုငါ၏ချစ်သားရဟန်းများတို့။ ယင်းသို့ပုဂ္ဂိုလ်ကြီးက
ရဟန္တာဟုခေါ်ဆိုအပ်သည်ဖြစ်သော်၊အသင်တို့သည်
သာယာကြပါကုန်သလော

ဟုမေးမြန်းတော်မူရာ။

အိုမြတ်စွာဘုရား၊ ပုဂ္ဂိုလ်ကြီးက ရဟန္တာဟုခေါ်ဆိုသည်
ကိုမသာယာကြပါကုန်

ဟုလျှောက်ထားကြကုန်၏။

ယင်းသို့ဖြစ်သည်ဖြစ်သော်၊ လူတို့သည် ကြည်ညိုလှ၍၊ အသင်တို့အား "ရဟန္တာ" ဟုခေါ်ဝေါ်ကြခြင်းသာဖြစ်၏။

အိုငါ၏ချစ်သားရဟန်းများတို့။ ကြည့်ညို၍ ရဟန္တာ
မဟုတ်ပါပဲ ရဟန္တာဟု အခေါ်ခံရာ၌၊ တစုံတရာ အာ
ပတ်မသင့်ပေ

ဟုဘုရားသျှင်မိန့်ကြားတော်မူသတည်း (ဓမ္မပဒအဋ္ဌကထာ)

---

ရဟန်းဟုခေါ်ဆိုရခြင်း။

ပုဂံပြည် အနော်ရထာမင်းကြီးလက်ထက်၊ ရှင်အရဟံ သာသနာပြုကြွရောက်တော်မူလာသောအချိန်အခါမှ စပြု၍ ယခုတိုင်အောင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ဥစ္စိတ တုစ္ဆကမ္မဝါစာဖြင့် ပဉ္စင်းအဖြစ်သို့ရောက်လာသောသူကို "ရ ဟန်း" ဟူ၍ ခေါ်ဆိုနေကြခြင်းသည်သည်း (ပသာဒဘာသာ) ကြည့်ညို၍ ခေါ်ဆိုနေခြင်းမျှသာဖြစ်သောကြောင့် "ရဟန်း" ဟုအခေါ်ခံရှာနေရသော ပုဂ္ဂိုလ်တို့မှာ၊ တစုံတရာအာပတ်သင့် ရောက်ဘွယ်မယှိပေ၊

ထို "ရဟန်း" ဟူသောဝေါဟာရသည်လည်း "အရဟန္တ" ဟူသောပါဠိဘာသာမှ တိုက်ရိုက်ဆင်းသက်ပေါက်ဖွားလာ သောပါဠိပျက် မြန်မာစကားသာဖြစ်၍ "ရဟန္တာ" ဟူသော မြန်မာ့ဝေါဟာရနှင့် အဓိပ္ပါယ် သဘောသွားထူးခြားကွဲလွဲ ခြင်းမယှိ။ အတူတူပင်ဖြစ်လေသည် "တ္တ" အက္ခရာမပါရုံတ ခုနှင့်။ ဝဏ္ဏနှစ်လုံးပေါက်ခြင်း ဤမျှသာထူးခြားလေသည်။

"အရဟန္တ" ပါဠိဘာသာ "ရဟန္တာ"
"ရဟန်း" မြန်မာဘာသာ

အလုံးစုံသောကိလေသာတို့ကို သမုစ္ဆေဒပဟာန်ဖြင့်လိုက်ကြွ ကြွင်းမဲ့ ကင်းပြတ်ချုပ်ငြိမ်းသောပုဂ္ဂိုလ်ကို။ ပါဠိဘာသာသဒ္ဒါအားဖြင့်"အရဟန္တ"မြန်မာဘာသာအားဖြင့်"ရဟန္တာ" "ရဟန်း"ဟုခေါ်ဆိုရလေသည်။

**ရှင်ဒွိအမည်၊**

ကိလေသာကုန်ခမ်းသည့်"ရဟန္တာ" မဟုတ်ပါပဲလျက် "ရဟန်း"ဟူ၍၎င်း"ရဟန်းတော်" ဟူ၍၎င်း၊ တင်စားခေါ်ဆိုအပ်သောအမည်ကို"ရှင်ဒွိအမည်" ဟူ၍သာမှတ်သားကြကုန်ရာသည်၊

**ရဟန္တာ,ရဟန်း,ရဟန်းတော်**
**အဓိပ္ပါယ်တူကြခြင်း။**

"ရဟန္တာ' ဟုခေါ်ဆိုလိုက်လျှင်ကိလေသာကုန်ခမ်းသည့် ပုဂ္ဂိုလ်ဟုနားလည်နေကြ၍ "ရဟန်း" "ရဟန်းတော်" ဟုခေါ်ဆိုလိုက်လျှင်။ ဥတ္တိစဘုဒ္ဓကမ္မဝါစာဖြင့် ပဥ္စင်းအဖြစ်သို့ရောက်သောပုဂ္ဂိုလ်ဟုနားလည်နေကြကာ၊ အဓိပ္ပါယ်ငမျိုးစီဟုတနိုင်ငံလုံးက များသောအားဖြင့် မှတ်ထင်နေကြပေသည်၊ အမှန်မှာ"ရဟန္တာ""ရဟန်း""ရဟန်းတော်"ဟူသောမြန်မာ့ဝေါဟာရတို့သည် ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း အဓိပ္ပါယ်သဘောသွားထူးခြားကွဲလွဲခြင်းမယှိ။ အတူတူပင်ဟူ၍ သာမှတ်သားကြကုန်ရာသည်၊

### မဟုတ်ပါပဲ၊ ရဟန္တာဟု မှတ်ထင်လှူဒါန်းအပ်သော ပစ္စည်းလေးပါး တို့ကိုသုံးဆောင်သင့် မသုံးဆောင်သင့်။

ရဟန္တာမဟုတ်ပါပဲလျက်၊ ရဟန္တာဟုမှတ်ထင်လှူဒါန်းအပ်သောပစ္စည်းလေးပါးတို့ကိုရဟန်းတော်များမသုံးဆောင်ခံအပ်ထိုက်ပေ။ ရဟန္တာအဖြစ်သို့ရောက်စေနိုင်သော ကျင့်ဝတ်ပဋိပတ်တို့ကို ဖြည့်ကျင့်ပါအံ့ဟု ရဟန္တာဖြစ်ကြောင်း သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း တရားကောင်းများကို ကြိုးစားမယုတ် အားထုတ်ပြုကျင့်အပ်လေသည် (ပါရာဇိကကဏ် အဋ္ဌကထာ)။

---

### ရဟန္တာမဟုတ်ပဲ ရဟန္တာဟုအခေါ်ခံရသည့် ပုဂ္ဂိုလ်မှာမသက်သာလှခြင်း။

လူတို့၏ သဘောမှာ ဗုဒ္ဓဖြင့်စွာသောသာသနာ၌ လွန်စွာကြည်ညိုကြသည့်အတိုင်း "ရဟန္တာ" ပုဂ္ဂိုလ်များကို အလွန်ဖူးမြော်လိုကြကုန်၏။

ပဋိပတ္တိသာသနာ ထွန်းကားလေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၌၊ ရဟန္တာပုဂ္ဂိုလ်များ၊ အများအပြားပေါ်ပေါက်လာစေချင်ကြကုန်၏။

ရဟန္တာဟုကျော်ကြားသော ပုဂ္ဂိုလ်များကို မိမိတို့မြို့ရွာဒေသသို့ပင့်ဆောင်၍ ပူဇော်လှူဒါန်းရသဖြင့် မိမိတို့မှာလည်း အကျိုးထူးပေသော မဟာဖလ,မဟာနိသံသ ဖြစ်လိုကြကုန်၏။

လူအများအားလည်း ကြည်ညိုသဒ္ဓါ ဖြစ်ပွားစေပြီးလျှင်။ ထိုရဟန္တာ မထေရ်ကြီးကိုအားကျကာ၊ သမထဝိပဿနာ

ဘာဝနာတရားကို ကြိုးစားမယုတ် အားထုတ်ကျင့်ကြံလိုကြကုန်သော အာရဒ္ဓဝိပဿက ယောဂါဝစရ ရဟန်းတော်များ အများအပြားပေါ်ပေါက်လာစေလိုကြကုန်၏။

ထိုရဟန္တာမထေရ်ကြီး၏ တရားစကားကို ကြားနာမှတ်သားလိုက်ရသဖြင့် လူအများတို့အား စာရိတ္တမကျိုးကြနိုင် နှုတ်တိုးပွားလာစေလိုကြကုန်၏၊

လူ့ဘက်ကကြည့်လျှင်၊ ဤဆန္ဒအတိုင်းသာဖြစ်ပါက။ အလွန်ကောင်းမြတ်လှပါပေသည်၊

**ရဟန်းဘက်ကကြည့်ပါလျှင်။**

ရဟန်းတော်များမှာ လူကဲ့သို့မဟုတ်၊

(၁)ပါတိမောက္ခသံဝရသီလ၊ (၂)ဣန္ဒြိယသံဝရသီလ၊ (၃)အာဇီဝပါရိသုဒ္ဓိသီလ၊ (၄)ပစ္စယသန္နိဿိတသီလဟုဆိုအပ်သော သီလကြီးလေးပါးတို့ကိုအခြေခံထား၍ ပွတ်ဆောက်များနှင့်ထင်ထားအပ်သော မှန်ညင်းရေ့ပမာ၊ တိမ်းသာစောင်းသာမယို၊ လွန်စွာခဲခဲယဉ်းယဉ်းသိက္ခာပုဒ်တော်ပေါင်းများစွာတို့ကို ဖြည့်ကျင့်တော်မူကြရလေသည်။

**ပါရာဇိကနှင့်အလွန်နီးခြင်း။**

ပုထုဇ္ဇန်ပုဂ္ဂိုလ်ကို"ရဟန္တာ"ဟုခေါ်ဝေါ်သမုတ်ပြန်လျှင်၊ ထိုပုထုဇ္ဇန်ရဟန်းတော်မှာ လွန်စွာမှမသက်သာလှပေ၊ ရဟန်းသိက္ခာပုဒ်တော် ပေါင်းခြောက်များစွာတို့တွင်။ အကြီးဆုံးသိက္ခာပုဒ်တော်နှင့် ငြိစွန်းသွားမည့် ဘေးဆိုးကြီးသည်ကား

(ဝါ) သာသနာတော်မှ ဆုံးရှုံးပျက်စီးစေနိုင်သော ဘေးဆိုးကြီးသည်ကား၊ အလွန်တရာနီးကပ်လှပေ၏။

ဓမ္မပဒအဋ္ဌကထာ၌ပြဆိုအပ်ခဲ့ပြီးသော "**ပသာဒဇဟုပေပုဏ္ဏားဝတ္ထု**"ကိုထောက်ထား၍ ရဟန္တာဟူသော ဝေါဟာရသည် ပုထုဇ္ဇန်ရဟန်းတော်များ အဘယ်မျှကြောက်ရွံ့ ထိပ်လန့်အပ်သော "**ဝေါဟာရ**" ဖြစ်ကြောင်းကို အထူးသတိမူသင့်လှပေသည်။

**ကြွေလိုခြင်း။**

တဖန်ရဟန္တာအစစ်ဖြစ်ပြန်ကလည်း၊ မိမိကိုရဟန္တာမှန်းသိ၍ "**ရဟန္တာ**"ဟု ခေါ်ဆိုပင့်ဆောင်သည်ကို ကြွရောက်တော်မမူလိုကြပေ။

ထို့ကြောင့် ရဟန္တာဟုသမုတ်ကာ ပင့်ဆောင်ကြရာ၌၊ လူများအဖို့မှာလွယ်ကူသလောက်၊ ရဟန်းတော်များအဖို့မှာ လွယ်ကူလှသည်မဟုတ်ပေ၊ သာမန်ပုဂ္ဂိုလ်မှာ ကြွရောက်ရန် အလွန်ဝန်လေးဘွယ်ကိစ္စကြီးဖြစ်ပေ၏။

**နတ်များပါဝင်တတ်ခြင်း၊**

ရဟန္တာဟုကျော်ကြားလာအောင် လူချည်းသက်သက်ပြုလုပ်၍လည်းရမည်မဟုတ်ပေ၊ တခါတရံ နတ်များကလည်း ပါဝင်လှုံ့ဆော်ကြဟန်လက္ခဏာရှိပေသည်၊ ထိုအကြောင်းကို "**ပေါင်းတည်သရက်သုံးပင်ဆရာတော်ဘုရားကြီး**" မိန့်ကြားတော်မူအပ်သောစကား၌ အရိပ်အမြွက်ပါရှိလေသည်။

တဆင့်စကားကြားရဘူးသည်မှာ၊ ရွာတရွာ၌ လူအများအား နတ်ကပူးဝင်၍ ဘွဲ့တော်ကမည်သူ့ မည်သည့်ပုံသဏ္ဌာန် ဘယ်နှစ်၊ဘယ်လ၊ဘယ်ရက်၊ ဘယ်နာရီအချိန် ရဟန်းတော် တပါးကြွလာတော်မူလိမ့်မည်၊ ထိုရဟန်းတော်မှာ "အာသဝေါကုန်ခမ်းသည့် ရဟန္တာတည်း" ဟုပြောကြားလေ၏။

လူအများသည်၊ နတ်၏ ပူးဝင်ပြောကြားသည့် အတိုင်း စောင့်ဆိုင်းမျှော်လင့်နေကြရာ၊ထိုနတ်ပြောသော နှစ်၊လ၊ ရက် နာရီအချိန်သို့ကူရောက်သောအခါ၊ရဟန်းတော်တပါးကြွလာသဖြင့်၊ ထိုရဟန်းတော်၏ဘွဲ့တော်ကိုမေးသောအခါ၌လည်း၊ နတ်ဝင်ပူးပြောသည့်အတိုင်း ဖြစ်နေသည့်အပြင်၊ ပုံသဏ္ဌာန်ကလည်း နတ်ဝင်ပူး ပြောသည့်အတိုင်း ဖြစ်နေပြန်သောကြောင့် "ရဟန္တာ" ဟုအတင်စွဲကာ၊ ထိုရဟန်းတော်ကို အကျိုးအကြောင်းလျှောက်ထား၍၊ လူအများအား ချီးမြှောက်သောအားဖြင့် ထိုရွာ၌သိတင်းသုံးရန်ပင့်လျှောက်ကြကုန်၏။

ထိုရဟန်းတော်မှာ မကြာသေးမီက ရဟန်းဘောင်သို့ ရောက်လာသော၊ စာပေမတတ်သည့်တောထွက်ရဟန်းကြီး ဖြစ်လေရာ

ထိုတောထွက်ရဟန်းကြီးက

ဒိုဒါယကာဘို၊ ငါ "ရဟန္တာ" မဟုတ်ပါ၊ စာမတတ် ပေမတတ် မကြာမီကမှ ရဟန်းဘောင်သို့ ရောက်လာသော တောထွက်ရဟန်းကြီးပါဘည်း

ဟုပြောပြခြင်းဆိုသော်လည်းမရပေ၊

ထိုရှာ၌ ဒကာ, ဒကာမများအတင်းကျောင်းဆောက် ကိုးကွယ်ချက်အရ ၃-ဝါဆိုပြီးမှ အခြားသို့စာသင်ရန် ကြွသွားရလေသတည်း၊

-(မှတ်ချက်။ နောက်တီး နောက်တောက် နတ်များလည်းယှိကြလေရာ ခပ်ရွှတ်ရွှတ်နတ်က တမင်နောက်ပြောင်သည့် လက္ခဏာလည်းယှိပေသည်)

---

**ဓမ္မရာဂ၊**

သမထဝိပဿနာ ကမ္မဋ္ဌာန်းကို ကိုလေသော သတ်တို့ကြီးပမ်းအားထုတ်ကြခြင်းဖြစ်သော်လည်း။မိမိကြိုးပမ်းအားထုတ်အပ်သော သမထဝိပဿနာ ကမ္မဋ္ဌာန်း၌ ပြင်းစွာစွဲလမ်းတပ်မက်သော"**ဆန္ဒရာဂ**" ဖြစ်တတ်ကြလေသည်၊ ထိုသမထ ဝိပဿနာကမ္မဋ္ဌာန်း၌ပြင်းစွာစွဲလမ်းတပ်မက်သော"ဆန္ဒရာဂ" ကို"**ဓမ္မရာဂ**"ဟုခေါ်သည် (မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ)၊

("**ဟတ္ထိ**" သဒ္ဒါကလည်းဆင်ကိုဟောသည် "**နာဂ**"သဒ္ဒါကလည်းဆင်ကိုဟောသည်။ ထိုဆင်ဟော ဟတ္ထိနှင့် နာဂ သဒ္ဒါ နှစ်ခုကိုတွဲးစပ်၍ "**ဟတ္ထိနာဂ**" ဟုဆိုပါမူ။ ဆင်ရိုးရိုးကိုမဟော ဆင်တကာတို့တွင် အကြီးဆုံးဖြစ်သော ဆင်ပြောင်ကြီးကိုဟောသကဲ့သို့။

ဆန္ဒရာဂ ဟူသောပုဒ်၌ ဆန္ဒသဒ္ဒါကလည်းတဏှာကိုဟောသည်။ ရာဂသဒ္ဒါကလည်းတဏှာကိုဟောသည် ထိုတဏှာဟော ဆန္ဒနှင့်ရာဂသဒ္ဒါနှစ်ခုကိုတွဲးစပ်၍ "**ဆန္ဒရာဂ**" ဟုဆိုပါမူ တဏှာရိုးရိုးကိုမဟော "**အားကြီးသောတဏှာ**" ကိုဟောလေတော့သည်။

ထို"**ဓမ္မရာဂ**" ဖြစ်လာလျှင် ငါအားထုတ် ဟောကြားအပ်သော ကမ္မဋ္ဌာန်းကမှမှန်သည်။သူတပါးအားထုတ်ဟောကြားအပ်သော ကမ္မဋ္ဌာန်း တရားကမှားသလိုလိုပြောဆိုပုတ်ခတ်ချင်လာတတ်ကြလေသည်၊

ထိုအခါ ကမ္ဘာ့ဋ္ဌာန်း ဆရာအချင်းချင်း,တပည့် အချင်းချင်း သူ့ဟာကမှန်သည်၊ငါ့ဟာကမှန်သည်စသည်ဖြင့် အငြင်းပွါးကာ ကမ္ဘာ့ဋ္ဌာန်းနယ်အတွင်းမှာ အဆင်မပြေမှုတွေဖြစ်ပွါးပေါ်ပေါက်လာတတ်ကြလေသည်။ ထိုအချက်ကိုကမ္ဘာ့ဋ္ဌာန်းဆရာများအထူးသတိချပ်သင့်လှပေတော့သည်)

---

## ဘုရားအလောင်းတော်တရားအားထုတ်စဉ်က အလင်းရောင်ပေါ်ခြင်း။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တောထွက်တော်မူ၍ တရားအားထုတ်စဉ်အခါ၌ အလင်းရောင်များ ပေါ်ပေါက်လာပုံကြောင်းကို၊ အသျှင်အနုရုဒ္ဓါ၊ အသျှင်နန္ဒိယ၊ အသျှင်ကိမိလ တို့အား။ ဘုရားသျှင် ဟောကြားတော်မူလေသည် (ဥပရိပဏ္ဏာသပါဠိတော်)၊

---

## အလင်းရောင်ကိုမဂ်ဖိုလ်ဟုဆိုးဖြတ်ခြင်း။

ရှေးအခါက၊ ရဟန်းဟူအများကပင် မှတ်ထင်ကြသည့်ဆိုသည်းကပ်ကိုးကွယ်ခြင်းကို ခံယူရသိုသောမထေရ်ကြီး တပါးသည်၊ မိမိတပည့်ရဟန်းသံဃာတော်များအား၊ ဉာဏ်မျိုးဂ်ဖိုလ်နှင့်စပ်သော တရားကိုဟောကြားဆုံးမတော်မူ၍၊

သမထ ဝိပဿနာ ဘာဝနာ ကမ္ဘာ့ဋ္ဌာန်းကိုကြိုးပမ်းအားထုတ်သော အာရဒ္ဓဝိပဿကယောဂါဝစရ ပုဂ္ဂိုလ်အား ပဌမအကြိမ်ပေါ်ပေါက်လာသော အလင်းရောင်သည်၊ သောတာပတ္တိမဂ်ဖိုလ်, ဒုတိယအကြိမ်ပေါ်ပေါက်လာသော အလင်း

ရောင်သည်၊ သကဒါဂါမိမဂ်ဖိုလ်,တတိယအကြိမ်ပေါ်ပေါက်လာသော အလင်းရောင်သည်၊ အနာဂါမိမဂ်ဖိုလ်, စတုတ္ထအကြိမ်ပေါ်ပေါက်လာသောအလင်းရောင်သည်၊ အရဟတ္တမဂ်ဖိုလ်ဖြစ်သည်ဟု......ဟောကြားဆုံးမတော်မူ၏။

တပည့် ရဟန်းသံဃာတော် များကလည်း၊ ငါတို့ဆရာမထေရ်မြတ်ကြီးသည် "ရဟန္တာ"ဖြစ်၍သာ၊ဤသို့နူးညံ့သိမ်မွေ့သော မဂ်ဖိုလ်တရားကို တိကျပြတ်သားစွာ ဟောကြားနိုင်ပါပေသည်ဟု အထူးယုံကြည်လေးစားကြကုန်၏။

**စေတီတည်ခြင်း။**

မကြာမီ ထိုမထေရ်ကြီးစံလွန်တော်မူသောအခါ၊ရဟန္တာမထေရ်ကြီး ပရိနိဗ္ဗာန်ဝင်စံတော်မူပြီ.....ဟုကြီးစွာသော သာရကိဋ္ဌနှသဘင်ကို ဆင်ယင်ကျင်းပကာ၊ သင်္ဂြိုဟ်ခြင်းအမှုကို ပြုကြ၍ အရိုးဓာတ်များကို စေတီတည်၍ ကိုးကွယ်ကြကုန်၏၊

မကြာမီ ပဉ္စာယဿိအာဂန္တုမထေရ်တပါး ကြွလာတော်မူ၍၊မထေရ်ကြီး၏အကျိုးအကြောင်းကို မေးမြန်းတော်မူသောအခါ၊ တပည့်ရဟန်းသံဃာတော်များက၊ ဆရာမထေရ်ကြီးမည်သို့ မဂ်ဖိုလ်တရား ဟောကြားတော်မူခဲ့ပုံနှင့်တကွ၊ ပရိနိဗ္ဗာန်ဝင်စံ၍ ဓာတ်တော်များကို စေတီတည်ကာကိုးကွယ်ကြကုန်သည့်အထိ၊ပြန်လည်လျှောက်ထားကြကုန်၏။

**ဆုံးဖြတ်ချက်။**

ထိုအခါ ပဉ္စာယဿိအာဂန္တုမထေရ်က

ဒိုင်ါရှင်တို့၊အလင်းရောင်သည်မဂ်ဖိုလ်မဟုတ်၊ဝိပဿနာ၏ သုစ်ညှုးကြောင်း (ဝိပဿနူပက္ကိလေသ). တရားမျှသာဖြစ်၏၊ အလင်းရောင်ကိုမဂ်ဖိုလ်ဟုဆုံးဖြတ်သောသင်တို့၏ ဆရာမထေရ်ကြီးသည် ရဟန္တာမဟုတ်၊ ပုထုဇ္ဇန်မျှသာတည်း

ဟုမိန့်ကြားတော်မူလေသည်(ဥပရိပဏ္ဏာသအဋ္ဌကထာ)

---

## သဉ္ဇာနအရိယာစစ်တမ်း။

အရိယာပုဂ္ဂိုလ်မှန်သမျှ၊ မိမိရသိအပ်သော မဂ်ဖိုလ်စသောတရားတို့ကို။မိမိသောတာပန်ဖြစ်ပြီ,သကဒါဂါမ်ဖြစ်ပြီ, အနာဂါမ်ဖြစ်ပြီ,ရဟန္တာဖြစ်ပြီ.....ဟု တိကျမှန်ကန်စွာသိယှိရမြဲပင်ဖြစ်လေသည်၊

အကြင်ပုဂ္ဂိုလ်သည်၊ မိမိကိုယ်ကိုသောတာပန်ဟူ၍၎င်း။ သကဒါဂါမ်ဟူ၍၎င်း၊ အနာဂါမ်ဟူ၍၎င်း။ ရဟန္တာဟူ၍၎င်းဝန်ခံငြားအံ့၊ ထိုသို့ဝန်ခံရုံမျှနှင့် ယုံကြည်ခြင်းအမှုကိုမပြုသေးပဲ၊ ထိုသောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာ......ဟုဝန်ခံသောပုဂ္ဂိုလ်အား ခြောက်ဌာနတို့၌ စစ်တမ်းထုတ်ရာ၏။

ယင်းသို့စစ်တမ်းထုတ်၍ တိကျမှန်ကန်စွာ ဖြေကြားနိုင်စေကာမူ "အရိယာ"ဟုယုံကြည်သင့်မှယုံကြည်ရာသည်၊

အရိယာစစ်တမ်းထုတ်ရာ၌ပုစ္ဆာ [၆] ချက်ရှိ၏၊ ပုစ္ဆာကိုဆိုသည်မှာ

(၁) အဓိဂမပုစ္ဆာ
(၂) ဥပါယ ပုစ္ဆာ
(၃) ကာလ ပုစ္ဆာ
(၄) ဩကာသပုစ္ဆာ
(၅) ဂုဏလေသ ပုစ္ဆာ
(၆) ပရိလဒ္ဓဓမ္မ ပုစ္ဆာ

တို့ဖြစ်လေသည်၊ ထိုပုစ္ဆာ [၆] ချက်တို့တွင်

{၁} အသင်သည်ဈာန်,ဝိမောက္ခစသောတရား,သောတာပတ္တိ မဂ်ဖိုလ်စသောတရားတို့တွင် အဘယ်တရားတို့ရအပ်ပါသနည်း ဟုပဌမစစ်တမ်းထုတ်ရာ၏။ ဤသည်ကား အဓိဂမပုစ္ဆာ၊

(၂) အသင်သည်အနိစ္စလက္ခဏာကို၊ အဦးပြု၍ ရအပ်ပါသလော၊ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာတို့တွင်တပါးပါးကို အဦးပြု၍ ရအပ်ပါသလော။သမာဓိ၏ အစွမ်းအားဖြင့်ရအပ်ပါသလော (သို့တည်းမဟုတ်) ဝိပဿနာ၏ အစွမ်းအားဖြင့်ရအပ်ပါသလော၊ ရုပ်ကိုနှလုံးသွင်း၍ ရအပ်ပါသလော၊နာမ်ကို နှလုံးသွင်း၍ရအပ်ပါသလော၊အဇ္ဈတ္တကိုနှလုံးသွင်း၍ ရအပ်ပါသလော၊ (သို့တည်းမဟုတ်) ဗဟိဒ္ဓကို နှလုံးသွင်း၍ ရအပ်ပါသလော ? ဟုဒုတိယစစ်တမ်းထုတ်ရာ၏ ဤသည်ကား ဥပါယပုစ္ဆာ၊

(၃) အသင်သည်နံက်အချိန်အခါစသည့်တို့တွင်၊ အဘယ်အချိန်အခါ၌ရအပ်ပါသနည်း ? ဟု တတိယစစ်တမ်းထုတ်ရာ၏၊ ဤသည်ကားကာလပုစ္ဆာ၊

(၄) အသင်သည် နေ့သန့်ရာ, ညဥ့်သန့်ရာ, သစ်ပင်ရင်း, မဏ္ဍပ်, ကျောင်း, အိမ်စသည်တို့တွင်၊ အဘယ်အရပ်၌ ရအပ်ပါသနည်း ? ဟုစတုတ္ထစစ်တမ်းထုတ်ရာ၏။ ။ ဤသည်ကား ဩဗ္ဗကာသပုစ္ဆာ

(၅) အသင်သည် အဘယ်မဂ်ဖြင့်သတ်အပ်သော ကိလေသာတို့ကိုပယ်အပ်ပါသနည်း ? ဟုပဥ္စမ စစ်တမ်းထုတ်ရာ၏. ဤသည်ကား ကိလေသပုစ္ဆာ၊

(၆, အသင်သည်သောတာပတ္တိမဂ်မိုလ်စသောတရားတို့တွင်အဘယ် မဂ်ဖိုလ်တို့ကို ရထိအပ်ပါသနည်း ဟုဆဋ္ဌစစ်တမ်းထုတ်ရာ၏။ဤသည်ကား ပဋိလဒ္ဓဓမ္မ ပုစ္ဆာ။

ဤပြဆိုအပ်ခဲ့ပြီးသော ပုစ္ဆာ (၆) ချက်တို့ဖြင့် စစ်တမ်းထုတ်၍ တိကျပြတ်သားစွာဖြေကြားနိုင်ခြင်းမယှိပဲ; (အာဂမနပဋိပဒါ) မဂ်,ဖိုလ်ရောက်ကြောင်း အကျင့်၏ စင်ကြယ်ခြင်း မယှိပါမူ အသင်သည်ယခုကျင့်ဆဲ ပဋိပဒါအကျင့်ဖြင့်လောကုတ္တရာတရားထူးဒိသေသကို မရအပ်သေးပေ ....ဟုအတိအလင်းပယ်ချလိုက်ရမည် (ဥပရိပဏ္ဏာသအဋ္ဌကထာ)

(မှတ်ချက်။ ။ယခုခေတ်၌ အချို့လူများက။အရိယာရဟန္တာဘွဲ့, မဟာသံရအောင် မုံ့လေးမြေ ပန်းတို့ဖြင့် ဇုံစမ်းတတ်ကြလေသည်။ ထိုလူတို့၏ အာဘော်မှာ အရိယာ ရဟန္တာအစစ်ဖြစ်ပါက နင်း၍သွားသော်လည်း မုံ့လေးပွမကျိုး,ပန်းမညှိုး ဟုငိမိဘ်စိတ်ကူးဖြင့်ယူဆ၍ဇုံစမ်းကြဟန်လက္ခဏာယှိပေသည်။

ရဟန္တာ အစစ်သည် ဖြန့်ခင်းထားသော မုံ့လေးပွနှင့် ပန်းတို့ကိုမကျော်လွှားပဲ၊ နင်း၍ သွားခဲ့သည်ယှိသော်၊မုံ့လေးမြေနှင့် ပန်းတို့သည် ကြေ

မွသွားမည်သာဖြစ်ပေသည်၊ ယင်းသို့ဖြစ်လျက် မုံ့လေပွေကျိုး,ပန်းမည့်ိုး စသည်ဖြင့်ဝါဒဖြန့်ကြ ခြင်းမှာလုံးဝယုတ္တိမယှိသောစကားမျှသာဖြစ်ချေသည့် ဤစုံစမ်းနည်းမျိုးသည်ကား နည်းလမ်းမမှန် ကျမ်းဂန်နှင့် မညီသော စုံစမ်းနည်းမျိုးသာ ဖြစ်ချေသည်)

---

## ပုဇော်သက္ကာရပြုသင့်ပြီလော ?

ယင်းကဲ့သို့ (၆) ဌာန ပုဂ္ဂိုလ်တို့ဖြင့် အတန်တန်စစ်တမ်းထုတ်၍ တိကျမှန်ကန်စွာဖြေကြားနိုင်စေကာမူ၊ ထိုပုဂ္ဂိုလ်အား "ပူဇော်သက္ကာရအမှုကိုမပြုသင့်သေးပေး"

အကြောင်းကိုဆိုသော် အချို့သော ပုဂ္ဂိုလ်သည် ပုထုဇ္ဇန်ဖြစ်ပါလျက် အာသဝေါ ကုန်ခမ်းသည့် ရဟန္တာနှင့် တူသော ပဋိပဒါအကျင့်ယှိတတ်လေသည်၊

ထိုပုဂ္ဂိုလ်အား ထိုထိုသို့သော အကြောင်းတို့ဖြင့်၊ ပုထုဇ္ဇန်အဖြစ်ထင်ရှားပေါ်လွင်လာအောင်ပြုလုပ်ပေးရမည် (ဥပရိပဏ္ဏာသအဋ္ဌကထာ)

---

## ပုထုဇ္ဇန်အဖြစ်ပေါ်အောင်လုပ်ပုံ။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီး တဆူဖြစ်တော်မူသော တလက်ဝါသီဓမ္မဒိန္နမထေရ်သည် များစွာသော ရဟန်းသံဃာ တို့အားဩဝါဒအဆုံးအမကိုပေးတော်မူလေသည်။

ထိုဓမ္မဒိန္န မထေရ်အား တနေ့သောအခါ နေ့သန့်ရာ၌ သိတင်းသုံးနေထိုင်တော်မူစဉ် ငါတို့၏ဆရာ ဥစ္စတလက်ဝါသီမဟာနာဂမထေရ်ကြီးသည် ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ရောက်

ပြီလော မရောက်သေးသလော ...... ဟုဆင်ခြင်တော်မူသတ်သော်။ ပုထုဇ္ဇန်မှုသာဖြစ်သေးကြောင်းကိုမြင်တော်မူ၍၊ ငါသွားရောက်သတိပေးခြင်း အမှုကိုမပြုခဲ့ပါသော် ငါတို့ဆရာမထေရ်မြတ်ကြီးသည် ပုထုဇ္ဇန်အဖြစ်ဖြင့်သာ စုံလွန်တော်မူရာ၏ ဟုဘန့်ဒိုးအဘိညာဉ်ဖြင့်ကောင်းကင်သို့ပျံတက်၍ နေ့သန့်ရာအရပ်၌ထိုင်နေတော်မူသော မဟာနာဂမထေရ်ကြီး၏ အနီး၌ ကောင်းကင်မှသက်ဆင်းကာရှိခိုးဝတ်ပြုပြီးလျှင် သင့်တော်လျောက်ပတ်သောနေရာ၌ထိုင်နေလေ၏။

ထိုအခါ မဟာနာဂမထေရ်ကြီးက

ဒိုင့်ငါ့ရှင်၊ အခါမဟုတ်ပါပဲးအဘယ်အကြောင်းကြောင့်

ငါ၏အထံသို့လာခဲ့ပါသနည်း

ဟုမေးတော်မူရာ၊ ပုစ္ဆာ ပြဿနာများကိုမေးလျှောက်လို၍လာခဲ့ပါသည် ဟုလျှောက်ထားလေ၏။

ဒိုင့်ငါ့ရှင် မေးလိုရာကိုမေးလော? ငါသိသောအရာ

ယှဥ်ခဲ့ပါသော် ဖြေကြားပါအံ့

ဟုခွင့်ပြုတော်မူချက်အရ ပုစ္ဆာပြဿနာတထောင်ကို မေးလျှောက်လေ၏။

ဥာဏ်ထက်မြက်ခြင်း၊

မဟာနာဂမထေရ်ကြီးသည်၊ မေးလျှောက်တိုင်း မေးလျှောက်တိုင်းသော ပုစ္ဆာပြဿနာအားလုံးကို တခုမျှချွတ်ချော်ခြင်း သားစွာ အစွန်းအညီမယှဥ်ပဲ ဖြေရှင်းတော်မူ၏၊

ထိုအခါ၊ ဓမ္မဒိန္နမထေရီက

အိုဆရာသခင်ကျေးဇူးရှင် မထေရ်မြတ်ကြီးဘုရား၊ အသျှင်သူမြတ်ဘုရား၏ ဉာဏ်တော်သည်၊ အလွန်ထက်မြက်တော်မူလှပါပေ၏၊ အဘယ်အချိန်အခါက အသျှင်သူမြတ်ဘုရားတို့သည်၊ လောကုတ္တရာတရားထူးဝိသေသကိုရသ်တော်မူကြပါကုန်သနည်း

ဟု လျှောက်ထားရာ၊

အိုငါ့ရှင် လွန်ခဲ့သော အနှစ်(၆၁)လောက်ကပင် ရသိတော်မူခဲ့သည်

ဟုဖြေကြား၏။

တန်ခိုးဖန်ဆင်းနိုင်ခြင်း။

အသျှင်ဆရာမထေရ်မြတ်ဘုရားသည်၊ သမာဓိကိုလေ့လာသုံးဆောင်တော်မူနိုင်ပါသလားဘုရားဟု လျှောက်ထားပြန်ရာ

အိုငါ့ရှင်၊သမာဓိကိုလေ့လာသုံးဆောင်ခြင်းသည် ငါ့အားဝန်လေးခြင်းမဟုတ်ပါ

ဟုမိန့်ကြားတော်မူ၏၊

အိုအသျှင်ဆရာမထေရ်မြတ်ဘုရား၊ ယင်းသို့ဖြစ်တော်မူပါလျှင်၊ဆင်ကြီးတကောင်ကို ဖန်ဆင်းတော်မူပါဘုရား

ဟုလျှောက်ထား၏၊

မထေရ်ကြီးသည် ကိုယ်လုံးဖြူသော ဆင်ကြီးတကောင်ကိုဖန်ဆင်းတော်မူ၏၊

ဒိုအသျှင်ဆရာမထေရ်မြတ်ဘုရား၊ ထိုဆင်ကြီးသည်၊ အသျှင်ဆရာမထေရ်မြတ်အထင်တော်သို့ကြောက်ဖွယ်သောကြိုးကြုံသံကိုပြု၍၊ ရှေးရှုလာနေပုံကိုဖန်ဆင်းတော်မူပါဦး

ဟုထပ်မံလျှောက်ထား၏။

ထွက်ပြေးခြင်း။

မထေရ်ကြီးသည်၊ ဓမ္မဒိန္နမထေရ် လျှောက်ထားသည့်အတိုင်း ဖန်ဆင်းလိုက်သောအခါ၊ မိမိဖန်ဆင်းအပ်သောဆင်ကိုပင် ကြောက်ရွံ့၍ ထွက်ပြေးရန် အားထုတ်တော်မူသောအခါ ဓမ္မဒိန္နမထေရ်သည်၊ မဟာနာဂမထေရ်ကြီး၏ သင်္ကန်းစွန်းကိုဆွဲးကိုင်ကာ၊ ဒိုအသျှင်ဆရာမထေရ်မြတ်ကြီးဘုရား "အာသဝေါကုန်ခမ်းသည့် ရဟန္တာပုဂ္ဂိုလ်များမှာ ကြောက်ရွံ့ထိပ်လန့်ခြင်း ယှိပါသေးသလားဘုရား" ဟုလျှောက်ထားလေ၏။

တောင်းပန်ခြင်း။

ထို မဟာနာဂမထေရ်ကြီးသည်၊ မိမိပုထုဇ္ဇန်မျှသာဖြစ်သေးကြောင်းကိုကောင်းစွာသိယှိတော်မူ၍၊ တပည့်ဖြစ်သော ဓမ္မဒိန္နမထေရ်၏ ခြေရင်း၌ဆောင့်ခြောင့်ထိုင်ကာ

ဒိုငါ့ရှင် ဓမ္မဒိန္န၊ ငါ၏မှီခိုအားထားရာ ဖြစ်ပါလော

ဟုမိန့်ကြားတော်မူလေ၏။

ဒို အသျှင်ဆရာမထေရ်မြတ်ဘုရား၊ ဘုရားတပည့်တော်သည်၊ အသျှင်ဆရာမထေရ်မြတ်၏ မှီခိုအားထားရာဖြစ်ရန်လာခဲ့ခြင်းဖြစ်ပါသည်၊ ဘာမျှစိုးရိမ်ကြောင့်

ကျေပေါ်မမူပါလင့်
ဟုလျှောက်ထား၍ ကမ္မဋ္ဌာန်းပေးတော်မူ၏။

**ရဟန္တာဖြစ်ခြင်း။**

မဟာနာဂမထေရ်ကြီးသည်၊ တပည့်ဖြစ်သော ဓမ္မဒိန္န မထေရ်၏ အထံမှ ကမ္မဋ္ဌာန်းကိုယူကာ စင်္ကြံသို့ တက်ရောက်၍၊ သုံးဖဝါးလှမ်းမိသောအခါ၌၊ အာသဝေါကုန်ခမ်းသည့် ရဟန္တာအဖြစ်သို့ ရောက်လေတော့သည်။ ထိုမဟာနာဂ မထေရ်ကြီးသည်ကား ဒေါသစရိုက်အားကြီးသော ပုဂ္ဂိုလ် ကြီးဖြစ်ပါပေသတည်း (သမ္မောဟဝိနောဒနီအဋ္ဌကထာ)။

---

**မဂ်ဖိုလ်အစဉ်အတိုင်းဖြစ်ခြင်း။**

မဟာနာဂမထေရ်ကြီးသည် ပုထုဇ္ဇန်အဖြစ်မှ ရဟန္တာဖြစ် ၏ဟုဆိုရာ၌၊ သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အ နာဂါမိမဂ်ဖိုလ်၊ တို့ကိုခုံကျော်လွန်၍၊ အရဟတ္တမဂ်ဖိုလ်ကိုရ ကာ၊ ရဟန္တာဖြစ်သည်ဟုမမှတ်ယူအပ်ပေ။

မဂ်ဖိုလ်အစဉ်အတိုင်း၊ သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိ မဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ် ဖြစ်ပြီးသောအခါမှ၊ အရဟတ္တမဂ် ဖိုလ်ကိုရကာ ရဟန္တာဖြစ်သည်ဟုမှတ်ယူရာသည်။

---

**အရိယာပုဂ္ဂိုလ်ကိုအသိရခက်ခဲခြင်း။**

စိတ္တလတောင်၌ သီတင်းသုံးတော်မူသောရဟန္တာမထေရ် ကြီးအား အလုပ်အကျွေးဖြစ်သော (ဝုဍ္ဎပဗ္ဗဇိတ) တောထွက်

ရဟန်းကြီးက၊ထခနေ့သောအခါ၊ရဟန္တာမထေရ်ကြီးနှင့်အတူ ဆွမ်းခံသွား၍ မထေရ်ကြီး၏ သပိတ်သက်နန်းကို ယူလျက် နောက်မှလိုက်စဉ်၊ အိုအသျှင်ဘုရား အရိယာဆိုတာဘယ်လို နေပါသလဲ......ဟုမေးလျှောက်၏။

ထိုအခါ ရဟန္တာမထေရ်ကြီးက၊ဤလောက၌အချို့သော ရဟန်းကြီးသည် အရိယာတို့၏ သပိတ်သက်နန်းကိုယူ၍ ဝတ် ကြီးဝတ်ငယ်တို့ကို ပြုရသျက်၊ အတူတကွသွားလာနေသော်ငြား သော်လည်း အရိယာမှန်းမသိလေ၊ "အိုငါ့ရှင်ရဟန်းကြီး အရိယာဆိုတာ အလွန်အသိရ ခက်ခဲလှပါပေ၏" ဟုမိန့်ဆို တော်မူလေသည် (ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ)

( မှတ်ချက်။ ။အရိယာ၊ ရဟန္တာပုဂ္ဂိုလ်ကို ပကတိမျက်စိဖြင့်တိုက်ရိုက် ကြည့်သည်ဖြစ်စေ၊အပေါ်ကကချောင်း၍ကြည့်သည်ဖြစ်စေ၊မမြင်နိုင်ပေ၊ ပကတိမျက်စိကိုမဆိုထားဘိ။ ဒိဗ္ဗစက္ခုဖြင့်ကြည့်သော်လည်း မမြင်နိုင် ပေ၊

ဉာဏ်ဖြင့်ဝိစစ်ဝေ ဘန်ကာ၊ အတန်တန်ဆင်ခြင်-ကြည့်ရှုသောအခါမှသာ အရိယာရဟန္တာကိုမြင်နိုင်လေသည် )၊

---

**လာဘ်ပူဇော်သက္ကာ အကျော်အစော သည်**
**ငါးစာ တစ်ထား သောငါးမျှားချိတ်နှင့်တူခြင်း။**

အိုငါ၏ချစ်သားရဟန်းများတို့၊ ဆွမ်း၊သင်္ကန်း၊ကျောင်း ဆေးပစ္စည်းလေးပါးတည်း ဟူသောလာဘ်ပူဇော်သက္ကာ အ ကျော်အစောတို့သည် ရုံ့ခဲ့ကြမ်းတမ်း စပ်ခါးလှပါကုန်၏၊ အတုမရှိသော ယောဂလေးပါးတို့၏ ကုန်ရာနိဗ္ဗာန် နှင့်ဝေး ကွာမည့်ခြင်း၏ အကြောင်းဖြစ်ကုန်၏။

အိုငါ၏ ချစ်သား ရဟန်းများတို့၊ တံငါသည်တယောက်သည် ငါးစာတပ်ထားသော ငါးမျှားချိတ်ကို နက်ဉွာသော ရေအိုင်၌ပစ်ချရာ၏။ ထိုငါးစာတပ်ထားသော ငါးမျှားချိတ်ကို ငါးစာကိုသာမြင်၍ ငါးမျှားချိတ်ကိုမမြင်သောငါးသည် မျိုလိုက်ရာ၏၊ ထိုငါးသည်အကျိုးမဲ့ပျက်စီးဆုံးရှုံးခြင်းသို့ရောက်ရာ၏။

**ဥပမာနှင့်ဥပမေယျညှိနှိုင်းချက်။**

အိုငါ၏ ချစ်သား ရဟန်းများတို့ ထိုဥပမာ၌တံငါသည်သည်၊ ယုတ်မာသောမာရ်နတ်၏ အမည်တည်း၊ ငါးစာတပ်ထားသောငါးမျှားချိတ်သည်၊ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ပစ္စည်းလေးပါးတည်းဟူသော လာဘ်ပူဇော်သက္ကာရအကျော်အစော၏ အမည်တည်း။

ငါးစာတပ်ထားသောငါးမျှားချိတ်ကိုမျိုမိ၍ အကျိုးမဲ့ပျက်စီးဆုံးရှုံးရသောငါးသည်၊ ဆွမ်း, သင်္ကန်း, ကျောင်း,ဆေး ပစ္စည်းလေးပါးတည်းဟူသော လာဘ်ပူဇော်သက္ကာရအကျော်အစောကို သာယာတပ်နှစ်သက်သော ရဟန်းတော်၏ အမည်တည်း (နိဒါနဝဂ္ဂသံယုတ်ပါဠိတော်)

(ဤဒေသနာတော်ကိုထောက်ရှု၍၊ အတုမယှိသော ယောဂလေးပါးတို့၏ ကုန်ရာမင်္ဂဖိုလ်နိဗ္ဗာန်ကိုလိုလားတောင့်တ ရှာမှီးကြကုန်သော သူတော်စင်ပုဂ္ဂိုလ်တို့သည်။ မဂ်ဖိုလ်နိဗ္ဗာန်၏ အန္တရာယ်ဖြစ်သော လာဘ်ပူဇော်သက္ကာရအကျော်အစောတို့ကို ဝေးဝေးကပင် ရှောင်ကြဉ်တော်မူကြကုန်ရာသည်)။

## တသိန်းတန်ကမ္ဗလာကိုပဲခွပ်ဖြင့် နှုပ်နှုပ်စဉ်းပစ်သော မထေရ်ကြီး။

ပုနဗ္ဗသုကုဋုမ္ဗိကပုတ္တတိဿမထေရ်သည် သိဟိုဠ်ကျွန်း၌ ပိဋကသုံးပုံတို့ကိုသင်ယူ၍ သမုဒ္ဒရာတဘက်ကမ်းသို့သွားပြီးလျှင် ယောနကဓမ္မရက္ခိတမထေရ်၏ အထံ၌ ပိဋကသုံးပုံတို့ကို ထပ်မံသင်ယူကာပြန်လာစဉ်၊ သင်္ဘောဆိပ်သို့ရောက်သော အခါပုဒ်တပုဒ်၌သံသယဖြစ်သောကြောင့်၊ယူဇနာတရာခရီးကို ပြန်လည်၍ ဆရာမထေရ်၏ အထံသို့သွားစဉ် လမ်းခရီးအကြား၌ သူကြွယ်တယောက်မေးလျှောက်အပ်သော ပြဿနာကိုဖြေကြားလေ၏။

ထိုသူကြွယ်သည် ကြည်ညိုသဒ္ဒါ ဖြစ်ပွါး၍ မထေရ်အား တသိန်းတန်ကမ္ဗလာကိုလှူဒါန်းလေ၏။

ပုနဗ္ဗသုကုဋုမ္ဗိကပုတ္တတိဿမထေရ်သည်၊ထိုတသိန်းတန် ကမ္ဗလာကိုဆရာဖြစ်သော ယောနကဓမ္မရက္ခိတမထေရ်အား လှူဒါန်းလေ၏။

မထေရ်ကြီးသည် ထိုတသိန်းတန်ကမ္ဗလာကို၊ ပဲခွပ်ဖြင့် နှုပ်နှုပ်စဉ်း၍ နံသိပ်ကျင်းအခင်း၌အပြေအပြစ်ပြုလိုက်လေ၏။

### လာဘ်ပူဇော်သက္ကာကိုရှုံ့ချခြင်း။

အဘယ်အကျိုးငှာ ဤသို့ပြုလုပ်ပါသနည်း ဟူမူ နောင်လာ နောက်သားဘို့သည်၊ လာဘ်,ပူဇော်,သက္ကာဘို့ကို သာသာ စွဲမက်ထပ်နှစ်သက်ကာ၊လွန်စွာအလေးဂရုပြုနေကြပါလျှင်ပ

ရိယာတ်,ပဋိပတ်တို့ကိုဆောင်ရွက်ဖြည့်ကျင့်မှုတို့၌ယုတ်လျော့သွားမည့်စိုးသောကြောင့်၊လာဘ်,ပူဇော်, သက္ကာတို့ကိုရှုံ့ချကာ သာယာကင်ငြိအလေးဂရုမပြုမိကြဖို့သော၄ာ၊ ဤကဲ့သို့တာသိန်းတန်ကမ္ဗလာကို ပဲးခွပ်ဖြင့် နုပ်နုပ်စဉ်းပစ်လိုက်ခြင်းဖြစ်ပေသည်။

ရဟန္တာ တံမြက်စည်းလှည်းခြင်း

ထိုပုန္ဗသုကုန္ဓမြို့က ပုဏ္ဏတိဿ မထေရ်သည်ဆရာ မထေရ်ကြီး၏ အထံ၌ယုံ့မှားသံသယကိုပယ်ဖျောက်၍။ ဇမ္ဗူကောလဆိပ်ကမ်းသို့တက်ကာ၊စေတီရင်ပြင်ကိုတံမြက်စည်းလှည်းသည့်အချိန်အခါ၌၊ ဝါလိကကျောင်းသို့ရောက်၍ တံမြက်စည်းလှည်းတော်မူ၏။

ပုစ္ဆာမေးခြင်း။

ထိုပုန္ဗသုကုန္ဓမြို့ကပုဏ္ဏတိဿမထေရ်၏ တံမြက်စည်းလှည်းရာကိုမြင်ကြ၍။ဤတံမြက်စည်းလှည်းရာသည်၊ အာသဝေါကုန်ခမ်းသောရဟန္တာ၏ တံမြက်စည်းလှည်းရာတည်းဟု ထိုမထေရ်အား စုံပမ်းရန် ပုစ္ဆာ ပြဿနာများကို မေးလျှောက်ကြကုန်၏။

ဖြေဆိုနိုင်ခြင်း။

ထိုပုန္ဗသုကုန္ဓမြို့ကပုဏ္ဏတိဿမထေရ်သည် ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်ဖြစ်တော်မူသည့်အလျောက်၊ မေးတိုင်း မေးတိုင်းသောပုစ္ဆာပြဿနာတို့ကို ကြေလည်စွာဖြေကြားတော်မူနိုင်၏။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ)

**အသျှင်အာနန္ဒာအား နတ်သားက သတိပေးခြင်း။**

အသျှင်မဟာကဿပမထေရ်ကြီးသည် ဓမ္မဘဏ္ဍာဂါရိက အသျှင်အာနန္ဒာမထေရ်အား၊

> အိုငါ့ရှင်အာနန္ဒာ၊ ငါတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါကပ် ဆို၍ "ပဌမသင်္ဂါယနာ" တင်ကြပါကုန်အံ့၊ သွားပါချေ အသင်သည် အထက်မဂ်သုံးပါးအလို့ငှာ တောသို့ဝင် ၍ တရားအားထုတ်ပါလော?

ဟုမိန့်ဆိုတော်မူ၏။

အသျှင်အာနန္ဒာ မထေရ်သည်၊ ဘုရားသျှင်၏ သပိတ်၊ သင်္ကန်းကိုယူတော်မူ၍၊ ကောသလတိုင်းသို့ ကြွသွားတော်မူပြီးလျှင်၊ တခုသောတောအုပ်အတွင်း၌၊ သီတင်းသုံးနေထိုင်တော်မူ၍၊ နောက်တနေ့၌ရွာတရွာသို့ဝင်တော်မူလေ၏။

**လူအများငိုကြွေးကြခြင်း၊**

လူတို့သည် အသျှင်အာနန္ဒာမထေရ်ကို မြင်ကြကုန်သော အခါ၊

> အိုအသျှင်ဘုရား အာနန္ဒာ။ ။အသျှင်ဘုရားတို့သည် ရှေးအခါက၊ ဘုရားသျှင်နှင့်အတူ ကြွလာတော်မူကြပါ ကုန်၏၊
>
> ယခု-ဘုရားသျှင်ကိုအဘယ်မှာထားခဲ့၍၊ ကိုယ်တော် တပါးတည်း ကြွလာတော်မူခဲ့ပါသနည်း ....ဘုရား

မသောအားဖြင့် ပြောကြားပူဆွေး......ငိုကြွေး ကြလေကုန်၏.

**တရားဟောခြင်း။**

အသျှင်အာနန္ဒာမထေရ်သည်၊ ဒိုဒါယကာ,ဒါယိကာမ အပေါင်းတို့ စိုးရိမ်ပူဆွေး မငိုကြွေးကြပါကုန်လင့်။ သင်္ခါရ တရားတို့မည်သည် အမြဲမယှိ အနိစ္စ အတိသာဖြစ်ကုန်၏၊ ဤသို့ အစယှိသည့်တို့ကို ဟောကြားညွှန်ပြဆုမ္မကာ သက်သာရာ ကိုရစေ၍ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ၊ မိမိနေရာ တောအုပ်သို့ ပြန်လည်ကြွမြန်းတော်မူလေသည်။

**အချိန်ကုန်ခြင်း။**

ဤသို့ဒါယကာ, ဒါယိကာမများဘုရားသျှင်ပရိနိဗ္ဗာန်ဝင်စံ တော်မူကြောင်းကို မကြာမကြာ သွားလာတွက်ဝင် အလျှင် မပြတ် မေးမြန်းစုံစမ်းလတ်၍ စိုးရိမ်ပူဆွေး အထပ်ထပ်ငို ကြွေးကြသည်များကို တရားဓမ္မ ဟောညွှန်ပြနေရခြင်းအား ဖြင့် အချိန်များစွာကုန်ဆုံးရပေတော့၏။

**နတ်ကသတိပေးခြင်း။**

ထိုအခါ အသျှင်အာနန္ဒာ၏ အကျိုးကို လိုလာတောင့်တ သနားကြင်နာလှသောနတ်သားတယောက်သည်။

ဘုရားသျှင် ဟောကြားတော်မူအပ်သော ဖိနပါဝစန ပိဋ ကသုံးပုံကိုသင်္ဂါယနာသော မတင်ခဲ့လျှင်၊ ပန်းသီးတန်ဖြင့်မသိ ကုံးအပ်သော၊ ပန်းအစုအပုံကဲ့သို့ ဖရိုဖရဲပြိုကွဲပျက်စီးပေရာ၏၊

အသျှင်အာနန္ဒာ မထေရ်သည် ဤသို့လူအများအား၊ တရား ဓမ္မဟောပြောပြသမှုနှင့်သာအချိန်ကုန်ဆုံးနေခဲ့ပါလျှင်အထက် မဂ်သုံးပါးအလို့ငှာ၊တရားအားထုတ်ခွင့်ရတော့မည်မဟုတ်ပဲ

သင်္ဂါယနာတင်ပွဲဝင်နိုင်တော့မည် မဟုတ်ဟု အသျှင်အာနန္ဒာမထေရ်အား၊ သတိသံဝေဂတရားဖြစ်ပွားစေရန် ဂါထာပဇ္ဇဗန်ဖြင့် ဤသို့စိမ်သျှောက်ထားလေ၏။

ဂေါတမမြတ်စွာ၊ ညီဖြစ်လာသည့်၊ အာနန္ဒာခည်ငြား
အိုအသျှင်ဘုရား၊ တောအုပ်အတွင်း၊ သစ်ပင်ရင်းသို့၊
ချဉ်းနင်းထောက်ကူ၊ ဝင်တော်မူ၍၊ စင်ပြူမယွင်း၊
"နိဗ္ဗာန်ကိုနှလုံး၌ထည့်သွင်းကာ" ဖြည့်တင်းဥာဏ်ပွား၊ဈာန်နှစ်ပါးတို့ဖြင့်၊ရှုစားဆင်ခြင်တော်မူပါလော၊
ပမာဒတရားရ၊ လက်ကိုင်ပြု၍၊ မေ့သျှော့ပေါ့တန်ခြင်းအမှုကို၊ပြုတော်မမူပါလင့်၊
တွေ့ရာလေးပါး၊လူအများအား၊တရားဟောမှု၊ ဤသို့ပြုနေခြင်းဖြင့်၊အထက်မဂ်ဖိုလ်၊အကျိုးလို၍၊ တောကိုဝင်ငြား၊ အသျှင်ဘုရားအား၊ဘာများမြော်မြင်၊အကျိုးထင်ပါတော့မည်နည်း။ (ဝါ)ကောန်တိတိ၊ အကျိုးမယှိသည့်သာတည်း၊

**သံဝေဂဖြစ်ခြင်း၊**

ယင်းသို့ အကျိုးလိုလား၊ထိုနတ်သား၏၊ သတိပေးစကားကို၊ အသျှင်အာနန္ဒာမထေရ်ကြားလေသျှင်၊ တရားသံဝေဖြစ်တော်မူရလေသတည်း (သဂါထာဝဂ္ဂသံယုတ်ပါဠိတော်)

**မိမိအကျိုးပျက်ခံ၍ တရားမဟောထိုက်။**

ဤဝတ္ထုသာဓကကိုထောက်ဆ၍ လာဘ်, ပူဇော်သက္ကာ အကျော် အစောတို့ကိုငဲ့ကွက်သက်ညှာခြင်း အလျှင်းပင်မယှိစေ

ကာယနှင့်မိမိ၏ ဂေါ်ဖိုလ်ရရန်၊ အခြေခံပဋိပတ်တရားကို အ‌ပျော်အပြား‌ခံ၍ ။ သူတပါးတို့အား တရားဓမ္မဟောပြောပြသ အချိန်ကိုကုန်လွန်စေရခြင်းသည်၊ လားလားမှမသင့်တော်ကြောင်း သူတော်စင်အပေါင်းတို့သည်၊ ကောင်းစွာမှတ်ပိုက် နှလုံး၌ထားကာ၊ အပ္ပမာဒတရား၊ လက်ကိုင်ထားလျက်၊ ဥဿုံပွား‌ တော်မူကြကုန်ရာသည်။

နိဗ္ဗာန်ကိုနှလုံး၌ထည့်သွင်းပုံ။

''နိဗ္ဗာနံကိုနှလုံး၌ထည့်သွင်းကာ'' ဟူသော သဂါထာဝဂ္ဂသံယုတ်ပါဠိတော်စကားရပ်၌၊ (၁) နိဗ္ဗာန်သို့ရောက်ရန် အခြေခံ ပဋိပတ်တရားကို၊ ကြိုးစားမယုတ် အားထုတ်ခြင်းသည်၊ကိစ္စအားဖြင့်''နိဗ္ဗာန်ကိုနှလုံး၌ထည့်သွင်း'' သည်မည်၏။

(၂)နိဗ္ဗာန်လျှင်အာရုံယှိသော'ဖလသမာပတ်ကိုဝင်စားနေထိုင်ခြင်းသည်၊ အာရမ္မဏအားဖြင့်'' နိဗ္ဗာန်ကိုနှလုံး၌ထည့်သွင်း''သည်မည်၏(သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ)

---

ယော်တော်နှင့် ချစ်ကျွမ်းဝင်မှုဖြတ်တောက်သောရဟန္တာ

ဝသာဥ္စနဂရရွာမှထွက်၍ ရူဥ္စနာဂ, မဟာနာဂညီနောင်နှစ်ပါးတို့သည်၊ရဟန်းပြုကြကုန်ပြီးလျှင်၊ စိတ္တလတောင်၌ အနှစ်သုံးဆယ်ပတ်လုံး သီတင်းသုံးနေထိုင်ကာ၊ ရဟန္တာအဖြစ်သို့ရောက်ကြလေကုန်၏။

ထိုမထေရ်ညီနောင်တို့သည် မယ်တော်ကိုကြည့်ရှုရန်လာ

ကြကုန်၍၊ ဝသာဋ္ဌနဂရကျောင်း၌ သီတင်းသုံးတော်မူကာ၊ နောက်တနေ့၌ မယ်တော့်ရွာသို့ဆွမ်းခံဝင်ကြကုန်၏။

မယ်တော်သည် ထိုမထေရ်ညီနောင်တို့အား၊ အခုန်းမှတ်ဖြင့် ယာဂုကိုခတ်၍ သပိတ်၌လောင်းစဉ် မဟာနာဂ မထေရ်ကိုကြည့်၍ သားဟည်းဟူသောချစ်ခြင်းသည်ဖြစ်ပေါ်လာလေ၏။

ထိုအခါမယ်တော်ကြီးက။ အိုချစ်သား၊ အသျှင်ဘုရားသည် တပည့်တော်၏ သားကြီး "မဟာနာဂ" မဟုတ်ပါလားဘုရား ဟုမေးလျှောက်လေ၏။

မဟာနာဂမထေရ်သည်၊ အိုဥပါသိကာမကြီး၊ နောက်က ဆွမ်းခံကြွလာသော မထေရ်ကိုမေးလော...... ဟုဆို၍ ထွက်သွားလေ၏။

စူဠနာဂမထေရ်အား ယာဂုလောင်းလှူစဉ်၊ အိုချစ်သား အသျှင်ဘုရားသည် တပည့်တော်၏ သားငယ် "စူဠနာဂ" မဟုတ်ပါလားဘုရား ဟုမေးလျှောက်လေ၏။

အိုဥပါသိကာမကြီး ရှေးဦးစွာ ဆွမ်းခံကြွသွားသော မထေရ်ကိုဘာ့ကြောင့်မမေးလိုက်သလဲ ဟုဆို၍ ထွက်သွားလေတော့၏။ [နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ]

ဤအရာ၌သားဖြစ်ကြောင်းကို ဝန်ခံလိုက်လျှင် မယ်တော်နှင့် "ဝဋ္ဋဘာ" ဖြစ်သွားမည်စိုးသောကြောင့် ယင်းသို့ရှောင်လွှဲတော်မူကြခြင်းဖြစ်သည်။

**သမဏသုခ။**

ရေသေမျှသောဆွမ်း,သင်္ကန်း,ကျောင်း, ဆေး ပစ္စည်းလေး ပါးတို့နှင့် ရောင့်ရဲခြင်း၊ သာသနာတော်၌ပျော်မွေ့ခြင်းအားဖြင့်(**သမဏသုခ**)ရဟန်းချမ်းသာငါးပါးဟိုပါသည်(အင်္ဂုတ္တိုရ်ပါဠိတော်) (**ဘနည်း**) မင်း,မင်းအမတ်စသည်တို့နှင့် ချစ်ကျွမ်းတဝင်မရောနှော မဆက်ဆံရခြင်းသည် (**သမဏသုခ**) ရဟန်းချမ်းသာမည်၏ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)

**သမဏဒုက္ခ။**

ထိုစကားတို့ကို ဗျတိရိက်ပြန်လိုက်ပါမူ ရရသမျှသောဆွမ်း,သင်္ကန်း,ကျောင်း,ဆေးပစ္စည်းလေးပါးတို့နှင့်မရောင့်ရဲနိုင်ခြင်း သာသနာတော်၌ မပျော်မွေ့ခြင်း မင်း, မင်းအမတ်စသည်တို့နှင့် ချစ်ကျွမ်းတဝင် ရောနှောဆက်ဆံရခြင်းသည် (**သမဏဒုက္ခ**) ရဟန်းဆင်းရဲမည်၏၊

**ချမ်းသာသုခကိုအဘယ်ဟိုပါသနည်း။**

---

ချမ်းသာသုခသည်၊ လောကီချမ်းသာသုခ,လောကုတ္တရာချမ်းသာသုခအားဖြင့် နှစ်မျိုးဟိုပေ၏။ ထိုချမ်းသာသုခနှစ်မျိုးကိုအလိုရှိကြကုန်သော ပုဂ္ဂိုလ်တို့သည်။သူတပါးကိုသာအားကိုးနေ၍ ရနိုင်မည်မဟုတ်ပေ။ မိမိကိုယ်တိုင်ကြိုးစားမယုတ်အားထုတ်ကြပ သာ ချမ်းသာသုခနှစ်မျိုးကို ရနိုင်မည်ဖြစ်ပေသည်၊

မှန်ပါသည်၊ ၊သိကြွားမင်းက၊သုဝိရနတ်သားအား

အို သုဝိရနတ်သား၊ အကြောင်းအရပ်၌၊ မိမိကိုယ်တိုင်

ကြီးစားမယုတ်အားထုတ်ခြင်းအမှုကိုမပြုပဲး၊ချမ်းသာ
သုခကိုရနိုင်၏၊
ထိုအရပ်သို့၊ မင်းလည်း ရောက်အောင်သွားစမ်းပါ၊ငါ
ကိုလည်း ရောက်အောင်ပို့စမ်းပါ၊
ဟုမိန့်ကြားလေသည် (သဂါထာဝဂ္ဂသံယုတ်ပါဠိတော်)၊

---

မင်းပင့်၍မလာသိုသောမထေရ်ကြီး။

ကုရုဏ္ဍကလိုဏ်ဂူကြီး၌ စိတ္တဂုတ္တမထေရ်ကြီးသည် သိ တင်းသုံးနေထိုင်တော်မူ၏၊ ထိုလိုဏ်ဂူကြီးအတွင်း၌ ဘုရား ခုနစ်ဆူတို့၏ ဗုဒ္ဓဝင်တောထွက်ခန်း ပန်းချီဆေးရေးရုပ်များ ရေးချယ်ထားရာ၊ မြင်ရသူတို့၏ စိတ်နှလုံးကိုယူကြီးနှစ်သက် စေနိုင်လေသည်၊

များစွာကုန်သော ရဟန်းတော်တို့သည် ကျောင်းဒေသ စာရီသွားလည်ကြကုန်သောအခါ၊ ထိုကုရုဏ္ဍကလိုဏ်ဂူ အ တွင်း၌ ရေးချယ်ထားသော ပန်းချီဆေးရေး ရုပ်တို့ကိုမြင်၍၊ အို အသျှင်ဘုရား...ကုရုဏ္ဍကလိုဏ်ဂူအတွင်း၌ ရေးချယ်ထား အပ်သော ပန်းချီဆေးရေးရုပ်များသည် အလွန်နှစ်လိုဘွယ် ယှိပါပေစွဘုရား...... ဟု မထေရ်ကြီးအားလျှောက်ထားကြ ကုန်၏။

မော်မကြည့်စဖူးခြင်း။

ထိုအခါမထေရ်ကြီးက၊ ဒိုင်ငါ့ရှင်တို့၊နှစ်ပေါင်း(၆၀)ကျော် တိုင်တိုင် ဤလိုဏ်ဂူအတွင်း၌ နေခဲ့ဘူးသောငါ့အား၊ ပန်းချီ

သေးရေးရုပ်ဟူ၍သည့် မဟူသည်ကိုမသိစဖူးပါ၊ ယခုအခါမှ မျက်စိအမြင်ဟူ၍ကုန်သော ငါ့ရှင်တို့ကိုမှီ၍ ဆန်းကြယ်သော ပန်းချီသေးရေးရုပ်ဟူ၍မှန်းငါသိရပေပြီ...... ဟုမိန့်ဆိုတော်မူ၏။

မထေရ်ကြီးသည်၊ နှစ်ပေါင်း(၆၀)ကျော်ကာလပတ်လုံး နေလာငြားသော်လည်း၊ မျက်စိကိုဖွင့်၍ လိုဏ်ဂူကိုတခါမျှ မော်မကြည့်စဖူးပေ။

လိုဏ်ဂူတံခါးဝ၌လည်း ဂန္ဓဂေါပင်ကြီးတပင်ဟူ၍၏၊ ထို ဂန္ဓဂေါပင်ကြီးကိုလည်း တခါမျှမော်၍ မကြည့်စဖူးပေ၊ နှစ်စဉ်ကျွေကျကုန်သော ဂန္ဓဂေါပွင့်တို့ကိုမြင်ရသောအခါမှ ဂန္ဓဂေါပင်ကြီးပွင့်သည့်အဖြစ်ကိုသိလေသည်။

မင်းပင့်၍မလာ။

မင်းကြီးသည်ထိုမထေရ်ကြီး၏ဂုဏ်ကျေးဇူးတို့ကိုကြား သိ၍ ရှိခိုးပူဇော်လိုသောကြောင့်၊ သုံးကြိမ်တိုင်တိုင် စေ လွှတ်ပင့်လျှောက်သော်လည်း မထေရ်ကြီးသည် ကြွလာ တော်မမူပေ။

ကလေးများနို့မစို့ရန်ဒဏ်တပ်ခြင်း

သုံးကြိမ်တိုင်တိုင် ပင့်လျှောက်သော်လည်း ကြွလာတော် မမူသောကြောင့်၊ မထေရ်ကြီး၏လိုဏ်ဂူအနီးဟူ၍ ဆွမ်းခံရွာမှ သားသည်မအော မိန်းမများ၏ နို့ကို၊မထေရ်ကြီးကြွလာတော် မမူသမျှကာလပတ်လုံးကလေးသူငယ်များမစို့ရ.......ဟုတံဆိပ် ခတ်နှိပ်ကာ ဒဏ်တပ်သလေ၏။

### မထေရ်ကြီးကွယ်လွန်တော်မူခြင်း၊

မထေရ်ကြီးသည် ကလေးသူငယ်တို့ကို သနားကြင်နာတော်မူသဖြင့် မဟာဂါမသို့ ကြွသွားတော်မူ၏၊

မင်းကြီးသည်မထေရ်ကြီးကွယ်လွန်တော်မူကြောင်းကြားသိတော်မူ၍ အချင်းတို့။မထေရ်ကြီးအားနန်းတော်သို့ ပင့်ဆောင်လာခဲ့ကြကုန်၊ သိလ္လခံယူဆောက်တည်ပါကုန်အံ့ဟု မထေရ်ကြီးကိုနန်းတော်သို့ပင့်ဆောင်စေဘာ၊ ရှိခိုးပြီးဆွမ်းလုပ်ကျွေး၍၊ အိုအသျှင်ဘုရား ယနေ့အချိန်မရပါ။ နက်ဖန်မှပင် သီလခံယူဆောက်တည်ပါအံ့ ဟုမထေရ်ကြီး၏ သပိတ်ကိုယူ၍ အနည်းငယ်လိုက်ပို့ပြီး မိဖုရားကြီးနှင့်အတူရှိခိုးလျက် နေခစ်ခဲ့လေ၏၊

### မင်း, မိဖုရားမျက်နှာကိုမကြည့်ခြင်း

မထေရ်ကြီးသည် မင်းကြီးရှိခိုးသည့်အခါဖြစ်စေ၊မိဘုရားကြီးရှိခိုးသည့် အခါဖြစ်စေ အိုမြတ်သောမင်းကြီး ချမ်းသာပါစေ......ဟူ၍ သာဓုပေးတော်မူ၏၊

ဤသို့ (၇) ရက်တိုင်တိုင် အချိန်ဆွဲးကာ၊ မထေရ်ကြီးကို နန်းဘော်သို့ပင့်ဆောင်လျက် မင်း,မိဖုရားကြီးတို့က၊ အားဂါး တခုရှိခိုးပူဇော်ကြကုန် ၏၊

ရဟန်းအပေါင်းတို့က၊ အသျှင်ဘုရားသည် မင်းကြီးရှိခိုးသည့်အခါဖြစ်စေ၊ မိဖုရားကြီးရှိခိုးသည့်အခါဖြစ်စေ ..... အိုမြတ်သော မင်းကြီး။ချမ်းသာပါစေ ..... ဟူ၍ သာဓုပေးတော်မူသတိ၏ ...... ဟုလျှောက်ထားကြကုန်၏

**အမှတ်မထားခြင်း**

မထေရ်ကြီးက အိုင်ငါ့ရှင်တို့၊ငါသည် မင်းကြီး ဟူ၍ ၎င်း မိဖုရားကြီးဟူ၍ ၎င်း ပိုင်းခြား, အမှတ်ထားခြင်းမပြုပေ…… ဟု မိန့်ကြားတော်မူ၏၊

**မထေရ်ကြီးရဟန္တာဖြစ်ခြင်း**

(၇) ရက်ကိုကျော်လွန်သောအခါ၊ ဤနန်းတော်၌ မထေရ်ကြီးနေရခြင်းသည်ဆင်းရဲလှပေ၏ ဟု၊ မင်းကြီးသည်မထေရ်ကြီး ပြန်ကြွတော်မူရန်ခွင့်လွှတ်၍ ကုရုဏ္ဍကလိုဏ်ဂူသို့ မထေရ်ကြီးပြန်ကြွတော်မူပြီးလျှင် ညဉ့်အတိုင်၌ စင်္ကြံကြွတော်မူ၏၊

ဂန္ဓဝါပင်စောင့်နတ်သည် ဆီမီးတိုင်ကိုကိုင်ကာရပ်တည်နေလေ၏။

ထိုအခါ၌မထေရ်ကြီး၏ ကမ္မဋ္ဌာန်းသည် အလွန်စင်ကြယ်ထင်ရှားလှလေ၏၊

မထေရ်ကြီးသည် ယနေ့ငါ့အား ကမ္မဋ္ဌာန်းသည် အလွန်ထင်ရှားလှပေ၏ ဟု ဝမ်းမြောက်တော်မူ၏၊ မဇ္ဈိမယာမ်၏ အခြားမဲ့၌ တောင်တရလုံးကို ပဲ့တင်ထပ်စေလျက် ရဟန္တာအဖြစ်သို့ရောက်တော်မူလေ၏ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

---

**ရှေ့စာရိတ္တကိုပြင်းပယ်သောမထေရ်ကြီး။**

ဒွါရဂိုဏ်းကြီးကို ဇက်မွန်ဖန်ဆင်း တည်ထောင်တော်မူသော ကျေးဇူးရှင် - ဥဂ္ဂံ ဝံသမာလာ မဟာထေရ် ကျော်

ဆရာတော်ဘုရားကြီးသည်၊အမရပူရမြို့ ပုဂံမင်းနန်းတက်၍ ဗားကရားဆရာတော်ဘုရားကြီးသာသနာပိုင်ဖြစ်ချိန်၊ပုဂံမင်း ပေးအပ်ချီးမြှင့်တော်မူသော ''ရာဇဂုရု''ဘွဲ့တံဆိပ်တော်ကိုငြင်းပယ်၍၊စစ်ကိုင်းမြို့ မြသိန်းတန်ကျောင်းတိုက်သို့ သွားရောက် စာပေသင်ကြားနေထိုင်လေသည်။

**မင်းတုန်းမင်းပင့်သည်ကိုမကြွ။**

ထိုအုဂ်ဗိုရ် ဆရာတော်ဘုရားကြီးသည်၊ ရာဇဝလ္လဘအမှုကိုအထူးစက်ဆုတ်တော်မူ၍၊ ဗားကရားကျောင်းတိုက်၌စာပေသင်ကြားနေထိုင်စဉ်၊ မင်းတုန်းမင်းသားက ဖူးမျှော်ခွင့်တောင်းသော်လည်းအတွေ့မခံပေ၊

အောက်အရပ်သို့ပြန်လည်ကြွမြန်းတော်မူကာ၊ သာသနာပြုတော်မူသည့်အချိန်မှာလည်း၊ မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးက၊ ရွှေကျင်ဆရာတော်ဘုရားကြီးကိုစေလွှတ်၍ အုဂ်ဗိုရ်ဆရာတော်ဘုရားကြီးကို ပင့်တော်မူရာ၊ အုဂ်ဗိုရ်ဆရာတော်ဘုရားကြီးသည် ကြွရောက်တော်မမူပဲ ငြင်းပယ်တော်မူလိုက်လေသည်၊

**ဩဝါဒအထူး။**

ကျေးဇူးရှင် အုဂ်ဗိုရ် ဆရာတော်ဘုရားကြီးက မိမိတပည့်သားချားအား

ဂုဏ်မလို၍ ဂုဏ်ပိုမယ်၊
ဂုဏ်လိုလျှင် ဂုဏ်မြို့တင်တယ်

ဂုဏ်ပင်လဲး ဂုဏ်အိုးကွဲးတတ်တယ်
ဟုမကြာမကြာပြဲ၀ါဒစကားမိန့်ကြားဆုံးမတော်မူလေသည်

(မှတ်ချက်။ ။အချို့သော ပုဂ္ဂိုလ်တို့မှာ မိမိအရပ်ဒေသ၌ သီလ, သမာဓိပညာ ဂုဏ်တို့ဖြင့်အများကမြှောက်စားချီးပင့်ကြသောဂုဏ်နှင့် မရောင့်ရဲးနိုင်ကြပဲး ဂုဏ်ကြီးသည်ထက်ကြီးစေရန် မင်းမင်း အမတ်စသည်တို့က ဘိတ်ကြားသည်ကို အလိုက်မှားကြသည့်အတွက် ပညာယှိ ပုဂ္ဂိုလ်တို့က မိမိ၌ထင်ရှားယှိသောဂုဏ်ကို တိုင်းထွာကြည့်ရှုခွင့်ရကြလေရာ ကျော်ကြားသလောက် သီလ,သမာဓိ,ပညာ ဂုဏ်တို့နှင့်မပြည့်ဝသည်ကိုတွေ့ယှိရ၍။ဂုဏ်မကြီးသည့်အပြင် ယှိရင်းစွဲးဂုဏ်သည်ပင်လျှင် ပျက်ပြားခြင်းသို့ရောက်ရလေသည်၊

အချို့သော ပုဂ္ဂိုလ်တို့မှာ မိမိကို "ကျမ်းတတ် ပုဂ္ဂိုလ်"ဟုအများကမြှောက်စားချီးပင့်ကြသော ဂုဏ်နှင့်မရောင့်ရဲးနိုင်ပဲး ဂုဏ်ကြီးသည့်ထက် ကြီးစေရန် ကျမ်းဂန် တခုခုကိုရေးသားပုံနှိပ်ထုတ်ဝေ မှားတတ်ကြလေသည်၊

ပညာယှိပုဂ္ဂိုလ်တို့သည်။ထိုကျမ်းပြုဆရာ၏ ပညာအတင်မ်အနက်ကိုတိုင်းထွာကြည့်ရှုခွင့် ရကြ၍ ထိုအခါမှပင်ပညာဥာဏ်နည်းပါးလှသော "အပ္ပဿုတ" ပုဂ္ဂိုလ်ဖြစ်ကြောင်းသိယှိကုန်ကြသဖြင့် ဂုဏ်မကြီးသည့်အပြင် ယှိရင်းစွဲးဂုဏ်သည်ပင်လျှင်ပျက်ပြားခြင်းသို့ရောက်ကာ"ဂုဏ်အိုးကွဲး" ရလေတော့သည်)

---

**မင်းအလိုမလိုက်သောမထေရ်ကြီး။**

သာလွန်မင်းတရားကြီးလက်ထက်တော်က၊ အမြင့်မြို့စားရှင်တရပ်သည် လူသွမ်းလူပျက်တို့၏စကားကိုနားယူ၍ ၊ နံက်လေးချက်တီးအချိန် ထီးနန်းကိုလုပ်ကြံရန်၊ နန်းတော်တွင်းသို့ဝင်သည်၊မြေနန်းရှေ့သို့ရောက်မှ ပြောင်းသေနပ်သံပေးသည်တိုက်စည်တီးသည် အသံကြား၍ကြည့်ရှုစေသော်။အမြင့်စား

အတတ်ပညာဖြစ်ကြောင်းသိ၍၊ အတွင်းဝန် နန္ဒဓေယျကျော်ယာရပင် အလျှင်ထွက်တော်မူမှသင့်မည်လျှောက်သောကြောင့်၊ တမှာ်ကြီးငါးသွယ်နှင့်သိ၍ ကွမ်းခွက်တော်တွင် အမြဲးထားသော အတိုးအဘိုင်းမသိထိုက်သော လက်ဝတ်တော်များကိုယူ၍၊ ခြေလျှင်ပင် နန္ဒဓေယျော်တဘက်၊ ရာဇသောခေတဘက် မှ၍ အနောက်တံခါးသို့ထွက်တော်မူသည်။

သားတော်များကိုလည်း၊ ပါနိုင်သမျှသင်းပင်းနှင့် လေးထပ်ကျောင်းသို့ လိုက်လာလှည့်ဟူ၍ အထောက်မှူးကိုစေတော်မူသည်။

မင်းကြီး၏ဘေးရန်ကို ရဟန်းတော်များ တုတ်တောင်ဝှေးစသည် ကိုင်စွဲးလျှက် ကာကွယ်စောင့်ရှောက်တော်မူပါဟူမင်းအမတ်တို့က ''လေးထပ်ဆရာတော်'' အားလျှောက်ထားရာ၊ ဝိနည်းသိက္ခာပုဒ်နှင့်ဆန့်ကျင်သည့်ဆို၍ ငြင်းပယ်တော်မူ၏။

တဖန် ''စံကျောင်းဆရာတော်'' အားလျှောက်ထားရာ ''စံကျောင်းဆရာတော်'' က၊ ရဟန်းတထောင် စည်းဝေးစေ၍၊ တုတ်တောင်ဝှေးစသည် လက်စွဲးလျှက် မင်းကြီးအား ကာကွယ်စောင့်ရှောက်တော်မူပေ၏။

**သံသရာဆရာတော်နှင့် ပစ္စုပ္ပန်ဆရာတော်၊**

အမြင့်မြို့စားရှင်တချပ်ကို နန်းတွင်းမှတိုက်ထုတ်၍ သာလွန်မင်းတရားကြီး နန်းတက်တော်မူသောအခါ ''လေးထပ်ဆရာတော်'' ကိုနန်းတော်သို့အပင့်လွှတ်သဖြင့် ရာဇဝတ်ပြစ်ဒဏ်သင့်ပြီ ....ဟုအများကစိုးရိမ်ပူပန်နေကြသော်လည်း။

သာလွန်မင်းတရားကြီးက "လေးထပ်ဆရာတော်" အား "သံ သရာဆရာတော်" ဟုကိုးကွယ်တော်မူသည့်အပြင် "ရဟန်း ကောင်းပီသပါပေသည်" ဟုချီးကျူးတော်မူသည်။

"စံကျောင်းဆရာတော်" ကိုလည်း "ပစ္စုပ္ပန်ဆရာတော်" ဟုကိုးကွယ် ဆည်းကပ်တော်မူပြီးလျှင် "စံကျောင်းဆရာ တော်" ကား "စစ်သူကြီးလုပ်တို့ကောင်းလှပါပေသည်" ဟု မိန့်ကြားတော်မူ၏။

(မှတ်ချက်။ ။ဤဝတ္ထုသာဓကကိုထောက်ဆ၍။ လဇ္ဇီပေသလ သိက္ခာ ကာမ သီလဝန္တ ပုဂ္ဂိုလ်တို့သည်။ရာဇန္တရာယ်ကို ပမာဏ မပြုမူ၍ သိက္ခာပုဒ် တော်ကို စောင့်စည်းတော်မူကြလေသည် ပညာယှိ သာသနာပြုမင်းကောင်း မင်းမြတ်များကား ယင်းသို့မင်းအလိုလိုက်၍ မင်းကြိုက်ကိုမဆောင်သောလဇ္ဇီ ပေသလ,သိက္ခာကာမ သီလဝန္တ ပုဂ္ဂိုလ်တို့ကိုသာ ပိုမိုလေးစားအားထား ကြည်ညိုကိုးကွယ်ဆည်းကပ်တတ်ကြလေသည် အကြောင်းကား ထိုလဇ္ဇီပေ သလသိက္ခာကာမ သီလဝန္တ ပုဂ္ဂိုလ်တို့ကို ပိုမိုလေးစားအားထားကြည်ညိုကိုး ကွယ်ဆည်းကပ်ရသဖြင့်လောကီ လောကုတ္တရာနှစ်ဖြာကောင်းကျိုးပွားတိုး နိုင်သောကြောင့်ပင်ဖြစ်ပေသည်)

---

## မင်းကိုဘင်းဘင်းမာမာပြောဆို ဆုံးမသောမထေရ်ကြီး

နရပတိစည်သူမင်းကြီးသည် သာသနာတော်ကို ချစ်မြတ်နိုး၍ လဇ္ဇီသီလဝန္တ ရဟန်းများကို သဒ္ဓါကြည်ညိုထောက်ပံ့တတ်သောကြောင့်။ ၎င်းမင်းလက်ထက်၌ သီလယှဉ်သော "သင်္ဃာ" ရဟန်းများပွားလှပေ၏။

ထင်ရှားသောမထေရ်များကား၊ ၎င်းမင်းလက်ထက်"သိလဗုဒ္ဓိ"မည်သောမထေရ်သည် ပံ့သကူသင်္ကန်းကိုသာအမြဲသုံးဆောင်သောကြောင့် ပံ့သကူမထေရ် အမည်တွင်၏။ "ငွယ်ရှင်"ဟူ၍လည်းခေါ်ကြ၏။

**ငွယ်ရှင်တွင်ခြင်းအကြောင်း။**

ငွယ်ရှင်ခေါ်ခြင်းအကြောင်းကား ဤသို့တည်း၊တရံရောအခါ ငွယ်ငယ်မည်သောသူငယ်တယောက်သည်၊ သူငယ်ဘော်များနှင့် ခွားကျောင်းကြရာတွင်၊ ငွယ်ငယ်က သူငယ်ဘော်များကို ဤသို့ဆို၏၊အချင်းတို့ နင်တို့လည်းကုသိုလ်ဖြစ်စေ၊ငါလည်းကုသိုလ်ဖြစ်စေ၊ ငါသေကျွန်ပြုမည် [သေချင်ယောင်ဆောင်မည်]ငါ့ကိုယ်ပေါ်တွင်နင်တို့အဝတ်ပုဆိုးကိုလွှမ်းပြီးလျှင်သခင်မြတ်အား ပံ့သကူကောက်တော်မူပါဟု လျှောက်ကြကုန်ဟုဆို၏။

**ပံ့သကူကောက်ခြင်း။**

သူငယ်ဘော်များလည်း ငွယ်ငယ်ဆိုတိုင်းပြု၍ လျှောက်ကြကုန်၏၊ ပံ့သကူမထေရ်မြတ်လည်း၊ ငွယ်ငယ်ယှိရာသို့ကြွရောက်၍ ၎င်းသေထင်မှတ်သဖြင့် ပံ့သကူကောက်ယူတော်မူပြီး မထေရ်မြတ်ကြွတော်မူသော် ငွယ်ငယ်လည်းသေအစစ်ဖြစ်၍ အသက်မရှိဖြစ်ဘိ၏။

**ပရိတ်မေတ္တာတန်ခိုး လူ့သေရှင်လာခြင်း။**

သူငယ်ဘော်များလည်း၊ ထိုအကြောင်းကိုမြင်လေလျှင်၊ ငွယ်ငယ်၏မိဘဒ်မိသို့သွား၍။အကြောင်းမျိုးကိုပြန်ကြား

လေ၏။ ဓွေယ်ငယ်၏မိဘဆွေမျိုးတို့သည်လည်း၊ ပံ့သကူ သခင်မြတ်အား လျှောက်ကြားကြလေသော်၊ ပံ့သကူသခင် မြတ် ပရိတ်မေတ္တာပို့မှ ဓွေယ်ငယ်ထ၍ ရှိခိုး၏။

မိဘတို့လည်း၊ ဓွေယ်ငယ်ကို ပံ့သကူ မထေရ်မြတ်အား လှူကြ၏၊ ထိုအခါမှ "ဓွေယ်ရှင်" တွင်ပြန်သတည်း။

**ဓွေယ်ရှင်နှင့် နရပတိစည်သူမင်းကြီး။**

တရံရောအခါလည်း၊ နရပတိစည်သူမင်းကြီးသည်၊ တူး ရွှင်းတောင်သို့တက်၍ ပြန်သောအခါ၊ ခရီးအကြားချောင်း တွင် ပတ္တမြားရောင်တောက်သည်ကိုမြင်၍၊ ဤအရပ်မှာငါ့ကို ကောင်းမှုပြုစေလိုသည်၊ အတွေးအထင်နှင့် စေတီတည်မည် ဟုချောင်းကိုပြည်သူတို့ဖို့ကြရ၏။

**ပြည်သူတို့ဆင်းရဲခြင်း။**

ပြည်သူဆင်းရဲသားတို့လည်း၊ မြေဖို့ရသည့်အတွက် လွန် စွာနွမ်းလုံးပြီး ငြင်ဆင်းရဲကြကုန်၏၊

ထိုရောအခါ ဓွေယ်ရှင် ပံ့သကူမထေရ်မြတ်က၊ နရပတိ စည်သူမင်းကြီးအား ဤသို့မိန့်၏။

မင်းကြီး ကောင်းမှုပြုမည်ဟု ပြည်သူတို့ကိုမြေဖို့စေသည့် ပြည်သူအများ ဆင်းရဲသောကြောင့် ကောင်းမှုကားမဖြစ်၊ မကောင်းမှုသာဖြစ်သည်ဟုမိန့်တော်မူပြီးလျှင်၊ မင်းကြီးအိပ်ခန်း ဆွမ်းမခံပဲနေလေ၏။

**မင်းကြီး မချမ်းမြေ့ခြင်း။**

နရပတိစည်သူမင်းကြီးလည်း၊ ဘုန်းတော်ကြီး ငါ့ဆွမ်းကို

အလှူမခံလိုသော် ငါ့ပြည်တွင်မနေမှသွက်ချမ်ိမည်၊ ပြည်သူတို့လှူသောသွမ်းသည် ငါ့သွမ်းပင်မဟုတ်တုံလောဟုမိန့်ဆို၏။

**ဇွယ်ရှင်တိုင်းပြည်မှထွက်သွားခြင်း။**

ဇွယ်ရှင်ပံ့သကူမထေရ်လည်း၊ ဤသို့မင်းကြီးဆိုလေတဖြီးကား၊ သီဟိုဠ်သို့ကူးတော့မည်အကြံရှိ၍၊ စွယ်တော်ကြီးဝယ်နေလေ၏။

ထိုရောအခါ သရေပါတံခါးစောင့် ဘိလူးသည် မင်းကြီးထွက်သောအခါ၊ မရှောင်မလွှဲ တံခါးထက်၊ ကားရားရပ်လျက် ကိုယ်ထင်ပြ၏။ သမားဟူးရားတို့ကို ဆေးဝါးမန္တရားအတွေ့တွေ့ပြုစေသော်သည်း၊ ဘိလူးမရှောင်မလွှဲနေမြဲနေလေ၏။

ထိုအကြောင်းကို ဟူးရားပြို့ဟူးရားသြိုတို့အားမေးတော်မူသည့်တွင်၊ ဇွယ်ရှင်ပံ့သကူမထေရ်ကို မသင့်မတင့် မချေမငံမိန့်တော်မူသောကြောင့် ဘိလူးမရှောင်မလွှဲနေသည်ဟု လျှောက်ကြလေသော်၊ ပံ့သကူမထေရ်ကိုအကြိမ်ကြိမ်ပင့်ရ၏။ ကြွလာတော်မမူ၊ သီဟိုဠ်သို့ကူးမည်ဟု ကြွမြဲသာ ကြွတော်မူလေသည်။

**တုရုဂ်ပစ္စည်းအမတ်မထေရ်ကိုလိုက်ပင့်ခြင်း။**

နံရပတ်ပည့်သူမင်းကြီးသည်၊ တုရုဂ်ပစ္စည်းအမတ်ကို ပါအောင်ပင့်ချေဟုစေလွှတ်လိုက်၏။

တုရုဂ်ပစ္စည်းသည်း ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံသသူဖြစ်၍၊ ဘုရားသျှင် ရုပ်ထုတော်ဆင်းတုတဆူကို ရွှေသင်္ဃုဋ်ရထက်၌ ထင်၍၊ မထေရ်ယှိရာသို့အပြင်းလိုက်လေ၏။

သိပ္ပိုင္ငွက္ကူးမည့္ သေဘၤာဆိပ္တြင္ မထေရ္ကိုေတြ႕ေလ
လွ်င္၊ဘုရားသွ်င္ ကၽြန္ုပ္အရပ္သို႔ေရာက္ေတာ္မူပါသည္၊ပံ့သ
ကူသခင္ျမတ္ႂကြလာပါဟုေလွ်ာက္၏၊

မထေရ္လည္း ဘုရားသွ်င္အမိန္႔ေတာ္ဟူေသာအာဏာကို
မဆန္႔အင္ေသာေႀကာင့္လိုက္ပါေတာ္မူ၍၊ေရႊေလွဒြါရထက္သို႔
တက္ေတာ္မူၿပီးလွ်င္၊ ဘုရားသွ်င္ဆင္းတုေတာ္ကို ၀တ္ျပဳ
ေလ၏၊ –

မထေရ္ကိုျပန္ပင့္လာျခင္း၊

ထိုသို႔၀တ္ျပဳသောအခိုက္တြင္၊မထေရ္ႏွင့္ေလွေတာ္ဒြါရ
ကိုအျပင္းေလွာ္၍ ဆန္တက္ေလ၏၊ တရက္ပတ္လည္းအမတ္
သည္ ေလွေတာ္ဒြါရထက္၌ပင္၊ မင္းႀကီး၏အျပင္ကိုသည္းခံ
၍၊သာသနာေတာ္ကို ခ်ီးေျမႇာက္ေတာ္မူပါဟု လမ္းခရီး အ
ႀကား၌ေလွ်ာက္ခဲ့၏၊

မင္းႀကီးႀကိဳဆိုျခင္း။

နရပတိစည္သူမင္းႀကီးလည္း၊ အမတ္အေပါင္းၿခံရံလ်က္
ခရီးဦးႀကိဳဆိုႏွင့္၍ ေလွေတာ္ဒြါရထက္က မထေရ္လက္
ေတာ္ကိုမ၍၊နန္းေတာ္သို႔ပင့္ေဆာင္ေလ၏၊

သရပါတံခါးသို႔ေရာက္လွ်င္၊ ဘိလူးသည္တံခါးမွဆင္း၍
သခင္ျမတ္ကိုဦးခ်ႏွင့္၏။

[သားေတာ္(၅)ပါးတို႔ကိုလႉဒါန္းျခင္း၊

နန္းေတာ္သို႔ေရာက္လွ်င္၊မင္းႀကီးလက္ေတာ္ႏွင့္ဆြမ္းျပင္
လုပ္ေကၽြးေတာ္မူ၏။ ယေန႔မွစ၍အသွ်င္ျမတ္ အဆုံးအမကိုခံ
ပါေတာ့မည္ဟုေလွ်ာက္၍၊ ေဇယ်သူရ, ရာဇသိခ်ိ,ရာဇသူ,
ကဂ်သူ,ပုံခ်ိ ဟူေသာသားေတာ္ငါးပါးကိုလႉဒါန္းေတာ္မူ၏၊

ဤငွေပွယ်ရှင် ပံ့ သကူမထေရ်မြတ်သည်၊ ရှင်အရဟံဂိုဏ်း ဝင်သိက္ခာကာမပုဂ္ဂိုလ်တည်း။

( ဤဝတ္ထုသာကေကိုထောက်ဆ၍ သီလဝန္တသိက္ခာကာမ လဇ္ဇီသူမွန် ပညာဝန်ပုဂ္ဂိုလ်တို့သည်၊ မင်းအလိုသို့လိုက်ကာ မင်းကြိုက်ကိုသာဆောင်ခြင်း အမှုပြုတော်မမူကြပဲ၊ တရားလမ်းမှန်ကျအောင်ဆုမ္မပဲ ပြင်သွန်သင်တတ်သော အလေ့ ယှိတော်မူကြကြောင်း အထူးမှတ်သားဆိုက်လှပေသည်)။

---

## လဇ္ဇီ။

(နရပတိစည်သူမင်းလက်ထက်၌ သီလယှိသော ''လဇ္ဇီရဟန်း'' များပြားလှပေ၏) ဟူသောစကားရပ်၌။ အဘယ်ရဟန်းကို ''လဇ္ဇီ'' ဟု ခေါ်ပါသနည်း? ဟူမူ၊

ရဟန်းတော်တို့၏ ကျင့်ဝတ်သီလနှင့်ပြည့်စုံ၍ အဂတိ လေးပါးမလိုက်စားသော သီလဝန္တသိက္ခာကာမ ရဟန်းကို ''လဇ္ဇီ'' ဟုခေါ်ပါသည်။

ထိုလဇ္ဇီရဟန်း၌ အင်္ဂါ(၃)ပါးယှိပါသည်။ အင်္ဂါ(၃)ပါးဟူ သောကား၊

(၁) လွန်ကြူးလိုသော စေတနာဖြင့် အာပတ်သို့မသင့် ရောက်ခြင်း၊

(၂) သင့်ရောက်ပြီးအာပတ်ကို ဖုံးလွှမ်း၍ မထားခြင်း၊

(၃) အဂတိလေးပါးမလိုက်စားခြင်း

တို့ပင်ဖြစ်လေသည် (ပရိဝါပါဠိတော်)။

## ရဟန္တာတို့၏ ဗျာဒိတ်စကား

အလဗ္ဗိဒုဿီလရဟန်းဆိုးတို့ လွှမ်းမိုးဖျက်ဆီးကာ၊ သာသနာ၌တော် ကွယ်ပမည့် ဘေးကိုတွေးတောမြော်မြင် ကြိုတင်တားဆီးတော်မူသောအားဖြင့်၊ အသျှင်မဟာကဿပ, အသျှင်မဟာယသ, အသျှင်မဟာမောဂ္ဂလိပုတ္တ တိဿသာသနာ့အာဇာနည် ရဟန္တာမဟာထေရ်ကြီးများထင်ရှားပေါ်ပေါက်ကာ ရဟန္တာ ငါးရာ, ခုနစ်ရာ, တထောင်တို့နှင့် ပဌမသင်္ဂါယနာ, ဒုတိယ သင်္ဂါယနာ, တတိယ သင်္ဂါယနာတို့ကို သုံးကြိမ်တိုင်အောင် အသီးအသီး တင်တော်မူခဲ့ကြသည့် အပြင် အနာဂတ် သာသနာအတွက်၊

[အနာဂတေသာသနံ] လဇ္ဇီရက္ခိဿတိ၊

ဟု ဗျာဒိတ်စကား မိန့်ကြားသံချို မြွက်ဆိုတော်မူခဲ့ကြပေသည်၊

အဓိပ္ပါယ်မှာ နောင်အနာဂတ်ကာလ၌ သီလဝန္တ, သိက္ခာကာမ လဇ္ဇီပုဂ္ဂိုလ်များသည် သာသနာတော်ကို စောင့်ရှောက်တော်မူကြလိမ့်လတ္တံ့......ဟူသတည်း၊ (ပိသုဒ္ဓိမဂ်အဋ္ဌကထာ)

---

## လဇ္ဇီပုဂ္ဂိုလ်လက်သို့ သာသနာအပ်ရမည်

ယင်းသို့ဖြစ်လျှင် သာသနာတော် ကြီးပွားရေးကိုလိုလားတောင့်တကြကုန်သည့် မင်းနှင့်တကွသော တိုင်းသူပြည်သားတို့သည် ရဟန္တာတို့၏ ဗျာဒိတ်တော်စကားအရ၊ သာသနာတော်ကို ဆက်ခံစောင့်ရှောက်ကြမည့် လဇ္ဇီပုဂ္ဂိုလ်တို့ကို ရအောင်ရှာဖွေကြရပေလိမ့်မည်၊

ထိုလဇ္ဇီပုဂ္ဂိုလ်တို့ကို ရှာဖွေတွေ့ရှိကြသောအခါမှသာ၊ ထိုလဇ္ဇီပုဂ္ဂိုလ်တို့၏ လက်သို့ သာသနာတော်ကို ဆက်ခံပြုရ စောင့်ရှောက်တော်မူပါရန် မင်းနှင့်တကွသော တိုင်းသူပြည်သားတို့က အပ်နှင်းကြရမည်၊

ယင်းသို့ လဇ္ဇီပုဂ္ဂိုလ်တို့၏ လက်သို့ သာသနာတော်ကို ဆက်ခံပြုရစောင့်ရှောက်တော်မူပါရန် အပ်နှင်းသည့်အတိုင်း လဇ္ဇီပုဂ္ဂိုလ်တို့က ကြောင့်ကြမှုမနေပဲ၊ သာသနာတော်ကို ဆက်ခံပြုရစောင့်ရှောက်တော်မူပါမှသာ ဘုရားမြတ်စွာ သာသနာတော်ကြီးသည် အနှစ်ငါးထောင် များမြောင်ခိုင်ခံ့အဓွန့်ရှည်စွာတည်တံ့နိုင်မည်ဖြစ်ပေသည်

လဇ္ဇီပုဂ္ဂိုလ်တို့ကိုရှာဖွေစိစစ်ပုံ၊

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း, ဒွါရဂိုဏ်း ဟု ထင်ရှားကျော်စောသောဂိုဏ်းကြီး(၃)ဂိုဏ်းရှိကြလေသည်။

ထိုဂိုဏ်းကြီး(၃)ဂိုဏ်းတို့၌ အကျင့်တို့သည် လဇ္ဇီပုဂ္ဂိုလ်တို့ကိုရှာဖွေကြပါကုန်ရို့၊

သုဓမ္မာ ဂိုဏ်းသားအားလုံး လဇ္ဇီ ပုဂ္ဂိုလ်ချည်းလော ? မဟုတ်ပေ၊

ရွှေကျင် ဂိုဏ်းသားအားလုံး လဇ္ဇီ ပုဂ္ဂိုလ်ချည်းလော ? မဟုတ်ပေ၊

ဒွါရ ဂိုဏ်းသား အားလုံး လဇ္ဇီပုဂ္ဂိုလ် ချည်းလော ? မဟုတ်ပေ။

ဂိုဏ်း(၃)ဂိုဏ်းတို့၌ပင် လဇ္ဇီပုဂ္ဂိုလ်,အလဇ္ဇီပုဂ္ဂိုလ် နှစ်မျိုးနှစ်စားစီ အနည်းနှင့်အများယှိကြလေသည်။

အကျနှပ်တို့သည် လဇ္ဇီပုဂ္ဂိုလ်တို့ကို တရားသဖြင့် ရှာဖွေစိစစ်ကြကုန်သောအခါ၊ ဂိုဏ်းကြီး(၃)ဂိုဏ်းလုံးတို့၌ပင်လျှင် လဇ္ဇီပုဂ္ဂိုလ်တို့ကိုတွေ့ယှိကြပေလိမ့်မည်၊

---

ဝိနည်း[၃]မျိုးယှိသလော ?

ယင်းသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ဂိုဏ်းကြီး(၃)ဂိုဏ်းကွဲပြားခြားနားကြလေရာ၊ ထိုဂိုဏ်းကြီး(၃)ဂိုဏ်းအတွက် ဘုရားသျှင်က၊ ဝိနည်း(၃)မျိုး ဟောကြားတော်မူခဲ့ပါသလော ?......မဟုတ်ပေ၊

ဂိုဏ်းကြီး (၃) ဂိုဏ်းအတွက် ဝိနည်း တမျိုးတည်းသာ ဟောကြားတော်မူခဲ့ပါသည်၊

ထိုဂိုဏ်းကြီး (၃) ဂိုဏ်းတို့၌ လဇ္ဇီပုဂ္ဂိုလ်များအသီးသီး ထင်ရှားယှိကြလေရာ၊ထိုလဇ္ဇီပုဂ္ဂိုလ်ချင်းလည်း အတူတူပင်ဖြစ်ကြကုန်သကဲ့သို့၊အလဇ္ဇီပုဂ္ဂိုလ်ချင်းလည်း အတူတူပင်ဖြစ်ကြလေသည်၊

လဇ္ဇီပုဂ္ဂိုလ်နှင့် အလဇ္ဇီပုဂ္ဂိုလ်တို့သည် စပ်၍မရပဲအချင်းခပ်သိမ်းကွဲပြားခြားနားနေကြပေသည်၊

ယင်းသို့ဖြစ်ပါမူ၊ လဇ္ဇီပုဂ္ဂိုလ်တို့သည်မိမိဂိုဏ်းတွင်းယှိ အလဇ္ဇီပုဂ္ဂိုလ်တို့နှင့်ကျိတ်၍ ပေါင်းပြီးလျှင်၊ သူတပါးဂိုဏ်းကို လဇ္ဇီ,အလဇ္ဇီမခွဲခြားပဲ၊မပေါင်းနိုင်,မဆင်းနိုင်,အတူတ

ကွ ဆွမ်းမစားနိုင်၊တသိမ်တည်းအတူတကွ၍ ကံကြီးကံငယ် မဆောင်နိုင် ဖြစ်ရခြင်းသည် တရားပါ၏လော၊

ဂိုဏ်း(၃)ဂိုဏ်းယှဉ် လဇ္ဇီပုဂ္ဂိုလ်အချင်းချင်း ပေါင်းသင်း ဆက်ဆံနိုင်ကြရမည်၊အတူတကွဆွမ်းစားနိုင်ကြရမည်၊ တသိမ်တည်းအတူတကွ၍ ကံကြီးကံငယ်ဆောင်နိုင်ကြရမည်၊

ဂိုဏ်း(၃)ဂိုဏ်းယှဉ် လဇ္ဇီပုဂ္ဂိုလ်တို့သည်၊ဂိုဏ်းတူ ဂိုဏ်း ပြားယှဉ် အလဇ္ဇီပုဂ္ဂိုလ်တို့နှင့်မှုမပေါင်းသင်းထိုက်,အတူတကွ ဆွမ်းမစားထိုက်,တသိမ်တည်းအတူတကွ၍ ကံကြီးကံငယ် မဆောင်ထိုက်ပေ (ဤဝါဒသည်ကား သဒ္ဓမ္မောဒယဆရာ၏ "ပုဂ္ဂလိကဝါဒ"သာလျှင်ဖြစ်ချေသည်)၊

ဂိုဏ်း(၂)ဂိုဏ်းသာယှဉ်သင့်ခြင်း။

ယင်းသို့ဖြစ်လျှင်၊သုဓမ္မာဂိုဏ်း,ရွှေကျင်ဂိုဏ်း, ဒွါရဂိုဏ်း ဟု(၃)ဂိုဏ်း ကွဲပြားခြားနားနေမည့်အစား၊ လဇ္ဇီဂိုဏ်း, အလဇ္ဇီဂိုဏ်းဟု(၂)ဂိုဏ်းတည်းသာ ကွဲပြားခြားနားသင့်လှပေသည်၊

ဂိုဏ်း(၂)ဂိုဏ်း၏ထူးခြားချက်၊

ထိုလဇ္ဇီဂိုဏ်း အလဇ္ဇီဂိုဏ်း(၂)ဂိုဏ်းတို့၏ထူးခြားပုံမှာ။ လဇ္ဇီဂိုဏ်းသည်၊ရဟန္တာတို့၏ ဗျာဒိတ်တော်အတိုင်း သာသနာတော်ကို အနှစ်(၅)ထောင် များမြောင်တည်တံ့ အရှည်ခံ့ အောင်ပြုစုစောင့်ရှောက်မည်ဖြစ်၏၊

အလဇ္ဇီ ဂိုဏ်းသည်ကား၊ သာသနာတော်ကို အမြန်ဆုံး ကွယ်ပျောက်သွားအောင်နှောက်ယှက်ဖျက်ဆီးမည်ဖြစ်၏၊

ခေတ်နှီးနှောခြင်း။

အခါတပါး၌၊ ဘုရားသျှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌၊ သီတင်းသုံးနေထိုင်တော်မူ၏။ ထိုအခါ အသျှင်သာရိပုတ္တရာမဟာထေရ်ကြီးသည်၊ များစွာသော ရဟန်းတို့နှင့်အတူ၊ဘုရားသျှင်၏ မနီးမဝေးသောအရပ်၌ စင်္ကြံကြွသွားတော်မူ၏။

အသျှင် မဟာမောဂ္ဂလာန် မထေရ်သည်လည်း။ များစွာသောရဟန်းတို့နှင့်အတူ စင်္ကြံကြွသွားတော်မူ၏၊

အသျှင်အာနန္ဒာမထေရ်သည်လည်း၊ များစွာသောရဟန်းတို့နှင့်အတူ စင်္ကြံကြွသွားတော်မူ၏၊

အသျှင်ဒေဝဒတ်သည်လည်း၊ များစွာသောရဟန်းတို့နှင့်အတူစင်္ကြံကြွသွား၏၊

ဘုရားသျှင်သည် ရဟန်းအပေါင်းတို့ကို ခေါ်တော်မူ၍။ ထိုစင်္ကြံ ကြွသွားကြကုန်သော ရဟန်းတော်တို့ကို ညွှန်ပြတော်မူပြီးလျှင်၊

(၁) အိုငါ၏ ချစ်သားရဟန်းများတို့။ ၊သာရိပုတ္တရာနှင့်စင်္ကြံ ကြွသွားကြကုန်သော ရဟန်းအပေါင်းတို့သည်၊အားလုံးပညာကြီးသောပုဂ္ဂိုလ်တို့ဖြစ်ကြကုန်၏။

(၂) မောဂ္ဂလာန်နှင့် စင်္ကြံကြွသွားကြကုန်သော ရဟန်းအပေါင်းတို့သည်၊ အားလုံးတန်ခိုးကြီးမားသော ပုဂ္ဂိုလ်များဖြစ်ကြကုန်၏။

(၃) အာနန္ဒာနှင့် စင်္ကြံကြွသွားကြကုန်သော ရဟန်းအ

ပေါင်းတို့သည် အာလုံးအကြွားအမြင် ဗဟုသုတ ပေါ်များ သောပုဂ္ဂိုလ်တို့ဖြစ်ကြကုန်၏၊

(၄) ဒေဝဒတ်နှင့် စကြံသွားကြကုန်သော ရဟန်းအပေါင်းတို့သည် အားလုံးယုတ်မာသော အလိုဆိုးယှိကြကုန်သော"ပါပိစ္ဆ" ပုဂ္ဂိုလ်တို့ဖြစ်ကြကုန်၏၊ ဒိုငါ၏ချစ်သား ရဟန်းများဘို့ (၁) ပညာယှိသော ပုဂ္ဂိုလ် ပညာယှိသော ပုဂ္ဂိုလ် အချင်းချင်း (၂) တန်ခိုးကြီးသော ပုဂ္ဂိုလ်,တန်ခိုးကြီး သော ပုဂ္ဂိုလ် အချင်းချင်း {၃} အကြွားအမြင် ဗဟုသုတ ပေါ်များသော ပုဂ္ဂိုလ်,အကြွားအမြင် ဗဟုသုတ ပေါ်များ သော ပုဂ္ဂိုလ် အချင်းချင်း (၄) ယုတ်မာသော အလိုဆိုးယှိ သော "ပါပိစ္ဆ"ပုဂ္ဂိုလ် ယုတ်မာသောအလိုဆိုးယှိသော "ပါပိစ္ဆ"ပုဂ္ဂိုလ် အချင်းချင်းခွတ်သဘောအားဖြင့်ရှေးကလည်း နှိုးနှောကြကုန်ပြီ၊ ယခုလည်း နှိုးနှောညီညွတ်ကြကုန်ဆဲ၊ နောင်လည်းနှိုးနှောညီညွတ်ကြကုန်လတ္တံ့.

ဟုဘုရားသျှင်ဟောကြားတော်မူလေသည် (နိဒါနဝဂ္ဂသံယုတ်ပါဠိတော်)

[မှတ်ချက်။ ။ဤဒေသနာတော်ကိုထောက်မျှော်၍၊နောင်အခါ လဇ္ဇီပုဂ္ဂိုလ်,လဇ္ဇီပုဂ္ဂိုလ်အချင်းချင်း၊ အလဇ္ဇီပုဂ္ဂိုလ်,၊အလဇ္ဇီပုဂ္ဂိုလ်အချင်းချင်း ခွတ်သဘောအားဖြင့် နှိုးနှောညီညွတ်ကြတော့မည်အဖြစ်ကို အထူးကြိုတင်သိမှတ်နိုင်ရာသည်]၊

---

## ရဟန်းဆိုး(၂)ပါးခွတ်နှိုးနှောသွားပုံ။

တိပိဋကစူဠာဘယမထေရ်သည်၊နာဂဒီပစေတီတော်ကိုဖူးမျှော်ခြင်း ရဟန်း(၅၀၀)တို့နှင့် အတူကြွသွားတော်မူရာ၊ ထို

ရဟန်းငါးရာတို့၌၊အမျိုးနှင့်အဆင်မပြေ မလျော်ပတ်သော ရဟန်းဆိုးတပါးပါလာ၏။ ရွာတရွာသို့ ရောက်သောအခါ၊ ထိုရွာသို့ ဒကာ ဒကာမများ၏ ပင့်ဘိတ်ချက်အရ၊ ရွာဦးကျောင်းသို့ခေတ္တဝင်ရောက်သိတင်းသုံးစဉ်။ ထိုရွာဦးကျောင်း၌လည်း၊ အမျိုးနှင့်အဆင်မပြေ မလျော်ပတ်သော ရဟန်းဆိုးတပါးသို့နေပြန်လေ၏၊

ထိုအမျိုးနှင့်အဆင်မပြေမလျော်ပတ်သော ရဟန်းဆိုးနှစ်ပါးတို့သည် ရှေးကတခါမျှ မတွေ့စဖူး မကြုံစဖူးကြကုန်သော်လည်း၊အလွန်ရင်းနှီးသောမိတ်ဆွေချင်း၊ ကွဲးကွာနေရာမှပြန်လည်တွေ့ဆုံကြရဘိသကဲ့သို့။တယောက်နှင့်တယောက်အလွန်ချစ်ကြည်စွာ ပြုံးရယ်ပြုံးရယ်ကာ၊မခွဲးနိုင်မခွာရက်ပဲးနှီးနှောပေါင်းဆုံ ရင်းနှီးသွားလေကုန်၏၊

ထိုအခြင်းအရာကိုမြင်တော်မူသော တိပိဋကစူဠာဘယမထေရ်က

> အော် ဒါ့ကြောင့် ဘုရားသျှင်သည် "ဓာတုသံယုတ်ပါဠိတော်" ကိုဟောကြားတော်မူခဲ့တာပဲး

ဟုကောက်ချက်ချကာ မိန့်ကြားတော်မူလေ၏ (သမ္မောဟဝိနောဒနီအဋ္ဌကထာ)

---

## ငါ့ကိုယ်တော်နှင့်ငါ့ယှဉ်ပါခေ ဆိုသောအမယ်ကြီး

လူတို့၏သဘောဓမ္မတာမှာ၊ မိမိတို့၌အရေးကိစ္စယှဉ်ပါက ဝိနည်းသိက္ခာပုဒ်ကိုအလေးမထားပဲး လာရောက်ကူညီကာ။

သာမှုနာမှု မေးမြန်းစုံစမ်းတတ်သော ရဟန်းတို့ကိုသာ များသောအားဖြင့်ကြည်ညိုလေးစားတတ်ကြလေသည်။

ဝုဍ္ဎပိဏ္ဍပါတိယတိဿ မထေရ်ကို ဥပါသိကာမကြီး တယောက်သည့် {၁၂} နှစ်တိုင်တိုင်ဆည်းကပ်ကိုးကွယ် လုပ်ကျွေးလှူဒါန်းလေ၏၊ ဘနေ့သန္ဓ ရွာကိုမီးလောင်၍၊ နေ့အိမ် အားလုံး လောင်းကျွမ်းပြာကျသွားသောအခါ အခြားရဟန်းတော်တို့သည်ကား၊ မိမိတို့စပ်ရာဒကာ ဒကာမများထံသို့လာရောက်ကြကုန်၍ ဘယ့်နှယ်လဲ ပစ္စည်း ဥစ္စာများ မီးဘေးမှ လွတ်ပါရဲ့လား ဤသို့စသည်ဖြင့် မေးမြန်းစုံစမ်း ပြောကြားကြကုန်၏။

ဝုဍ္ဎပိဏ္ဍပါတိယ တိဿ မထေရ်သည်ကား ထိုသို့လာရောက်မေးမြန်းစုံစမ်းပြောကြားခြင်းမပြုပဲ ဆွမ်းခံချိန်သို့ကျသောအခါမှသာ လာရောက်ဆွမ်းအလှူခံ၍ ပြန်လည်ကြွသွားတော်မူလေ၏။

အခြားသူများက၊ ဒို့အမေ၊ အမေ၏ ရဟန်းတော်ကား အလိုက်မသိ၊ ဘာမှုလာရောက် မေးမြန်းစုံစမ်းဖော်မရပေ ဆွမ်းခံချိန်ကျသောအခါ လာရောက်ဆွမ်းခံဖို့သာ တတ်ပေသည်ဟု ကဲ့ရဲ့ရှုချစကားပြောကြားကြကုန်၏။

ထိုအခါ ဥပါသိကာမကြီးက၊ မင်းတို့ရဟန်းတော်များနှင့် မင်းတို့မှသာ သင့်တော်လျှောက်ပတ်ပါပေ၏၊ ငါ့ရဟန်းတော်နှင့်ငါမှသာ သင့်တော်လျှောက်ပတ် ပါပေသည် ငါ့ကိုယ်တော်နှင့် ငါယှဉ်ပါစေ ဟုအမယ်အိုဥပါသိကာမကြီးက ပြန်လည်းပြောကြားသောဟူသတတ် (မူလပဏ္ဏာသအဋ္ဌကထာ)

## ကဲ့ရဲ့မှုချီးမွမ်းမှုတို့၌ ပညာယှိပုဂ္ဂိုလ်သာ ပမာဏဖြစ်ခြင်း

ကဲ့ရဲ့မှု ချီးမွမ်းမှုတို့၌ ပညာမဲ့သောပုဂ္ဂိုလ်တို့သည်ပမာဏ မဟုတ်ကုန်။ အကြောင်းကား ထိုပညာမဲ့သော ပုဂ္ဂိုလ်တို့ သည် အပြစ်မယှိသောသူကို အပြစ်ယှိသောသူ ဖြစ်အောင် ပြောဆိုပြုလုပ်တတ်ကြကုန်သည့်အပြင်၊ အပြစ်အနည်းငယ်ယှိ သောသူကိုလည်း အပြစ်ကြီးသောသူဖြစ်အောင် ပြောဆိုပြု လုပ်တတ်ကြလေသည် (ချီးမွမ်းထိုက်သောသူတို့အား ချီးမွမ်းရန်ကိုမူ မပြုလိုကြပေ)

ကဲ့ရဲ့ချီးမွမ်းမှုတို့၌ ပညာယှိ ပုဂ္ဂိုလ်တို့သည်သာ ပမာဏ ဖြစ်ကုန်သည်။

မှန်ပါသည်၊ ပညာယှိပုဂ္ဂိုလ်တို့သည်ဉာဏ်ဖြင့်သက်ဝင် ကာ စိစစ်ဝေဘန်၍ ကဲ့ရဲ့ထိုက်သောသူတို့အား ကဲ့ရဲ့ကြ ကုန်ပြီးလျှင်၊ ချီးမွမ်းထိုက်သောသူတို့အားချီးမွမ်းတတ်ကြလေ သည် (သုတ္တနိပါတ်အဋ္ဌကထာ)

---

## မချီးမွမ်းရန်နှုတ်ပိတ်ခဆုငွေ(၅၀) ပေးခြင်း

မင်းချင်းတယောက်သည်ယောအတွင်းဝန် ဦးဘိုးလှိုင်ကို အထူးကြည်ညိုလှ၍ ပရိသတ်အလယ်၌ ဤသို့ချီးမွမ်းစကား ကိုပြောဆို၏။ ယောအတွင်းဝန်ကြီးဟာ ကျမ်းဂန်အရာအ လွန်လိမ္မာတော်မူလှပါပေသည် ကျမ်းထူး ကျမ်းမြတ်များကို လည်းရေးသားစီရင်တော်မူပါပေသည်၊

ခင်ဗျားတို့၊ စကားအရာ လိမ္မာကျွမ်းကျင်လိုကြပါမူ ယောအတွင်းဝန်ကြီးရေးသားစီရင်တော်မူအပ်သော "အလင်္ကာ ‌နိသျ" ကိုကြည့်ကြပါ၊

ဆေးဝါးဓာတ်စာအရာလိမ္မာကျွမ်းကျင်လိုကြပါမူ "ဥတုဘောဇနသင်္ဂဟကျမ်း" ကိုကြည့်ကြပါ ဂြိုဟ် မိုဃ်း နိမိတ်အကြောင်းကိုကောင်းစွာ သိလိုပါမူ "ဝိမုတ္တိရသကျမ်း" ကိုကြည့်ကြပါ၊ ဝသည့်ဖြင့်ချီးမွမ်းစကာကိုပြောကြားလေ၏၊

ထိုမင်းချင်း၏ ချီးမွမ်းစကား ပြောကြားနေသည့်သိတင်းကိုယောအတွင်းဝန်ဦးတိုးလှိုင်ကြား သိလေသောအခါ၊ ထိုမင်းချင်းကိုခေါ်၍ မောင်မင်းငါ့ကိုချီးမွမ်းစကား ပြောကြားနေသည် ဟုကြားသိရသည် မှန်ပါသလား......ဟုမေးရာ

ဘုရားကျွန်တော်မျိုး ချီ မွမ်းစကာ ပြောကြားမိကြောင်းပါ ဟုလျှောက်ဘင်လေ၏၊

ထိုအခါ ယောအတွင်းဝန်-ဦးတိုးလှိုင်က မောင်မင်း ငါ့ကို နောင်ဘယ်အခါမှ မချီးမွမ်းလေနှင့်၊ နောင်ငါ့ကို မချီးမွမ်းရန် နှုတ်ပိတ်ခဆုငွေ(၅ဝ)ပေးသနားတော်မူသည် ..... ဟုမိန့်ကြား၍ ငွေ(၅ဝ)ပေးလေ၏၊

ထိုဆုငွေ(၅ဝ)မှာ၊ချီးမွမ်းလို့ရသောဆုငွေမဟုတ်။ နှုတ်ပိတ်ခဆုငွေဖြစ်နေသောကြောင့်၊ချီးမွမ်းမိသော မင်းချင်းမှာ၊ အလွန်စိတ်မကောင်းဖြစ်ကာ၊

မင်းဘုရားအားဘုရားကျွန်တော်မျိုး အလွန်ကြည်ညိုလှ၍ ချီးမွမ်းမိသည်ကို၊ အဘယ့်ကြောင့် တားဆီးပိတ်ပင်တော်မူပါသနည်းဘုရား......ဟုလျှောက်တင်လေ၏၊

ထိုအခါယောအတွင်းဝန် ဦးဘိုးလှိုင်က မောင်မင်းကပညာယှိမှမဟုတ်ပဲ ငါ့ကိုမောင်မင်းက ချီးမွမ်းနေသည် အတွက် ငါမှာဂုဏ်မတက်သည့်အပြင် ဂုဏ်အလွန်ပျက်နေသည်.....ဟု မိန့်ကြားသောဟူသတတ်။

**ဘုရားသျှင်မိန့်ကြားတော်မူချက်။**

(၁) ပညာမဲ့သောသူတို့၏ ချီးမွမ်းခြင်း (၂) ပညာယှိသောသူတို့၏ ကဲ့ရဲ့ရှုံ့ချခြင်းနှစ်ပါးတို့တွင်။ ပညာယှိသောသူတို့၏ ကဲ့ရဲ့ရှုံ့ချခြင်းကိုခံယူရခြင်းသည်သာလျှင် မွန်မြတ်လှပေ၏။ ပညာမဲ့သောသူတို့၏ ချီးမွမ်းခြင်းကိုခံယူရခြင်းသည်မမွန်မြတ်လှပေ (ထေရဂါထာပါဠိတော်)

---

**ပိဋကသုံးပုံဆောင် ရျာန်အဘိညာဉ်ရပုဂ္ဂိုလ်ကို ကိုးကွယ်ဆည်းကပ်သဖြင့် အပါယ်ကျရခြင်း။**

ဘုရားသျှင် လက်ထက်တော်က၊ သာကီဝင် မင်းသားရဟန်းတော်တပါးသည်၊ ပိဋကသုံးပုံကိုအာဂုမ်ဆောင်နိုင်၍၊ ရျာန်အဘိညာဉ်ကို ရသည့်အပြင်၊ ဒါယကာတို့ လှူဒါန်းအပ်သောသင်္ကန်းကိုပယ်၍၊ ပံ့သကူသင်္ကန်းကိုသာဝတ်ရုံသုံးဆောင်ခြင်း,ဒါယကာတို့လှူဒါန်းအပ်သောကျောင်းကိုပယ်သစ်ပင်ရင်း၌သာနေထိုင်ခြင်း၊ သက်သတ်လွတ်စာခြင်း အစယှိသောအကျင့်တို့ကိုပင် မြိုးမြိစွာပြုကျင့်သောကြောင့်၊ အများကြည်ညိုလေးစားခြင်းကိုခံရလေသည်၊

တခါက၊ မြွေကို ခါးပတ်ထားသည့် ကလေးငယ်အသွင် မင်းသား တယောက်၏ရင်ခွင်၌ ဖန်ဆင်းပြသောကြောင့်၊

မင်းသားသည် ထိုရဟန်းတော်အား အထူးကြည်ညို ကိုးကွယ်ဆည်းကပ်လေသည်။

ထိုမင်းသားသည် ထိုရဟန်းတော်၏ ဩဝါဒကိုတသွေမတိမ်းလိုက်နာ ကျင့်ကြံမှုကြောင့် သေသည်၏ အခြားမဲ့၌ "လောဟကုမ္ဘီငရဲ" သို့ကျရသည့်အပြင်၊ ထိုရဟန်းတော်သည်လည်း "မဟာအဝီစိငရဲ" သို့ ကျရလေတော့သည်၊

ထိုရဟန်းတော်နှင့် မင်းသားကား။ အခြားမဟုတ် "ဒေဝဒတ်" နှင့် "အဇာတသတ်" တို့ပေတည်း (ရှင်ဥတ္တမ ါပါဋိတော်)

(မှတ်ချက်။ ပိဋကသုံးပုံ ဘို့ကိုအာဂုမ်ဆောင်တိုင်း၊ ကျမ်းတတ်ပုဂ္ဂိုလ်မဖြစ်နိုင်ချေ။ ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်တိုင်း အကျင့်သီလကောင်းသည်ဟုမဆိုနိုင်ပေ။ အကျင့်သီလကောင်းတိုင်း စိတ်ထားကောင်းသည်ဟုမဆိုနိုင်ပေ။

ပိဋကသုံးပုံတို့ကိုအာဂုမ်ဆောင်၍ ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်ဖြစ်နိုင်သည့် ပါရမီအင်အားသည်ကား၊ သေးငယ်လှသည်မဟုတ်ပေ။ ထူးကဲသောပညာဉာဏ်၊ ထူးကဲသောအကျင့်သီလတို့နှင့်ပြည့်စုံပါမှသာ၊ ကောင်းချက်ကိုမလိုက်နာ၍ သွေဖည်၍ ပိဋကသုံးပုံတို့ကိုအာဂုမ်ဆောင်နိုင်၍၊ ဈာန်အဘိညာဉ်တို့ကိုရနိုင်လေသည်။

ယင်းသို့ပိဋကသုံးပုံ ဆောင်ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ၊ စိတ်ထားမကောင်းသောကြောင့်၊ မိမိနှင့်တကွ၊ မိမိအား ကိုးကွယ်ဆည်းကပ်သူနှစ်ဦးစလုံး နစ်နာပျက်စီးဆုံးရှုံးကာ၊ အပါယ်သို့ကျရလေတော့သည်)။

---

## အင်္ဂုလိမာလကနှစ်ပါးတို့ကို ဘုရားသျှင်နှင်ပစ်တော်မူခြင်း။

ဘုရားသျှင်သည် စာတုမာပြည် ရှစ်ရှားတောအတွင်းသုံးတော်မူစဉ်၊ အသျှင်သာရိပုတ္တရာနှင့် အသျှင်မဟာမောဂ္ဂလာန်

အဂ္ဂသာဝကနှစ်ပါးတို့သည်၊ တပည့်ရဟန်းသံဃာငါးရာတို့နှင့်အတူ၊ ဘုရားသျှင်ကိုဖူးမြှော်ရန်လာကြရာ။ အဆိုပါအာဂန္တုရဟန်းတို့သည် အာဝါသိကရဟန်းတို့နှင့် ဝမ်းမြောက် ဝမ်းသာနှုတ်ဆက်စကားပြောဆိုခြင်း၊ နေရာခင်းခြင်း စသည်တို့ကြောင့် ဆူဆူညံညံအသံများကိုဖြစ်စေကြကုန်၏၊

ဘုရားသျှင်သည် အသျှင်အာနန္ဒာကိုခေါ်တော်မူ၍၊

ဒိုအာနန္ဒာ ယခုဆူဆူညံညံ ကြားရသောအသံကား၊ ဘာသံတွေနည်း တံငါသည်များ ငါးလုကြသောအသံနှင့်တူလှလေယောင်တကား

ဟုမိန့်ကြားတော်မူ၏၊

ဒိုမြတ်စွာဘုရား၊ အဂ္ဂသာဝကအသျှင်နှစ်ပါးတို့သည်၊ သံဃာတော်ငါးရာတို့နှင့်အတူ ဘုရားသျှင်ကို ဖူးမြှော်ရန်လာကြရာ။ အာဝါသိကရဟန်းတို့နှင့်ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်စကားပြောဆိုကြခြင်း, နေရာခင်းခြင်းစသည်တို့ကြောင့် ဖြစ်ပေါ်လာသောအသံဖြစ်ပါသည်ဘုရား

ဟုလျှောက်ထားလေသည်၊

ဘုရားသျှင်က၊

ဒိုအာနန္ဒာ၊ ငါဘုရားအမိန့်တော်ဖြင့် ယခုရောက်လာကြကုန်သော အာဂန္တုရဟန်းအားလုံးတို့ကို၊ အသျှင်တို့အား၊ ဘုရားသျှင်သည် ယခုချက်ခြင်းကျောင်းတော်မှထွက်ခွာသွားရန်နှင်တော်မူသည်

ဟုသွားရောက်ပြောကြားလော ? ဟုမိန့်ကြားတော်မူ၏၊

အသျှင်အာနန္ဒာသည်၊ဘုရားသျှင်အမိန့်တော်အတိုင်း သွားရောက်ပြောကြားရာ၊အဂ္ဂသာဝကနှစ်ပါးတို့နှင့် သံဃာတော်ငါးရာတို့သည်၊ အလွန်စိတ် မချမ်းမသာဖြစ်ကာ၊ ကျောင်းတော်မှထွက်ခွာသွားကြရသေကုန်၏၊

စာတုမေယျသာကီဝင်မင်းသား
ဘုရားသျှင်အားတောင်းပန်ခြင်း၊

စာတုမေယျမည်သော သာကီဝင်မင်းသားသည်၊ ဘုရားသျှင်၏ကျောင်းတော်သို့လာရင်း လမ်းခရီးအကြား၌၊ ထိုသို့ ဘုရားသျှင် အဂ္ဂသာဝကနှစ်ပါးနှင့်တကွ သံဃာတော်ငါးရာတို့ကို နှင်ပစ်တော်မူကြောင်း သိရှိရ၍၊ သံဃာတော်များအား ခေတ္တဆိုင်းငံ့တော်မူကြရန် လျှောက်ထားပြီးလျှင်၊ ဘုရားသျှင် အထံတော်သို့သွားကာ၊ ဤသို့လျှောက်ထားလေ၏၊

အို ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ နုနယ်လှကုန်သောမျိုးစေ့တို့သည် ရေတည်းဟူသောအထောက်အပံ့ကိုမရကြပါကုန်သည်ရှိသော် ဖေါက်ပြန်ပျက်စီးကုန်ရာသကဲ့သို့ရင်း၊

နုနယ်လှသောနွားငယ်ကလေးသည်မိခင်ဖြစ်သောနွားမကြီးကိုမမြင်ရသည် ရှိသော် ဖေါက်ပြန်ပျက်စီးရာသကဲ့သို့ရင်း၊ ယင်းနည်းအတူ သာသနာတော်၌ ရဟန်းပြုသစ်စဖြစ်ကြကုန်သောထိုရဟန်းငါးရာတို့သည် ဘုရားသျှင်ကိုဖူးမျှော်ခွင့်မရကြပါကုန်မူ ဖေါက်ပြန်ပျက်စီးခြင်းသို့ ရောက်ကြဘွယ်ရာ ရှိပါသည်၊

ထို့ကြောင့် ဘုရားသျှင်သည်ရှေးအခါက ကဲ့သို့၊ ရဟန်းသံ စာတော်များအား ချီးမြှောက်တော်မူသောအားဖြင့်၊ ဘုရား သျှင်အားဖူးမျှော်ခွင့်ကိုပေးသနားတော်မူပါဘုရား ဟုလျှောက်ထားလေ၏။

သဟံပတိဗြဟ္မာမင်းကြီးကလည်း အလားတူဆင်းသက် လျှောက်ထားလေ၏

ယင်းသို့စာတုမဟာ သာကီဝင်မင်းသားနှင့် သဟံပတိ ဗြဟ္မာမင်းကြီးတို့၏ ဥပမာကပ်၍ လျှောက်ထားအပ်သည်ကို ဘုရားသျှင်သည်လက်ခံခွင့်ပြုတော်မူချက်အရ၊ အဂ္ဂသာဝက နှစ်ပါးတို့နှင့်သံဃာတော် ငါးရာတို့သည် ဘုရားသျှင်အား ဖူး မျှော်ခွင့်ရကြလေကုန်၏။

အသျှင်သာရိပုတ္တရာအား ဘုရားသျှင်မေးမြန်းတော်မူခြင်း။

ထိုအခါဘုရားသျှင်က၊

အိုသာရိပုတ္တရာ။ ။ငါဘုရားသည် ရဟန်းသံဃာ များအား နှင်ပစ်တော်မူသောအခါ၊ အသင်သည်အ ဘယ်ကဲ့သို့နှလုံးသွင်းပါသနည်း

ဟုမေးတော်မူရာ၊ အသျှင်သာရိပုတ္တရာမထေရ်ကြီးက

အိုမြတ်စွာဘုရား။ ။အသျှင်မြတ်စွာဘုရားသည်"ဒိဋ္ဌ ဓမ္မသုခ" ဖလသမာပတ်ချမ်းသာကိုခံစား၍ ကြောင့် ကျမှုနေတော်မူလိုသောကြောင့် ရဟန်း သံဃာများ အား နှင်ပစ်တော်မူခြင်းဖြစ်သည်။ အကျွန်ုပ်တို့သည် လည်း"ဒိဋ္ဌဓမ္မသုခ" ဖလသမာပတ်ချမ်းသာကိုခံစား

ကာ ကြောင့်ကြမဲ့နေကြပါကုန်အံ့
ဟုနှလုံးသွင်းပါသည်ဘုရားဟုလျှောက်ထားလေ၏၊

**အသျှင်မဟာမောဂ္ဂလာန်အား ဘုရားသျှင်မေးမြန်းတော်မူခြင်း၊**

ဓမ္မသေနာပတိ တရားစစ်သူကြီး အသျှင်သာရိပုတ္တရာ၏ လျှောက်ထားပုံချုပ်ချော်၍ နေရာမကျသဖြင့် ဘုရားသျှင်က

ဒိုသာရိပုတ္တရာ၊ ။ထိုစကားကို နောက်ထပ်မပြော လင့် ရပ်တန့်လော ရပ်တန့်လော

ဟုတားမြစ်တော်မူပြီးလျှင်၊ အသျှင်မဟာမောဂ္ဂလာန်မထေရ် အား

ဒိုမဟာမောဂ္ဂလာန်၊ ။ငါဘုရားသည် ရဟန်းသံ ဃာများအား၊နှင်ပစ်တော်မူသောအခါ၊ အသင်သည် အဘယ်ကဲ့သို့နှလုံးသွင်းပါသနည်း

ဟုမေးမြန်းတော်မူ၏၊ ။ထိုအခါ၊ အသျှင်မဟာမောဂ္ဂလာန် မထေရ်က

ဒိုမြတ်စွာဘုရား။ ။ အသျှင်မြတ်စွာဘုရားသည် "ဒိဋ္ဌဓမ္မသုခ" ဖလသမာပတ် ချမ်းသာကိုခံစား၍၊ ကြောင့်ကျမဲ့ နေတော်မူလိုသောကြောင့်၊ ရဟန်းသံ ဃာများအား နှင်ပစ်တော်မူခြင်းဖြစ်သည်၊

အကျွန်ုပ်သည်၎င်း၊အသျှင်သာရိပုတ္တရာသည်၎င်း၊ ဘုရား သျှင်၏ တပည့်ကြီးများဖြစ်ကြကုန်သည့်အားလျော် စွာ ရဟန်းသံဃာများကို အပြစ်မယှိအောင် စောင့် ရှောက်ထိမ်းသိမ်းကြပါကုန်အံ့

ဟုနှလုံးသွင်းပါသည်ဟုလျှောက်ထားလေ၏၊

အသျှင်မဟာမောဂ္ဂလာန်မထေရ်၏ လျှောက်ထားချက်ကို ဘုရားသျှင်နှစ်သက်တော်မူ၍

ဒိုမဟာမောဂ္ဂလာန်။ ။အသင်၏ နှလုံးသွင်းပုံသည် အောင်ကောင်းလေစွ-အောင်ကောင်းလေစွ

ဟုချီးမွမ်းတော်မူလေသတည်း (မဇ္ဈိမပဏ္ဏာသပါဠိတော်)

---

**ဆရာတော်ကြီးများတာဝန်။**

ဤဒေသနာတော်ကိုထောက်ဆပါမူ။ဘုရားသျှင်၏ ရဟန်းသံဃာ ပရိသတ်များကို၊ အပြစ်မယှိ ရလေအောင်၊ စောင့်ရှောက်ထိမ်းသိမ်းရန်မှာ၊ တပည့်ကြီးများ ဖြစ်ကြကုန်သော "အဂ္ဂသာဝက" နှစ်ပါးတို့၏ တာဝန်ဖြစ်ကုန်ဘိသကဲ့သို့၊

အနာဂတ်သာသနာ၌၊ တပည့်တပန်း ရဟန်း သာမဏေများကို အပြစ်မယှိရလေအောင် စောင့်ရှောက်ထိမ်းသိမ်းကြရန်မှာ၊ဂိုဏ်းဂဏအသီးသီးယှိ သိသာနှသိသာ၊လဇ္ဇီပေသလ သိက္ခာကာမ၊ သီလဝန်,ပညာဝန် ဖြစ်တော်မူကြကုန်သော ဂဏာဝရိယ ဂဏပါမောက္ခဆရာတော်ကြီးများ,မထေရ်ကြီးများ၏ တာဝန်သာဖြစ်ပေသည်၊

ရဟန်း သံဃာတော်များကို အပြစ်မယှိ ရလေအောင်၊ စောင့်ရှောက်ထိမ်းသိမ်းခြင်းမပြုပဲ၊ကြောင့်ကျမဲ့နေရန်၊ ဓမ္မသေနာပတိ တရားစစ်သူကြီး အသျှင်သာရိပုတ္တရာမထေရ်၏ ချွတ်ချော်စွာ လျှောက်ထားချက်ကို ဘုရားသျှင် ကိုယ်တော်တိုင် နှစ်သက်တော်မမူသောကြောင့်

အိုသာရိပုတ္တရာ၊ ၊ထိုစကားကို နောက်ထင်မပြောလင့် ရပ်တန့်သော,ရပ်ဘန့်သော
ဟုတားမြစ်တော်မူလေသည်၊

ယခုပြည့်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌၊ တပည့်တပန်း ရဟန်းသာမဏေယော်တို့၏ သမာအာသိက္ခာကို စောင့်စည်း၍၊ကပ္ပါ၏ မှတ်ပိန်၌ အမြင်မတော်သော အခြေအနေမျိုး မပေါ်ပေါက် စေပဲ သမဏာသာရုပ်ဖြစ်လာလေအောင် စောင့်ရှောက်ထိမ်းသိမ်းတော်မူကြရမည့် တာဝန်မှာ၊ ဂိုဏ်းဂဏအသီးသီးယှိ လဇ္ဇီပေသလ,သိက္ခာကာမ သီလဝန္တ,ပညာဝန် ဖြစ်တော်မူကြကုန်သော ဂဏာစရိယ ဂဏပါမောက္ခ ဆရာတော်ကြီးများ မထေရ်ကြီးများ၏ တာဝန်သာဖြစ်ပေသည်၊

**ဘုရားသျှင်နှစ်သက်တော်မမူခြင်း။**

ယင်းသို့မိမိတို့၏ တပည့်တပန်း ရဟန်းသာမဏေများကို အပြစ်မယှိရလေအောင် စောင့်ရှောက် ထိမ်းသိမ်းခြင်း ပြုတော်မမူကြပဲ ကြောင့်ကျမှု "အနေ့္ဒါသုတ္တ" နေထိုင်တော်မူကြသည်ကို ဘုရားသျှင်နှစ်သက်တော်မူမည်မဟုတ်ပေ၊

ဘုရားသျှင် နှစ်သက်တော်မမူပါက၊ တိုင်းသူပြည်သားရဟန်းရှင်လူအများတို့သည်လည်း ဘယ်နည်းနှင့်မျှနှစ်သက်ကြလိမ့်မည်မဟုတ်ပေ၊ထို့ကြောင့်ကပ္ပါ၏ဗုဒ္ဓဘာသာသခေါင်းသောဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ဗုဒ္ဓဘာသာသာသနာတော်ကိုသာဂုဏ်ယူစရာယှိသည့် အလျောက်ဗုဒ္ဓဘာသာ သာသနာတော်ဂုဏ် ညှိုးငယ်စရာ မဖြစ်စေပဲ၊

ကပ္ပါ၏ စံပြဗုဒ္ဓဘာသာ သာသနာ့ခေါင်းဆောင် ရဟန်းသံ ဃာတော်များဖြစ်ကြရလေအောင် ဂိုဏ်းဂဏ အသီးသီးမှ လင်္ကာပသာလ,သိက္ခာကာမ သီလဝန် ပညာဝန်ဖြစ်တော်မူကြ ကုန်သော ဂဏာစရိယ, ဂဏပါမောက္ခ ဆရာတော်ကြီးများ မထေရ်ကြီးများသည် အထူးအလေးဂရုပြုကာ မိမိတို့၏ တ ပည့်တပန်း ရဟန်းသာမဏေများကို အပြစ်မယှဉ်ရလေအောင် စနစ်တကျ စောင့်ရှောက် ထိမ်းသိမ်းတော်မူကြကုန်ရာသည်၊

ပရိသတ်၏ အပြစ်သည်ကား ပရိသတ်၏ အကြီးအကဲ အပေါ်သို့သာသက်ရောက်လာတတ်ပေသည် (မဇ္ဈိမ ပဏ္ဏာသအဋ္ဌကထာ)

---

**သာမဏေ၏ အဆုံးအမကိုနာယူသော တရားစစ်သူကြီး အသျှင်သာရိပုတ္တရာမထေရ်၊**

အချို့ပုဂ္ဂိုလ်တို့သည် မိမိတို့ကသာ သူတပါးတို့အား ဆုံးမ သတိပေးစကား ပြောကြားလိုကြကုန်၏၊ မိမိတို့အား တစုံတ ယောက်သောသူက၊ ဆုံးမသတိပေးစကား ပြောကြားခံရပါမူ မနာယူလိုကြသည့်အပြင်၊ ငါ့အားဆုံးမသတိပေးစကားပြော ကြားရမည်လော .... ဟုအမျက်ဒေါသခြောင်းခြောင်းထတတ် ကြကုန်၏၊

ဘုရားသျှင်၏ လက်ျာတော်ရံ တရားစစ်သူကြီး အသျှင် သာရိပုတ္တရာမထေရ်မြတ်ကြီးသည်ကား၊ ထိုကဲ့သို့မဟုတ်ပေ၊ ကိုယ်တော်တိုင်ကလည်း သူတပါးတို့အား ဆုံးမ သတိပေးစ ကား ပြောကြားတော်မူသည့်အပြင်၊ မိမိအားတစုံတယောက်

သောသူက ဆုမွှသတိပေးစကားပြောကြားလာပါမူ ရိုသေစွာ ဦးခေါင်းဖြင့်ခံယူတော်မူတတ်လေသည်၊

မှန်ပါသည်၊ ။တနေ့သ၌၊ငရာစစ်သူကြီး အသျှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို (၇)နှစ်အရွယ်ဖြစ် သာမဏေငယ်တပါးက

ဒိုအသျှင်ဘုရား သာရိပုတ္တရာ။ အသျှင်ဘုရားတို့၏ သင်းပိုင်အစွန်းသည်၊ တွဲလျားကျနေပါသည်ဘုရား

ဟုလျှောက်ထားလေ၏၊

အသျှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည်၊တစုံတရာတုံ့ပြန်မိန့်ကြားတော်မမူပဲ သင့်တော်လျောက်ပတ်သော အရပ်သို့သွားကာ၊ အဝန်းညီစွာသင်းပိုင်ကိုပြင်ဝတ်တော်မူ၍၊ပြန်လာတော်မူပြီးလျှင်

ဒိုဆရာ၊ ယခုဝတ်ပုံသည် သင့်တော်လျှောက်ပတ်ပါပြီလား

ဟုသာမဏေငယ်ကလေးကို "ဆရာ" ဟု ခေါ်ဆိုမိန့်ကြားတော်မူ၍ လက်အုပ်ချီကာ ရင်တော်မူပြီးလျှင်

ယနေ့ပင် သာသနာတော်ဘောင်သို့ရောက်လာသော (၇)နှစ်အရွယ်သာ မဏေငယ်သည် ငါ့ကိုတရားသဖြင့် ဆုမွှသတိပေးစကား ပြောကြားလာသည်ဖြစ်ပါအံ့၊ထို(၇)နှစ်အရွယ်သာမဏေငယ်၏ ဆုမွှသတိပေးစကားကို၊ငါသာရိပုတ္တရာမထေရ်သည် ဦး ခေါင်းဖြင့် ရိုသေစွာခံယူလိုက်နာကျင့်ကြံပါတော့အံ့

ဟု.....ဂါထာပဋ္ဌဗန်ဖြင့် ဝန်ခံမိန့်ကြားတော်မူလေသတည်း၊ (သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ)။

(မှတ်ချက်။ ။ဤကဲ့သို့ ဘုရားသျှင်မှထောက်သော်။ ဒုတိယမြောက်ဖြစ်သော၊ဘုရားသျှင်၏ လက်ျာတော်ရံ တရားစစ်သူကြီး အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်ကြီးသည်ပင်လျှင်၊ (၇)နှစ်အရွယ်သာမဏေငယ်လေး၏ ဆုမ္မသတိပေးစကားကို ဦးခေါင်းဖြင့်ခံယူကာ ရိုသေစွာလိုက်နာကျင့်ကြံတော်မူနိုင်ခဲ့ပါမူ၊

အကျွန်ုပ်တို့သည်၊မိမိတို့၏ လောကီလောကုတ္တရာ နှစ်ဖြာကောင်းကျိုးအတွက်၊(သို့မဟုတ်)ဘိုင်းပြည်နှင့် သာသနာ နှစ်ဖြာကောင်းကျိုးအတွက်၊ဂဏာစရိယ ဂဏာပါမောက္ခဖြစ်တော်မူကြကုန်သော ဆရာတော်ဘုရားကြီးများ၏ တရားသဖြင့်ဆုမ္မသတိပေးစကား မိန့်ကြားတော်မူသည်ကို၊ အဘယ့်ကြောင့် ဦးခေါင်းဖြင့်ခံယူကာ၊ ရိုသေစွာလိုက်နာကျင့်ကြံခြင်းအမှုကိုမပြုနိုင်ပဲ ယှိပါကုန်အံ့နည်း။ (ဝါ)ဦးခေါင်းဖြင့် ခံယူကာ၊ ရိုသေစွာလိုက်နာကျင့်ကြံပါကုန်စို့ )။

---

**အနာဂတ်သာသနာနှင့် ဒီမိုကရေစီဝါဒ**

နိုင်ငံခြားမှ သွတ်သွင်းယူဆောင်လာသော "ဒီမိုကရေစီဝါဒ" သည်၊မြန်မာပြည်နိုင်ငံရေးဘက်၌ အဆင်ပြေကောင်းပြေမည်ဖြစ်သော်လည်း၊ သာသနာတော်ရေးဘက်၌မူ အဆင်ပြေချင်မှ ပြေပေလိမ့်မည်၊ အကြောင်းကိုဆိုသော်၊ သာသနာတော်ရေးသည်အများအသိအမှတ်ပြုကာ သဘောတူရွေးချယ်တင်မြှောက်လိုက်သောပုဂ္ဂိုလ်တိုင်း၏ အရာမဟုတ်ပေ၊

"ဝိဓေကာဠာဏ်" ဖြင့်အတန်တန် ခဲခဲယဉ်းယဉ်း အထူးစိစစ်ရှာဖွေရွေးချယ်အပ်သော.....ပုရိသာဇာနိဝိသာရဒ, လဇ္ဇီပေ

သလ, သာသနာသုဒ္ဓိ ဝုဒ္ဓိမာမက, ဗျတ္တ, ပဋိဗလ ဂုဏ်ရုံသင် ပညာဝန်ပုဂ္ဂိုလ်တို့၏ အရာသာလျှင်ဖြစ်ချေသည်၊

ရှင်းပါဦးအံ့၊ ။မြန်မာပြည်အတွင်း၌ စာပေသင်ကြား တတ်မြောက်ခြင်းမယှိပဲ တပါနှစ်ပါရ ငယ်စဉ်ကတည်းက ပင်လျှင် ကျောင်းထိုင်၍ အသက်အရွယ်ကြီးရင့်ကာ ဒကာ ဒကာမ မင်းစိုးရာဇာဂုဏ်အသရေယှိလူကြီးလူကောင်းတို့နှင့် အပေါင်းအသင်း အဆက်အဆံ အပြောအပြောကောင်းသော ကြောင့်ထင်ပေါ်ကျော်ကြားနေကြကုန်သော ဆရာတော်ကြီး အများအပြားပင်ယှိကြပေသည်၊

ဒိဋ္ဌိကရေစိဝါဒအတိုင်း အများသဘောတူ ရွေးချယ်တင် မြှောက်စေခဲ့ပါလျှင် ရာဇဝလ္လဘဖြစ်ကာ ဂုဏ်အသရေယှိလူ ကြီးလူကောင်းများနှင့် အလွန်ရင်းနှီးသော ထိုဆရာတော် ဘု ရားကြီးမျိုးကိုသာ ပဌမ ဦးဆုံး ရွေးချယ် တင်မြှောက်ကြပေ လိမ့်မည်၊

ယင်းသို့အများသဘောတူရွေးချယ်တင်မြှောက်လိုက်ကြ သော စာပေကျမ်းဂန်မတတ် ဗဟုသုတ နည်းပါးလှသော ထိုဆရာတော်ဘုရားကြီးများကို အခွင့်အရေး အမျိုးမျိုးနှင်းအပ် ကာ "ရာဇဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်လျက် သာသနာ တော်ရေးကို အာဏာကုန်သွင်းအပ်ဆောင်ရွက်စေခဲ့ပါသော်၊ ထိုသာသနာတော်ရေးသည် အဘယ်ဖြစ်သွားမည်နည်း၊

(ဤနေရာ၌ သာသနာတော်ရေးအတွက် အများသဘောတူ ရွေးချယ် တင်မြှောက်ခြင်းခံကြရကုန်သော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ ပမာဏကိုသိယှိ ကြကုန်ပြီးလျှင်၊ မိမိတို့မဆွမ်းဆောင်နိုင်သော အရာဖြစ်ပါက မိမိတို့၏ ထင်

ပေါ်ကျော်ကြားမှုအနိုက်အတံ့ ဂုဏ်ကို သာယာ၍ မလိုက်မှား မိကြစေရန် အထူးသတိချပ်ကာ၊ သင့်တော်မည့် ပုဂ္ဂိုလ်ကိုသာ ညွှန်ကြားသင့်လှပေသည်။ သို့မှသာ ဘုရားသျှင် သာသနာတော်ကောင်းလာနိုင်ပေမည်)

**အမြီးတန်းကျန်ရစ်နေတတ်သောပုဂ္ဂိုလ်များ၊**

ဒီမိုကရေစီဝါဒအတိုင်း အများသဘောတူ ရွေးချယ်တင်မြှောက်စေခဲ့ပါမူ၊ ပရိယတ္တိဝိသာရဒ, လဇ္ဇီပေသလ၊ သာသနသုဒ္ဓိ, ဂုဏ္ဍိမာမက, ဗျတ္တပဋိဗလ ဂုဏ်စုံလင် ပညာဝန်ပုဂ္ဂိုလ်တို့ကား၊ အမြီးတန်းလိုလိုပင် ကျန်ရစ်နေကြမည် ဖြစ်ပေသည်။

အကြောင်းကိုဆိုသော်၊ ၊ထိုပုဂ္ဂိုလ်တို့ကား၊ များသောအားဖြင့် ဒါယာ, ဒါယကာ၂တို့နှင့်ရောနှော ဆက်ဆံမှုကို အလိုမယှိ၊ အပေါင်းအသင်းမဝင်ဆံ့, မင်းကြိုက်စိုးကြိုက်မဆောင်, ရာဇဝလ္လဘမလုပ်, ဝိနည်းသိက္ခာပုဒ်တော်အတိုင်း၊ တင်းတင်းမာမာကျင့်ကြံနေထိုင်တတ်ခြင်း, မိမိ၏ ဂုဏ်ကို အထူးထျိုမှက်တတ်ခြင်း, မည်သူ့ မျက်နှာကိုမှ မယောက်မညှာပဲ မှန်ရာကိုသာ ဘွင်းဘွင်းပြောဆိုတတ်ခြင်းစသည်တို့ကြောင့်၊ မာနကြီးသလိုလို, ပညာဂုဏ်မောက်သလိုလို, ကိုယ်နှံခမ်းကြီးသလိုလို, ဘဝင်မြင့်သလိုလို-အမျိုးမျိုး အထင်အမြင်အသေးခံရကာ၊ လူကြိုက်မများပဲ ဖြစ်နေတတ်ကြသောကြောင့်ရင်း။ ထေရ်ဂါဂုဏ်သေးငယ်သောကြောင့်ရင်း။ ဒီမိုကရေစီဝါဒအရ၊ အများသဘောတူ ရွေးချယ်တင်မြှောက်ရာဟူသမျှတို့၌ အမြီးတန်းလိုလိုပင်ကျန်ရစ်နေတတ်ကြပေသည်၊

**ငံပြဇုဋ္ဌသာသနာကိုဖန်တည်းနိုင်မည့်ပုဂ္ဂိုလ်။**

ထိုအမြီးတန်းလိုလိုပင် ကျန်ရစ်နေတတ်ကြသော ပရိယတ္တိ

ဝိသာရဒလင်္ကာပေသလ, သာသနသုဒ္ဓိဗုဒ္ဓိမာမက ဗုဒ္ဓပဒိပလ ဂုဏရုံလင်ပညာဝန် ပုဂ္ဂိုလ်များသည်သာ၊ ကပ္ပါပေါ်၌မှတ်တင်ခံနိုင်သောစံပြဗုဒ္ဓသာသနာတော်ကို ဖန်တည်းနိုင်ကြမည် ဖြစ်ပေသည်။

ထိုပုဂ္ဂိုလ်များကား၊ အရေအတွက်အလွန်တရာနည်းပါးသှလေရာ "ဝိဝေကဥာဏ်" ဖြင့် အတန်တန်ခဲးခဲးယဉ်းပါဉ်း အလူးကြီးစားစီပင်ရှာဖွေနိုင်ပါမှ၊ ၄၊ ၅၊ ၁၀-ပါး အနည်းငယ်မျှကိုသာ တွေ့ယှိရပေလိမ့်မည်၊

ဥပမာဆိုကြပါစို့၊

အကျွန်ုပ်တို့သည် အလွန်တရာ အဘိုးထိုက်တန် ဟှသည့် "ဘယက်ခုဘနာပန်းကုံးကြီး"တခုကို၊ကပ္ပါပေါ်သို့စံပြအဖြစ်တင်ပြရန်အလိုယှိကြကုန်၏။ ထိုအလွန်အဘိုးထိုက်တန်သည့် "ကပ္ပါစံပြဘယက်ခုတနာပန်းကုံးကြီး"ကို ပြုလုပ်ရန်အတွက် လူအများအား စီစစ်ရှာဖွေရန်ညွှန်းအပ်လိုက်ရာ၊

"ဝိဝေကဥာဏ်"မယှိသောလူများစုက၊ရွှေရောင်ကဲ့သို့တလက်လက် တောက်ပြောင်နေသော ရွှေချောင်း သဏ္ဍာန်တင့် တယ်လှပသောကြေးနီချောင်းကြီး ပိဿာ (၂၀၀၀)၊

အရွေးနွင့်မခြားမနား တသားတည်းတူလှသော ကာချက်ရွှေ ကပိဿာ (၃၀၀၁)၊

တလက်လက်တောက်ပနေသည့် ဖြဒါးခံမှန်ကွဲးကျောက်ဖြင်သစ်ပိန်က တတင်း.....တို့ကို စီစစ်ရှာဖွေပေးလိုက်ကြပေသည်၊

"ဝိဝေကဉာဏ်" ဟုခေါ်သော လူနည်းစုက၊ ရွှေ၏အကြောင်းကို ကောင်းစွာသိဟုခေါ်နေသော ရွှေပန်းထိမ်ဆရာကြီးသည်၊ အကြိမ်ကြိမ်မှတ်ထင်၍ စိစစ်ရွေးချယ်ကာ၊ ဈေးပြီးညှိပြီးသော ဇမ္ဗူရာဇ်ရွှေစင် ၄၊ ၅-သား။

မိုးကုတ်ကျောက်ပြင်စသည်တို့၌ နှစ်လရှည်ကြာစွာ အသုံးတလည်ခဲခဲယည်းယည်းတူးဖော်ရှာဖွေ၍၊ ကျောက်ကောင်းစိန်ကောင်းတို့၏ အကဲအလေးကိုကောင်းစွာ ခတ်တတ်သော ပုဂ္ဂိုလ်တို့။ အသုံးတလည်ရွေးချယ်စိစစ်ကာ၊ အရောင်တင်အပ်, သွေးအပ်ပြီးသော ကျောက်မျက်ရတနာ အလုံးလေးငါးဆယ်တို့ကို စိစစ်ရှာဖွေပေးလိုက်ကြပေသည်။

ထိုပစ္စည်းနှစ်မျိုးတို့တွင် ဝိဝေကဉာဏ်မရှိသောလူများစုက အသိအမှတ်ပြုကာ အများသဘောတူ ရွေးချယ်ပေးလိုက်ကြသော ပဌမ ပစ္စည်းစုကား မိသားချိန် (၅၀၀၀) ကျော်။

ဝိဝေကဉာဏ်ရှိသော လူနည်းစုက ရွေးချယ် စိစစ်ပေးလိုက်ကြသော ဒုတိယ ပစ္စည်းစုကား (၁၀) သားပင် မပြည့်ပါ။

အကျဉ်းချုပ်တို့သည် အဘယ်ပစ္စည်းစုဖြင့်သာ အဘိုးများစွာထိုက်တန်သည့် "ကမ္ဘာ့စံပြဘယက်ရတနာပန်းကုံးကြီး" ကိုပြုလုပ်ကြပါမည်နည်း။

အနာဂတ်သာသနာအတွက် ရည်ရွယ်ရေးသားအပ်သော

ဤဥပမာ စကား ကိုအတန်တန်စဉ်းစား ဝေဘန်ကာပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းပြည်လူထုကြီး

သည့် မိမိဘ်ုကြိုက်နှစ်သက်ရာကို ရွေးချယ်တင်မြှောက်ကာ မှတ်ဝင်ခံနိုင်သည့် "ကမ္ဘာ့ပြဲဖုဒ္ဓဘာသာသာသနာတော်ကြီး" ဖြစ်အောင် ပြုလုပ်ရေးကိစ္စကိုမည်သည့် ပုဂ္ဂိုလ်လက်သို့ လွှဲအပ်ထိုက်ကြောင်းကို စဉ်းစားဝေဘန် ဆုံးဖြတ်နိုင်ကြပါသည်။

(အကျနုပ်တို့သည် သာသနာတော်ရေးကိစ္စ၌ ဝါဒဖြန့်ကောင်းရုံ ပေါ်ပင်လိုက်မှားခြင်း မဖြစ်ကြစေရန် အထူးသတိချပ်သင့်လှပေသည် ဤစကားရပ်များကား၊ လက်ယှိဆောင်ရွက်နေဆဲ အစိုးရ၏ သာသနာရေးကိစ္စ တို့ကို တစုံတရာ ဝေဘန် ရေးသားနေခြင်းမဟုတ် အနာဂတ်သာသနာအတွက် "ကမ္ဘာ့ပြဲ ဗုဒ္ဓသာသနာဖန်တီးရေးကိစ္စ" ကိုသာရည်ရွယ်ရေးသားခြင်း ဖြစ်ပေသည်)

---

## ဝိဝေကဉာဏ်ဆိုတာ ဘာလဲ

"ဝိဝေကဉာဏ်" ဆိုသည်မှာ (၁) သူတော်ကောင်းနှင့် မသူတော် (၂) ပညာရှိနှင့် ပညာမဲ့သောသူ (၃) အကောင်းနှင့် အဆိုး စသည့်များကို ခွဲခြားဝေဘန် ပိုင်းသိယှိနားလည်းသော "အသိဉာဏ်" ကိုဆိုလိုပါသည်၊

သီဟိုဠ်ကျွန်း ပရက္ကမဗာဟု မင်းကြီးလက်ထက် အသျှင်သံဃာရက္ခိတသာမိ မဟာထေရ်၏ စီရင်ရေးသားတော်မူအပ်သော "သုဗောဓာလင်္ကာရကျမ်း" ၌သီကုံးနှံးပွဲကာစပ်ဆိုထားအပ်သောမှတ်သားဘွယ်ဂါထာတပုဒ်မှာ၊

သူတော်ကောင်းပညာယှိ ပုဂ္ဂိုလ်တို့နှင့်
မသူတော်ပညာမဲ့ ပုဂ္ဂိုလ်တို့သည်

သီလ, ပညာ အစရှိသောဂုဏ်အားဖြင့်
မတူကွဲပြားခြားနားကြပါကုန်သော်လည်း
"ဝိဝေကဉာဏ်" မရှိကုန်သောပုဂ္ဂိုလ်တို့၏ အထံ၌
ကွဲပြားခြားနားခြင်းသို့မရောက်ကြလေကုန်
ဟူသတည်း၊

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူလူထုကြီးသည် တကယ် သာသနာတော် ကောင်းကျိုးကို လိုလားတောင့်တ၍ ကပ္ပါပေါ်၌ စံပြဗုဒ္ဓဘာသာ သာသနာတော်ကြီးဖြစ်လေအောင် အကောင်အထည်ဖော်ကြပါလျှင် မိမိတို့သန္တာန်၌"ဝိဝေကဉာဏ်" ရှိထားကြဘို့အလွန်အရေးကြီးပါသည်။

သာသနာတော်ရေးကိစ္စဟူသမျှတို့၌၊ထို"ဝိဝေကဉာဏ်" ကိုအသုံးပြုကာ၊ အထူးရွေးချယ်စိစစ်တတ်ကြပါမှသာ "ကပ္ပါပေါ်၌မှတ်တင်ခံနိုင်သော စံပြဗုဒ္ဓဘာသာသာသနာတော်ကြီး ဖြစ်လေအောင်စွမ်းဆောင်ဖန်တီးနိုင်မည့်၊ ပရိယတ္တိဝိသာရဒ, လဇ္ဇီပေသလ, သာသနသုဒ္ဓိဂုဒ္ဓိမာမက, ဗျတ္တပဋိဗလ, ဂုဏစုံ လင် ပညာဝန် သာသနာ့အာဇာနည်ပုဂ္ဂိုလ်အနည်းငယ်တို့ကို တွေ့ရှိနိုင်ကြမည်ဖြစ်ပေရာသတည်း၊

(မှတ်ချက်။ ။အစိုးရ၏ သာသနာရေးဌာန၌ ဝိဝေကဉာဏ်ရှိသော ကျမ်းတတ် လူပြန်တော်ပညာရှိ ပုဂ္ဂိုလ်အများအပြားရောက်ရှိနေရာ၊ ထိုပုဂ္ဂိုလ်တို့အား အဂတိလေးပါးမလိုက်စားပဲ တရားသဖြင့်ရွေးချယ်စိစစ်ပေးရန်။ ညွှန်ကြားခြင်းအားဖြင့် အဆိုပါ သာသနာ့ အာဇာနည်ပုဂ္ဂိုလ်များကို တွေ့ရှိနိုင်ပါသည်)။

**စံပြသာသနာဖြစ်အောင် နည်းလမ်းကောင်းရှာဖွေ ဆက်လက်ကြိုးစားအားထုတ်သင့်ခြင်း။**

ယခုအခါ၊ကမ္ဘာတဝှမ်းလုံးယှိ၊ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်အားလုံးတို့က၊ ကမ္ဘာပေါ်၌ ဗုဒ္ဓဘာသာ သာသနာတော်အထွန်းကားဆုံးဖြစ်သော၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိုသာ၊ အထူးယုံကြည်အားထားနေကြရာ၊ တိုင်းသူပြည်သားတို့ပိုင်ငွေအိန်ပေါင်း(၉၀)ကျော်အကုန်အကျခံကာ၊ ကမ္ဘာကျော်အောင်ဆင်နွှဲနေကြသော"ဆဋ္ဌသင်္ဂါယနာအခမ်းအနားကြီး"သည်၊ သန့်ရှင်းသော ဗိဒုကပ်ပြီးစေမှ တရဖြစ်မြောက်မှုနှင့်သာ၊ တင်းတိမ်ရောစ်ရဲ့နေကြပါမူ၊ တိုင်းသူပြည်သားတို့ပိုင်ငွေ အိန်းပေါင်း(၉၀)ကျော်အကုန်အကျခံခဲ့ကျိုးနပ်ပါမည်လော?

အကျွန်ုပ်တို့သည်၊ ထိုကဲ့သို့သန့်ရှင်းသောဗိဒုကပ်ပြီးစေမှုတခုဖြစ်မြောက်မှုနှင့်သာ၊ အားရတင်းတိမ်ရောင့်ရဲ့မနေကြကုန်ပဲ၊ကမ္ဘာတဝှမ်းလုံးက၊ အထူးယုံကြည်အားထားနေကြသလောက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ယှိ၊ ဗုဒ္ဓဘာသာသာသနာတော်သည်၊ ကမ္ဘာပေါ်၌၊မှတ်တင်ခံနိုင်သော စံပြဗုဒ္ဓဘာသာ သာသနာတော်ကြီး ဖြစ်မြောက်လာလေအောင်မင်းနိုင့်ထက်ဝသော တိုင်းသူ ပြည်သား တို့သည်၊ နည်းလမ်းကောင်းများကိုရှာဖွေစုဆောင်းကာ၊ ဆက်လက်၍မနေမနားကြိုးစားအားထုတ်သင့်လှပေသည်။

မှန်ပါသည်၊ ။ကမ္ဘာပေါ်၌မြန်မာလူမျိုးများဂုဏ်ယူစရာသည်ကား၊ ထိုဗုဒ္ဓဘာသာ သာသနာတော်ကြီးသာဖြစ်ပေသည်။ထိုဗုဒ္ဓဘာသာ သာသနာတော်ကြီးကြောင့်သာ၊ မြန်မာ

လူမျိုးများကို ကပ္ပါက အသိအမှတ် ပြုကြလေသည်မဟုတ်ပါလော၊

ယင်းသို့မင်းနှင့်တကွသော တိုင်းသူပြည်သားတို့က၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဃို ဗုဒ္ဓဘာသာ သာသနာတော်ကို ကပ္ပါပေါ်၌ မှတ်တင်ခံနိုင်သော စံပြဗုဒ္ဓဘာသာ သာသနာတော်ကြီးဖြစ်လာသေအောင်၊ အကောင်အထည်ဖေါ်နိုင်ပါမှသာ၊တိုင်းသူပြည်သားတို့ပိုင်ငွေ သိန်းပေါင်း(၉၀)ကျော်အကုန်အကျခံကာ "ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး" ဆင်နွဲရကျိုးနပ်ပေလိမ့်မည်၊

---

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား**
**အထူးချီးကျူးဘွယ်၊**

ပညာယှိတို့၏ သဘောလက္ခဏာမှာ ဥာဏ်ဖြင့်သက်ဝင်ကာ အထူးစိစစ်သောနှ်၍

(၁) ချီးမွမ်းသင့်သောအရာကိုချီးမွမ်းတတ်ကြခြင်း။

(၂) ကဲ့ရဲ့သင့်သောအရာကို ကဲ့ရဲ့တတ်ကြခြင်း။

ပင်ဖြစ်ပေသည်။

မြန်မာ့ရာဇဝင်အစောင်စောင်၌ တကြိမ်တခါမျှ၊ မတွေ့စဖူး, မကြားစဖူးသော အချက်တခုမှာ၊ ငွေသိန်းပေါင်း(၉၀)ကျော်ကို သာသနာတော်ရေးဘက်၌ အသုံးပြုကာ"ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး"ကိုကပ္ပါကျော်အောင်ဆင်နွဲးနိုင်ခြင်းပင်ဖြစ်ပေသည်၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၌၊ အစိုးရတက်၍ ပြုလုပ်နေကြသော ခေတ်ပညာတတ်မြန်မာလူကြီးများမှာ၊

မှားသောအားဖြင့်၊ ကွန်မြူနစ်စာပေတို့ကို အသုံးလေ့လာ လိုက်စားကြသော ပုဂ္ဂိုလ်များဖြစ်ကြ၍၊ တနေ့နေ့၌ ဗုဒ္ဓမြတ်စွာသာသနာတော်ကို လျစ်လျူ ရှုထားကြလိမ့်မည်ဟု စိုးရိမ်မကောင်းဖြစ်ကာ၊ ဤမျှသာသနာတော်ရေးဘက်၌အကုန်အကျခံပြီး "ငွေကိုသွန်သုံးလိမ့်မည်"ဟု အကျွန်ုပ်တို့တခါမျှပင်မတွေးထင်ခဲ့ဘူးပေ၊

ယင်းသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့က၊ ဗုဒ္ဓတာသာ သာသနာတော်ရေးဘက်၌၊ဤမျှငွေသိန်းပေါင်း (၉၀) ကျောင်ကိုအသုံးပြုကာ၊ ဘယ်နည်းနှင့်ဖြစ်ဖြစ်၊သာသနာတော်ကိုအားပေးချီးမြှင့်ခြင်းကိုမူ၊အကျွန်ုပ်တို့တသက်၌ မေ့ပျောက်၍ မရနိုင်လောက်အောင် ချီးမွမ်းအံ့သြ၍ မဆုံးနိုင်သော အချက်တခုပင်ဖြစ်ချေသည်၊

(အစိုးရနှင့်နီးစပ်သော ပညာရှိဘုန်းတော်ကြီးများက၊ နည်းညွှန်ကောင်းလျှင်ကောင်းသလောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ "**သာသနာရေးစီမံကိန်း**" သည်အထူးဘလည်ကောင်းမွန်လာမည်ဟု ယုံကြည်မျှော်လင့်ဘွယ်ရှိပေသည်)

---

## အထူးမိတ်အားတက်ကြွဘွယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည်၊ ဤသို့သာသနာတော်ရေးဘက်၌သာ၊ ဤမျှငွေသိန်းပေါင်း(၉၀)ကျော်ကို အကုန်အကျခံကာ သွန်၍အသုံးပြုနေသည်မဟုတ်သေးပေ။

တိုင်းပြည်ပြန်လည်ထူထောင်ရေးဘက်၌လည်း၊ ရန်ကုန်ဘူတာရုံကြီးကဲ့သို့၊ အလွန်တရာ ခမ်းနားကြီးကျယ်လှသော

ဗိမာန်အဆောက်အဦးကြီးများကိုလည်း အများအပြား အထူးပြုပြင်တည်ဆောက်လျက်ရှိနေရာ၊ထိုအလွန်တရာခမ်းနားကြီးကျယ်လှသော ဗိမာန်အဆောက်အဦးကြီးများကို ဖ-ဆ-ပ-လ အစိုးရတို့လက်ထက်၌၊ထအံ့ထသြတွေ့ရှိရပေသည်။

အကျနုပ်နှင့်တကွ၊မြန်မာတမျိုးသားလုံး ဇာတိသွေးဇာတိမာန်ကို အထူးတက်ကြွစေသောအရာမှာ၊ ထိုရန်ကုန်ဘူတာရုံကြီးအထက်၌တွေ့ရှိရသော''ရှေးကျသည့်မြန်မာ့သုခုမ, အနုပညာပြာသာဒ်ဆောင်ကြီး''များပင်ဖြစ်လေသည်။

အကျနုပ်သည် ရန်ကုန်ဘူတာရုံကြီးအထက်၌ တည်ရှိသော ထို'ပြာသာဒ်ဆောင်ကြီး''ကိုတွေ့ရှိရသောအခါတိုင်း တိုင်းပြည်နှင့်သာသနာတော်အတွက်၊ မိမိအသက်ကိုပင် စွန့်စားကာ အားကြိုးမာန်တက် ဆောင်ရွက် ကူညီလိုသောစိတ်ထား တဖွားဖွားပေါ်ပေါက်လာမိပေသည်။

အကျနုပ်ကဲ့သို့ နိုင်ငံရေးမဖက် သာသနာတော်ရေး သက်သက်ကိုသာ ဆောင်ရွက်ကြိုးကုတ်အားထုတ်နေသော မြန်မာဘုန်းတော်ကြီးတပါး၌ ထိုကဲ့သို့တိုင်းပြည်နှင့်သာသနာတော်ရေး အတွက် မိမိ၏ အသက်ကိုပင် စွန့်စားကာ အားကြိုးမာန်တက် ဆောင်ရွက် ကူညီလိုသောစိတ်ထားတဖွားဖွားပေါ်ပေါက်လာပါမူ အခြားမြန်မာတိုင်းသွား လူအများတို့အား၊ အဘယ်ဆိုဘွယ်ရာရှိပါတော့အံ့နည်း။

**ဂုဏ်ပြုချီးကျူးထိုက်ခြင်း။**

ထိုကဲ့သို့ မြန်မာလူမျိုးတို့၏ ဇာတိသွေး ဇာတိမာန်ကို အထူးတက်ကြွလာအောင် စွမ်းဆောင် ပြုလုပ် စီမံနိုင်သော

‘‘မီးရထား မြန်မာအင်ဂျင်နီယာ ဗိသုကာဆရာကြီး’’ ကိုလည်း၊ မြန်မာ၀ မျိုးသားလုံးအတွက်၊ အထူးဂုဏ်ပြုချီးကျူးထိုက်လှပေသည်။

ထိုရန်ကုန်ဘူတာရုံကြီး၏ အထက်၌တွေ့ရှိရသော ‘‘ရှေးကျသည့်မြန်မာ့သုခုမ, အနုပညာပြာသာဒ်ဆောင်ကြီး’’ကြောင့်၊ အကျနုပ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာသမ္မတကြီးအပေါ်၌ကြည်ညိုလေးစားမှုယုတ်လျော့၍ မသွားကြသည့်အပြင်၊ ပိုမိုလွန်ကဲလာဘွယ်ရာသာ ရှိပေသည်။

ထို့ကြောင့် မြန်မာတို့၏ ဇာတိသွေး, ဇာတိမာန်ကို အထူးဖြစ်ပွားတက်ကြွစေတတ်သော ရှေးကျသည့် မြန်မာ့သုခုမ, အနုပညာပြာသာဒ်ဆောင်ကြီးမျိုးကို၊ ထင်ရှားသော မြန်မာ့အဆောက်အဦးကြီးများ၌တို့၏ အထက်၌အမြဲတန်းပါရှိစေပြီးလျှင်၊ ထိုပြာသာဒ်ဆောင်ကြီးများကို ရွှေချပေးပါမူ၊ ပိုမိုတင့်တယ်ဘွယ်ရာရှိပေသတည်း။

(မှတ်ချက်။ အစိုးရတို့၏ အချီးအမြှောက်အထောက်အပံ့ကိုခံရသောကြောင့်၍သို့အစိုးရကို၊ချီးပင့်မြှောက် စားရေးသားသားသည်ဟုအချို့ပုဂ္ဂိုလ်တို့ကမှားထင်ကောင်းမှတ်ထင်ကြပေလိမ့်မည်၊

အမှန်မှာ။ ။နိုင်ငံနှင့် သာသနာတော်ကျိုးကိုတကယ်လိုလားကောင်းတသဖြင့် စာသင်သံဃာ (၄၀) (၅၀) တို့အား နေ့မအား ညမအား သင်ကြားပို့ချနေသော လက်ပံတန်းမြို့ သဒ္ဓမ္မောဒယ အဘိဓမ္မာ ညဝါဟက္ကသိုလ် ကျောင်းတိုက်သည်၊အစိုးရတို့၏ ‘‘ဓမ္မာစရိယအတ်ဥပဒေ’’ အရ အောက်တန်းစား ဓမ္မာစရိယ အဆင့်အတန်းလောက် မျှယနေ့တိုင်အသိအမှတ်ပြုခြင်း

ကိုခံရသောကျောင်းတိုက်မဟုတ်သောကြောင့် အဂိုးရတို့၏ ထိန်းသိမ်းမှုသည့် အထောက်အပံ့ကိုမူ မရရှိခဲ့ပေ ရဟန်းအောင်လည်း မကြီးပွားပေ ယင်းသို့ဖြစ်သော်လည်းအကျွန်ုပ် "ရာဇဝင်-ပြဿနာ" စာအုပ်ရေးသားနေချိန်, တွေ့ရှိရသည့်အရေးများကို နောင်လာနောက်သားများအတွက် ချီးကျူးသင့်သောအရာ၌ ချီးကျူးရေးသားထားခြင်းမျှသာဖြစ်ပေသည်)

---

## မှားယွင်းသောအထင်သေးမှု။

သဒ္ဒါမွှာဒယ ဆရာသည်၊ မိဘဘိုးဘွားစဉ်ဆက်မှ ဆင်းသက်၍၊ ဒွါရဂိုဏ်းကို ကြည်ညိုကိုးကွယ်ဆည်းကပ်လာခဲ့သည့်အလျောက်။ ဒွါရဂိုဏ်း၌ရှင်သာမဏေပြု၍၊ ဒွါရဂိုဏ်း၌သာ ရဟန်းအဖြစ်သို့ ရောက်ခဲ့လေရာ။ ဒွါရဂိုဏ်းမှတပါး အခြားဂိုဏ်းများကိုအလွန်အထင်သေးခဲ့ဘူးပါသည်။

ရဟန်း (၄) ဝါရသောအခါ ရွှေဖြူမြို့ သဒ္ဒမ္မဇောတိကာရာမကျောင်းတိုက် ဥပဇ္ဈာယ် ဖြစ်တော်မူသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ဖုံးရှင် သဒ္ဒမ္မဇောတိကာရုံ ဆရာတော်ဘုရားကြီး၏ စေလွှတ်တော်မူချက်အရ၊ မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်ကြီး၌ စာပေကျမ်းဂန်တို့ကို သင်အံလေ့လာနေစဉ်၊ ရွှေကျင်ဂိုဏ်းကြီးကိုဝေဘန်သုံးသတ်စိစစ်ကြည့်သောအခါ ထိုရွှေကျင်ဂိုဏ်းကြီး၌၊လဇ္ဇီပေသလသိက္ခာကာမပုဂ္ဂိုလ်အများအပြားရှိကြောင်းတွေ့ခဲ့ရပေသည်။

တဖန် အနောက်ပြင်, တောင်ပြင် သုဓမ္မာဂိုဏ်းစာသင်တိုက်ကြီးများသို့ သွားရောက်စာပေကျမ်းဂန်တို့ကို သင်အံ

လေ့လာနေစဉ်၊ သုဓမ္မာဂိုဏ်းကြီးကိုလည်း ဝေဘန်သုံးသပ် စိစစ်ကြည့်သောအခါ၊ အဆိုပါ သုဓမ္မာဂိုဏ်း ကြီး၌လည်း လဇ္ဇီပေသလသိက္ခာကာမ ပုဂ္ဂိုလ်အများအပြားရှိကြောင်းကို တွေ့ခဲ့ရပါသည်။

သဒ္ဓမ္မောဒယဆရာအား၊ ဂိုဏ်းတပါးသားတို့အား အလဇ္ဇီဟူ၍ ထင်မြင်ခဲ့သည်မှာ၊ အလွန်မှားယွင်းနေကြောင်းသိရှိခဲ့ရသည့်အပြင်၊ မန္တလေးမှ စာသင်၍ အောက်အရပ်သို့ပြန်လည်ရုံသင်းကာ၊ မိမိ၏ ဒွါရဂိုဏ်းကြီးကိုပြန်လည် ဝေဘန်သုံးသပ် စိစစ်ကြည့်သောအခါ၊ ဒွါရဂိုဏ်းကြီး၌လည်း အလဇ္ဇီပုဂ္ဂိုလ်အများအပြားရှိနေကြောင်း တွေ့ရှိရပြန်သောကြောင့်၊ ဒွါရဂိုဏ်းကြီးကို၊ လဇ္ဇီဟူ၍သာ တဘက်သတ် ထင်မြင်နေခြင်း၏ မှားယွင်းနေပုံကိုသိရှိရပြန်ပါသည်။

**သဒ္ဓမ္မဇောတိကာရုံဆရာတော်ဘုရားကြီး မိန့်ကြားတော်မူချက်။**

သဒ္ဓမ္မောဒယဆရာသည်၊ ဝန့်ပြုမြို့ရှိ သဒ္ဓမ္မဇောတိကာရာမတိုက် ဥပဇ္ဈာယ်ဖြစ်တော်မူသော ကျေးဘူးရှင်- သဒ္ဓမ္မဇောတိကာရုံ ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ (၁၃၀၇) ခုနှစ်။ ရဟန်း(၇)ဝါ ရသည့်အချိန်ပြန်လည်ရောက်ရှိလာသောအခါ မိမိတွေ့မြင်ခဲ့ရပုံအလုံးစုံကိုပြန်လည်လျှောက်ထား၍၊ ဂိုဏ်းတပါးသားတို့အား အထင်အမြင်သေးခဲ့ခြင်း၏ မှားယွင်းပုံကို ဝန်ခံကာ၊ ဂိုဏ်း(၃)ဂိုဏ်းရှိ လဇ္ဇီပေသလသိက္ခာကာမသီလဝန္တပုဂ္ဂိုလ်အားလုံး လဇ္ဇီဂိုဏ်းအနေပူးပေါင်း သာသနာပြုနိုင်

ရန် ပိုမံဆောင်ရွက်တော်မူပါမည့်အကြောင်း ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးအား လျှောက်ထားသောအခါ။

ကျေးဖူးရှင်သဒ္ဓမ္မဇောတိကာရုံဆရာတော်ဘုရားကြီးက၊ **(သာသနာပြုမင်း ပေါ်ပေါက်၍ အာဏာစက်ဖြင့် ကူညီသော အချိန်အခါသို့ ရောက်မှ ဖြစ်နိုင်ပေလိမ့်မည်။)** ဟု၊ မိန့်ကြားတော်မူလေသည်၊

**ထူးခြားသောအဆုံးအမ၊**

ထိုကျေးဖူးရှင်သဒ္ဓမ္မဇောတိကာရုံ ဆရာတော်ဘုရားကြီးက တပည့်များအား ဆုံးမတော်မူသည်မှာ၊ နင်တို့သည်သူတပါးဂိုဏ်းသားများကို၊ သည့်ရွှေကျင်တွေ, သည့်သုဓမ္မာတွေ၊ အလဇ္ဇီပုဂ္ဂိုလ်များဟု အထင်အမြင် သေးကာ မစွပ်စွဲကြကုန်လင့်၊လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ ဖြစ်ကြကုန်သော ရွှေကျင် သုဓမ္မာ ဂိုဏ်းသားများကို၊ စွပ်စွဲမိပါက၊ နင်တို့ အပါယ်ကျကုန်ကြလိမ့်မည်။ သူတပါးဂိုဏ်းကို စွပ်စွဲလိုလျှင် မိမိ ဒွါရဂိုဏ်းကိုလည်း ပြန်ကြည့်ကြအုံး၊ မိမိဒွါရဂိုဏ်းမှာလည်း အလဇ္ဇီပုဂ္ဂိုလ်တွေ အများအပြားဃှိကြသည်။

ဟု မကြာမကြာဆုံးမသြဝါဒ ပေးတော်မူသည့်အပြင် မိမိဒွါရဂိုဏ်းသားတပည့် အရင်းပင် ဖြစ်စေကာမူ၊အလဇ္ဇီဖြစ်က၊ ပေါင်းသင်းဆက်ဆံခြင်းမပြုပဲ သုဓမ္မာ, ရွှေကျင်ဂိုဏ်းသား လဇ္ဇီပုဂ္ဂိုလ်တို့နှင့်မူပေါင်းသင်းဆက်ဆံတော်မူလေသည်း

မှန်ပါသည်။ ကွင်းကြီး ဆရာတော်ဘုရားသည် သုဓမ္မာဂိုဏ်းသားဖြစ်သော်လည်း၊လဇ္ဇီပေသလသိက္ခာကာမ သီလဝန္တ ပုဂ္ဂိုလ်ဖြစ်၍ ကျေးဖူးရှင်သဒ္ဓမ္မဇောတိကာရုံဆရာတော်ဘုရားကြီးနှင့်ပေါင်းသင်းဆက်ဆံတော်မူလေသည်၊

(ထိုခန္ဓမြို့မြို့ ကျေးဇူးရှင် သဒ္ဓမ္မဇောတိကာ ရှိဆရာတော်ဘုရားကြီးသည် ကား၊ ဝိနည်းသိက္ခာပုဒ်ကို လွန်စွာလေးစားတော်မူရာ၌ အထူးကျော်ကြား တော်မူလှသည့်အပြင်၊ တပည့်များအား ဝိနည်းပါဠိတော်အဋ္ဌကထာဋီကာတို့ ကိုသာ အကြိမ်ကြိမ်ပို့ချတော်မူ၍၊ ဝိနည်းသိက္ခာပုဒ်ကိုအထူးလေးစားလာ လေအောင်၊ တပည့်သားတို့အား အမြဲဆုံးမတော်မူလေ့ရှိပေသည်)၊

---

## ဟသ်ာတမြို့ ဒွါရသာသနာ့ပိုင် လယ်တီဆရာတော် ဘုရားကြီး၏နည်း။

သဒ္ဓမ္မောဒယဆရာသည်၊ ဟသ်ာတမြို့ အဂ္ဂမဟာပဏ္ဍိတ ဒွါရသာသနာ့ပိုင် လယ်တီဆရာတော်ဘုရားကြီးအား၊ ထိုလဖွဲ့ ဂိုဏ်းအကြောင်းကို လျှောက်ထားပြန်သောအခါ၊ ထိုဆရာ တော်ဘုရားကြီးက မိန့်ကြားတော်မူပုံမှာ

အေး- ငါတို့လက်ထက်မှာဖြစ်နိုင်မည်မဟုတ်။ မင်းတို့ လက်ထက်မှာတော့ဖြစ်နိုင်ပေလိမ့်မည်၊ ငါပေးသောနည်းကို သေချာစွာမှတ်ထား၊

(၁) မြန်မာနိုင်ငံ၌ရှိ ဂိုဏ်းသုံးဂိုဏ်းလုံးမှ လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တပုဂ္ဂိုလ်တို့ကို ရွေးချယ်၍ တနေရာ၌ စည်းဝေး

(၂) ဘုရားဟော ဝိနည်းတော်နှင့်အညီ၊ စည်းမျဉ်းတရ တည်းကိုရေးစေ

(၃) ဂိုဏ်း(၃)ဂိုဏ်းရှိ မိမိတပည့်သားတို့အား၊ ထိုစည်း မျဉ်းတရတည်းကိုသာလိုက်နာစေ

ဤနည်း(၃)နည်းအတိုင်း ပြုလုပ်ခဲ့ပါလျှင်၊ မင်းလျှောက်

ထားတဲ့၊ လင်္ကာဂိုဏ်းမကြွာမီပေါ်ပေါက်လာခဲ့သည်မှာ မလွဲပေ ဟုမိန့်ကြွားတော်မူ၏။

---

**မဟာသံဃာအဖွဲ့ချုပ်ဥပဒေ။**

ဂျပန်တို့စိုးမိုးအုပ်ချုပ်သောခေတ်က အသျှင်တိလောကဉာဏပိဋကေ ဆရာတော်သည် "မဟာသံဃာ အဖွဲ့ချုပ်ဖွဲ့စည်းပုံဥပဒေ" ကိုရေးသားစီရင်မည်ယှိသောအခါ။ သဒ္ဓမ္မောဒယဆရာ၏ အဝင်မှ၊ ထိုဟာသ်ဘတ လယ်တီ ဆရာတော်ဘုရားကြီး၏ နည်း(၃)နည်းတို့ကိုယူကာ။ ၎င်းနည်း(၃)နည်းတို့ကိုပင်အခြေခံပြုလျက် "မဟာသံဃာအဖွဲ့ချုပ်စည်းမျဉ်းဥပဒေ" ကိုရေးဆွဲခဲ့ပေသည်၊

**ဒွါရဂိုဏ်းမပါဝင်ခြင်း။**

မြန်မာပြည်သို့ ဂျပန်ဝင်စက နာဂါအူမီဗိုလ်ရှယ်းကြီးအစ ယှိသော ဂျပန်စစ်ဗိုလ်များဦးစီးကာ "သံဃာအဖွဲ့" များကိုထူထောင်၍ ၎င်းတို့၏ "သံဃာအဖွဲ့" သို့ ဒွါရဂိုဏ်းပါဝင်လာအောင်အမျိုးမျိုးမြှမ်းချောက်ဖြားယောင်းသွေးဆောင်ခဲ့သော်လည်း ဒွါရဂိုဏ်းလုံးပါဝင်ခဲ့ခြင်းမယှိပေ၊

(မှတ်ချက်။ ။ဒွါရဂိုဏ်းကြီးသည် လူနည်းစုဖြစ်စေကာမူ၊ တရားနည်းလမ်းမကျ၊ဝိနည်းသိက္ခာစည်းမျဉ်းဥပဒေနှင့်ဆန့်ကျင်သည်ဟု ယူဆခဲ့ပါလျှင် အသက်နှင့် ရာဇန္တရာယ်ကို ပမာဏမထားပဲ၊ ကင်းမာစွာကျင့်ကြံနေထိုင်တတ်သောအလေ့ယှိသေည်)၊

---

**ဒွါရတဂိုဏ်းလုံးပါဝင်လာခြင်း။**

သဒ္ဓမ္မောဒယဆရာသည် "မဟာသံဃာအဖွဲ့ချုပ်၌" ဒွါရ

ဂိုဏ်းလုံးဆိုင်ရာ အထူးတာဝန်ခံ၊ အဖြစ်ပါဝင် ဆောင်ရွက်သောအခါမှ၊ဟင်္သာတမြို့ အင်္ဂမဟာပဏ္ဍိတ,အဘိဓဇမဟာရဋ္ဌဂုရု ဒွါရသာသနာပိုင် ဆရာတော် ဘုရားကြီးသည် "နိုင်ငံတော်ဩဝါဒါစရိယ" ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရုံ တတိယဆရာတော်,အင်္ဂပူမြို့ "အဂ္ဂမဟာပဏ္ဍိတ" ပန်းတောင်းဆရာတော်တို့ကား' နိုင်ငံတော်မဟာနာယက"အဖြစ်သက်ခံကာ၊ ဒွါရတဂိုဏ်းလုံး"မဟာသံဃာအဖွဲ့ချုပ်"သို့ပါဝင်တော်မူခဲ့ကြပေသည်။

**နည်းလမ်းကောင်းရှာဖွေခြင်း။**

ထိုစဉ်အခါက "သာသနာပြုလင်္ကာ ဂိုဏ်းကြီး" ကိုတည်ထောင်ရန် သဒ္ဓမ္မောဒယဆရာ နည်းလမ်းကောင်းများကိုအထူးရှာဖွေရဆောင်းရာ ယခုမှ စည်းမျဉ်း ဥပဒေသစိတ်ကူးရေးဆွဲနေခဲ့ပါသော်၊ မည်မျှဘုရားသျှင်၏ အလိုတော်ကျ၍ ကောင်းမွန်လှပါသည် ဆိုစေကာမူ။ တဂိုဏ်းကပြုလုပ်သော စည်းမျဉ်းဥပဒေကို အခြားဂိုဏ်းများက လိုက်နာချင်မှလိုက်နာကြပေလိမ့်မည်၊

ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်း တရားကြီး လက်ထက်တော်က။ သုဓမ္မာသဘင်၌ ဦးဥေယျ သာသနာပိုင် အမှူးရှိသော သုဓမ္မာဆရာတော်ဘုရားကြီးများ စီရင်တော်မူ၍ နိုင်ငံတော်တခွင်လုံးရှိ သာသနာ့ဝန်ထမ်းရဟန်းတော်များ အတည် လိုက်နာရန် ဘုရင့်အမိန့်တော်ဖြင့် ထုတ်ပြန်ကြေငြာပြဋ္ဌာန်းအပ်သော **"ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း"** ကိုတွေ့ရှိရ၍၊ ဂိုဏ်းအားဖြင့်မတူသော သုဓမ္မာ

ဆရာတော် ဘုရားကြီးများသာ စီရင်ရေးသားအပ်သော "ဓမ္မဝိနယအမိန့်တော်ပြန်တမ်း" ပင်ဖြစ်စေကာမူ သုဓမ္မာ ဆရာတော်ဘုရားကြီးများ ဝိနည်းတော်နှင့်အညီ တရားသဖြင့်စီရင်ရေးသား၍ သာသနာပြု ဘုရင့်အမိန့်တော်ဖြင့်ထုတ်ပြန်ကြေငြာ ပြဋ္ဌာန်းထားအပ်သောကြောင့် ဒွါရဂိုဏ်းကြီးက၊ ဂိုဏ်းခွဲကိုပမာဏမထားပဲ သာသနာတော် အရှည်တည်တံ့ ရေးနှင့် ဘုရားသျှင်၏ မျက်နှာတော်ကို ထောက်မျှော်ကာ ထို "ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း" ကိုတသွေမတိမ်း လိုက်နာပါမည်ဟု တာဝန်ခံယူကြပါမူ၊ အခြားသုဓမ္မာ၊ ရွှေကျင်ဂိုဏ်းကြီးများကလည်း၊ ထို "ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း" ကိုမလိုက်နာနိုင်ဘွယ်ရာအကြောင်းမယှိပေ။

**ဆုံးဖြတ်တော်မူကြခြင်း၊**

ယင်းသို့ဖြစ်၍။ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရဂိုဏ်းကြီး(၃)ဂိုဏ်းလုံးတို့က၊ ပဉ္စမသင်္ဂါယနာတင်ဘဝရှင် မင်းတုန်းမင်းတရားကြီး နိုင်ငံတော်တဝှမ်းလုံးသို့၊ သာသနာ့ဝန်ထမ်း ရဟန်းတော်များလိုက်နာရန်၊ ထုတ်ပြန်ကြေငြာပြဋ္ဌာန်းထားယှိသော ထို "ဓမ္မဝိနယအမိန့်တော်ပြန်တမ်း" ကိုသာ ညီတညာတည်းလိုက်နာကျင့်သုံးကြပါမူ၊ မကြာမီ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ ဟူသော နာမပညတ် ပျောက်ကာ "သာသနာပြုလဇ္ဇီဂိုဏ်းကြီး" တဂိုဏ်းတည်းသာ ပေါ်ထွန်းလာဘွယ်ရာယှိပါသည်။

ထိုအခါမှသာ၊ ရဟန္တာတို့၏ ဗျာဒိတ်တော်စကားအရ၊ ထို "သာသနာပြုလဇ္ဇီဂိုဏ်းကြီး" သည် သာသနာတော်ကို အနှစ်ငါးထောင် များမြောင်ခိုင်ခံ့ အဓွန့်ရှည်စွာ တည်တံ့အောင်ပြုရ·



ဟံသာတမြို့ အဂ္ဂမဟာပဏ္ဍိတ ''အဘိဓဇမဟာရဋ္ဌဂုရု'' ဥါရုသာသ
နာပိုင်ဆရာတော်ဘုရားကြီး, အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်မဟာနာယက ပန်း
တောင်းဆရာတော်ဘုရားကြီး၊, ကြည့်မြင်တိုင်မြို့ [illegible]ဂါရဝနိကာယအနုနာယက
လင်းလွန်းပင်ဆရာတော်ဘုရားကြီး[illegible]တော်။



ဝနုဖြူမြို့
နိုင်ငံတော်
မဟာနာယက
သဒ္ဓမ္မဇောတိ
ကာရုံ
ဆရာတော်
ဘုရားကြီးပုံ။



မဟာဥ္စရာနိကာယ အာဒိကမ္မိက ပဌမသာသနာပိုင် ဥက္ကံဝံသ မာလာ၊
ကျေးဇူးရှင် အုတ်ဖိုလ်ဆရာတော်ဘုရားကြီး၏ ပုံတော်



ဟင်္သာတမြို့
အဂ္ဂမဟာ
ပဏ္ဍိတ
လယ်တီဆရာ
တော်
ဘုရားကြီး၏
ပုံတော်၊

ဝင်ရောက်သွားနိုင်ပါမည်ဟု ရေလည့်စွာ လျှောက်ထားချက်အရ၊ သာသနာပိုင်အမှူးယှိသော ဒွါရတဂိုဏ်းလုံးကပင်၊ သုဓမ္မာဆရာတော်ကြီးများ ရေးသားစီရင်၍ ထုတ်ပြန်ကြေငြာ ပြဋ္ဌာန်းအပ်သော "ဓမ္မဝိနယအမိန့်တော်ပြန်တမ်း" ကို တညီတညွတ် ထည်းလက်ခံ၍၊ တသွေမတိမ်း လိုက်နာရန်၊ အတည့်ဆုံးဖြတ်တော်မူကြလေသည်။

**ပန်းတောင်းဆရာတော်ဘုရားကြီးမိန့်ကြားတော်မူချက်။**

ဒွါရပါဒ် "အဂ္ဂမဟာပဏ္ဍိတ" ပန်းတောင်းဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ

ဂိုဏ်းဂဏကွဲပြားချက်ကြောင့်၊ ဝ.ဂိုဏ်းဟာ မည်သို့ပင် ဘုရားသျှင်အလိုတော်ကျ တရားသဖြင့် ရေးသားစီရင်ဆုံးဖြတ်ပေးသော်မူ၊ အခြားဂိုဏ်းများက မလိုက်နာနိုင်ကြခြင်းမှာ ထုံးစံဓမ္မတာကဲ့သို့ဖြစ်နေပေသည်။

ယခု **မော်ဒီ ဝိသုဒ္ဓါရုံ** ဆရာတို့အား လျှောက်ထားသည့်အတိုင်း သုဓမ္မာသဘင်၌ သုဓမ္မာဆရာတော်ဘုရားကြီးများသာ ရေးသားစီရင်တော်မူကြ၍၊ ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး နိုင်ငံတော်တဝှမ်းလုံးယှိ၊ သာသနာ့ဝန်ထမ်း ရဟန်းတော်များလိုက်နာရန်၊ ထုတ်ပြန်ကြေငြာ ပြဋ္ဌာန်းအပ်သော "ဓမ္မဝိနယအမိန့်တော်ပြန်တမ်း" ကို၊ ဆရာတို့ ဒွါရဂိုဏ်းက လျှော့ပေးကာ တသွေမတိမ်းလိုက်နာနိုင်ရုံသာ မကသေး "**ဦးဥယျာဉ် သာသနာပိုင်ဆရာတော်ဘုရားကြီးသစ္စာခံချက်**" ပေမှုဆရာ၀ံမှာယှိရာ။ ထို "သစ္စာခံချက်" ကိုပါ၊ ဆရာတို့ဒွါရဂိုဏ်းက လိုက်နာမည်ဖြစ်ပေသည်။

ဆရာဒွါရဂိုဏ်းက ဤသို့ လျှော့ပေး၍ "ဓမ္မဝိနယအမိန့်တော်ပြန်တမ်း" "ဦးဥယျာသာသနာဒိုင် ဆရာတော်ဘုရားကြီးသစ္စာမှုခဏ်း" တို့ကို တသွေမတိမ်း လိုက်နာနိုင်ကြပါမူ။ အခြား သုဝဏ္ဏ, ရွှေကျင် ဂိုဏ်းများကလည်း၊ မလိုက်နာနိုင် ဘွယ်ရာအကြောင်းမယှိပေ။

ဝိနည်းကြောင့်သာ ဂိုဏ်းကွဲနေကြရသည်။ ဝိနည်းတော် အတိုင်း အယူသီလတူမျှကြပါမူ၊ အဘယ်မှာလျှင် ဂိုဏ်းကွဲ နေစရာလိုပါတော့အံ့နည်း.... ထိုကိစ္စကိုအောင်မြင်အောင် တပည့်ကြိုးစားဆောင်ရွက်ပါလေဟု မိန့်ကြားတော်မူပေသည်။

---

မင်းပြောင်းမင်းလွှဲ။

ယင်းသို့ရေးရေးအခါက၊ အလွန်တရာတင်းမာခဲ့ဘူးသော ဒွါရဂိုဏ်းကြီးသည်၊ သုဝဏ္ဏ ဆရာတော်ကြီးများသာ ရေးသားစီရင်ထုတ်ပြန် ကြေငြာပြဋ္ဌာန်းသော "ဓမ္မဝိနယအမိန့်တော်ပြန်တမ်း"ကိုဒွါရတဂိုဏ်းလုံးက၊တသွေမတိမ်းလိုက်နာပါမည်ဟု ဝန်ခံဂတိပြုသည့်အထိ၊ ထမြောက်အောင်မြင်ခဲ့၍၊ ရဟန္တာကိုရှင်၏ ဗျာဒိတ်တော်စကားအရ၊ သာသနာတော်ကိုပြုစောင့်ရှောက်မည့် "လဇ္ဇီဂိုဏ်းကြီး" မကြာမီဖြစ်ထွန်းပေါ်ပေါက်လာတော့မည်ဟု အလွန်အားတက် ဝမ်းမြောက်ကာ၊ ကြိုးစား အားထုတ်နေဆဲအချိန်မှာ "မင်းပြောင်းမင်းလွှဲကိစ္စကြီး"ဖြစ်ပေါ်လာသောကြောင့်၊ ဓနုဖြူမြို့ ကျေးဇူးရှင် သဒ္ဓမ္မဇောတိကာရုံဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော

(သာသနာပြုမင်း ပေါ်ပေါက်၍ အာဏာစက်ဖြင့် ကူညီသောအချိန်အခါသို့ ရောက်မှဖြစ်နိုင်ပေလိမ့်မည်)ဟူသောစကားတော်ကို ပြန်လည် သတိရသော“**သာသနာဘာဝကီ၊ မင်းကောင်းတဆက်**” ဟူသော သိုက်တဘောင်စကားအရ သာသနာတော်ကို အာဏာစက်ဖြင့် ကူညီမည့်သာသနာပြုမင်းကိုစောင့်မျှော်ရင်း။ ထို“သာသနာ လင်္ကာဂိုဏ်းကြီး” ထူထောင်ရေးကိစ္စကို ဆိုင်းငံ့ထား လိုက်ရ ပေတော့သည်။

---

## သာသနာရေးဝန်ကြီးအား အရိပ်အမြွက် ပြောဆိုခဲ့ခြင်း။

အကျွန်ုပ်တို့သည်၊ သာသနာတက်လစ်းသည့်အခါဖြစ်စေ။ အနည်းငယ်ကျော်သည့်အခါဖြစ်စေ၊ သာသနာတော်ကို အာဏာစက်ဖြင့် ကူညီအားပေးမည့် သာသနာပြုမင်း ပေါ်ပေါက်ကာ၊ ထိုသာသနာပြုမင်း၏ အကူအညီဖြင့် “သာသနာပြု လင်္ကာဂိုဏ်းကြီး”ကောင်းဖြစ်ထွန်းပေါ်ပေါက်လာရမည်ဟု စွဲမြဲယုံကြည်ချက်ကို စွန့်လွှတ်ခြင်းမပြုသေးချေ။

၁၃၁၆-ခုကဆုန်လဆန်း (၁၀)ရက်သောကြာနေ့က သာသနာရေးဝန်ကြီးသည်။ မန္တလေး သာသနာ့အရာသို့ “ဦးလှဝိုင်” ကိုစေလွှတ်၍ အသုံးမော်တော်ယာဉ်ဖြင့် လာရောက်ပင့်ဆောင်စေရာ သဒ္ဓမ္မဒေသနာ ဟောကြား ကမ်းဂန်ရေးသားခြင်း အစရှိသော အတွေ့တွေ့ကိစ္စဖြင့် အားလပ်ခွင့် မရသောကြောင့် အတန်တန်ငြင်းပယ်ပါသော်လည်း မြို့ပေါ်ရှိလူကြီးလူကောင်း သာသနာ့အကျိုးတော်ဆောင် ပုဂ္ဂိုလ်များကပင်

သာသနာတော်ရေး အတွက် တနေ့တရက်မျှ လိုက်ပါသင့်ပါသည်ဟုလျှောက်ထားချက်အရ။ ဂျပန်ခေတ်က သဒ္ဓမ္မောဒယ ဆရာနှင့်အတူ ကံတူအကျိုးပေး ဂျပန်တို့၏ ဖမ်းဆီးချုပ်နှောင်ခြင်းကိုခံခဲ့ရရှာသော "**သာသနာရေးဝန်ကြီးဦးဝင်း**" နေအိမ်သို့ ရောက်ခဲ့စဉ်က ဆဋ္ဌသင်္ဂါယနာသို့ ဒွါရဂိုဏ်းသံဃာတော်များမတက်ရောက်ကြသည့်ကိစ္စကိုဆွေးနွေးတိုင်ပင်ပြီးနောက် ဆဋ္ဌသင်္ဂါယနာတင်ပြီးသည့်အခြားမဲ့၌ နောက်ဆက်တွဲအနေအားဖြင့် မြန်မာပြည်၏ ဗုဒ္ဓသာသနာသည် ကမ္ဘာပေါ်၌ စံပြဗုဒ္ဓသာသနာဖြစ်စေနိုင်သည့် နည်းလမ်းကောင်းများကိုအလိုရှိပါက သင့်တော်လျှောက်ပတ်သော အချိန်အခါ၌ဆွေးနွေးတိုင်ပင်လျက် သဒ္ဓမ္မောဒယ ဆရာတင်ပြသော နည်းလမ်းကောင်းများကိုလိုက်နာလိုက လိုက်နာနိုင်ကြောင်း အရိပ်အမြွက်ပြောဆိုကာ

၁၃၁၆-ခု။ ကဆုန်လဆန်း(၁၁)ရက်စနေနေ့နံနက်(၇)နာရီအချိန်ခန့်တွင် ချက်ခြင်း လက်ပံတန်းသို့ပြန်လာပြီးနောက်။ ထိုနေ့၌ပင်လျှင် ဟံသာဝတီမြို့ "အဘိဓဇမဟာရဋ္ဌဂုရု" ဒွါရ သာသနာပိုင်ဆရာတော်ဘုရားကြီး ခြေတော်ရင်းသို့သွားရောက်၍ ဒွါရဂိုဏ်းက ဆဋ္ဌသင်္ဂါယနာသို့ အဘယ့်ကြောင့် မတက်ရောက်သည့်အကြောင်းများကို သာသနာပိုင် ဆရာတော်ဘုရားကြီးအား လျှောက်ထားစုံစမ်းရယူသမျှ၊ သာသနာပိုင်ဆရာတော်ဘုရားကြီးမိန့်ကြားတော်မူချက်ကို အသံဖမ်းစက်ဖြင့် ဖမ်းယူကာ၊ သဃာပတိခိုင်ဝန်မှတဆင့် ၁၃၁၆-ခုနှစ်။ ကဆုန်လဆန်း(၁၃)ရက် တနင်္ဂနွေ နေ့က သာသနာရေးဝန်ကြီးအထံသို့

အသံဖမ်းယူထားပြီးကြိုးခွေကို ပေးအပ်လိုက်လေသည်၊

---

## အထူးသဖြင့်ချီးကျူးထိုက်ခြင်း။

ဂိုဏ်းဂဏ ကွဲပြားလာခဲ့ခြင်းကား၊ အဆန်းမဟုတ်ပေ။ ဘုရားသျှင်လက်ထက်တော်၌ ကောသမ္ဗီ ပြည်သား ရဟန်းတော်များ ဘုရားသျှင်ကိုယ်တော်တိုင် စေ့စပ်၍ မရလောက်အောင်(၂)ခြမ်းကွဲပြားခြင်း။

သီဟိုဠ်ကျွန်း၌ ရှေးအခါက၊ မဟာဝိဟာရဝါသီဂိုဏ်း, ဇေတဝနဝါသီဂိုဏ်း,အဘယဂိရိဝါသီဂိုဏ်း စသည်ဖြင့် ကွဲပြားခြားနား၍ ယခုအခါ၊ရာမညဂိုဏ်း,အမရပုရဂိုဏ်း, ရှမ်းဂိုဏ်း အားဖြင့်(၃)ဂိုဏ်းကွဲပြားခြင်း။

မြန်မာပြည်၌ ရှေးအခါက၊ တံဂိုဏ်း,ရုံဂိုဏ်း စသည့်ကွဲပြားခြားနား၍ ယခုအခါ၊ သုဓမ္မာဂိုဏ်း,ရွှေကျင်ဂိုဏ်း, ဒွါရဂိုဏ်း(၃ ဂိုဏ်းကွဲပြားခြင်း၊

ယင်းသို့ကွဲပြားကြရာ၌၊ ဂိုဏ်းအသီးသီးတို့မှာ၊ မိမိတို့ စည်းမျဉ်းနှင့် မိမိတို့ယှဉ်နေကြရာ၊ အကျွန်ုပ်တို့အထူးလိုလား ထောင့်တသော "သာသနာပြုလဖ္ဖိဂိုဏ်းကြီး" မပေါ်ပေါက် သေးဘိ၊ သုဓမ္မာဂိုဏ်း,ရွှေကျင်ဂိုဏ်း.ဒွါရဂိုဏ်းဟူ၍ မူလအတိုင်း(၃`ဂိုဏ်းယှဉ်နေကြဦးမည်ဖြစ်ရာ ဂိုဏ်း(၃)ဂိုဏ်းလုံးတို့က မိမိတို့၏သာသနာပိုင်ဂိုဏ်းဆရာကြီးများ ညွှန်ကြားသတ်မှတ်တော်မူခဲ့သည့်၊မိမိမိမိတို့၏ဂိုဏ်းစည်းမျဉ်းကို တသွေမတိမ်းရှိသေစွာလိုက်နာထိုက်ကြပေသည်။

ထိုသို့ မိမိတို့ ဂိုဏ်းစည်းမျဉ်းကို တသွေမတိမ်းရှိသေစွာ လိုက်နာကြသည့်အတွက် ပညာဝန်တို့ တရုံတရာအပြစ်ဆို ဘွယ်ရာမဃို၊ အထူးသဖြင့်ချီးကျူးထိုက်လှပေသည်၊

မိမိတို့ဂိုဏ်းစည်းမျဉ်းကို မိမိတို့ ဖေါက်ဖျက်ခြင်းကြောင့် သာ ပညာဝန်တို့ကဲ့ရဲ့ရှုံ့ချဘွယ်ရာဖြစ်တတ်ချေသည်။

(မှတ်ချက်။ ။ဥါရဂိုဏ်း သံဃာတော်များသည်၊ ဂိုဏ်းစည်းမျဉ်းနှင့် ညီညွှတ်သောလိုက်လျောမှုကြောင့် ဆင္ဃသင်္ဂါယနာသို့တက်ရောက်တော်မူကြ ကြောင်းသိဃိုရသည်)။

---

**စံပြဗုဒ္ဓသာသနာဖြစ်နိုင်ရန်အရေးပါသော**
**အခြေခံအကြောင်း(၂)ချက်။**

အကျွန်ုပ်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာသည် ကမ္ဘာပေါ်၌ စံပြဗုဒ္ဓသာသနာဖြစ်စေနိုင်သည့်အခြေ ခံအကြောင်းအချက်များကို၊ ယခုဆဋ္ဌသင်္ဂါယနာ တင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကဖြစ်စေ၊ နောင်လာ မည့် သာသနာပြုမင်းကောင်းမင်းမြတ်များကဖြစ်စေ၊လိုက်နာ ဆောင်ရွက်လိုက၊ ဆောင်ရွက်နိုင်ကြစေရန်၊ အကျွန်ုပ်သည် ပညာဃိုကျမ်းတတ် ဂိုဏ်းပေါင်းစုံသံဃာတော် လူပညာဃို ပုဂ္ဂိုလ်တို့နှင့် အကြိမ်ကြိမ် ဆွေးနွေးရဃိုသမျှ စံပြဗုဒ္ဓသာသ နာဖြစ်စေရန် အခြေခံအကြောင်းရင်း (၂)ချက်ကို အကျဉ်းမျှ ပြဆိုရပေါမှု၊

(၁) ဝိနည်း၊

(၂) ပရိယတ်၊

ဤ(၂)ချက်ပင်ဖြစ်လေသည်၊

## ဝိနည်း။

ဝိနည်းသည် သာသနာတော်၏ အသက်ပင်ဖြစ်၏။ ဝိနည်း တည်မှသာ၊ သာသနာတော်တည်တံ့နိုင်ပေမည် (ခုဒ္ဒကပါဌ အဋ္ဌကထာ)။

ဤအရာ၌ နံပါတ် (၁) အချက်သည် ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ သုဓမ္မာ့ရွှေကျင်, ဒွါရ ဟူသောနာမပညတ်ပျောက်၍ "သာသနာပြုလဇ္ဇီဂိုဏ်းကြီး" တဂိုဏ်းတည်းသာ ဖြစ်ထွန်းပေါ်ပေါက်သာသောအချိန်၌ ပြီး စီးအောင်မြင်နိုင်ပါသည်၊

(ထို "**သာသနာပြုလဇ္ဇီဂိုဏ်းကြီး**" တဂိုဏ်းတည်းသာ တည်ယှိသော အချိန်၌၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းယှိ ရဟန်း, သာမဏေများ သည် ဘုရားသျှင်သက်ထက်တော်က၊ အရိယာပုဂ္ဂိုလ်များကဲ့သို့ အထူးကြည် ညိုဘွယ်ကိုဆောင်ကာ၊ ကမ္ဘာ၏ကြည်ညိုလေးစားမှုကိုခံကြရဘွယ်ရာယှိပေ သည်)

---

## ပရိယတ်၊

ပရိယတ်သည် သာသနာတော်၏ ရေသောက်မြစ်ကြီးပင် ဖြစ်ပေသည်၊ ပရိယတ်တည်းဟူသော ရေသောက်မြစ်ကြီး စည်ပင် ထွားကျိုင်းလာပါမှသာ သာသနာတော်ခကွယမ ပျောက်ပဲး အဓွန့်ရှည်စွာတည်တံ့နိုင်မည်ဖြစ်ပေသည်၊

မှန်ပါသည်၊ ။သာသနာတော် အဓွန့်ရှည်စွာ တည်တန့် ရေးအတွက်၊ပရိယတ်သည်သာ ဧကန်စင်စစ်အားဖြင့် "ပဓာ ဏ"ဖြစ်ပေသည် (နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ)

ဤအရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်တဝှမ်းလုံး စနစ်တကျပရိယတ်သင်နည်း တမျိုးတည်းဖြစ်အောင် ဦးစွာ ပဌမ စီမံပေးရမည်၊

ယခုအခါ၊ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ပါဠိတက္ကသိုလ် အမည်ခံ, မခံ ဘုန်းတော်ကြီး ကျောင်းတိုက်ပေါင်း ထောင်သောင်းမက အလွန်တရာပေါများလာသလောက်၊ပုံသေကား ချ တနိုင်ငံလုံးလိုက်နာနိုင်သည့် ပရိယတ်သင်နည်းတမျိုးတည်း ဟူ၍ စနစ်တကျမရှိသေးပေ၊

ကျောင်းတိုက်တထောင်ရှိလျှင်။ ပရိယတ်သင်နည်း တထောင်ကဲ့သို့ဖြစ်နေသည်၊

ဥပမာ။ ။အစိုးရမူလ,အလယ်, အထက်တန်းလောကဝတ် စာသင်ကျောင်းများသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌၊ ထောင်ပေါင်းများစွာရှိစေကာမူ သင်နည်းမှာ တမျိုးတည်းဖြစ်သကဲ့သို့ ဘုန်းတော်ကြီးများ၏ ပရိယတ် စာသင်တိုက်များ၌ ပရိယတ်သင်နည်းမှာတမျိုးတည်းမဟုတ်ပေ၊

လောကဝတ်ကျောင်းများ၌ ဘယ်နှစ်နှစ်သင်ခဲ့လျှင် မည်သည့် အဆင့်အတန်းသို့ရောက်နိုင်လိမ့်မည်ဟုကြိုတင်ခန့်မှန်းနိုင်သကဲ့သို့ ဘုန်းတော်ကြီးများကျောင်းတိုက်၌။ထိုကဲ့သို့ ခန့်မှန်းနိုင်သော ပရိယတ်သင်နည်းမျိုးမပေါ်ပေါက်သေးပေ၊ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ကျမ်းတတ် ပုဂ္ဂိုလ်များတနှစ်ထက်တနှစ်တဖြည်းဖြည်းအလွန်ဆုတ်ယုတ်နည်းပါးလာခဲ့လေသည်၊

ထို'စနစ်ကျနသောပရိယာယ်တ်သင်နည်းကိစ္စ''ကို၊ အသစ် တည်ထွင်ရမည်ဖြစ်၍၊ အပြောလွယ်ကူသလောက်၊ တကယ် အလုပ်လုပ်ရာ၌ သေးငယ်လွယ်ကူလှမည်မဟုတ်ချေ။ လုံးဝ မလုပ်ပဲ ထားခဲ့ပြန်သော်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ''စနစ်ကျနသောပရိယာယ်တ်သင်နည်း'' မျိုးမည်သည့်အခါမှပေါ် ပေါက်လာတော့မည်မဟုတ်ပေ၊

ထိုကိစ္စကို၊ လူပညာယှဉ်၊ ရဟန်းပညာယှဉ်တို့နှင့် အတန် တန်ညှိနှိုင်းတိုင်ပင်ကာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုး ရတို့က၊ အထူးဂရုတစိုက်ကူညီကြောင့်ကူအားပေးခေါင် ရွက်လိုက်ပါမူ၊ထို 'စနစ်ကျနသောပရိယာယ်တ်သင်နည်း''မှာ အ မှန်ပေါ်ပေါက်လာရမည်ဖြစ်ပေသည်၊

(ထို''ပရိယာယ်တ်သင်နည်း'' ထူထောင်ရန်ကိစ္စကို တကျမ်းတဖွဲ့အနေ သီး သန့်ပေါ်ပြုပါမှသာ ပြည့်စုံလိုလောက်ပေမည်။ ထိုကိစ္စကို အကျနစ်တွေ့သည်၊ အကြောင်းညီညွတ်၍ ထုတ်ဖော်သင့်သောအချိန်အခါ၌၊ မိမိဉာဏ်မှီသမျှ ထုတ်ဖော်ကာ၊တိုင်းပြည်သို့တင်ပြန် အဆင်သင့်ပင်ယှဉ်ပေသည်)၊

အကျနှင်ကဲ့သို့ပင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ပရိ ယတ်သင်နည်းတမျိုးတည်းဖြင့်အောင် ပြုရစီမံလိုသည့် ကျမ်း တတ်ပညာယှဉ် သံဃာတော်များ, လူပညာယှဉ်များ အများအာ ပြားပင်ယှဉ်ကြပါလိမ့်မည်၊

(ထိုပရိယတ်သင်နည်း ကိစ္စနှင့်ပတ်သက်၍၊ သဌမ္မောဒယဆရာသည်။ **''အဂ္ဂမဟာပဏ္ဍိတ''**,အသျှင်ဇနကာဘိဝံသဆရာတော်နှင့်လည်း၊ တကြိမ်က **ဆွေးနွေးခဲ့ကြပါသေးသည်)**၊

အကျနှပ်တို့သည်၊ထိုကိစ္စကို ကြောင့်ကျမှုမနေကြပဲ၊ လူ ပညာယှဉ်,ရဟန်းပညာယှဉ်တို့နှင့် တကယ်ညှိနှိုင်းတိုင်ပင်ကာ

အားကြီးမာန်တက် ဆောင်ရွက်လိုက်ကြပါမူ၊ “ စနစ်ကျနသောပရိယတ်သင်နည်း”မှာ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ကြောင်ပေါက်ပေါက်ဖြစ်ထွန်းလာဘွယ်ရာရှိပါသည်။

(ထို“စနစ်ကျနသောပရိယတ်သင်နည်း”သာ၊ထအမြောက်အောင်မြင်ပါမူ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်။ ကမ္ဘာ့တဝှမ်းလုံးရှိ ဗုဒ္ဓဘာသာတိုင်းပြည်တို့မှ ဗုဒ္ဓဘာသာစာပေကျမ်းဂန်တို့ကို လာရောက်သင်ကြားဆည်းပူးရာ (ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး”ဖြစ်လာပေလိမ့်မည်)။

ထိုကိစ္စကိုလည်း၊သာသနာပြုမင်းများက၊အားအားစဉ်ဖြင့် ကူညီကြပါမှသာ၊ ထမြောက်အောင်မြင်နိုင်ဘွယ်ရာ ရှိပေသည်။

---

**သာသနာပြုမင်း ဘယ်သူလဲ ?**

အကျွန်ုပ်တို့သည် အားအားစက်ဖြင့် ကူညီအားပေးပြုစုစောင့်ရှောက်မည့် “သာသနာပြုမင်း” ကို အဘယ်သူဖြစ်ပါသည် ဖြစ်ပါလိမ့်မည်ဟု ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ညွှန်ကြားပြသခြင်းငှာမစွမ်းနိုင်သေးပေ။

**သာသနာပြုမင်းဆိုတာ။**

သာသနာတော်ကို နိုင်ငံရေးအတွက် ခုတုံးမလုပ်ပဲ၊ အဂတိလေးပါးမလိုက်စားမူ၍၊ ဗုဒ္ဓသာသနာတော်ကိုတကယ်ကြည်ညိုလေးစားကာ ကူညီအားပေးပြုစုစောင့်ရှောက်လျက်၊တိုင်းသူပြည်သားလူအများတို့ကို မင်းကျင့်တရား ဆယ်ပါး, သင်္ဂဟတရားလေးပါးတို့နှင့်အညီ၊ မိမိရင်ဝယ်သားကဲ့သို့၊သနား

ကြွင်းနာပြုရစေခြင်းရှောက်၍၊ တိုင်းပြည်၌ဘေးအန္တရာယ်ကင်းရှင်းကာ သာယာဝပြောလာအောင် ထိမ်းသိမ်းစောင့်ရှောက်နိုင်သောကြောင့် တိုင်းသူပြည်သားလူအများတို့၏။ နှစ်သက်မြတ်နိုးကြည်ဖြူခြင်းကို အများဆုံးခံယူရယှိသောမင်းကိုသာလျှင် "သာသနာပြုမင်း" ဟူ၍ အကျနှုပ်တို့ထင်မြင်ယူဆပေတော့သည်။

(မှတ်ချက်။ ၊မည်သည့်အစိုးရမဆို၊ ပြဆိုအပ်ခဲ့ပြီးသော အကြောင်း အင်္ဂါတို့နှင့် ပြည့်စုံလုံလောက်ပါမူ "သာသနာပြုမင်း" ဖြစ်နိုင်လေသည်)

---

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အေးငြိမ်းချမ်းသာ သာယာဝပြောသာမည်။

အကျနှုပ် အကျဉ်းညွှန်ပြခဲ့သော(၁)ဝိနည်း(၂)ပရိယတ်အခြေခံဖြစ်သော (၁)သာသနာပြုလဗ္ဗိဂိုဏ်းကြီး (၂) စနစ်ကျနသော ပရိယတ်သင်နည်း ဤ(၂)ချက်သာ သာသနာပြုမင်းတို့၏ အာဏာစက်အကူအညီဖြင့် ထမြောက်အောင်မြင်ခဲ့ပါမူ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဗုဒ္ဓသာသနာသည် ကမ္ဘာပေါ်၌ စံပြဗုဒ္ဓသာသနာဖြစ်ရုံသာမကသေး။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်လည်း၊ကမ္ဘာပေါ်၌ အေးငြိမ်းချမ်းသာ သာယာဝပြောလှသော တိုင်းပြည် တပြည်အဖြစ် ထင်ရှားကျော်စောလာဘွယ်ရာယှိပါသည်။

---

### အထူးတိုက်တွန်းချက်။

အိုပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရတို့နှင့်တိုင်းသူပြည်သားလူအများဘို့၊

အသင်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖို့ ဗုဒ္ဓသာသနာတော်သည်၊ အသင်တို့၏ လက်ထက်၌၊ ကမ္ဘာ့ငြိမ်း လုံးတွင် စံပြဗုဒ္ဓသာသနာဖြစ်လာ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်လည်း အေးငြိမ်း ချမ်းသာ သာယာဝပြော လာစေလိုပါသျှင်။ အကျနှပ်အကျဉ်းအားဖြင့် ညွှန်ပြခဲ့သော၊

(၁) ဝိနည်းအခြေခံသာသနာပြုလစ္ဆိဂိုဏ်းကြီး
(၂) ပရိယတ်အခြေခံစနစ်ကျနသော ပရိယတ်သင်နည်း

} ဖြစ်ထွန်းပေါ်ပေါက်ရေး

၌ (၂) ချက်ကိုသာ၊ ထမြောက် အောင်မြင်အောင်၊ လူပညာယှဉ့်ရဟန်းပညာယှဉ့် အသိုးသိုးတို့နှင့် အကြိမ်ကြိမ် ညှိနှိုင်းတိုင်ပင်ဆွေးနွေးကာ၊ နည်းလမ်းကောင်းများကို ရှာဖွေရဆောင်းလျက်၊ တရားသဖြင့် ဆောင်ရွက်ပြုလုပ် မဖြစ် မနေကြိုးစားအားထုတ်ကြပါကုန်လော၊

# မဟာဝိနိဂုမ်း။

အကျဉ်းချုပ်ရေးသားစီရင်အပ်သော "အရေဟာန္တဝိဘာဝနီ" ခေါ် "ပုဏ္ဏဟာန္တာပြသနာမြန်မာစကားပြေကျမ်း" ၌တွင်ပြီး ဆုံးပြီးဖြစ်၍ "မဟာဝိနိဂုမ်း"ကိုပြဆိုပေတော့အံ့။

**ဘာသာခြားများကို ကာကွယ်စောင့်ရှောက်ခြင်း။**

သဒ္ဓမ္မောဒယဆရာသည်၊ မြန်မာပြည်သို့ ဂျပန်တက်၍ ကာလပျက်စအချိန်က၊ သဒ္ဓမ္မောဒယကျောင်းတိုက် စာသင် သံဃာ(၇၀)ကျော်တို့အား မိမိနေရပ်သို့ပြန်လွှတ်ပြီးလျှင်။ စစ်ဘေးစစ်ဒဏ်ကြောင့်၊ အမြို့မြို့ အရွာရွာမှ ပြေးလာကြကုန် သောလူတို့အား။ လူမျိုးမရွေး, ဘာသာမရွေး တတ်နိုင်သမျှ ကာကွယ်စောင့်ရှောက်ရန်၊ တပည့်ရဟန်း,သာမဏေ(၁၅) ပါးတို့နှင့်အတူ၊ လက်ပံတန်းမြို့ သဒ္ဓမ္မောဒယကျောင်းတိုက်၌ နေရစ်ခဲ့လေသည်။

သဒ္ဓမ္မောဒယဆရာ ပဌမ ဦးဆုံး ကာကွယ်စောင့်ရှောက်သောလူများမှာ ရန်ကုန်မှ ပြေးလာကြသော ခရစ်ယာန် ဘာသာဝင် လူမျိုးများဖြစ်လေ သည်၊ ၎င်းတို့သည် ဘုန်းကြီး,ရဟန်းသာမဏေတို့အားရှိခိုးဦးချခြင်း အလျှင်း မပြုကြပေ၊

၎င်းနောက်၊ မဟာမေဒင်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာ ဝင်များအားလုံး လူပေါင်း(၁၀၀)ကျော်ခန့်ကို၊ စစ်ဘေးစစ် ဒဏ်စသည်တို့မှ လွတ်ငြိမ်း ချမ်းသာခွင့်ရအောင် ကာကွယ် စောင့်ရှောက်လေသည်။

### ဗုဒ္ဓဘာသာ တရားမဟော။

သဒ္ဒမ္မောဒယ ဆရာသည် ခရစ်ယာန် ဘာသာဝင် မဟာမေဒင်ဘာသာဝင်များအား၊ မိမိတို့ကြိုက်နှစ်သက်ရာဘာသာအယူဝါဒကိုလွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်ကာ၊ ချမ်းသာစွာနေထိုင်ခွင့်ပြုသည့်အပြင်။ ၎င်းတို့အား စိတ်အနှောက်အယှက်မဖြစ်စေရန် ဗုဒ္ဓဘာသာတရားကိုမည်သည့် အခါမျှမ ဟောပေ။ ၎င်းတို့၏ ဘာသာကိုလည်းမည်သည့်အခါမျှဝေဘန် ထိပါးပုတ်ခတ်ခြင်းမပြုပေ။

### အလေးတူစောင့်ရှောက်ခြင်း။

အဆိုပါ ခရစ်ယာန်ဘာသာဝင်၊ မဟာမေဒင်ဘာသာဝင်များအား၊ ဗုဒ္ဓဘာသာဝင်လူမျိုးများနှင့်မခြားမနား အလေးတူမေတ္တာဖြင့် အထူးကာကွယ် စောင့်ရှောက်သောကြောင့်။ ခရစ်ယာန်ဘာသာဝင်၊ မဟာမေဒင် ဘာသာဝင်များကား ဘေးကင်း၍ ပြန်ကြသောအခါ "မိဘမွေးသည့်အသက်မယှိတော့ပါ၊ ဘုန်းတော်ကြီးမွေးသော အသက်သာယှိပါတော့သည်" ဟုသည်ဖြင့် ကျေးဇူးတင်စကား ပြောကြားကြလေသည်၊

### ဂျပန်ကမသက်ခြင်း၊

သဒ္ဒမ္မောဒယဆရာ အသက်နှင့်လဲ၍ ကာကွယ် စောင့်ရှောက်လိုက်သော လူများကား (၁) အင်္ဂလိပ်အဘိုးကြီးတယောက် (၂) အင်္ဂလိပ်အမယ်ကြီးတယောက် (၃) လှပသောအင်္ဂလိပ်မကလေးတယောက် (၄) အင်္ဂလိပ်ယောကျ်ားကလေးတယောက်ပေါင်း- (၄) ယောက်တို့ဖြစ်ကြလေသည်။ ၎င်းတို့အား မြန်မာအဝတ်အစား ဝတ်ဆင်စေ၍ ကျောင်းတိုက် ပြင်ဘက်တနေရာ၌ ပုံးအောင်းနေစေသဖြင့်လက်ပံဘန်းသို့ ဂျပန်တက်သည်နှင့်တပြိုင်နက်၊ သဒ္ဒမ္မောဒယကျောင်းတိုက်ကိုစစ်တပ်နှင့်ပိုင်း၍ (၃) ကြိမ်တိုင်တိုင်အင်္ဂလိပ်၊ အင်္ဂ

လိပ် ဆိုရှိ ရှာဖွေကြကုန်သော်လည်း မတွေ့ကြသဖြင့် သဒ္ဓမ္မောဒယဆရာ၏ အပေါ်၌ သက်သေမကောင်းဖြစ်ကာ၊ ဂျပန်စုံထောက်များ အမြီးလိုက်လန်စုံ ထောက်ခြင်း ကိုခံရလေတော့သည်။

(မှတ်ချက်။ ထိုအင်္ဂလိပ်(၄)ယောက်တို့တွင် လှပသော အင်္ဂလိပ်မကလေးကား အင်္ဂလန်ပြည်၌ မွေးဖွားသည်ဟု ပြောသည်၊ ကျန် (၃)ယောက်တို့ကား မြန်မာပြည်ပေါက်ကနှင့်တူသည်)

---

## အင်္ဂလိပ်(၄)ယောက်အသက်ရှင်ခြင်း။

ဂျပန်စစ်ဦး၌တွေ့သော အင်္ဂလိပ်များမှာ၊ ဂျပန်တို့၏ လှံစွပ်ဖျားဖြင့်အသက်ပျောက်သည်သာ များသော်လည်း၊ သဒ္ဓမ္မောဒယဆရာ၏ အားထုတ်ကာကွယ်စောင့်ရှောက်ချက်အရ၊ အင်္ဂလိပ်လူမျိုး(၄)ယောက်တို့မှာ၊ အသက်ဘေးမှချမ်းသာရာကိုရကြသည့်အပြင်၊ သဒ္ဓမ္မောဒယဆရာ ဂျပန်စစ်ဗိုလ်တို့အား ပြောဆိုဆောင်ကြဉ်းပေးသဖြင့်၊ မီးရထားဌာန၌ အလုပ်အကိုင်များ ကိုပင် ရယူသွားကြလေသည်။

**ရန်သူကားမိတ်ဆွေ မိတ်ဆွေကားရန်သူ၊**

သဒ္ဓမ္မောဒယဆရာသည် မိမိတိုင်းပြည်နှင့် မြန်မာမင်းကိုဖမ်းယူ၍၊ မတရား အုပ်ချုပ်သော သူဟုယူဆကာ အင်္ဂလိပ်အပေါ်၌ ရန်သူဟု ဖွဲ့နှလုံး ထားခဲ့သော်လည်း အဆိုပါ အင်္ဂလိပ်အမျိုးရတို့လက်ထက်က ဘုရင်ခံ ဝင်းကြီး ကေ့ဘရိန်းနှင့် ပဲခူးတိုင်းမင်းကြီးတို့သည် သဒ္ဓမ္မောဒယဆရာအား မီးရထားအခမဲ့စီးပိုင်ခွင့်လက်မှတ်တစောင်စီလှူဒါန်းကြသည့်အပြင်။

ရေဝတီကုမ္ပဏီသင်္ဘောပိုင်ဟောက် နှင့်နေဂျာလူကြီးကား၊ ရေဝတီ သင်္ဘောများသို့ အောက်ပါတပည့်တော်သောကနှင့်အတူ စက် ကင်းကလာပ်၌ စီးပိုင်ခွင့်(အခမဲ့) သင်္ဘောလက်မှတ်တ စောင်လှူဒါန်းကြလေသည်၊

(မှတ်ချက်။ ။အင်္ဂလိပ်အစိုးရတို့ကား၊ကျမ်းပြုဆရာများကို အထူးမြှောက်စား ဂုဏ်ပြုတတ်သော အလေ့ ယိုကြပေသည်)။

သဒ္ဒမ္မောဒယဆရာသည်ကား၊ဂျာပန်ကိုဗုဒ္ဓဘာသာဝင်ဖြစ်၍ တိုင်းပြည်နှင့်သာသနာတော်ကို ကောင်းစွာစောင့်ရှောက်ကယ်တင်မည့်မိတ်ဆွေကောင်းဟုသဘောထားလျက်၊ ဂျာပန်ကို အထူးလိုလားတောင့်တကာ မျှော်လင့်ကြိုဆိုခဲ့ပါသည်၊ အဆိုပါ မိတ်ဆွေဟုသဘောထားကာ၊အထူးလိုလားတောင့်တမျှော်လင့်ကြိုဆိုခဲ့သော မိတ်ဆွေဂျာပန်က၊ တောင်တွင်းကြီးဆရာတော်အသျှင်ဥက္ကဋ္ဌနှင့်အတူ။ ရန်ကုန်သံဃာနှစ်ဖွဲ့ကို စေ့စပ်ရာ၌ပါဝင်မိသဖြင့်၊ မကိသဒစ်ကျောင်း ဂျာပန်အချုပ်ထောင်၌ [၂၂] ရက်တိုင်တိုင်၊သဒ္ဒမ္မောဒယဆရာကို အကျဉ်းချထားခြင်းခံရလေသည်၊

**ဂျာပန်ဗိုလ်ဒါးထုတ်ခြင်း၊**

အကျုနုပ်တို့အားအဘယ်မျှရန်ငြိုးထားသည်မသိ၊ ဗိုလ်မိုယ်းကြီးဂေါ်ဂျာပန်ဧစ်ဗိုလ်သည်အကျုနုပ်တို့အား သတ်ရန်ဒါးအိမ်အတွင်းမှ ဒါးကိုပင်ဆွဲထုတ်ခဲ့လေပြီ။

**အဓိဋ္ဌာန်(၃)ချက်၊**

သို့သော် အကျုနုပ်တို့ကား၊ ဂျာပန်အပေါ်၌မေတ္တာမပျက်ပဲ အမြဲမေတ္တာပို့မှုကြောင့်၊သတ်ဘို့ရန်ဝေးစွာ၊ အကျုနုပ်တို့အား တစုံတရာ နှိပ်စက်ညှဉ်းပန်းခြင်း, လက်ထိပ်ခတ်ခြင်း, ထိကိုင်ခြင်းစသည်တို့ကို ဘာမျှမလုပ်နိုင်ခဲ့ပေ။

**အကျုနုပ်သည် ခရစ်ယန်ဘာသာဝင်, မဟာမေဒင်ဘာသာဝင်များနှင့် တကွ လူပေါင်း[၁၀၀]ကျော်၊အထူးအားဖြင့် အင်္ဂလိပ်လူမျိုး [၄]ယောက်တို့**



ဂျပန်အချုပ်ထောင်မှလွတ်မြောက်စ
စောင်တွင်းကြီးဆရာတော် အသျှင်ဥက္ကဋ္ဌ နှင့်
သင်္ဃမွှောဒယဆရာတော်ပုံ။



သဒ္ဓမ္မောဒယဆရာတော်
"လွတ်လတ်ရေးအထိမ်းအမှတ်" နေ့ဝါညဝါကျမ်းများစွာတို့ကို
ရေးသားစီရင်တော်မူပုံ။

ကို စစ်ဘေးစစ်ဒဏ်စသည်တို့မှ ကာကွယ်စောင့်ရှောက်ခဲ့ရသဖြင့် ဇီဝိတဒါန ကုသိုလ်ကြီးကိုရနေပြီဖြစ်၍ မိတ်ဆွေဂျပန်၏ ဒါးဖြင့် သေလိုကသေပါစေတော့။

**အကယ်၍ ဂျပန်၏ ဒါးအောက်မှ အသက်မသေ လွတ်မြောက်ခဲ့ပါသော်၊**

(၁) သဒ္ဓမ္မောဒယကျောင်းတိုက်ကို တပည့်များအား အပြီးအပိုင်စွန့်လွှတ်လှူအပ်လိုက်မည်၊

(၂) ပြည် နိဗ္ဗိန္ဒတော င် သို့သွား၍ တရားအားထုတ်မည်၊

(၃) အကယ်၍ တရားဆက်လက်အားမထုတ်နိုင်ခဲ့၊ အသက်မသေနေခဲ့ရသေးပါသော် မိမိ၏ အသက်နှင့် ခန္ဓာကိုယ်ကို တိုင်းပြည်နှင့် သာသနာတော်အတွက် အကျိုးများမည့်နေရာ၌ စွန့်လွှတ်လှူဒါန်းမည်ဟု ဂျပန်အချုပ်ထောင် အတွင်း၌နေရစဉ် အဓိဋ္ဌာန်(၃)ချက်ကိုပြုခဲ့လေသည်။

**ကျောင်းတိုက်ကိုစွန့်၍ နိဗ္ဗိန္ဒတောင်သို့သွားခြင်း။**

သဒ္ဓမ္မောဒယဆရာသည်၊ ယင်းသို့အဓိဋ္ဌာန်(၃)ချက်ကိုပြုခဲ့သည့်အတိုင်း ဂျပန်၏ ဒါးအောက်မှ အသက်မသေ လွတ်မြောက်လာခဲ့ပြီးနောက်၊ လက်ပံတန်းသို့ ရောက်သည်နှင့် တပြိုင်နက်၊ သဒ္ဓမ္မောဒယကျောင်းတိုက်ကို၊ တပည့်များအား၊ ဂရုဘဏ်,လဟုဘဏ်-ဂရုပဍ္ဍာ,ဒကာ,ဒကာမများနှင့်တကွ၊ အပြီးအပိုင်စွန့်လွှတ်လှူအပ်ကာ၊ ပြည်နိဗ္ဗိန္ဒတောင်သို့သွားရောက်နေထိုင်ခဲ့လေပြီ၊

**လွတ်လပ်ရေးကို ဂုဏ်ပြုသည့်အထိမ်းအမှတ်၊**

သဒ္ဓမ္မောဒယဆရာသည်၊ တပည့်သံဃာ ဒကာ,ဒကာမ

များ၏ အကြမ်ကြမ်ပင့်လျှောက်ချက်အရ။ပြည် နိုဋ္ဌတောင်မှ လက်ပံတန်း သဒ္ဓမ္မောဒယကျောင်းတိုက်သို့ ပြန်လည်လာ ရောက်နေထိုင်ပါသော်လည်း၊ နံပါတ် (၃) အဓိဋ္ဌာန်ချက် အ တိုင်း၊ မိမိ၏ကြွင်းကျန်နေသေးသောအသက်နှင့် ခန္ဓာကိုယ် ကို၊ တိုင်းပြည်နှင့် သာသနာတော်အား စွန့်လွှတ် လှူဒါန်းထား ပြီးဖြစ်သဖြင့်၊ မိမိတကိုယ်ကောင်းအတွက် ဘာမျှပြုလုပ် အကျိုးခံစားရန် အလိုဆန္ဒမရှိတော့ပဲ။တိုင်းပြည်နှင့် သာသ နာတော် ကြီးပွားတိုးတက်ရေးကိုသာ၊မိမိတတ်အားသမျှ ကူ ညီအားပေးရန် ဆုံးဖြတ်ထားပြီးဖြစ်သည့်အတိုင်း။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်၊ ကမ္ဘာပေါ် ၌ အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးကိုရသည့် အထိမ်း အမှတ်အဖြစ်ဖြင့်။(ဝ၇)မြန်မာပြည်၏ လွတ်လပ်ရေးကို ဂုဏ်ပြု သောအားဖြင့်၊ ဂိုဏ်းစွဲးကိုပယ်ဖျောက်ကာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ၊ သုဓမ္မာ,ရွှေကျင်,ဒွါရ ဂိုဏ်းဝင် စာချ,စာသင်,စာပွဲဝင် သံဃာတော် အသျှင်ကောင်းတို့၏ ပညာပါရမီကို ကူညီဖြည့်ကျင့်သျက်၊သာသနာတော်၌အထူး ကျေးဇူးများလှ၍ တနိုင်ငံလုံးကပင် မှာယူအသုံးပြုနေကြရ သော

ယမကဏ္ဍပိဘာဝနီ (အောက်ယမိုက်ဂဏ္ဌိ) ပဌမတွဲ၊
၎င်း (အထက်ယမိုက်ဂဏ္ဌိ)ဒုတိယတွဲ၊
ဓာတုကထာပိဘာဝနီ (ဓာတုကထာဂဏ္ဌိ)
မာတိကာဏ္ဍပိဘာဝနီ (မာတိကာဂဏ္ဌိ)
ပဋ္ဌာနသာရပိဘာဝနီ (ပဋ္ဌာန်းဂဏ္ဌိ)

အဝယ်ရှိသော ခက်ခဲလှသည့် အဘိဓမ္မာညဝါဂဏ္ဌိကျမ်းကြီးများကိုရေးသားပြုပြင်စီရင်၍ (ရန်ကုန်မြို့-၃၇-အောက်လမ်းအမှတ်(၁၀၁) ဒေါ်သိန်းသိန်း နှင့် ဒေါ်သန်းသန်းတို့က၊ ငွေအားဖြင့် ကူညီပါရမီဖြည့်ချက်အရ ) စက်တင်ပုံနှိပ်ကာတနိုင်ငံလုံးသို့ဖြန့်ချိပြီးလျှင် ‘‘ဝိဝဋ္ဋနိဿိတဓမ္မဒါနကုသိုလ်တော်ကြီး’’ ကိုဖြည့်ဆည်းပူးလျက် အေးချမ်းသာသာစွာတတ်အားသမျှ စာပေပို့ချမှုကို လက်လွှတ် ပဲ၊ တပါးတည်းလွတ်လပ်စွာသီးသန့်နေထိုင်၍ ကျမ်းဂန်ရေးသားပြုစုရပါတော့သည်။

**ဆက်လက်ပုံနှိပ်ထုတ်ဝေမည့်ကျမ်းစာစောင်များ။**

နောက်ထပ်ဆက်လက်ရေးသား ပုံနှိပ်ထုတ်ဝေဖြန့်ချိရန် ရည်ရွယ်ထားသော သာသနာတော်၌ အလွန် ကျေးဇူးများမည့်ကျမ်းစာစောင်များမှာ၊

(၁) သင်္ဂဟဝိဘာဝနီ (သင်္ဂြိုဟ်ဂဏ္ဌိ)
(၂) ကစ္စာယနဝိဘာဝနီ (သဒ္ဒါကြီးဂဏ္ဌိ)
(၃) ဝိထိသာရဝိဘာဝနီ (ဝိထိလက်ရုံးဂဏ္ဌိ)
(၄) ပဒစယဝိဘာဝနီ (ပုဒ်စစ်ဂဏ္ဌိ)
(၅) သန္ဓောသာရဝိဘာဝနီ (သနုံးဂဏ္ဌိ)
(၆) အလင်္ကာရဝိဘာဝနီ (အလင်္ကာဂဏ္ဌိ)
(၇) အဘိဓာနဝိဘာဝနီ (မဟာပါဠိအဘိဓာန်ချုပ်)
(၈) ပါတိမောက္ခဝိဘာဝနီ (ပါတိမောက်ဂဏ္ဌိ)
(၉) ခုဒ္ဒသိက္ခာဝိဘာဝနီ (ခုဒ္ဒသိက္ခာဂဏ္ဌိ)
(၁၀) မူလသိက္ခာဝိဘာဝနီ (မူလသိက္ခာဂဏ္ဌိ)
(၁၁) ဘေဒစိန္တာဝိဘာဝနီ (ဘေဒစိန္တာဂဏ္ဌိ)

(၁၂) ကစ္စာနယသာရဝိဘာဝနီ(ကစ္စာနယသာရဂဏ္ဌိ)
(၁၃) ရူပသိဒ္ဓိဝိဘာဝနီ(ရူပသိဒ္ဓိဂဏ္ဌိ)
(၁၄) နေ့တ္တိသာရဝိဘာဝနီ(နေတ္တိဂဏ္ဌိ)
(၁၅) ဓာတ်အဌကထာပါဠ်(မြန်မာဘာသာပြန်)
(၁၆) အလင်္ကာယောဇနာမဟာဋီကာပါဠ်
(၁၇) သဒ္ဒသာရတ္ထစိန္တာပါဠ်(ဂါထာတထောင်ကျော်သဒ္ဒါငယ်)

အစဉ်သော အမိုးရပါဠိ၊ ငွမပြန်စာမေးပွဲကြီး, သက်ျသီဟစာမေးပွဲကြီး, စေတီယင်္ဂဏစာမေးပွဲကြီးများ၌၊ အထူးကျေးဇူးများစေနိုင်မည့်ကျမ်းစာကောင်းများဖြစ်ပါသည်၊

ဖင်းအပြင်။တိုင်းပြည်အတွက် အကျိုးများစေနိုင်မည့်၊ လူဝတ်ကြောင်များဖတ်ရှုကြရန်၊ကြီးပွားတိုးတက်ရေး, ဗဟုသုတပွားများရေး စသည်တို့ကို ဖြစ်ပွားစေနိုင်သော ကျမ်းစာငယ်ပေါင်းမြောက်များစွာတို့ကိုလည်း အခါအားလျော်စွာရေးသားစီရင်စက်တင်ပုံနှိပ်ထုတ်ဝေဖြန့်ချီဦးမည်ဖြစ်ပါကြောင်း။

ဆုတောင်း။

အကျွန်ုပ်သည် ဤ''အရဟန္တဝိဘာဝနီ''ခေါ် ရဟန္တာပြဿနာ မြန်မာစကားပြေကျမ်း အစဉ်သော ကျမ်းဂန်များကိုရေးသားပြုပြင် စီရင်ရသော ကောင်းမှုကြောင့် အရိယာ ရဟန္တာ အတုအယောင်, သာသနာအတုအယောင်များပပျောက်ကာ၊ ''ကမ္ဘာပေါ်၌အစစ်အမှန်ဖြစ်သောအရိယာရဟန္တာများ ပေါ်ပေါက်လာပြီးလျှင်၊အစစ်အမှန်ဖြစ်သော ဗုဒ္ဓသာသနာတော်ရောင်သည် မိန္တာမှောင်တို့ကို ဖြိုခွင်းလျက် တကမ္ဘာလုံး ထွန်းလင်းတည်တံ့ အရှည်ခံပါစေသား၊

အသျှင်ဝိသုဒ္ဓါစာရမဟာထေရ်
သဒ္ဓမ္မဇောတိကအဘိဓမ္မာညဝါဒကုဿိုလ်ဆရာတော်။
လက်ပံတန်းမြို့၊ ၁၃၁၆-ခုနှစ်။ ကဆုန်လ၊

ကမ္ဘာ ... ဿိုလ်
စာ ... က်

(ထင်ရှားစွာမှားယွင်းသော သတ်ပုံတို့ကိုသာ အမှားအမှန်ပြင်ဆင်ချက်ပြုလိုက်ပါသည်၊ စာဖတ်သူကိုယ်တိုင်ပြင်ဆင်ဖတ်ရှုရန်ဖြစ်နိုင်လောက်သောအရာများကိုမူ၊ အနည်းငယ်ပြင်ဆင်ဖတ်ရှုတော်မူကြစေလိုပါသည်)။

| အမှား။ | အမှန်။ | မျက်နှာ | စာကြောင်း |
|---|---|---|---|
| ဥပရိပဏ္ဏာအဋ္ဌကထာ | ဥပရိပဏ္ဏာသအဋ္ဌကထာ | ၁၀ | ၃ |
| ပြာသာဒ်ဖဆောင် | ပြာသာဒ်ဆောင် | ၂၁ | ၈ |
| သျှင်ဂေါတမ၏ | သျှင်ဂေါတမ၏ | ၂၄ | ၁ |
| အဘိညာဉ်ဖြင့်စကားပြောခြင်း | အဘိညာဉ်ဖြင့် (ရုပ်မြင်သံကြား)စကားပြောခြင်း | ၂၅ | ၂ |
| ကြွပါသလော | ကြွသွားပါသလော | ၂၅ | ၂၁ |
| ဝေရဉ္ဇာပုဏ္ဏားကြီး | ဝေရဉ္ဇာပုဏ္ဏားကြီး | ၂၆ | ၁၆ |
| ဝေရဉ္ဇာပြည် | ဝေရဉ္ဇာပြည် | ၂၆ | ၁၇ |
| တဖန်ပြန်လာပြီ | တဖန်ပြန်လာပြန်ပြီ | ၃၂ | ၆ |
| ယခုံခေတ် | ယခုခေတ် | ၄၅ | ၅ |
| အာရဠဝိသကာ | အာရဠဝိပဿက | ၄၆ | ၆ |
| တိပိဋကဌာဘယမထေရ် | တိပိဋကဂုဠာဘယမထေရ် | ၄၈ | ၁၁ |
| မှတ်သားမိမှ | မှတ်သားမိချင်မှ | ၅၅ | ၁၁ |
| ဆင်ခြင်အောင်မေ့ခြင်း | ဆင်ခြင်အောက်မေ့ခြင်း | ၆၉ | ၁၇ |
| ထိုအခါမထေရ် | ထိုအခါမထေရ်က | ၇၀ | ၁၇ |
| သပ္ပါယဖြစ်ကုန်၏ | သပ္ပါယဖြစ်ကုန်၏ (သမ္မောဟဝိနောဒနီအဋ္ဌကထာ) | ၇၁ | ၁၇ |
| ယာဝိဟာရ | အရိယဝိဟာရ | ၇၅ | ၁၆ |
| ဗ္ဗဝိဟာရ | ဗြဟ္မဝိဟာရ | ၇၅ | ၁၇ |
| မိသ်အပ်သော | မိမိရသိအပ်သော | ၈၁ | ၃ |
| စိတ်မချမ်းသာ | စိတ်မချမ်းမသာ | ၉၇ | ၅ |
| ဟဲခိုးတော်ဖြင့် | တန်ခိုးတော်ဖြင့် | ၉၁ | ၂၂ |
| မင်းတုန်းမင်းတရားက | မင်းတုန်းမင်းတရားကြီးက | ၁၀၃ | ၁၅ |
| ရှပ်ပြုတ်တောင်းခြင်း | စွတ်ပြုတ်တောင်းခြင်း | ၁၀၉ | ၁ |

| | | | |
|---|---|---|---|
| ဝဏ္ဍသာဓကကို | ဤဝဏ္ဍသာဓကကို | ၁၂၃ | |
| ကိစ္စသဒ္ဒ | ကိစ္စိသဒ္ဒ | ၁၂၆ | |
| ကြွသွရလေသတည်း | ကြွသွားရလေသတည်း | ၁၃ | |
| ပုဿာက်ဆိုသည်မှာ | ပုဿာ(၆)ချက်ဆိုသည်မှာ | ၁၃ | |
| မဏ္ဍပ် | မဏ္ဍပ် | ၁၄၁ | |
| မပြုသင့်သေးပေး | မပြုသင့်သေးပေ၊ | ၁၄၂ | |
| သက်ဆင်ကာ | သက်ဆင်းကာ | ၁၄၃ | |
| ဖြစ်တောက်သော | ဖြတ်တောက်သော | ၁၅၅ | |
| မထေရ်ကျောင်းတော်ဘုရားကြီး | မထေရ်ကျော်အုဂ်ဗိုရ်ဆရာ တော်ဘုရားကြီး | ၁၆၀ | ၂ |
| နှိုးနှောကြကုန်ပြီ | နှိုးနှောညီညွတ်ကြကုန်ပြီ | ၁၇၅ | ၁[illegible] |
| ပြည့်စုံပါမှသာကောင်းရာသို့ မလိုက်နာမညွန့်ကြွားသဖြင့် ပိဋကသုံးပုံတို့ကို | ပြည့်စုံပါမှသာပိဋက သုံးပုံတို့ကို | ၁၈၁ | ၁[illegible] |
| စိတ်ထားမကောင်းသော ကြောင့် | စိတ်ထားမကောင်းသော ကြောင့်၊ ကောင်းရာသို့မလိုက် နာမညွန့်ကြွားသဖြင့် | ၁၈၁ | ၁၈ |
| မပေါ်ပေါက်စေဲး | မပေါ်ပေါက်စေဲး | ၁၈၇ | [illegible] |
| ရောစ်ရဲး | ရောင့်ရဲး | ၁၉၇ | [illegible] |
| (၁၃၇၈)ခု | (၁၂၇၈)ခု | ၂၀၃ | ၁[illegible] |
| ဆရာဒွါရဂိုဏ်းက | ဆရာတို့ဒွါရဂိုဏ်းက | ၂၁၀ | [illegible] |
| ထိုသာသနာလင်္ကာဂိုဏ်းကြီး | ထိုသာသနာပြုလင်္ကာဂိုဏ်းကြီး | ၂၁၁ | ၅ |
| သာသနာအရာယှိ | သာသနာရေးအရာယှိ | ၂၁၁ | ၁[illegible] |
| မော်တော်ယဉ်ဖြင့် | မော်တော်ယာဉ်ဖြင့် | ၂၁၁ | ၁[illegible] |
| လာခဲ့ခြင်းကာ | လာခဲ့ခြင်းကား | ၂၁၃ | [illegible] |
| ဂိုဏ်ကြီး | ဂိုဏ်းကြီး | ၂၁၃ | ၁၆ |
| ပရိယာယ် | ပရိယတ် | ၂၂၀ | [illegible] |
| ပြီးဆုံးပြီး | ပြီးဆုံးပြီ | ၂၂၁ | [illegible] |
| မာတိကာဏ္ဍ | မာတိကာဂဏ္ဍ | ၂၂၆ | [illegible] |
| လက်လွှတ်ပဲ | လက်မလွှတ်ပဲ | ၂[illegible] | [illegible] |
| မေးမြန်းစုံ | မေးမြန်းစုံစမ်း | [illegible] | [illegible] |